www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

■ စာမူခွင့်ပြုချက်အမှတ်

၅၀၀၃၀၆၀၁၀၉

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၂၅၉၀၉၀၉

■ မျက်နှာဖုံးဒီဇိုင်း

စောမင်းဇေ

■ စာမျက်နှာအတွင်း ဒီဇိုင်း

မြစ်ခွဲဇဝင်းကွန်ပျူတာ

■ ထုတ်ဝေသူ

ဦးကျော်ဆန်း(ရဲအောင်စာပေ)၊ အမှတ်(၂)၊

ရှုံး(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

■ ပုံနှိပ်သူ

ဒေါ်မြမြကြွေ(၀၃၇၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊

အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။

ပုံနှိပ်ခြင်း – ပထမအကြိမ်

ထုတ်ဝေခြင်း – အောက်တိုဘာလ၊ ၂၀၀၉

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၃၀၀

၈၉၅.၈၃

ညီနောင်

ဆိတ်ကုလားလိင် / ညီနောင်။ ရန်ကုန် ၊

ရဲအောင်စာပေ၊ အောက်တိုဘာ၊ ၂၀၀၉။

၁၈၀ စာ၊ ၁၃ x ၂၀ စင်တီ။

(၁) ဆိတ်ကုလားလိင်


စာရေးဆရာ **ညီနောင်**

**၏ ထွက်ရှိပြီး အချစ်ဟာသလုံးချင်းဝတ္ထုသစ်များ**

၁။ မဟူရာရွှေခြေနင်းတစ်ရံ၏ ရင်ခုန်သံ
၂။ အားနာပါးနာချစ်သတဲ့လား
၃။ အောင်သွယ်တော် ဝဝဝဝီ
၄။ ကျွန်တော်လည်း သတို့သား
၅။ ပါးကွက်ကျား
၆။ အိပ်မက်အကြွေကောက်သူ
၇။ ကြောင်ကလေးကြွက်ဖမ်း လက်ကလေးမောင်နှမ်း
၈။ ရင်ငွေ့လှုံရွှန်ပန်းရုံ
၉။ လရောင်ကို ညကနိုးတယ်
၁၀။ ဒန်းပွင့်ယတြာ
၁၁။ ညီညီကလေး ညာ

ယခု.....

၁၂။ ဆိတ်ကုလားလိင်

ဆက်လက်၍.....

၁၃။ ဖုဒ်ချိန်းရေးတဲ့ပူးစာ
၁၄။ ချစ်ခြင်းနံ့ရုံကိုဖောက်ထွင်းတဲ့ ရယ်သံ
၁၅။ မီးခြစ်
၁၆။ အပျိုကြီး လာချေပြီ
၁၇။ အရှုပ်ထုပ်
၁၈။ မှောင်ထဲကကြိုသော မှန်ထဲကကြောင်

www.burmeseclassic.com

www.burmeseclassic.com





ဆိတ်ကုလားအသင်းတိုက်စစ်မှူး ကိုသန်းပု


ဟိုးတစ်ရက်က သစ်ချိုကုန်း နဲ့ ဆိတ်ကုလားပွဲမှာ
ကျုပ်တို့ သစ်ချိုကုန်း ရှုံးရတာကို လုံးဝမကျေနပ်ဘူး။
အနိုင်ဂိုးကိုသွင်းတာက တော်မို့ တော့်ကို အဓိက လုံးဝ
မကျေနပ်ဘူး။
လာမယ့်ဒုတိယပွဲမှာ သစ်ချိုကုန်းကနိုင်အောင် ကန်ပေးပါ။
အဲဒီပွဲမှာ သစ်ချိုကုန်းကနိုင်ခဲ့ရင် တော့်ကို ချစ်တယ်လို့
အဖြေပေးပြီသာ မှတ်လိုက်။
ဒါပေမဲ့ နောက်တစ်ပွဲမှာလည်း တော်တို့ ဆိတ်ကုလား
အသင်းကပဲ နိုင်အောင်ကန်သွားဦးမယ်ဆိုရင်တော့ ကျုပ်ကို
ဒီတစ်သက် မေ့ပစ်ထားပါနော်တော့။

ဒါပဲ။

ညိုယဉ် (သစ်ချိုကုန်း)







— ၁ —

မြန်မာပြည်၏အနှံ့အပြားတွင် ရွာတွေ မရေမတွက်နိုင်အောင်ရှိကြ၏။ ထိုသို့ မရေမတွက်နိုင်အောင်ရှိကြသည့်အနက် တော်တော်အံ့ဩစရာကောင်းသော အစဉ်အလာတစ်ခုကို ညီညွတ်စွာ ထိန်းသိမ်းထားကြသော အလေ့အထတစ်ခုမှာ နီးစပ်ရာ ရွာချင်း၊ မြို့ချင်း၊ အကြောင်းတစ်စုံတစ်ရာ အခြေခံ၍ မတည့်ကြလေသော အလေ့အထပင် ဖြစ်သည်။

အဲဒါကတော့ ဘယ်အရပ်၌မဆို မြေကြီးလက်ခတ်မလွဲ ရှိနေကြသည်မှာ ကမ္ဘာ့အံ့ဖွယ် ဂင်းနစ်စံတော်ချိန်စာအုပ်ကြီးထဲ၌ စာရင်းရေးသွင်းရတော့မလိုလိုပင် ရှိသေးတော့သည်။

နီးစပ်ရာမြို့ချင်း မတည့်။

သိပ်အလှမ်းမဝေးသော ရွာအချင်းချင်း မတည့်။

သေသေချာချာ ဝေဖန်ဆန်းစစ်ကြည့်လိုက်တော့ ထိုအစဉ်အလာသည် ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသကို ဒေသစွဲစွဲကာ ချစ်မြတ်နိုးကြခြင်းမှ အခြေခံပေါ်ပေါက်လာတာ ဖြစ်နိုင်သည်ဟု ဆိုကြသည်။

'သည်နှယ်မှာကတော့ဖြင့် တို့ရွာကမှ စပါးအထွက် ကောင်းတာ အခုနယ်လုံး တို့ရွာကထွက်တဲ့စပါးကို မှီခိုနေကြရတာကွ' ဆိုတာမျိုး ဇာတ်ပုညည်သံနေဖြင့် ကြုံးကြုံးဖန်ဖန်ဂုဏ်ယူကြ၏။ ဒါက စပါးအထွက်ကောင်းသော ဒေသ်မြေစိုက်ပျိုးရေး ကောင်းသောရွာကလူတွေ၏ အဆိုဖြစ်သော်–



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရွာလို စိုက်ပျိုးရေးမကောင်းသဖြင့် သစ်ပင်တောကို မှီခိုအားပြုကြရသော အခြားတစ်ရွာကလည်း မည်သို့တုံ့ပြန်သည် ထင်သနည်း။ သူတို့ရွာကလည်း အားကျမခံ လေသံကျယ်ကျယ်ပြန် အော်သည်မှာ-

'အလကားရွာပါကွာ၊ ဖင်ထဲ နှံ့တစ်ပိဿာလောက် နေ့စဉ်ဝင်အောင် ကျုံးလုပ်မှ ထမင်းဝတဲ့ရွာ၊ သူတို့ထွက်တဲ့စပါးတွေ သိမ်းဆည်းသိုလှောင်ဖို့ စပါးကျီကိုဆောက်ဖို့ သစ်ဝါးကျတော့ ငါတို့ရွာက လာဝယ်ရဟာပဲ။ ဘယ့်နှယ်… တစ်ရွာလုံးပေါင်းလို့ ဖျဉ်တစ်ချောင်းမထွက်တဲ့ရွာ။ ရွာထဲကြည့်၊ အနှစ်မရှိတဲ့ ငှက်ပျောပင်တို့၊ ကြက်ဆူပင်တို့လောက်ရှိတဲ့ရွာပဲ။ လူနေစရာ အိမ်ကလေး တဲကလေးဆောက်ဖို့တောင် တို့ရွာသားတွေခုတ်တဲ့ သစ်တွေဝါးတွေက ကျားကန်ပေးထားလို့၊ နို့မို့ရင် ငှက်ပျောပင်အရိုပ် မြေကြီးပေါ် ကျောခင်းအိပ်ကြရမယ့်ကောင်တွေကွ။ ဖွာရက်စရာဝါးမှမရှိတော့ နှီးဖြာစရာ တစ်ပင်မရဘူး။ ဘယ်ကနီးနဲ့ ဖြာရက်ရမှာတုန်း' ဟူချေ၏။

ကိုယ့်ရွာ၏ အဓိကထုတ်လုပ်နိုင်သော ကုန်ပစ္စည်းကို အခြေခံကာ တစ်ဖက်ရွာကို အားပြော၏။ တစ်ဖက်ရွာကလည်း ထိုနည်းနှင်နှင် ပြန်ဘုတော၏။ ထိုသို့အားဖြင့် မတည့်ကြတော့။

သို့သော် ခက်လိုက်သေးပုံက တစ်ရွာ၏ထွက်ကုန်ကို တစ်ရွာက ပစ်ပယ်နိုင်တာလည်း မဟုတ်ကြ။

တစ်ရွာ၏ထွက်ကုန်ကို တစ်ရွာက အားကိုးရသည့်၊ အကူအညီယူကြရတာပဲ ဖြစ်သည်။

သည်ကြားထဲကနေ ကြုံကြုံဖန်ဖန် ဂုဏ်ခံကာ တစ်ဖက်သားကိုကာသိကအောက်ဖြစ်အောင် ပါးစပ်အရသာခံ၍ ပြောကြခြင်းဖြစ်သည်။

ကလေးကလားနိုင်သည်ဆိုရအောင် အဲလိုပြောကြ ဆိုကြသူတွေကလည်း ကလေးတွေတော့မဟုတ်ကြ။ အရွယ်ရောက်ပြီး လူကြီးတွေချည်း ဖြစ်ကြသည်။

ရွာ၏ထွက်ကုန်အရ ဂုဏ်တင်စရာမရှိကြဘဲ သူလိုကိုယ်လို အထုအထည်နဲ့ အနုနုချည်းဆိုကြတော့ဦး။ သည်ဘက်ကမရလျှင် ဟိုဘက်ကလှည့်၍ ဆဲလို အပေါက်ရှာကြသေးသည်ပင်။





'တို့ရွာက အပျိုတွေကမှ ဥမ္မာဒန္တီ၊ ပပဝတီအစဉ်အလာကို ထိန်းနိုင်ကြတာကွ။ ရွာက သဘာဝရေသီဥတု ရေခံမြေခံကိုက ကောင်းတော့ မမွေးလိုက်နဲ့၊ မွေးလိုက်တာနဲ့ လှပြီးသားပဲ။ အသားအရေချင်းကိုက ကွာပြီးသား။ ရွှေမှုန်စား မွေးလာသလိုပဲ ဝင်းဝင်းစက်စက်နဲ့။ ဘယ်ကွာ… တောင်ဘက်ရွာကဟာတွေများ ကြည့်စမ်း၊ မျက်ခွံးစပ်နဲ့၊ အသားမည်းပုံကလည်း ရှားဦးကျောင်းက ဆွမ်းသပိတ်တွေ ထလမ်းလျှောက်နေကြသလားအောက်မေ့ရတယ်။ ပြီးခဲ့တဲ့ ဝါဆိုလဘုရားပွဲမှာတုန်းက တို့ရွာကိုပွဲကြည့်လာကြတာတဲ့။ ငါ့မှာ ကျွဲတစ်အုပ် မျက်စိလည်ပြီး ရွာထဲဝင်လာသလားမှတ်လို့ ခြောက်ဖို့ မောင်းဖို့တောင် နှင်တံကောက်ကိုင်မိသေး။ ဟေး… ဟေး… ဟေး'

သည်လို တစ်ရွာက ကြေညာမောင်းခတ်သည်။

အပြောခံရသည့် ရွာကလည်း ငြိမ်နားတောင်လိမ့်မယ် မထင်ကြပါနှင့်။

'ဖြစ်မှဖြစ်ရလေတော်… ခရုသင်းဖွဲ့တာများ အသားဖြူပါတယ်လုပ်လို့။ ညှင်းကွက်တွေ ဒလတွန်းထနေတာများ ရွှေစက်ရွှေပျောက်တွေမှမ်းထားသလားတဲ့။ အချင်းချင်း အားမငယ်အောင် ကြံဖန်မြှောက်ပေးနေကြပုံ ပြောပါတယ်။ လူတွေက ရှုနာရှိုက်ကုန်းချည်းပဲ။ ဖလံဖြူထနေတဲ့ဟာတွေ၊ အသားဖြူတော့ မြင်းတစ်ပြေးတဲ့၊ အသားညိုမှ ကွမ်းတစ်ကမ်းတဲ့။ လူချင်းကပ်ပြီး ကွမ်းယာကမ်းတဲ့အထိ အကြည့်ခံတာကိုပြောတာ။ အသားဖြူမြင်းတစ်ပြေးဆိုတာက ခပ်လှမ်းလှမ်းကနေ မြင်းအပြေးစီးပြီး ဖြတ်သန်းကြည့်သွားရုံလောက်ပဲ အကြည့်ခံတယ်လို့ပြောတာ။ သူတို့ကပဲ ကြားထဲက ပြောရတယ်ရှိသေး။ ကိုယ့်မျက်ချေး ကိုယ်မမြင်တဲ့ဟာတွေဟဲ့ ကောင်မရဲ့'

သို့ကလို တုံ့ပြန်၏။

ကိုယ့်ရွာသူရွာသားအချင်းချင်း ပြောကြတာ မှန်၏။

သို့သော် တစ်ရွာကအပြောကို နောက်တစ်ရွာက နားသို့ပေါက်ကြားအောင် သတင်းမီဒီယာခရီးထွင်ပေးသူတွေ ရှိပါသည်။ ထိုသတင်းမီဒီယာခရီးထွင် ပို့ဆောင်ကြသူတွေကတော့ အခြားသူတွေမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ရွာလုံးနှင့် တိုက်ရိုက်ထိတွေ့ ပတ်သက်နေကြသော နယ်လှည့် ဓာတ်ပုံဆရာတို့၊ ခေါင်းရွက်ဈေးသည်တို့၊ အသီးအနှံရောင်းဝယ်ရေးပွဲစားတို့ ဖြစ်ကြတာ များသည်။ သူတို့မှာ ကိုယ့်ပင်မအလုပ်ကိုလုပ်ရင်း တစ်ဖက်က လည်း သတင်းဖြန့်ကြားရေးမီဒီယာအလုပ်ကို စေတနာ့ဝန်ထမ်း အခမဲ့ပူးတွဲ လုပ်ကိုင်ကြရသေးသည်ကိုး။ ပြီးတော့ သူတို့သည် ဘယ်ရွာကမှမဟုတ်သော ကြားချောင် အခြားတစ်ရွာရွာက ဖြစ်နေကြတာကများသည်။ သူတို့ ဆက်ဆံနေရသော ရွာမှ မဟုတ်ကြတာက များသည်။

ဒါမှလည်း ပြောအားရှိမည်။ တွန်းအားကောင်းမည်ကိုး။ သည်လို သတင်းဖြန့်ချိရေး လုပ်ကြသဖြင့် သူတို့ကိုယ်တိုင်နေထိုင်သော ရွာကလည်း ခြောက်ပြစ်ကင်း သဲလဲစင်ကာ မီဒီယာနှင့်လွတ်နေသည် မထင်လိုက်ကြ လေနှင့်။ သူတို့လည်း သူတို့ဇာတိရပ်ရွာနှင့် ထိပ်တိုက်မတည့်သော အခြား ရွာတစ်ရွာနှင့် တစ်ဖက်က ရင်ဆိုင်တိုက်ပွဲဝင်နေကြရတာပဲ ဖြစ်ပါသည်။

ဤသို့အားဖြင့်ပင် ကျွန်ုပ်တို့၏ ရပ်ရွာဒေသအသီးသီး၌ ဘယ်ခေတ် ကာလကတည်းက အခြေတည်စွဲမြဲခဲ့မှန်း မသိကြရသော ထိုအစဉ်အလာ ကြီးကို နောင်လာနောက်သား နောက်ပေါက်များက မြဲဝယ်မကျ ထိန်းသိမ်း ကြလျက် တစ်ရွာနှင့်တစ်ရွာ ပတ်လည်ရိုက်လျက်ရှိကြသည်မှာ ပျော်စရာ့ ပျော်စရာကြီးပင် ဖြစ်လေတော့သည်။

တစ်ရွာက ဘေးပြောလိုက်၊ တစ်ရွာက ဘုတောလိုက်နှင့် မတည့် အတူနေ လမ်းမကြီးပေါ်မှာ အတူယှဉ်တွဲလျှောက်နေကြသမျှ ခြေတစ်လှမ်း အကြောမခံစတမ်းပင်။

အထက်က အမြွက်မျှ ဖော်ပြခဲ့သော ရွာများအနက် သစ်ချိုကုန်း ရွာနှင့် ဆိပ်ကုလားရွာတို့သည်လည်း အားကျမခံ ပါဝင်ဆင်နွှဲလျက် ရှိနေကြ သည့်အကြောင်းပဲ ဖြစ်ပါသည်။

ထိုနှစ်ရွာသည် အဘယ်ကနည်းဟု မမေးပါနှင့်တော့။

မြန်မာပြည်အတွင်းမှာပဲရှိပါကြောင်းဟုဆိုလျှင် လုံလောက်သွားပြီ ဖြစ်ပါသည်။

❒ ❒ ❒





– ၂ –

ရွာဦးကျောင်းက ကိုရင်ကလေးတွေနှင့် ဘုန်းကြီးကျောင်းသားလေးတွေ ရွာထဲသို့ ဆွမ်းခံ စထွက်လာကြတုန်းပဲ ရှိသေး သည်။ ကိုရင်ကလေးသုံးပါးက ရှေ့ က နောက်မှာက ဆွမ်းဟင်းခွက် ဖူပ်ကြီးကို ထမ်းပိုးလျှိုထမ်းလာသည့် ကျောင်းသား ငယ်နှစ်ယောက်။ သူတို့ရှေ့ဆုံးမှာကတော့ ခပ်ကြီးကြီးကျောင်းသားကြီး တစ်ယောက်က လက်ထဲမှာ ကြေးစည်နှင့် လက်ခတ်ကို ကိုင်လျက်။

ကြေးစည်ကို ထုလိုက်၊ ပါးစပ် 'ဆွမ်းတော်ဗျို့'ဟု အော်လိုက်နှင့် ရွာလမ်းအတိုင်း လျှောက်လာကြသည်။

စက်နာရီအားဖြင့်တွက်လျှင် နံနက် ၉ နာရီခွဲပေါ့။

ဒါ့ထက်မပိုသေး။ သို့သော် ရွာရိုးတုတ်ပေါက် လျှောက်ကြရုံမကာ အိမ်ကြီးအိမ်ကြားပါမကျန် ပိုက်စိပ်တိုက်ကြရမည်ဖြစ်ရာ သည်အချိန် ကျောင်း ကစထွက်မှ အချိန်ကမီသည်။ ကျောင်းသို့ ၁၁ နာရီခွဲ ပြန်ရောက်၊ ဆွမ်း တော်တင်စရာပြီးသည်နှင့် ဆရာတော်အတွက် ဆွမ်းပွဲပြင်ချိန်က တွက်တီ လောက်ကျသည်ပင် ဖြစ်၏။

အချိန်က တော်တော်စောပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့သော အချိန်အစောကြီးမှာပင် ဆိတ်ကုလားရွာသူကြီး ဦးစံဖြိုး၏အိမ်မှာတော့ လူတော်တော်စုံနေပြီဖြစ်သည်။

အဓိကကတော့ လူရွယ်လူလတ်ပိုင်းနှင့် လူငယ်ပိုင်းတွေက အများဆုံးရောက်ရှိနေကြခြင်း ဖြစ်သည်။ ဦးစံဖြိုး၏ အိမ်ဝိုင်းအတွင်းရှိ ဝိတောက်ပင်ကြီးအောက်က မြေပြင်မှာ ဖျာချောတွေ ခင်းထားသည်။ လူကများနေသဖြင့် အိမ်ထဲမှာ ဆုံမည်မဟုတ်၍ သည်ဝိတောက်ပင်ကြီးအရိပ်မှာ စုဝေးကြရခြင်းဖြစ်သည်။

ရေနွေးကြမ်းဝိုင်းက နှစ်ဝိုင်းသုံးဝိုင်းခန့် ရှိသည်။

ရေနွေးသောက်သူက သောက်၊ ဝိုင်းထဲချထားသည့် ပဲကြီးလှော်သုပ်ကို စားသူကစားနှင့် စကားတွေဖောင်နေကြသည်။

ကိုးနာရီခွဲသည်နှင့် အိမ်ထဲမှာ ရွာသူကြီးဦးစံဖြိုး လှမ်းထွက်လာသည်။ ပြောင်နေသော ခေါင်းတုံးကို ဓောင်တဘက်ကြီးတစ်ထည်နှင့် ပတ်၍ ခေါင်းပေါင်းပေါင်းထားသော်လည်း ဓောင်တဘက်က အကုန်လုံး လုံအောင် ပတ်မိသည် မဟုတ်။

ရှေ့ကနဖူးနှင့် နောက်ကနောက်စေ့ကိုသာ ပတ်တီးစည်းထားသလို ပတ်မိပြီး အလယ်ခေါင်က ခေါင်းအလယ်တည့်တည့်ကတော့ လွတ်နေသည်။ လွတ်နေသည့် ထိုအလယ်ခေါင်ထိပ်ကို နေရောင်ခနေသဖြင့် ပြောင်ပြောင်လက်လက် အရောင်ထွက်နေ၏။ သူကြီးခေါင်းက အဝေးက မြင်ရသည်ကပင် အရောင်တဝင်းဝင်းထနေ၏။ သူကြီးနောက်က သက်တော်စောင့်လိုလို၊ ယပ်ခွဲလိုလို၊ ကိုယ်ရေးအရာရှိ စက္ကရီတေရီလိုလိုနှင့် ကပ်လိုက်လာသူမှာ ဆယ်အိမ်မှူးကိုဗျော့ကြီး ဖြစ်သည်။

ဆိတ်ကုလားရွာမှာ ရာအိမ်မှူး မရှိ။

အကြောင်းရင်းကား တစ်ရွာလုံးပေါင်းသော်လည်း အိမ်ခြေတစ်ရာမပြည့်သောကြောင့်တည်း။ ထို့ကြောင့် ရာအိမ်မှူးရာထူး ခန့်စရာမလို။ ဆယ်အိမ်မှူးလောက်ဆိုလျှင် ပြီးပြည့်စုံပြီ ဖြစ်သည်။ အိမ်ခြေတစ်ရာပင်မပြည့်သော ရွာ၏အခြေအနေအရ ကိုဗျော့ကြီးခမျာ ဆယ်အိမ်မှူးရာထူးနှင့်ပင် ကျေနပ်နေရခြင်း ဖြစ်ပေတော့သည်။





'ဟေ့ကောင်တွေ… တော်ကြဟေ့၊ ဟိုမှာ သူကြီးနဲ့ ယပ်ခွဲတွေ ရောက်လာပြီ'

ကာလသားခေါင်း ကိုကြည်က အားလုံးကြားအောင် အော်ပြောပြီး ဟန့်လိုက်သည်။

'ဟေ့ကောင်တွေ… တော်ကြကွာ'

ကိုကြည်က နောက်တစ်ကြိမ် ထပ်ဟန့်ကာ မျက်ထောင့်နီနှင့် လှမ်းကြည့်သည်။ ဖိုးတေနှင့် သန်းပု တစ်ယောက်ကိုတစ်ယောက် မျက်စိမှိတ်ပြလိုက်ကာ ငြိမ်နေလိုက်၏။ သူတို့ကာလသားခေါင်း ကိုကြည့်အကြောင်းကို သူတို့ အသိဆုံး မဟုတ်လား။

ကိုကြည်က လူ့ပုစိတ်တိုဖြစ်သည်။ တစ်ခါတလေ ဘာမှမဟုတ်တာလေးနှင့်လည်း သူတစ်ယောက်တည်း ရှူးရှူးရှားရှားဖြစ်ကာ ထဘုတောင် တောတတ်သည်။

"ဒီလူက စိတ်က ထစ်ခနဲဆိုတာနဲ့ ဖင်ကဖျစ်ခနဲဆိုတဲ့ လူစားကွ။ အားလူတွေမပြောနဲ့၊ ကိုယ့်ဖင်ကထွက်တဲ့ ကိုယ့်ချေးနဲ့ ကိုယ်တောင် စက်ရန်ဖြစ်တဲ့လူ'ဟု ပြောစမှတ်တွင်ခံထားရသူ ဖြစ်သည်။

ဒါကို တစ်ရွာလုံး သိကြပြီးဖြစ်၏။

တစ်ခါတော့ ကိုကြည် ဘာအစားအသောက်မှားသည် မသိ။ ဝမ်းချုပ်လိုက်သမှ စမြင်းပါခံနေသည်ဟု ဆိုသည်။ ဝမ်းမသွားရတာ သုံးရက်ခန့်ရှိပြီဟုဆိုသည်။ ထို့ကြောင့် ရွာတောင်ဖျားက အမ်ဘီဘီအက်စ်ဆရာခန့်ထံ ပြေးရလေသည်။

အမ်ဘီဘီအက်စ်ဆရာခန့်က တစ်ရွာလုံး၏ အခေါင်အချုပ် ဗီဝကကြီးဖြစ်သည်။ သည်နယ်တစ်ကြောမှာ 'M.B.B.S (S.K.L) ဆရာခန့်' ဟု တွင်ကျယ်သူ ဖြစ်သည်။

M.B.B.S ကတော့ ထားပါတော့။ နောက်က ရန်ကုန်လည်း မဟုတ်၊ မန္တလေးလည်းမဟုတ်ဘဲ အဘယ်ကြောင့် S.K.L ဖြစ်ရပါသနည်း။ ဟိုမြို့ သည်မြို့တွေက ဆေးခန်းတွေမှာ M.B.B.S (MDY) သို့မဟုတ် M.B.B.S (YGN)တွေပဲ တွေ့ဖူးသည်ဟု စောဒကလာမတတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ ဆရာခန့်၏ နာမည်နောက်မှ S.K.L ကား 'ဆိတ်ကုလား' ရွာ၏ အတိုကောက်ဖြစ်သည်။

ဒါဖြင့် ရှေ့က M.B.B.S ကတော့ရော။

M.B.B.S ၏အနက်အဓိပ္ပာယ်ကား မြန်မာဗုဒ္ဓဗိန္ဒော်ဆရာ ဟူ၏။

M = မြန်မာ

B = ဗုဒ္ဓဘာသာ

B = ဗိန္ဒော

S = ဆရာ

ထို့ကြောင့် လေးလုံးပေါင်းသော 'မြန်မာဗုဒ္ဓဘာသာဗိန္ဒော်ဆရာ (ဆိတ်ကုလား)' ဟု ဟိုးဟိုးကျော်သော ဆရာခန့်ပေတည်း။

ကိုကြည်က သူ့ဝမ်းချုပ်မှုဖြစ်စဉ်ကို ရှင်းပြလိုက်တော့ ဆရာခန့်က 'ဒါလေးများ' ဆိုသည့် သဘောနှင့် နှုတ်ခမ်းမွေးသပ်သည်။

'မောင်ကြည်ရယ်... စောစောကပြောရောပေါ့၊ *'ချေးကိုင်း ကနေ့ ရောစပ်လို့ ကျို၊ နေမညိုခင် သုံးကြိမ်စား၊ အိမ်သာပြည့်မယ်ဗျား'* တဲ့ကွ'

'အဲဒါက ဘယ်ဆေးကျမ်းထဲကတုန်း၊ ကျုပ် မကြားဖူးပါလား'

'ဘယ်ကြားဖူးမတုန်း၊ နောင်လာနောက်သားတွေ လေ့လာ ဖတ်မှတ်ကြပါစေတော့လို့ ငါပြုစုနေဆဲ အဘိဓမ္မာဆရာခန့်ရဲ့ လက်စွဲ ပွဲတွေ့ ဆေးပဒေသာကျမ်းကြီးထဲမှာ ငါရေးထားတဲ့ဟာကိုး'

ကိုကြည့်မျက်နှာ ရှုံ့မဲ့သွားသည်။

ဒါကို ဆရာခန့်က 'ဝေဒနာအတော်သည်းနေလို့ ဒီကောင် ရှုံ့မဲ့နေပြီကိုး' ဟု အဓိပ္ပာယ်ကောက်သည်။ ထို့ကြောင့် 'သမား' တို့ ကတ်အပ်သော အဖွာရသအနှ နှစ်သိမ့်အားပေးလိုက်သည်။

'ကဲပါ မောင်ကြည်ရာ၊ ဒီလောက်လည်း ရှုံ့မဲ့မနေပါနဲ့။ ငါနဲ့ တွေ့တဲ့နောက်တော့ သိကြားနဲ့တွေ့ပြီသာ အောက်မေ့'

'ဆေးသကြားလား၊ ဆေးသကြားဆိုရင်တော့ ခါးကုန်တော့မှာပဲဗျာ'

ဆရာခန့် နှုတ်ခမ်းမွေးကြီးတွေ ထောင်ထလာကြကုန်၏။





'ဟော့.. မောင်ကြည်၊ ငါ့ကို မင်းအုပ်ချုပ်ရတဲ့ ကာလသား ဆါက်စလေးတွေထဲက အောက်မေ့နေလို့လား။ မင်းက အခုမှ လူဖြစ်မလို့ ကြံတဲ့ ကာလသားပေါက်စတွေလောက် အုပ်ချုပ်ရတဲ့ အကောင်ကွ။ ငါက လူဖြစ်ရုံမကလို့ သေခါနီးနေတဲ့ သင်္ချိုင်း မျက်စောင်းထိုးအရွယ် မုဆိုးဖိုတွေကို အုပ်ချုပ်နေရတဲ့ကောင်။ တစ်ရွာလုံး ရှိရှိသမျှ မုဆိုးဖိုမှန်သမျှထဲမှာ အသက် အကြီးဆုံး မုဆိုးဖို အခေါင်ချုပ်ကွ။ မလေးမစားမပြောနဲ့၊ ငါ ကွမ်းညှပ်နဲ့ ဆထုလိုက်ရ'

ဆရာခန့်က ဆေးပုလင်းပေါင်းစုံ ဗုလိနုတ်စ စုံစိနုဖာထည့်ထား သော ထင်းရှူးသေတ္တာကြီးကိုဆွဲလှပ်ရင်းက ကြိမ်းသည်။ ကိုကြည် ဇက်ပု သွားသည်။ ဆရာခန့်ရာထူးက သူ့ရာထူးထက် နှစ်ပြန်စာလောက် ကြီးနေ၏။

ဟုတ်တော့ ဟုတ်ပါသည်။

ဆရာခန့်က ရွာမှာ အသက်အကြီးဆုံး မုဆိုးဖိုကြီးမဟုတ်လား။

တစ်နှစ်တစ်ကြိမ် သင်္ကြန်ကာလမှာ ကျင်းပသော သက်ကြီးပူဇော်ပွဲ မှာတောင် အကန်တော့ခံအဖြစ် ပါဝင်နေရပြီဆိုတော့ အသက်အရွယ်အရ သူ့နှစ်ပြန်မက။

'မလုပ်ပါနဲ့ ဘကြီးခန့်ရယ်၊ ဒီမှာ ဗိုက်က ရစ်ရစ်နာ၍ စိတ်ညစ် နေတဲ့အထဲ'

'ဘာရယ်ကွ'

'အဲ... ယောင်လို့ပါ၊ ဘကြီးခန့်မဟုတ်ပါဘူး၊ အန်ကယ်ခန့်... အန်ကယ်ခန့်၊ မြို့ကလူတွေခေါ်သလို အန်ကယ်ခန့်၊ ဟဲ... ဟဲ... ဟဲ...'

ဆရာခန့်က ဆေးပုလင်းများစွာထဲမှာ ဆေးပုလင်းကြီးတစ်လုံးကို ရွေးချယ်လိုက်ရင်းမှ-

'ရပါတယ်ကွာ... ဟိုရွာတောင်ဖျားကခေါ်သလို ဒေါက်တာခန့် လို့ခေါ်ရင်လည်း ဖြစ်တာပါပဲ'

ကြည့်စမ်း... အတော်လာတဲ့ လူကြီး။ သူ့ကိုယ်သူများ ဒေါက်တာ ခန့်တဲ့။ မြို့က ဒေါက်တာကြီးတွေဝတ်သလို ဘောင်းဘီ၊ လက်ရှည်နှင့် အညိဝင်းမှာ ကြောင်လျှာသီးအမြီးရှည်နှင့်သာ ဝတ်ပေးလိုက်ရင်လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်သည် ကိုယ့်အတွေးနှင့်ကိုယ် မျက်လုံးထဲမှာ ပုံဖော်ကြည့်သည်။

ခေါင်းက သျှောင်ထုံးနှင့်။

လည်ပင်းမှာက နက်(က်)တိုင်ခေါ် ကြောင်လျှာသီးတလွင်လွင်နှင့်။

အောက်က ဘောင်းဘီနှင့် အောက်ဆုံးမှာက ဆရာခန့် စီးလေ့ရှိသည့် မော်တော်ကားတာယာကို လှီးထုတ်ပုံဖော်ထားသော တာယာဖိနပ်အနက်ကြီးနှင့်။ ဆေးလွယ်အိတ်ကြီးလွယ်ကာ ရွာလယ်လမ်းအတိုင်း လျှောက်လိုက်လာရလျှင် ရွာခွေးတွေ အလုပ်များသွားကြမှာ သေချာသည်။

ဟောင်တဲ့ခွေးက ဟောင်၊ အူသည့်ခွေးက အူနှင့် ဆူဆူညံညံ အုတ်အော်သောင်းနင်းဖြစ်သွားမှာ မုချဟုတွေးကာ ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။

ထိုအပြုံးကိုမြင်တော့ ဆရာခန့်က မလုံမလဲဖြစ်သွားသည်။

'မင်းက ဘာပြုံးတာလဲ'

'သြော်… ခွေးတစီစီနေမှာပဲလို့ တွေးမိလို့ပါ။ အဲလေ… ဟုတ်ပေါင်'

'ဘာလဲကွ ခွေးတစီစီဆိုတာ'

'ဒီလိုပါ… ဆရာကြီး ဒေါက်တာခန့်ရဲ့ဆေးကို စားပြီးတာနဲ့ ကျုပ်ဖင်က အီးတဘူဘူဖြစ်လာရင်တော့ဖြင့် လေလည်သံ ကြားတဲ့ခွေးတွေ တစီစီ ဖြစ်ကုန်ကြတော့မှာပဲဆိုတာ တွေးမိသွားလို့ပါ အန်ကယ်ခန့်ရဲ့'

'ဟ… ငါ့ဆေးက လေလည်ရုံမှတ်သလားကွ။ စိတ်ချ ချုပ်နေတဲ့ဝမ်းတွေအားလုံး အပြင်ကိုရောက်လာအောင် ကန့်ထုတ်ပစ်မယ့် ဝိဇ္ဇာစရနတ်သြဇာဆေးမျိုးကွ။ စမြင်းလုံးတွေ ဘာတွေဆိုတာ သေနတ်ထဲက ထွက်လာတဲ့ ကျည်ဆန်တွေလို မင်းဖင်ဝကနေ ဝေါခနဲ စက်သေနတ်ပွင့်အောင် ပြေးထွက်လာကြရမယ့်ဆေးဆိုတာ မင်း ပွဲတွေ့ကြုံရတော့မယ်မှတ်။ ရော့… တစ်ခါသောက် သုံးလုံး၊ သုံးကြိမ်သောက်၊ သုံးသုံးလီ ကိုးဆိုတော့ နဝင်းကြေရော'

ဆရာခန့်က သူ့ဆေးကို သူညွှန်းလိုက်ရင်း စက္ကူကလေးဖြင့် ထုတ်ပေးလိုက်သည်။





'ဒေါက်တာခန့် ဆေးကလည်း ဆိတ်ချေးလုံးကလေးတွေလိုပဲနော်'

'ဟာ… ဆိတ်ကုလားရွာက သမားတော်ကြီးရဲ့ဆေးပဲကွ။ ဆိတ်ချေးတုံးနဲ့တူတာ ဆန်းသလား။ ဟုတ်ပေါင်၊ ဟော့ကောင် မောင်ကြည်၊ လူကိုမလေးစားရင်နေ၊ ပညာကိုလေးစားကွ။ *'ပွေးကိုင်းနဲ့ ကနစို ရောစပ်လို့ကျို၊ နေမညိုခင် သုံးကြိမ်စား၊ အိမ်သာပြည့်မယ်ဗျား'* ဆိုတဲ့ဆေး'

'ဟုတ်ပါပြီ ဒေါက်တာခန့်ရယ်၊ အခု ပထမတစ်ကြိမ် တွယ်လိုက်တော့မယ်နော်၊ ပြောနေကြာတယ်'

'ချကွာ… ရေအေးအေးလေးနဲ့ သောက်လိုက်၊ ဒါနဲ့ မင်း အိမ်မှာ ဒီနေ့ ဘာဟင်းနဲ့စားမှာလဲ'

'ကြက်သားဟင်း ချက်ခိုင်းထားတယ်ဗျ'

ကိုကြည်က လက်မထောင်၍ ခပ်ကြွားကြွားကလေးပြောသည်။

ဆရာခန့်က နှုတ်ခမ်းကို မဲ့လိုက်သည်။

'ခက်တဲ့ကောင်ပဲ၊ ကြက်သားဆိုတာ ချုပ်တဲ့အစားအစာကွ။ ကြက်တွေဟာ ရေသာသောက်ပြီး သေးမပေါက်အောင် ချုပ်တဲ့ ဓလေ့ရှိတဲ့ သတ္တဝါ။ ဒါကြောင့် အလဟဿ ကုန်တဲ့ငွေကို ကြက်သောက်ရေပါဗျာလို့ တင်စားပြောကြတာ မကြားဖူးဘူးလား။ မင်းလို ချုပ်နေတဲ့ကောင်က ကြက်သားနဲ့ထမင်းစားမယ်ဆိုတော့ ပိုဆိုးမှာပေါ့။ ဒီတော့ အဲဒီကြက်သားချက်ကို မင်း စားမနေနဲ့။ ငါ့ဆီ လာပို့လှည့်။ ဆေးဖိုးဝါးခံသွားတော့ပေါ့ကွာ'

'ဆေးဖိုးတောင်းရင်လည်း ရိုးရိုးတောင်းပါဗျာ၊ ဒေါက်တာခန့်က ခြိမ်းခြောက်မနေပါနဲ့။ ငါ့ဖို့ ဟင်းတစ်ခွက်ပို့လှည့်စမ်းဟေ့ဆို ပြီးတာပဲ။ စိတ်ချ… ခြေထောက်ရိုးက နှစ်ရိုး၊ တောင်ပံရိုးက နှစ်ရိုး၊ လည်ချောင်းရိုးက တစ်ရိုးနဲ့ ခေါင်းခြမ်းနှစ်ခြမ်းတို့တီလည်း ပါပါတယ်။ မနက်ကမှ ကျုပ်ကိုယ်တိုင် ခုတ်ထစ်ပြီး ဟင်းအိုးမြင် ပေးခဲ့တာပဲ'

ကိုကြည်က သောက်ရေတစ်ခွက်ခပ်ရင်း ပြောသည်။ ဆရာခန့် မျက်လုံးပြူးသွားသည်။

'အင်း… တော်တော်စေတနာကောင်းတဲ့ကောင်၊ ဆေးလုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း လည်ချောင်းထဲနင်နေဦးမယ်၊ ဖြည်းဖြည်းမျို၊ ရေနဲ့ ဖြည်းဖြည်းမျောချ၊ မင်းဟင်းက အရိုးတွေချည်း ဘာလုပ်ဖို့လဲ'

'သြော်… အဲဒါတွေတော့ အိမ်က ကလေးတွေဝါးဖို့ ချန်ထားပြီး ဒေါက်တာခန့်အတွက်တော့ ရင်ပုံသားလို၊ အသည်းအမြစ်လိုမျိုး ပို့ပေးပါ့မယ်လို့ ပြောမလို့ပါဗျ၊ ဟီး… ဟီး…'

ပြောပြောဆိုဆိုနှင့် ဆေးသုံးလုံးကို ပါးစပ်ထဲ ပစ်ထည့်လိုက်ကာ သောက်ရေဖြင့် မျှောချလိုက်၏။

'ဖွီး… ခါးလိုက်တာ'

'အခါးခါတ်ကမှ လေကို ဝမ်းကို သက်စေတာကွ။ စိတ်သာ ချကွာ၊ ညနေကျရင် ပြန်ကောင်းသွားပြီဗျို့ဆိုတဲ့ အသံကို ကြားရမှာပဲ။ ဒါနဲ့ မင်း ကြက်သားဟင်းက ဘယ်တော့စားရမှာလဲကွ'

'ရပါတယ်… ခု မနက်စာအမီ ဟင်းကျက်မှာပါ။ ကလေးတွေ အပို့လွှတ်လိုက်မယ်။ စပါးလင်တွေ၊ ပူစီနံတွေ၊ ပင်စိမ်းတွေ၊ မဆလာတွေ နိုင်နိုင်အုပ်ပြီး ချက်ထားတဲ့ ကာလသားဟင်းဗျ။ တောင်းလို့သာပေးရမှာ။ ဒေါက်တာခန့်တို့အရွယ်နဲ့တော့ သိပ်လိုက်ဖက်မညီလှဘူး'

'ဟင်… ဘာဖြစ်လို့လဲ'

'ချက်ပုံကိုက ကာလသားဟင်းပါဆိုမှ ကာလသားတွေနဲ့ပဲ လိုက်တာပေါ့ဗျ။ အန်ကယ်ခန့်တို့က မုဆိုးဖိုတွေပဲ။ မုဆိုးဖို ကာလသားဟင်းကို စားတော့…'

'ဘာပြုသေးတုန်း'

'မတော် ကာလသားလို အားတွေတအားရှိပြီး ထကြွလာရင် အဲဒီ အားတွေကို ဘယ်နေရာမှာအသုံးချမှာတုန်း၊ မုဆိုးဖိုဆိုတော့ အသုံးချစရာ နေရာမှမရှိဘဲ။ နှမြောစရာကြီးဗျာ'

'ဟင်… လက်စသတ်တော့ မင်းက ငါ့ကို ကပ်ရိနေတာကိုး။ သေပေတော့…'

ဆရာခန့် အနာပေါ် တုတ်ကျသွားသည်။

လက်တစ်ကမ်းမှာ ကွမ်းအစ်ကိုလှမ်းဆွဲသည်။ ကိုကြည် သိလိုက်





ပြီ။ ကြေးဝါထုံးဘူးကြီး ပါလာမလား၊ ရောမကွမ်းညှပ်ကြီးပဲ ပါလာမလား စောင့်မကြည့်တော့ဘဲ တစ်ချိုးတည်း ထပြေးသည်။

'ဗွမ်း…'

ခြောက်လှမ်း၍ ပစ်လိုက်သော ကွမ်းညှပ်ကြီးက အိမ်တံခါးရွက်ကို အပြေးဝင်ဆောင့်သွားလေသည်။ ကိုကြည်က တဟားဟား ရယ်ရင်း အိမ်အပြင်ဘက်သို့ ရောက်သွားသည်။

ဆရာခန့်ကား နှုတ်ခမ်းမွေးကြီးတွေထောင်လျက် ကျန်ရစ်ခဲ့သည်။

'လူကို ငေါ်သွားသေးတယ်။ ငါ့ဟာငါ အားတွေရှိတော့ရော ဘယ်မှာသွားသုံးသုံး သူ့အပူပါလို့လား။ မုဆိုးဖို အခေါင်အချုပ်ကို သိကွာ ချသွား‌သေးတယ်။ ညနေကျမှ သင်း ငါ့ကို ကျေးဇူးတင်မယ်'

နေ့လယ်ကျတော့ ကိုကြည့်သားအကြီးကောင်ကလေးက ကြက်သားဟင်းလာပို့ရင်း ပြောသည်။

'အဖေက မှာလိုက်တယ်။ သူ့အခြေအနေ မထူးသေးဘူးတဲ့။ လိုကာမယ်ရ ဆေးတစ်ဖုံစာလောက် ထပ်ပေးလိုက်ပါဦးတဲ့ ဘကြီးရဲ့'

ကြက်သားဟင်းတုံးတွေကို ဆရာခန့် စစ်ဆေးလိုက်သည်။

အင်း… ဒီလိုတော့လည်း ဒီကောင်က စေတနာကောင်းသား။

အသည်းမြစ်တုံးလည်း ပါသည်။ ရင်ပုံသားအကြီးကြီးလည်း ပါသည်။ ပေါင်ထိပ်ရိုးတစ်ဖတ်လည်း ပါသည်။ အသားကောင်းတွေချည်း ငါးဖတ်လောက်ပါသည်။ ဆရာခန့်အဖို့ နေ့လယ်စာပင်မက၊ ညစာထမင်းနှင့်စားဖို့အတွက်ပါ လုံလောက်သည်။ ဟင်းရည်တွေကလည်း အများကြီး။

ဟင်းပန်းကန်ကိုလှယ်ရင်း မွှေးပျံ့သော ဟင်းနံ့ကြောင့် ဆရာခန့် ထမင်းပင် ဆာလာသလိုလိုရှိ၏။

'ဒီကောင်ကလည်း ငါမှာတဲ့အတိုင်းသောက်ပြီးတဲ့ဟာကို၊ တော်တော်အစိုးရိမ်ကြီးနေ၊ အေးလေ… ပေးလိုက်မယ်။ အချိန်အခါကို ကြည့်သောက်လို့ ပြောလိုက်၊ ကြားရဲ့လား'

'ဟုတ်ကဲ့ ဘကြီး'

ကြက်သားဟင်းမျက်နှာကြောင့် နောက်ထပ်ဆေးသုံးလုံး ထပ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလွှတ်လိုက်သည်။ ဆေးထုပ်ကလေးကို အင်္ကျီအိတ်ကပ်ထဲထည့်ပြီး ထိုကလေး ပြန်ပြေးသွားသည်။ ညနေရောက်တော့ ထိုကလေးပင် ဆရာခန့် အိမ်သို့ မောကြီးပန်းကြီး ပြန်ပြေးလာလေသည်။

'ဘကြီး... ဘကြီး'

'ဟေ... ဘယ်သူတုန်း၊ သြော်... မောင်ကြည့်သားပဲ။ ဘာတုန်း၊ မင်းအဖေ သက်သာသွားပြီလား'

'အဖေ အခု စကားမေးမရတော့ဘူး ဘကြီးရေ။ အဲဒါ အမေက ဘကြီးကို ပြေးခေါ်ဆိုလို့၊ အခု မြန်မြန်လိုက်ခဲ့ပါတဲ့'

'ဟေ... ဘာတွေဖြစ်ကုန်တုန်းဟ'

ဆရာခန့် ဆေးလွယ်အိတ်ကောက်လွယ်ကာ အပြေးလိုက်ရသည်။

ဗိုကိုရောက်တော့ တွေ့ရပါချေသည်။ အိပ်ရာထဲမှာ မျှော့မျှော့ ကျန်သော ကိုကြည်ကို ပျော့ခွေလျက်တွေ့ရ၏။ မျက်ကွင်းတွေလည်း ချက်ကျနေသည်။ နားထင်နှစ်ဖက်ပင် ချိုင့်ဝင်သွားရှာလိုလို။ ကိုကြည်က သတိတော့ ပြန်ရနေပြီဖြစ်သည်။

'ဟော့ကောင်... ဒီကောင် ဘယ်လိုဖြစ်တာလဲ'

ဆရာခန့်အမေးကို ကိုကြည် ပြန်မဖြေနိုင်သေးဘဲ မျက်တောင်စင်း ကလေးတွေဖြင့် မော့ကြည့်သည်။

'မပြောချင်ပါဘူး ဘကြီးရယ်။ ဒီလူက စိတ်က လက်တစ်ဆစ် လေ။ ဆေးသောက်ပြီး ချက်ချင်းမပါရကောင်းလားဆိုပြီး တစ်ထုပ်လုံး မျိုပစ်လိုက်တယ်။ ဒီအထဲ ကလေးကို ထပ်အတောင်းခိုင်းလိုက်တဲ့ ဆေးလုံး တွေ ထပ်မျိုသေးတယ်။ ခု ရေတွင်းတူး ခု ရေကြည်သောက်ချင်တဲ့လူ။ ညနေပိုင်းကျတော့ အိမ်သာပေါ်ကကို မဆင်းရတော့ဘူး။ အရေကြည်တွေ တောင် ပန်းသတဲ့။ အိမ်သာပေါ်တင် ပျော့ခွေသွားတာလေ။ သန်းပုကို ထမ်းအထုတ်ခိုင်းရတယ်'

ကိုကြည့်မိန်းမ မိသေးက ဒေါပွပွဖြင့် ဝင်ပြောသည်။

ဆရာခန့် စိတ်ညစ်သွားသည်။

'မောင်ကြည်ရာ... မင်း လုပ်လိုက်မှဖြင့် တလွဲချည်းပဲ။ မတော်





ဝမ်းစသွားတဲ့ အချိန်အခါကလေး စောင့်ကြည့်ပါဦးတော့လား'

'အောင်မယ်လေး... ဝမ်းစသွားတဲ့အချိန်တုန်းကတော့ မပြောနဲ့ ဆရာကြီး။ အိမ်သာနားမှာ သူတစ်ယောက်တည်းနဲ့ကို ကျွက်ကျွက်ညံ နေတာပဲ'

'ဘယ်လိုကျွက်ကျွက်ညံတာတုန်း'

'ကိုယ့်ချေးနဲ့ကိုယ် ဖက်ရန်ဖြစ်နေတာလေ။ မှတ်ထားကွ... ဒီ လောက်အောင်းနေတဲ့ဝမ်းတွေ၊ မှတ်ပလား၊ သွားစမ်း၊ အခုသွားစမ်း၊ မောင်ကြည်ကို ဘယ်လိုကောင်မှတ်လို့လဲနဲ့ အော်ဟစ်ကြိမ်းမောင်းလိုက်၊ ချော့ချော့ဆို ပန်းလိုက်နဲ့ ဟုတ်နေသေးတာ'

'ဟုတ်ရမယ်လေ၊ ဒေါက်တာခန့်ရဲ့ 'ဝိရွှာစရ နတ်သြဇာ' ဆေး ကြီးပဲဟာ၊ ဟဲ... ဟဲ... ဟဲ... ဟဲ...'

ဆရာခန့်က သူ့ဆေးသူ ပြန်ဂုဏ်တင်နေသေး၏။ ပြုံးဖြီးဖြီးကြီး သဘောတွေကျနေပေသေး၏။ အရေးထဲမှာတော်ဟူသော သဘောဖြင့် မိသေးက မျက်စောင်းကြီးပစ်ထိုးလိုက်တာကိုတော့ ဆရာခန့် မမြင်။ သူ့ ဆေးစွမ်းပုံကို သူ ပြန်ပီတိကျနေလေသေး၏။

'နတ်သြဇာတွေ၊ နတ်မာလကာတွေတော့ မသိဘူး ဆရာကြီး။ နတ်မာလကီးယားဖြစ်တော့မှဖို့တော့ သီသီလေးလိုတော့တယ်။ နောက်တော့ တဖြည်းဖြည်း အော်ဟစ်ကြိမ်းမောင်းသံတွေ တိုးတိုးသွားပြီး ဘာသံမှကို ထွက်မလာတော့ဘူး။ အဲဒီတော့မှ အိမ်သာနား ကပ်ကြည့်မိတော့'

'ပြောစမ်း... ပြောစမ်း၊ ဘယ်လိုဖြစ်တယ်ဆိုတာ'

'ကပ်ကြည့်မိတော့ နံလိုက်တာ မပြောပါနဲ့တော့'

'ဖြစ်ရမယ်လေ။ သုံးလေးရက်အောင်းနေတဲ့ ဝမ်းပုပ် မကောင်း မကန်းတွေပဲ။ နံမှာပေါ့'

'နံတာက အကြောင်းမဟုတ်ဘူးတော့။ ကိုကြည်... ကိုကြည်နဲ့ ခေါ်ကြည့်တော့ 'ဟေ... မိသေးလား' တဲ့။ လေသံ ညောင်ညောင်နဲ့မှာ ထလေးနဲ့ပဲ ပြန်ထူးတော့တယ်။ ကျွန်မလည်း အထဲမှာ ဘယ်လိုဖြစ်နေတုန်း သို့ မေးမိရှိရှိသေး'

www.burmeseclassic.com



'သူက ဘာပြန်ပြောလဲ'

'ပါးစပ်ကမပြောဘူး။ ဗျောခနဲပန်းထွက်တဲ့အသံနဲ့ ဖင်ကပဲ ပြောနိုင်တော့တယ်။ တော်တော်ကြာတော့မှ သန်းပုကို ပြေးခေါ်စမ်း၊ ငါ့မျက်လုံးတွေ ပြာနေပြီ။ မထနိုင်တော့ဘူးတဲ့။ ဒါနဲ့ သန်းပုကိုပြေးခေါ်ပြီး အိမ်သာထဲက ထမ်းထုတ်ခဲ့ရတယ် ဆရာကြီး။ ကယ်နိုင်ရင် ကယ်ပါဦး၊ ကိုယ်ကျိုးနည်းရတော့မယ် ထင်ပါရဲ့'

မိသေး၏ နတ်သံနှော၍ ဖြေရှင်းသံကို နားထောင်ရင်း ဆရာခန့်က ကိုကြည့်ကို ငုံ့ကြည့်သည်။ ကိုကြည်ကား ပျော့ခွေလျက်။ မချိမဆန့် ပန်းလိုက်ရသဖြင့် တအိအိနွမ်းဟိုက်နေပုံက အဝတ်ိုင်းသားပင်။ ဆရာခန့် အဖို့တော့ ဆရာနာမည် ရေစုန်မျှောပစ်ရတော့မလိုဖြစ်ပြီဟု ဆရာခန့် ဒေါပွသွားသည်။ ကိုကြည်လုပ်ပုံက သူ့နာမည်ပျက်အောင် ချောက်ချသလိုဖြစ်နေတာကိုး။

'မင်းဟာလေ… လူပုစိတ်တို၊ ချေးပုရန့်လိုဆိုတဲ့အတိုင်း လုပ်လိုက်ရင် ဒေါ်သက ရှေ့ကဦးစီးလာတဲ့ကောင်။ ချက်ချင်းစားပြီး ချက်ချင်းသွားမလားကွ။ အဲလိုမှ ချက်ချင်းသွားချင်ရင် အစက ပြောပါလား'

'အစကပြောတော့ ဘယ်လိုလုပ်မှာလဲဗျ'

လေသံသဲ့သဲ့ဖြင့် ကိုကြည်က မေးသည်။

'ချက်ချင်းသွားချင်ရင်တော့ ဝမ်းချုရမှာပေါ့ကွ'

'ဘယ်လိုချုမှာတုန်း'

'ဆပ်ပြာရည်ဖျော်ပြီး မင်းဖင်ထဲကို ပိုက်နဲ့ထိုးသွင်းလိုက်ရမှာပေါ့ကွ'

'အောင်မယ်လေး… ကြားရရုံနဲ့ သေချင်စော်နံလိုက်တာ အန်ကယ်ခန့်ရယ်။ အဲဒီနည်းနဲ့ဆိုရင်တော့ဖြင့် မလုပ်ခဲ့တာပဲ ကောင်းပါတယ်'

'အေး… ဟိုက လက်ညှိုးလောက်ရှိတဲ့ ပိုက်ကလေးနဲ့ပဲ ထိုးသွင်းရုံရယ်ကွ။ အခုဟာကျတော့ မင်းကို ဖင်ဗူးတောင်းထောင်ခိုင်းပြီး ကျပ်လုံးလောက်ရှိတဲ့ ပြောင်းဖူးရိုးနဲ့ မင်းဖင်ဝကို ဆို့ပေးဖို့ပဲရှိတော့တယ်'

ဆရာခန့်က ဒေါပွပွဖြင့် အရွဲ့တိုက်၍ပြောသည်။





ချိုင့်ဝင်နေသော ကိုကြည်၏မျက်လုံးဟောက်ပက်တွေက ဟိုးတွင်းထဲကနေ အရောင်ထွက်လာအောင် ပြူးကျယ်သွားသည်။

'ဘုရား… ဘုရား… အဲ… ကျွန်တော့် မရက်စက်ပါနဲ့ ဒေါက်တာခန့်ရယ်၊ မပါအောင် ဖင်ဗူးတောင်းထောင်နေဆို ထောင်နေပါ့မယ်။ ဖင်ဝတော့ ပြောင်းဖူးရိုးနဲ့ မဆို့ပါနဲ့။ မချိတရိကြီး၊ အီး… ဟီး… ဟီး…'

ကိုကြည် လေသံပျော့ကလေးဖြင့် တောင်းပန်လေသည်။

'အင်း… ခက်သေးတယ်။ ဒီလိုဗျောလည်း ကြောက်တတ်လိုက်တာ နှစ်ယောက်မရှိဘူး၊ မိသေးရေ… သကြား ရှိလား၊ ဆား ရှိလား'

'ရှိတယ် ဘကြီး'

'အေး… အဲဒါဖြင့် ဒီကောင် အီးပန်းပြီး အားပြတ်သွားတာပဲ။ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ခန်းခြောက်သွားတာဟဲ့။ ဒါကို မြို့က ဆရာဝန်တွေက ဓာတ်ဆားရည်ပုလင်းတိုက်ပြီး အားပြန်ဖြည့်ခိုင်းတာပဲ။ ဓာတ်ဆားရည်ထုပ်က ဒီမှာက မြို့လို အလွယ်ရတာ မဟုတ်ဘူး။ ရေကျက်အေးရယ်၊ သကြားရယ်၊ ဆားရယ် ရောဖျော်ပြီး တိုက်ရမယ်။ အဲဒါလည်း အရေးပေါ် ဓာတ်ဆားရည်ပဲ'

မိသေးက သကြားထုပ်ကလေးနှင့် ဆားအိုးကလေးကို ယူလာပေးသည်။

'ရေကျက်အေးရော အသင့်ရှိလား'

'ရှိတယ်၊ ဖိုပေါ်တည်ထားတဲ့ရေနွေးအိုးက အေးစက်နေပြီ'

'ကောင်းတယ်၊ အဲဒါပဲ ခပ်ထည့်ခဲ့။ အနည်တွေ အမှုန်တွေ မပါစေနဲ့'

မီးဖိုပေါ်ရှိ ရေနွေးအိုးထဲမှရေကျက်အေးတွေကို မိသေးက ဇလုံကြီးနှင့် ငုံ့ထည့်ယူလာသည်။ ဆရာခန့်က သကြားနှင့် ဆားကို ရောထည့်ကာ မွှေပေးသည်။ နောက် အရသာမြည်းကြည့်လိုက်သည်။

'ဘယ်လိုလဲ ဒေါက်တာခန့်၊ ချိုချိုကလေးဖျော်နော်၊ သောက်ကောင်းအောင်လို့'

ကိုကြည်က လေသံသဲ့သဲ့ဖြင့် မှာကြားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ… မရှည်နဲ့၊ ငါဖျော်ပေးတဲ့အတိုင်းသောက်၊ မင်းက ကလေးတွေ ဆေးတိုက်ရသလို လာအထွန့်မတက်နဲ့။ ငါ ပါးစပ်ဖြဲပြီး ဇလုံလိုက် လောင်းချပစ်လိုက်ရ'

'စိတ်… စိတ်ရှည်ရှည်ထားပါ ဒေါက်တာခန့်ရယ်၊ လူနာက ရောဂါနဲ့မသေဘဲ ဆရာဟောက်တာ လန့်ပြီး သေနေပါဦးမယ်'

နောက်က လှမ်းဝင်လာသော သန်းပုက ဝင်နောက်ခြင်း ဖြစ်သည်။

'သေသေကွာ… ငါပြောတဲ့အတိုင်းမသောက်ဘဲ ပေးသမျှ ဆေး တစ်ထုပ်လုံး မျိုရတယ်လို့။ 'ဂါထာပေး-တေးဖြစ်'ဆိုတဲ့ အကောင်မျိုးတွေ၊ ဆေးပေးလိုက်တာများ သွားရည်စာပေးလိုက် တယ်ထင်နေသလား မပြော တတ်ဘူး။ ဒါထက် မင်းက ဘယ်က လှည့်ဝင်လာတာတုန်း'

'ဟောဒီ အစ်ကိုကြည်ကောင်းမှုပေါ့ ဒေါက်တာခန့်ရဲ့။ စောစော ကမှ အိမ်သာတံခါးဖွင့်ပြီး သူ့ကို ကျွန်တော် ဝင်ထမ်းထုတ်ရတာလေ။ လူကသာ မျော့တာ၊ ဖင်က မမျော့ဘူးဗျ။ လူပေါ်ရောက်တော့မှ ဗျောဆို တစ်ခါထပ်ပန်းလို့ တစ်ကိုယ်လုံး နံစော်သွားတာ ရေပြေးချိုးရတယ်။ အခု ရေချိုးပြီးမှ ထွက်လာရတာ'

'ရေချိုးတာ အများသုံးတဲ့ ရွာလယ်ရေတွင်းမှာ သွားချိုးတာလား'

'မဟုတ်ပါဘူး၊ အိမ်မှာ အသင့်ခပ်ပြီးသားရေအိုးထဲက ချိုးတာပါ။ ဒီလောက် နံနံစော်စော်ကြီးနဲ့ အများသုံးရေတွင်း သွားချိုးရင် ဝိုင်းအော်ထုတ် ကြမှာပေါ့။ ကိုယ့်အိမ်မှာပဲကိုယ် ချိုးခဲ့တာပါ၊ အမေကတော့ ပြောတယ်'

'ဘာပြောတုန်း'

'အခု ကျွန်တော် ခပ်ချိုးတဲ့ စဉ့်အိုးကြီးကို နေပူထုတ်လှန်းထား လိုက်၊ ၁၀ ရက်တိတိ နေပူထဲ ပစ်ထားလိုက်ပြီးမှ ပြန်အသုံးပြုရမယ်တဲ့။ မင်းလည်း ငါတို့နဲ့အတူတူ ၁၀ ရက်တိတိ ထမင်းတစ်ဝိုင်းတည်း မစားရ ဘူးတဲ့။ တစ်နေ့ကို ရေသုံးကြိမ်ချိုးရဦးမယ်တဲ့။ အစ်ကိုကြည့်ကောင်းမှုလေ'

'အဟေးဟေး… အဲဒါ ကျန်းမာရေးအသိစိတ်ရှိတာကွ'

ဆရာခန့်က သူ၏လက်ဖြစ် အရေးပေါ်ဓာတ်ဆားဇလုံကို ဖွန်းနှင့် မွှေရင်းက ထောက်ခံလိုက်သည်။





'အမေကတော့ အဲလိုမပြောပါလား ဒေါက်တာခန့်ရဲ့'

'ဘယ်လိုပြောသတုန်း'

'ဟဲ့… သန်းပုရဲ့၊ နင် ငါတို့အနားမကပ်နဲ့၊ ရွံစရာကြီးတဲ့ဗျ'

'ဟား… ဟား… ဟား… ဟား'

ဆရာခန့်က ကိုကြည့်ကို သကြား၊ ဆားနှင့် ရေကျက်အေး ရောဖျော်ထားသော ဇလုံကို ထိုးပေးလိုက်သည်။

'ကိုင်း… ရေဓာတ်ခန်းခြောက်သွားတာကို မြန်မြန်ပြန်ဖြည့်နိုင် အောင် အဲဒီ တစ်ဇလုံလုံးကုန်အောင်သောက်'

'ခင်ဗျာ… ဒီတစ်ဇလုံလုံး ကုန်အောင်သောက်ရမယ်၊ ဟုတ်လား'

'အေး… အဲဒါကုန်ရင် နောက်တစ်ဇလုံ ထပ်လာဦးမယ်။ ရှေ့က တစ်ဇလုံကုန်ခါနီးကျရင် အခု ငါပေးခဲ့တဲ့ ဝမ်းပိတ်ဆေးကို သောက်လိုက်၊ ငါ ဆေးစပ်ပေးခဲ့မယ်'

စကားအဆုံးတွင် ဆေးလွယ်အိတ်ကြီးထဲမှ အရွယ်မျိုးစုံသော ဆေးပုလင်းတွေကို သွန်ချလိုက်သည်။ ပြီးမှ ဟိုက တစ်ပုလင်း၊ ဒီက တစ်ပုလင်း ကောက်သင်းကောက်သလို ရွေးကောက်သည်။ စက္ကူပိုင်း ကလေးတစ်ပိုင်းဖြန့်ကာ ပုလင်းတွေထဲမှ ဆေးမှုန့်တွေကို နည်းနည်းစီထည့်၍ စပ်လိုက်သည်။ စုစုပေါင်းလိုက်တော့ ဆေးမှုန့်တွေချည်းလုံးလိုက်လျှင် ဆီးဖြူသီးနှစ်လုံးစာလောက် ရှိလိမ့်မည်။

'ဟာ… ဒါတွေ အကုန်သောက်ရမှာလား'

'အေး… တစ်ခွက်စာပဲ။ အကုန်သာ တစ်ချက်တည်း မော့လိုက် ပေတော့'

ကိုကြည် မျက်ဖြူဆိုက်သွားသည်။

'ဆေးတွေက အများကြီးပဲ ဒေါက်တာခန့်ရယ်၊ ဒီကြားထဲ နံလိုက်တာ တအားပဲ'

'ဟုတ်တယ်ကွ၊ မွှေးအောင် ရေမွှေးလောင်းပေးရဦးမှာလား ရှည်နဲ့၊ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ မောင်ကြည်။ မျိုနိုင်အောင်သာ မျိုပေတော့ မမျိုချင်ရင်လည်း ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… တခြားနည်းရှိသေးတယ်ပေါ့လေ'

'ရှိသဗျား… ဖင်ဗူးတောင်းထောင်ပြီး မင်း ဖင်ဝကို ပြောင်းဖူးရိုးဆို့ပေးခဲ့ဖို့ပဲ ရှိတယ်'

'အောင်မယ်လေးဗျာ… အဲဒီနည်းတော့ မသုံးလိုက်ပါနဲ့ အန်ကယ်ခန့်ရယ်၊ သောက်ဆို သောက်ပါ့မယ်ခင်ဗျ၊ အီး… ဟီး… ဟီး…'

ဆေးမှုန့်ထုပ်ကို မျက်စိမျက်နှာပျက်စွာ လှမ်းယူရင်း ကိုကြည်ညည်းချင်းချသည်။

ဆရာခန့်က မိသေးကို နောက်တစ်ဇလုံ ရေကျက်အေး အသင့်လုပ်ခိုင်းသည်။ ရောနှောဖျော်စပ်ရမည့် သကြားနှင့်ဆား အတိုင်းအဆကိုပြသပြီးနောက် ဝင်အောင်စောင့်တိုက်ရန် မှာကြားပြီး ပြန်ဖို့ပြင်သည်။

'ဘကြီး… ဆေးဖိုးကရော'

မိသေးက ဆုတ်ဆုတ်ဆိုင်းဆိုင်းဖြင့် မေးသည်။

လက်က ချွေးခံအိတ်ကလေးထဲသို့ နှိုက်သည်။

ဆရာခန့်က တစ်ခွန်းတည်းပြောသည်။

'မပေးနဲ့တော့… ဒီကောင် မသေရင်ပဲ တော်လှပြီ'

'တော်…'

မိသေး မျက်လုံးပြူးသွားသလို အနီးရှိ သန်းပုကလည်း လန့်ဖျပ်သွားသည်။

'ဟုတ်သလေ… မသေရင်ပဲ ငါ့နာမည်ငါ ပြန်အဖတ်ဆယ်ပြီးသားဖြစ်ရတော့မှာမို့ ပြောရတာ။ မောင်ကြည်… မောင်ကြည် နေရင်းထိုင်ရင်း သင်းက ငါ့ကို နာမည်ဖျက်ဖို့ ကြိုးစားတဲ့ အကောင်၊ သင်းသေတာက အကြောင်းမဟုတ်ဘူး။ ငါက အချောင် နာမည်ပျက်ရဦးမယ်။ မင်းတော့လား နေနှင့်ဦး'

ဤသို့အားဖြင့် ကရုဏာကြီးမားစွာ ခြိမ်းခြောက်ပြီးသကာလဆရာခန့် ပြန်ကြွသွားလေသည်။ အိမ်အထွက်ရောက်တော့ ထပ်မှာသွားသေး၏။

'မောင်ကြည်… အခုလည်း ငါပြောတဲ့အတိုင်း ဆေးတွေသောက်





နော်။ မသောက်လို့ကတော့ ငါ့အိမ်ဘက်ကို မင်း ဒီတစ်ခါ မတ်တတ်မဟုတ်ဘူး၊ ပက်လက်လာရပြီသာ မှတ်'

ဆရာခန့်စကားကြောင့် လူမမာ ကိုကြည်ရော၊ သူ့မိန်းမ မိသေးရော၊ အနီးက သန်းပုရော ဘုရားတလိုက်မိကြရလေသည်။ ဇေနွတော့သူ့ဆေးအကြောင်း သူသိပုံရပါရဲ့။

ဆရာခန့်အိမ်ဘက်ကို မတ်တတ်မဟုတ်ဘဲ ပက်လက်လာရပြီသာမှတ် ဆိုပါကလား။ သူတို့အားလုံး ဖျားသွားကြသည်။

အဘယ်ကြောင့်ဆိုသော် ဆရာခန့်၏အိမ်သည် ရွာမြောက်ဖျားပိုင်းမှာရှိပြီး သူ့အိမ်မှလွန်လျှင် ရွာသင်္ချိုင်းကုန်းသာရှိတော့သောကြောင့် ဖြစ်ပေသတည်း။ ဆရာခန့်အိမ်ရှေ့မှ ပက်လက်ဖြတ်သွားရပြီဆိုလျှင် ရွာသင်္ချိုင်းသို့ ဒုတ်ဒုတ်ထိ ဆိုက်ရောက်ပြီသာ မှတ်ပေတော့။

ဤကား ကိုယ့်ချေးနှင့်ကိုယ် ဖက်ရန်ဖြစ်သူဟု ဂုဏ်ပြုမှတ်တမ်းတင်ကြရသော ဆိတ်ကုလားရွာ ကာလသားခေါင်းကိုကြည်၏ ထင်ရှားသောဖြစ်စဉ်များထဲမှ တစ်ခုပေတကား။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

-၃-



ထခုလည်း လူပုစိတ်တိုကိုကြည့်သည် စကားလက်စ မပြတ်နိုင်သေးသော ဖိုးတေနှင့် သန်းပုတို့ကိုကြိမ်းလိုက်ကာမျက်ထောင့်နီနှင့် လှမ်းကြည့်လေသည်။

ထို့ကြောင့် သန်းပုတို့ နှစ်ယောက် ပြုံးစေ့စေ့ဖြင့် စကားဖြတ်လိုက်ကြရသည်။

သူကြီးဦးစံဖြိုးနှင့် ဆယ်အိမ်မှူးကိုဖော့ကြီးတို့က ပိတောက်ပင်ရိပ်သို့ ဝင်လာကာ လူစုလူဝေး၏ ထိပ်ဖျားဘက်ခပ်ကျကျမှာ ထိုင်လိုက်ကြသည်။

'အဟမ်း... အဟမ်း... လူစုံကြပြီလားဟေ့'

ဦးစံဖြိုးက ချောင်းဟန့်သံပေးရင်း မေးလိုက်သည်။ ရောက်လာသမျှ ကာလသားတွေကိုလည်း ဝေ့ကြည့်လိုက်သေးသည်။ လူလတ်ပိုင်း၊ လူရွယ် လူငယ်ပိုင်းတွေကို အဓိကဖိတ်ထားခြင်း ဖြစ်သည်။

'ဖိတ်ထားသမျှတော့ လူကုန်နီးနီးရောက်နေပါပြီ သူကြီး'

ကိုကြည့်က လှမ်းအော်သည်။





'လူကုန်နီးနီးဆိုတော့ ဘယ်သူတွေကျန်သေးလို့လဲ'

'ရွာမြောက်ဖျားက M.B.B.S (S.K.L) ဒေါက်တာခန့် ဦးဆောင်တဲ့ မုဆိုးဖိုတွေတော့ မရောက်ကြသေးဘူး သူကြီး။ ကျန်တဲ့လူရွယ် လူငယ်တွေတော့ စုံသလောက်ပါပဲ'

'အိုဗျာ... နေရာတကာ ဒီမုဆိုးဖိုတွေက တစ်မှောင့်၊ ခုကိစ္စက သူတို့မပါလည်း ဖြစ်တာပဲ။ တော်တော်ကြာကျ အဘိဓမ္မာဆရာစိန်တို့နဲ့ အဝိဇ္ဇာဖိုးရွှေမောင်တို့ပါ ပါလာရင် နှစ်ယောက်သား မျက်နှာချင်းဆိုင်မိတာနဲ့ အဝိဇ္ဇာနဲ့တဏှာ၊ ဘယ်ဟာအရင်ဖြတ်မှ ဒိဋ္ဌိပြုတ်တယ်ဆိုတာ ထိုင်ငြင်းနေကြလို့ ခက်နေပါဦးမယ်။ ဒီမုဆိုးဖိုနှစ်ယောက်က ပါးစပ်ကငြင်းတော့ အဝိဇ္ဇာနဲ့ တဏှာ၊ ငြင်းနေတုန်းမှာ ရွာသူလေးတွေ ဖြတ်သွားတာတွေ့ရင် မျက်လုံးပြူးကြီးတွေနဲ့ ပြိုင်တူလိုက်ကြည့်ကြသေးတာ။ ဖြတ်သွားတဲ့ကောင်မလေးက တစ်ခေါ်လောက်ဝေးသွားတော့မှ စောစောက ဘယ်ရောက်သွားသတုန်းဆိုပြီး ဆက်ငြင်းကြတဲ့ မုဆိုးဖိုတွေ'

ပေစိ၏ ကြားဖြတ်စကားကြောင့် ဝါးခနဲ ဝိုင်းရယ်ကြသည်။

သူကြီး ဦးစံဖြိုးက သူ့ခေါင်းကို ပတ်ပေါင်းထားသည့် စောင်တဘက်ကို ဖြုတ်လိုက်ပြီးနောက် မျက်နှာပေါ်မှချွေးတွေကို သုတ်သည်။ ပြီးတော့မှ ထပ်ပြောသည်။

'မင်းတို့ ဒီလိုလည်းမပြောနဲ့ကွ။ ခုကိစ္စမှာ မုဆိုးဖိုတွေ ပါစရာမလိုပေမယ့် ဆရာခန့်လိုလူကတော့ မပါလို့မဖြစ်ဘူး။ သူက ဆေးဆရာဆိုတော့ အရေးဟဲ့ဆိုရင် ဒဏ်ရာအနာတရဖြစ်ရင် သူက အနီးကပ်ကြပ်ဖို့ရှိနေမှ ဖြစ်မှာ၊ ခုကိစ္စမှာ ဆရာခန့်က အရေးကြီးတယ်၊ ဒီလူကြီးကလဲကွာ၊ သေသေချာချာ ဖိတ်မထားကြဘူးလား၊ အစည်းအဝေးဆိုတာ တစ်ခါတည်း လူစုံစုံပြောမှ ကောင်းတယ်ကွ'

'ဒါဖြင့်လည်း ခဏစောင့်လိုက်ပါလား သူကြီး၊ ကျွန်တော်တို့ ပြေးခေါ်လိုက်မယ်လေ'

ဖိုးတေက လူလယ်ခေါင်မှ ထပြောသည်။

မျက်နှာက ပြုံးစေ့စေ့ဖြစ်နေသည်ကိုကြည့်ကာ ဒီကောင် မရိုး



www.burmeseclassic.com

www.burmeseclassic.com



မသားပြောတာဖြစ်ရမည်ဟု ကိုကြည်က ဒက်ခနဲသိလိုက်သည်။

'နေပါစေ ဖိုးတေရာ။ လာပါလိမ့်မယ်၊ အသေအချာပြောခဲ့ပြီး သားပါ။ မင်းက ဒေါက်တာခန့်ကို သွားခေါ်မယ်အကြောင်းပြပြီး တစ်ခါတည်း လွတ်ရာလွတ်ကြောင်း လစ်တော့မလို့ကြံတာ မဟုတ်လား၊ ဒီအချိုးမျိုးတွေ ရိုးနေပြီကွ၊ ခု ပြန်ထိုင်လိုက်စမ်း'

ကိုကြည်၏ တစ်ချက်လွှတ်အမိန့်တော်ကြောင့် ဖိုးတေ မကျေမနပ်နှင့် ပြန်ထိုင်သွားသည်။ ဖိုးတေသည် အစည်းအဝေးလို၊ ညှိနှိုင်းဆွေးနွေးပွဲလို လူစုလူဝေးနှင့် စုပေါင်းအဖြေရှာကြသောကိစ္စမျိုးကို လုံးဝစိတ်ဝင်စားသူမဟုတ်။ ဘယ်သူပြောတာမှ အာရုံစိုက်နားထောင်လေ့မရှိ။ တစ်ထောင့်ထောင့်တွင် ထိုင်ငိုက်နေပြီး နောက် တကယ့်အရေးထဲကျမှ သူထင်ရာ သူလုပ်လေ့ရှိသူ ဖြစ်သည်။

'ကဲပါ… စောင့်မနေကြပါနဲ့တော့။ ဟိုးမှာ မုဆိုးဖိုအခေါင်ချုပ်နဲ့ သူ့လက်ထောက် အဝိဇ္ဇာဖိုးရွှေမောင်တို့ လာနေပါပြီ'

တစ်ယောက်က အော်ပြောသဖြင့် လှမ်းကြည့်လိုက်ကြသည်။

ဆရာခန့်နှင့် အဝိဇ္ဇာဖိုးရွှေမောင်တို့ နှစ်ယောက်ယှဉ်၍ ဦးစံဖြိုး ခြံဝင်းကျယ်ကြီးထဲသို့ လှမ်းဝင်လာတာကို မြင်ကြရသည်။ ဖိုးရွှေမောင်က တရားငြင်းခုန်ရာတွင် အဝိဇ္ဇာနှင့် တဏှာအနက် အဝိဇ္ဇာတည်းဟူသော မသိမှုအမှောင်သည် ပို၍အရေးကြီးသဖြင့် အဝိဇ္ဇာကို အလျင်ပယ်သတ်ရမည်။ ဒါမှ ဒိဋ္ဌိပြုတ်တရားအမှန်ဖြစ်သည်။ တဏှာက အရေးမကြီး၊ အဝိဇ္ဇာကို ဖြိုနိုင်လျှင် တဏှာကို လွယ်လွယ်ဖြုတ်နိုင်သည်ဟု ခွတ်မျက်စိမိုတ်ကာ ငြင်းတတ်သဖြင့် အဝိဇ္ဇာဖိုးရွှေမောင်ဟု ရွာက နာမည်ပေးထားကြရသည့် မုဆိုးဖိုကြီး ဖြစ်သည်။

သူတို့နှစ်ယောက်အနက် ဆရာခန့်က အသက်ပိုကြီးသည်။ ထို့ကြောင့် မုဆိုးဖိုသက်ချင်း အတူတူဖြစ်ကြပါလျက်နှင့် ဖိုးရွှေမောင်က ရွာမုဆိုးဖိုများ၏ အခေါင်အချုပ်ရာထူးကိုမရဘဲ လက်ထောက်ရာထူးနှင့် တင်းတိမ်လိုက်ရခြင်း ဖြစ်သည်။

ပြီးတော့ သူတို့နှစ်ယောက်က မတည့်အတူနေများ ဖြစ်ကြသည်။





အခု စကားကောင်းပြောနေကြရာကနေ ချက်ချင်းလက်ငင်း ထဘုတောချင် ဘုတောကြသူတွေ ဖြစ်၏။

'ဆရာခန့်တို့ကို စောင့်နေတာဗျ၊ ဒီမှာ အစည်းအဝေးတောင် ကြေတော့မလို့'

သူကြီးဦးစံဖြိုးက ပြောင်လက်နေသော သူ့ခေါင်းတုံးကို ပွတ်၍ ခရီးဦးကြိုပြုလိုက်သည်။

'လာမလို့ပဲ သူကြီး၊ ဆရာခန့်က ဘုရားစင်ရှေ့ အာရုံပြုနေတာဆိုတော့ နှောင့်ယှက်ရာကျမှာစိုးလို့ ငြိမ်ငြိမ်ပဲ ထိုင်စောင့်နေခဲ့ရတာ'

အဝိဇ္ဇာဖိုးရွှေမောင်က ပြန်ရှင်းပြသည်။ ဆရာခန့်က 'ဟင်း… ဟင်း… ဟင်း… ဟင်း…'ဟု မင်္ဂလာယူသော လုပ်ရယ်သံကြီးဖြင့် ရယ်လိုက်ပြီးမှ-

'ဟုတ်တယ်လေ သူကြီးရယ်၊ ကျုပ်အလုပ်က ဆေးဆရာဆိုတော့ နက် မနက်လင်းတာနဲ့ ဒီလိုပဲ ဘုရားစင်ရှေ့မှာ အာရုံပြုပြီး အရပ်ရှစ်မျက်နှာ သတ္တဝါအပေါင်းကို မေတ္တာပို့ရသဗျ'

'ဖျားကြပါစေ၊ နာကြပါစေ၊ ကာလနာတိုက်ကြပါစေလို့ပေါ့လေ၊ ဟီ… ဟိ…'

နောက်က ဖျာတွေပေါ်မှာ ထိုင်နေကြသည့် လူငယ်အုပ်စုထဲမှ တိုးတိုးကြိတ်ကြိတ် စကားသံတစ်သံ ထွက်လာသည်။ ရုတ်တရက်မို့ ဘယ်သူမှန်း မသိလိုက်ကြရ။

သို့သော် ဒေါက်တာခန့်က ထိုစကားကို ကြားဖြစ်အောင် ကြားသည်။ သူက ဆေးဆရာပီပီ ဘယ်လိုဆေးဝါးတွေ ဖော်စပ်မှီဝဲနေသည်မသိ။ အရွယ်နှင့်မလိုက်အောင် နားပါးသူဖြစ်သည်။

'ဟေ့… ဘယ်ကကောင်လဲကွ၊ ကာလနာတိုက်ကြပါစေလို့ပြောတာ။ မင်းတို့က ငါ့ကို နားလေးပါးလေး အတိုးကြီး အောက်မေ့လို့လား'

ဆရာခန့် ဒေါပွကာ လှည့်မေးလိုက်သည်။

အားလုံး ပြုံးစိစိနှင့် ဘယ်သူဆီကမှ ဖော်ကောင်လုပ်သံ မကြားရ။

'ဟင်း… ဟင်း… ဟင်း… ကိုယ့်စေတနာ ကိုယ်အကျိုးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ကောင်ကိုယ်တိုင် ကာလနာတိုက်သွားမယ်နော်၊ အဲဒီတော့မှ ဆရာကြီး ကယ်ပါလို့ လာမပြောနဲ့'

ဆရာခန့် ကြိမ်းသည်။

'ကယ်ပါမဟုတ်တော့ ခင်ဗျားက သူတောင်းစားဖြစ်နေလို့လား ဆရာခန့်ရဲ့။ ခင်ဗျားကလည်း ကိုယ့်စကားကိုယ် ဘယ်ရောက်လို့ ရောက်မှန်းမသိ။ ဒေါသကြီးကြီးနဲ့ ထင်ရာပြောဖို့ စိတ်ကူးတော့တာပဲ။ အဝိဇ္ဇာက အတော်ဖုံးနေတာကလား။ လူကြီးပီပီ သည်းခံမှပေါ့'

အဝိဇ္ဇာ ဖိုးရွှေမောင်က ကပ်၍ဘေးတီးသည်။ ဖိုးရွှေမောင်ကို ယုံစားလို့မရ။ သူက အချင်းချင်းတွေ ဘာတွေဆိုပြီး သိပ်တွေးနေသူမဟုတ်။ အကွက်ဆိုက်လာတာနှင့် တစ်စက္ကန့်မဆိုင်း ဝင်ဝင်ပြောလေ့ရှိသူဖြစ်သည်။ စကားစလျှင်လည်း 'အဝိဇ္ဇာ' ဆိုသော စကားလုံးက စသည်။

အမ်ဘီဘီအက်စ် ဒေါက်တာခန့်က မျက်စောင်းကြီးပစ်ထိုးလိုက်သည်။

'စောစောစီးစီး စကားမများချင်စမ်းပါနဲ့ ဖိုးရွှေမောင်၊ မင်းက သူများတော့ သူများကိုဆို အဝိဇ္ဇာဖုံးသလေး ဘာလေးနဲ့ မင်းသာ တဏှာဦးစီးနေတဲ့ ကောင်။ အခုပဲ ဒီကို နှစ်ယောက်အတူလာရင် သစ်ချိုကုန်းက မုဆိုးမထွားစိန်ကို မြင်လိုက်ရုံနဲ့ ပြောလက်စ စကားမေ့သွားတဲ့ကောင်က များ။ တကတည်း… ထွားစိန်ကို သွားရည်တမြားမြားနဲ့ လိုက်ငေးရင်းပြောသေး။ အလတ်ကြီး ရှိသေးတယ်တဲ့'

'သူဝတ်ထားတဲ့ ပါတိတ်လုံချည်က အလတ်ကြီးရှိသေးတယ်လို့ ပြောတာပါဗျာ၊ ခင်ဗျားသာ လိုရာဆွဲတွေးနေတာ ဖြစ်ပါလိမ့်မယ်၊ ဟီး… ဟီး… ဟီး…'

အဝိဇ္ဇာဖိုးရွှေမောင် နွားပြာကြီးအောက်သွားမရှိသည့် လေသံကြီးနှင့် တဟီးဟီးရယ်လိုက်သည်။

'ကဲပါဗျာ… ဆရာခန့်တို့က လူကြီးတွေလုပ်နေပြီး နှစ်ယောက်တည်း ကပ်ရန့်ဖြစ်မနေကြပါနဲ့။ တော်ကြပါတော့'

သူကြီးဦးစံဖြိုးက ဝင်တားလိုက်တော့မှ နှစ်ယောက်တွဲပြီး ဖျာပေါ်





ထိုင်သွားကြသည်။ ဆရာခန့်က လှမ်းအော်လိုက်သည်။

'ကဲ… စ… စ… အစည်းအဝေးစမှာဖြင့်လည်း စ၊ ဘာကိစ္စ ခေါ်ပြန်ပြီတုန်း'

သည်တော့ သူကြီးဦးစံဖြိုးက ထိုင်ရာက ထရပ်လိုက်သည်။

'ကိစ္စကတော့ တစ်ရွာလုံးနဲ့ပတ်သက်တဲ့ ကိစ္စပါ။ ဒါကြောင့် တစ်ရွာလုံးနဲ့ ပတ်သက်လို့ အမိကတာဝန်ထမ်းဆောင် ပါဝင်ကူညီကြရမယ့်သူတွေကို ရွေးချယ်ပြီး ခုလို အစည်းအဝေးခေါ်ရတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မကြာခင်ကမှ မြို့နယ်ကပြန်လာခဲ့ပြီးဖြစ်တဲ့ ဆယ်အိမ်မှူး မောင်ဖျော့ကြီးကနေ ရှင်းလင်းပြောပြပါလိမ့်မယ်'

ပြောပြီး နောက်ပြန်ထိုင်သွားသည်။

ဆယ်အိမ်မှူး ကိုဖျော့ကြီးက တစ်လှည့်ထရပ်သည်။

ပြီးနောက် ထိုင်နေကြသူတွေကို ဝေ့၍ တစ်ချက်ကြည့်လိုက်သည်။

'အဟမ်း… အဟမ်း… ကျွန်တော်တို့… ဒီ… အဟမ်း… အဟမ်း…'

ကိုဖျော့ကြီးကလည်း ဘယ်ကစလို့ စရမှန်းမသိဘဲ ဝေ့နေသည်။ နားစွင့်နေသူတွေမှာ ကိုဖျော့ကြီး၏ ချောင်းဟန့်သံကိုပဲ နားထောင်လိုက်ကြရ၏။

'ဟေ့ကောင်… ဖျော့ကြီး၊ ချောင်းဆိုးနေရင်လည်း ဒီမှာ လျက်ဆားပုလင်းလာယူပြီး မန်ကျည်းစေ့ နှစ်စေ့စာလောက် မျိုလိုက်ကွာ။ ပျောက်သွားလိမ့်မယ်။ အဲဒီတော့မှ ဆက်ပြော။ သောက်ခွေးတဲ့… မတ်တတ်ရပ်ပြီး ချောင်းဆိုးပြနေသေးတယ်'

ဆရာခန့်က သူ့လွယ်အိတ်ထဲမှ လျက်ဆားပုလင်းကို ထောင်ပြရင်း ပြောလိုက်သဖြင့် အားလုံးပြုံးသွားကြသည်။ ကိုဖျော့ကြီး ရှက်သွားသည်။ ထို့ကြောင့် စပ်ဖြဲဖြဲဖြင့် ပြန်တွယ်၏။

'ရပါတယ် ဘကြီးခန့်၊ အဲလေ… ဒေါက်တာခန့်။ ဒီနေရာမှာ ဆေးကြော်ငြာဝင်မနေပါနဲ့၊ ကျွန်တော်က ခေါင်ခေါင်မြည်ထဲကပါ'

'ခေါင်ခေါင်မြည်ထဲကဆိုလည်း ကိုယ့်ခေါင်းကိုယ် ၁၀ ချက်



www.burmeseclassic.com

www.burmeseclassic.com



လောက် ခေါက်လိုက်စမ်းပါ။ မနက် ၁၀ နာရီ ထိုးပြီဗျ။ ဘုန်းကြီးကျောင်းက နာရီသံချောင်းခေါက်တဲ့ ကပ္ပိယကြီး ဘယ်သွားနေတယ်မသိဘူး။ ခုထိ နာရီသံချောင်းသံ ထွက်မလာသေးဘူး'

လူပုစိတ်တို ကိုကြည်က ဘုဝင်တော၏။ သူက အစည်းအဝေး မြန်မြန် စစေချင်နေသည်။ သူ့စိတ်က လက်တစ်ဆစ်မဟုတ်လား။ မြန်မြန် ပြောစရာရှိတာ ပြော အေးရော··· ဟု အောက်မေ့နေသူ ဖြစ်သည်။

ကိုဖျော့ကြီးက တစ်ချက်လှမ်းကြည့်သည်။

ပြောသူမှာ ကာလသားခေါင်း ကိုကြည်ဖြစ်နေသဖြင့် အသာ အချိုသတ်၍ နေလိုက်ရ၏။ စိတ်ထဲကတော့ ကျွဲမြီးအတိုသား။

'စမှာပါ ကိုကြည်ရ၊ သိပ်မလောပါနဲ့။ ကျုပ်တို့လို ဦးဆောင်တဲ့အပိုင်းက လူတွေဆိုတာ 'စိတ်ရှည်ဖွဲ့သန် သည်းညည်းခံ၊ မောင်းရန် မော်တော်ကား'ဆိုသလို စိတ်ရှည်ရှည်ထားမှပေါ့ဗျ။ ခင်ဗျားက လူငယ် ကာလသားခေါင်းပဲ ရှိသေးတယ်။ ကျုပ်လို ဆယ်အိမ်မှူး ဖြစ်လာရင် ခက်သေးတယ်။ ခင်ဗျား စိတ်မရှည်ပုံနဲ့'

ဒါတောင် ခွပ်ဖြစ်အောင်တော့ ထည့်ခွပ်လိုက်သေးသည်။ 'ကားလေးလို့၊ ထော်လာဂျီတောင်မရှိတဲ့သူကများ' ကိုကြည်က ဟွန်းခံမဲ့ တစ်ချက် မျက်စောင်းထိုးလိုက်ကာ ငြိမ်နေလိုက်သည်။

အဲဒီတော့မှ ကိုဖျော့ကြီးက စကားကို ဟန်ပါပါဖြင့် စတင်သည်။

'ပြီးခဲ့တဲ့ တစ်ပတ်တည်းက မြို့နယ်ရဲ့ဆင့်ခေါ်မှုအရ တစ်မြို့နယ်လုံး ရှိရှိသမျှ ရွာတွေက တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ မြို့နယ်ကို သွားခဲ့ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ညွှန်ကြားချက်တစ်ခု ရခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့ကာ···'

ကိုဖျော့ကြီးက စကားကို ရှေ့မဆက်သေးဘဲ လူစိတ်ဝင်စားလောက်သည့်နေရာမှာ ရပ်ထားလိုက်ပြီး အားလုံးကို ဝေ့ကြည့်လိုက်သေးသည်။ အားလုံးနီးပါး ခေါင်းကလေးတွေ မော့လာပြီး စိတ်ဝင်တစားနားထောင်နေကြတာကိုတွေ့ရတော့မှ ကျေနပ်သွားသည်။

ကိုဖျော့ကြီးက သူ စကားပြောလျှင် အဲသလို ငြိမ်ငြိမ်သက်သက်





နားထောင်နေကြမှ ကြိုက်သူဖြစ်သည်။ သူစကားပြောနေတုန်း လှုပ်လှုပ်ရွရွ လုပ်သူ၊ အချင်းချင်း စကားပြောနေသူတွေကို မြင်ရလျှင် ထိုသူတွေ ရပ်သွားအောင်စောင့်ပြီးမှ ဘုကြည့် လှမ်းကြည့်ရင်းက စကားဆက်လေ့ရှိသည်။ ဒါလည်း ဆယ်အိမ်မှူးတို့ တတ်အပ်သောပညာ၊ အသုံးချအပ်သော နည်းဗျူဟာတစ်ခုဟု လူထူလျှင် ပြောလေ့ရှိသည်။ ယခုတော့ အားလုံးက စိတ်ဝင်တစား နားစွင့်နေကြသည်ကို မြင်ရသည့်အတွက် ကျေနပ်သွားကာ သူ့စကားကို ဆက်သည်။

'အခု ကျွန်တော်တို့ ဒီ နိုင်ငံတော်မှာ နောက် အသစ်ပေါ်လာတဲ့ ဆောင်ပုဒ်အရ'

'ဘာဆောင်ပုဒ်ပါလိမ့်'

'သိပါပြီကွာ··· *'နိုင်ငံအဝှမ်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်'*ဆိုထာ နေမှာပေါ့'

'ဩ··· ဒီလိုဖြင့် သစ်ပင်တွေစိုက်ကြရဦးမယ့်သဘောပေါ့နော်'

'မဟုတ်ပါဘူး ··· တို့ရွာမှာလည်း အဲဒီဆောင်ပုဒ်ကို ရွာထိပ်မှာ ရေးကပ်ထားခိုင်းတာ နေမှာပေါ့'

တစ်ယောက်တစ်ပေါက် ထင်ရာရမ်းတုတ်နေကြ ငြင်းကြ ခုံကြ မှန်းဆချက်ပေးကြလေရာ ကိုဖျော့ကြီး မျက်လုံးကြီးတွေပြူးပြီး ငြိမ်ကျသွားရသည်။ သူ စကားဆက်ပြောလို့မရ။

သက်ပြင်းပူကြီး ချတဲ့ပြီး ကြောင်အအ ရပ်တန့်သွားရသည်။

အဲဒီမှာပဲ တစ်ယောက်က ဝင်ဖောက်သည်။

ရွာထဲမှာ ဆိုင်းဘုတ်ကလေး ဘာလေးရေးလိုလျှင် ဒိုင်ခံရေးပေးသော ဖိုးတူးဖြစ်သည်။ ဖိုးတူးကတော့ ရွာမှာ ပန်းချီကျော်ပေါ့လေ။

ခုအချိန်ထိ အခံသေးသုတ်ပြီး ပန်းချီစာလုံးအပိုင်း ရိုးရိုးရေးနေသေးသမည့် တစ်ရက်ရက်မှာတော့ ရွာဦးဘုရားက အာရုံခံတန်ဆောင်းထဲမှာ ဘုရားနိပါတ်တော် ပန်းချီကားကြီးတွေ ရေးဆွဲပူဇော်ဦးမည်ဟု ကြွေးကြိုင်း ပြောသူဖြစ်သည်။ ဇာတ်ကြီးဆယ်ဘွဲ့ နိပါတ်တော် ဆယ်ကားတော့ မလျှော့

လောလောဆယ်တော့ ပန်းချီရေးစရာ ဇာတ်တော်နိပါတ်မျိုးစုံ မစုမိ



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ဟု အကြောင်းပြထားလေသည်။ ဆဲအော်ခြေခေါ်တွေ ဈေးတက်နေတယ်လေဆိုတာက ရှာသေးသည်။

ထို ဖိုးထူးက 'ကြုံတုန်း လူစွမ်းပြလိုက်ဦးမှ' ဆိုသော မျက်နှာပေးဖြင့် ကျယ်လောင်စွာ လက်ညှိုးထောင်၍ပြောခဲ့သည်။

'အေး... ဆိုင်းဘုတ်ရေးရဦးမယ်ဆိုရင်တော့ ဂျဲခေါင်းပေါ်ပဲ ကျဦးမှာပေါ့ကွာ။ ရေးတာကတော့ ဖြစ်ပါတယ်။ အတ်သည့်မညာ မနေသာ ဆိုသလိုပေါ့လေ'

'ဟုတ်ကဲ့... ကိုဖိုးထူး၊ ပြောပါဦး ခင်ဗျ'

ကိုဗျော့ကြီးက ခပ်ငေါ့ငေါ့ဝင်မေးသည်။

ဒါကို ဖိုးထူးက အတော်ဘဝင်ခိုက်သွားသည်။

ကြည့်စမ်း... လူတွေထူထဲမှာ ဆယ်အိမ်မှူး ကိုဗျော့ကြီးကပင် ပြောလက်စ စကားကို ရပ်ကာ စိတ်ဝင်တစားမေးယူရပါလားဟု အကြိုက်ကျသွားသည်။ ဘယ်သူကမှ မစောင်းဆိုရပါဘဲနှင့် နေရာကထ ဝှန်းခနဲ ရပ်လိုက်၏။

'သြော်... ဒီလိုပါ ဆရာဗျော့ရယ်၊ ဆိုင်းဘုတ်ရေးတာက စိတ်ချ။ ကျွန်တော့်လက်ရာလည်း အများ သိကြပြီးသားပဲဥစ္စာ၊ ကျွန်တော်ပြောချင်တာက ရေးပြီးတဲ့ဆိုင်းဘုတ်တွေကို ကပ်တဲ့အချိန်မှာ သိပ်ဂရုစိုက်ရတယ်ခင်ဗျာ၊ ဥပမာ သစ်ချိုကုန်းက ဆိုင်းဘုတ်တွေကိုပဲကြည့်'

'လုပ်စမ်းပါဦးဟ... သစ်ချိုကုန်းကဘယ်ဆိုင်းဘုတ်တွေက ဘယ်လိုခွကျနေလို့လဲ၊ မင်းက ပန်းချီဆရာမို့ သူများထက် စူးစူးရှရှ မြင်တတ်လို့ရှိမှာ။ ငါတို့တော့ ဘာမှထူးထူးခြားခြား မတွေ့မိပေါင်'

နက်ကြီးက ပြုံးစိစိဖြင့် ဝင်အစတောင်သည်။ သင်းက အတို့အထောင်သမား ဖြစ်သည်။ ဖိုးထူးကို ခပ်မြှောက်မြှောက်ကလေး ပင့်ပေးလိုက်သည်။ ဖိုးထူးကား ကျေနပ်မဆုံးပြီ။

'ဒါပေါ့လေ... ကျွန်တော့်လို ပန်းချီမျက်စိ မရှိကြရင်တော့ ရုတ်တရက် သူတို့ ချို့ယွင်းချက်တွေကို ဘယ်မြင်နိုင်မှာလဲ။ ဒီလိုပါ... သစ်ချိုကုန်းရွာက ရွာလယ်ခေါင်မှာတင် မီးကင်းတဲရှိတယ်။ မီးကင်းတဲနဲ့





ကပ်လျက်က ဆေးပေးခန်းရှိတယ်၊ ဆေးပေးခန်းကလည်း မီးကင်းတဲ ဘာသာကလေးမရှိဘာ၊ အဲဒီကပ်လျက် မီးကင်းတဲနဲ့ ဆေးပေးခန်းတွေရှေ့မှာ ဆိုင်းဘုတ်နှစ်ခု ကပ်ထားတယ်။ ဆိုင်းဘုတ်တွေကလည်း အရောင်တူ အရွယ်တူ ဆိုက်တူဂိုက်တူ၊ ရေးထားတဲ့စာလုံးတွေကလည်း အရွယ်အစား အတူတူ။ ပြီးတော့ ဆိုင်းဘုတ်နှစ်ချပ်က ကပ်နေသေးတယ်။ ညာဘက်က ဆေးပေးခန်းက ဆိုင်းဘုတ်ပေါ်မှာ စာနှစ်ကြောင်းရေးတယ်။

*'မီးဖွားလိုလျှင်*

*သွားဖွားဆရာမနှင့် မေးဖွားပါ'* တဲ့။

'ဟုတ်တယ်လေ... ဒါက ကျန်းမာရေးနှိုးဆော်ချက်ပဲ'

'ဟုတ်ပါပြီ... အဲ... သူနဲ့ကပ်လျက် ဘယ်ဘက်က မီးကင်းတဲအ ဆိုင်းဘုတ်ပေါ်မှာပဲ စာနှစ်ကြောင်းပဲခင်ဗျာ'

*'မီးမဆော့နှင့်*

*အန္တရာယ်ရှိသည်'* တဲ့။

'အဲဒီတော့ ဘာဖြစ်တုန်း။ ဒါလည်း မီးသတိပေးတဲ့ ဆိုင်းဘုတ်ပဲ။ တပ်ရမှာပေါ့'

တစ်ယောက်က ဝင်ထောက်သည်။ ဖိုးထူးက လက်ဝါးကာပြလိုက်သည်။ ပြီးမှ သူ့စကားကို ဆက်သည်။

'ဟုတ်ပါတယ်၊ သူ့အဆောက်အဦနဲ့ သူ့ဆိုင်းဘုတ်နဲ့ကတော့ ဆုတ်လို့ပါပဲ။ ဒါပေမဲ့ အဲဒီနှစ်ချပ်ကို ဘယ်လောက်မှမကွာဘဲ တစ်ဆက်တည်း နီးနီးကပ်ထားကြတော့ ဖတ်ရတဲ့သူတွေမှာ စာလုံးတွေက နှစ်ချပ်ပေါင်း တစ်တန်းတည်းပဲ။ အဲဒီတော့ ဘယ်လိုဖတ်ကြတုန်းဆိုတော့...'

*'မီးဖွားလိုလျှင်　　　မီးမဆော့နှင့်*

*သားဖွားဆရာမနှင့် မေးဖွားပါ၊　　　အန္တရာယ်ရှိသည်'*

ဆိုတာတွေ ဖြစ်ကုန်တာပေါ့ခင်ဗျ'

ရယ်သံတွေ ဝေါခနဲထွက်လာသည်။ စောစောက မျက်နှာထားတည်တည်ဖြင့် ငေါ့ပြောခဲ့သော ကိုဗျော့ကြီးပင် ပြုံးစိစိဖြစ်လာသည်။

'အဲ... အဲသလိုမဖြစ်အောင်တော့ ကျွန်တော်တို့ကြက ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်လို့ ပြောချင်တာပါ။ တစ်ခါကလည်း မြို့မှာ တွေ့ဖူးသေးတယ်။ ရပ်ကွက်ခဲ့မှောရုံကလေးရှေ့မှာ *'ဤနေရာ၌ မူးယစ်သောက်စားခြင်း မပြုရ'* တဲ့။ သူ့နဲ့ မျက်စောင်းထိုးကဆိုင်ကလေးတစ်ဆိုင်ရှေ့မှာကျ *'ဘီအီးရှယ်... ရှိပြီ'* တဲ့။ ကြည့်လိုက်တော့ ဝါးတစ်ရိုက်တောင် မဝေးဘူး'

နောက်ထပ်ရယ်သံတွေ ထွက်လာသည်။

'ကဲ... ကဲ... တော်ပါပြီ ပန်းချီဆရာရယ်။ ကျုပ် ဝင်ပြောပါရစေဦး'

ကိုဗျော့ကြီးက ဖိုးထူးကို ဝင်တောင်းပန်လိုက်ပြီး သူ့စကားကို ပြန်ဆက်သည်။

'ဒီလိုပါ... အခု ကျွန်တော်တို့ ရခဲ့တဲ့ ညွှန်ကြားချက်ကတော့ အဲလိုမဟုတ်ပါဘူး။ ပြောမယ့်ဆောင်ပုဒ်ကလည်း အဲဒါတွေ မဟုတ်ပါဘူး။ *'မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်'* ဆိုတဲ့ ဆောင်ပုဒ်ပဲ ဖြစ်ပါတယ်။ အားလုံးလည်း သိပြီး ကြားဖူးကြပြီး ဖြစ်မှာပါ'

အကုန်လုံး ငြိမ်ကျသွားကြသည်။ သည်ဆောင်ပုဒ်ကိုတော့ သူတို့အားလုံးလည်း သိဖူးကြားဖူးကြပြီးပင်ဖြစ်သည်။

'အဲဒီတော့ အဲဒီဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်က တိုင်း၊ ခရိုင်၊ မြို့နယ် စသဖြင့် အဆင့်ဆင့်မှာ ထူးချွန်တဲ့ အားကစားသမားတွေ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးဖို့ လေ့ကျင့်ပေးဖို့ ရှိနေပါတယ်တဲ့။ ဒါကြောင့် ကျွန်တော်တို့မြို့နယ်မှာလည်း မြို့နယ်အတွင်းက ရှိရှိသမျှ ကျေးရွာအုပ်စုတွေအကုန်လုံး ကိုယ့်နီးစပ်ရာ နီးစပ်ရာ ချစ်ကြည်ရေးဖိတ်ခေါ်သောလုံးပြိုင်ပွဲတွေ ကြိုတင်လေ့ကျင့်ထားကြရမယ်လို့ ညွှန်ကြားပါတယ် ခင်ဗျာ'

ဒါကတော့ သူတို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သောသတင်း ဖြစ်လေတော့သည်။

'ဆက်ပြောပါဦး ကိုဗျော့ကြီး၊ အတော်စိတ်ဝင်စားစရာ ညွှန်ကြားချက်ပဲဗျ၊ အသေးစိတ်သာ ပြောပါဗျာ'

ကာလသားခေါင်း ကိုကြည်က အလေးအနက် ထမေးသည်။ သူ့ပုံစံကလည်း အတော်စိတ်ဝင်စားနေမှန်း သိသာနေသည်။ ကိုဗျော့ကြီး





တော်တော်ကြီးကို ကျေနပ်သွားသည်။ သူက သူပြောနေသော စကားမှန်လျှင် သူ့အိမ်ကဝက်မကြီးကို သူလက်သည်လုပ်ကာ မွေးပေးသည့်ကိစ္စဖြစ်ပစေ။ အဲသလို စိတ်ဝင်တစားရှိမှုကို ကြိုက်သူဖြစ်သည်။ ဆယ်အိမ်မှူးသိက္ခာကို တလေးတစားရှိမှ သူ သဘောကျသည်။

'စိတ်ချ ကိုကြည်၊ ကျွန်တော်ပြောမှာပါ။ ဒီလိုပါ... မြို့နယ်ဥက္ကဋ္ဌကြီးရဲ့ ဒိုင်းဆုအတွက် ကျေးရွာတွေပတ်လည် ကန်ရမှာပေါ့ဗျာ'

'အဲဒါက ဘယ်တော့လဲ'

'ဝေးပါသေးတယ်။ ပွင့်လင်းရာသီကျမှ ကျင်းပပေးဖို့ စီစဉ်ထားပါတယ်တဲ့။ ခုလောလောဆယ်တော့ ကိုယ့်နီးစပ်ရာရွာချင်း အရင် ချစ်ကြည်ရေးပွဲသဘောမျိုး ဖိတ်ကြားကန်နှင့်ကြရင်း ခြေသွေးထားရမှာပေါ့လေ။ ကြာတော့ မကြာဘူးနော်။ အုပ်စုလိုက်ပွဲစဉ်တွေက မကြာမီ ပတ်လည်အသားထွက်လာမယ်လို့ ဆိုပါတယ်။ အခုတော့ ကျွန်တော်တို့ရွာက တောင်ဘက်က သစ်ချိုကုန်းရွာနဲ့ ကန်ကြရမယ်လို့ ညွှန်ကြားပါတယ်'

ကိုဗျော့ကြီးက တစ်လုံးချင်းရှင်းပြသည်။

'ဒါဆို ဒုက္ခပဲပေါ့ ကိုဗျော့ကြီးရ၊ ဒီသစ်ချိုကုန်းသားတွေနဲ့ ကျုပ်တို့ရွာသားတွေနဲ့က ဘယ်တုန်းက တည့်ဖူးလို့လဲ။ ခပ်လှိုလှို နေလိုက်ကြတာ ကောင်းမယ်ထင်တယ်ဗျ'

ဖိုးတေက ဝင်ပြောသည်။

သူပြောတာလည်း မလွန်ပါ။ သစ်ချိုကုန်းသည် ဆိတ်ကုလားနှင့် အနီးဆုံးရွာဖြစ်သည်။ မြို့နယ်၏ အခွန်အဖျားအကျဆုံး နှစ်ရွာလည်းဖြစ်သည်။ သစ်ချိုကုန်းသားနှင့် ဆိတ်ကုလားရွာသားတို့သည် ဘဝအဆက်ဆက် ရန်သူဖြစ်ရပါစေဟု ဆုတောင်းလာခဲ့ကြသလိုမျိုးကို မတည့်ကြခြင်းဖြစ်သည်။

ကိုဗျော့ကြီးက အကယ်ဒမီ ဦးအံ့ကျော်ရယ်နည်းဖြင့် ရယ်လိုက်သည်။ ပြီးမှ သူ့ခေါင်းကို ဘယ်ညာ ခါယမ်းပြလိုက်သည်။

'မရတော့ဘူး ဖိုးတေ၊ မရတော့ဘူး၊ လူကြီးတွေက တော်ရော့ယ်ဆင်လို့ တွဲပေးလိုက်တာ။ ဟုတ်တယ်လေ၊ တို့အနားမှာ နီးနီးနားနားရှိတာက သစ်ချိုကုန်းတစ်ရွာပဲ ရှိတာ။ ခါတိုင်းကတော့ ဆိတ်ကုလားနဲ့ သစ်ချိုကုန်း



www.burmeseclassic.com

www.burmeseclassic.com



က မြို့နယ်ရဲ့ အခွန်အမျိုးအကျဆုံးရွာတွေဖြစ်လို့ မပါလည်း နေပစေတော့။ လာရသွားရ ဒုက္ခများတယ်ဆိုပြီး ချန်ချန်ထားခဲ့ပေမယ့် ဒီတစ်ခါတော့ မရတော့ဘူးတဲ့ကွာ။ မှုပဲ့… လွဲပါစေ… ဖယ်ပါစေ ချာတူးလန်လွှန်းလို့ ဘိတ်ချီးကနေချင် နေပစေ။ မြို့နယ်လှုပ်ရှားမှုဖြစ်တဲ့အတွက် မဖြစ်မနေကို ပါရမယ်တဲ့။ ဒါက စီမံချက်တဲ့။ ဒီတော့ တို့ရွာက ရွာက ကန်ကိုကန်ကြ ရတော့မယ့်သဘောပဲ ရှိတယ်။ ငြင်းလို့မရဘူး’

‘ဒုက္ခပါပဲဗျာ၊ အဲဒါကို သစ်ချိုကုန်းသားတွေ သိကြလား’

‘သိတာပေါ့၊ သူတို့လည်း ခုလောက်ဆို အစည်းအဝေးထိုင်ပြီး ခေါင်းချင်းရိုက်နေကြလောက်ပြီ။ ဒါတောင် သစ်ချိုကုန်း ဆယ်အိမ်မှူး မောင်ပါက ပြောလိုက်သေးတယ်။ ဆိတ်ကုလားလောက်များ စိတ်မကားပါဘူးတဲ့လေ’

‘အောင်မာ… ကြီးကြီးကျယ်ကျယ်’

အားလုံးပင် ဒေါသထွက်သွားကြသည်။

လူပုစိတ်တို ကိုကြည်က ပိုဆိုးသေးသည်။ သူက ဝုန်းခနဲ ထရပ် လိုက်ကာ-

‘သစ်ချိုကုန်းသားလောက်များ အရေးလုပ်လို့၊ ကျုပ်တို့ ရွာက ဒီကောင်တွေကို နိုင်အောင်ကန်ရမှာပဲ။ ဘာလို့ မနိုင်ရမှာတုန်း။ ဒီမှာ ကိုဖျော့ကြီး၊ ရှေ့ဆက်ပြောဗျာ’

‘ပြောရမှာပေါ့ ကိုကြည်ရာ၊ ဟဲ… ဟဲ… ဟဲ… ဟဲ…’

ကိုဖျော့ကြီးက ကိုကြည့်တောင်းဆိုမှုအတွက် ပီတိကျသွားကာ ဝက်မြူးသံကြီးဖြင့်ပြောသည်။

‘အင်း… ခုမှခက်ပြီ ဖိုးရွှေမောင်ရေ၊ နင့်အဘကလွှား၊ တို့ငယ် ငယ်က ဖွင့်တဲ့ ရွှေမန်းကျော်အောင်ရဲ့ မော်ဝီဇာတ်ထုပ်ထဲကလို ဖြစ်နေပြီ။ ဒီပုံပြင်ကလေးက နားထောင်ကောင်းလွန်းလို့ ရှေ့ဆက်ပြောပါဦး ဘိုးဘိုးရဲ့ မော်ဝီကမြှောက်ပေးတော့ ဟိုအမတ်ကြီးက ပြောမှာ… ပြောမှာ… အခု ကို ဆက်ပြောဦးမှာလို့ ပြန်ပြောတဲ့ကိန်း ကျနေပြီ။ တြေည်က မြှောက်ပေး လိုက်၊ ဖျော့ကြီးက ပြောဦးမှာနဲ့ လုပ်လိုက် ဖြစ်နေပကွ’





ဆရာခန့်က သူ့နောက်နား ကပ်ထိုင်နေသည့် ဖိုးရွှေမောင်ကို ခပ်တိုးတိုးလှည့်ပြောသည်။ ဖိုးရွှေမောင်က တုံ့ပြန်သည်။

‘ပြောစမ်းပါစေဗျာ… အဝိဇ္ဇာဖုံးနေကြတာကိုး။ အသာနားထောင် နေစမ်းပါ’

‘မင်းကတော့ သေတဲ့အထိ ဒီအဝိဇ္ဇာဖုံးတာက တက်မယ့်အကောင် မဟုတ်ပါဘူးကွာ’

ဆရာခန့်က မှတ်ချက်ချသည်။

အဝိဇ္ဇာဖိုးရွှေမောင်က ပြန်ပြောဖို့ ပါးစပ်ပြင်လိုက်သေးသော်လည်း ပြောခွင့်မရလိုက်တော့။ ရှေ့က ကိုဖျော့ကြီးက စကားဆက်လိုက်သော ကြောင့် ဖြစ်လေသည်။

‘ကဲ… ဒီတော့ကာ ဒီကနေ့ အစည်းအဝေးခေါ်ရခြင်းရဲ့အကြောင်း တရားကိုလည်း ပြောပြီးပါပြီ။ အခု ရောက်လာတဲ့လူတွေ၊ ဖိတ်ကြားခြင်း ခံရတဲ့လူတွေဟာ ဆိတ်ကုလားရွာနဲ့ ပတ်သက်ရင် ရှေ့ကထွက်ကြမယ့် တိုက်စစ်မှူးသူရဲကောင်းတွေချည်းပဲ ဖြစ်ပါတယ်။ ခုအချိန်ကစပြီး ကျွန်တော် တို့အားလုံးရဲ့ ညှိနှိုင်းအစည်းအဝေးကို အပီအပြင် စတင်ကြရအောင်လား ခင်ဗျာ’

‘ဟင်… ဒါဆို အခုပြောခဲ့တာတွေက အစည်းအဝေး မဟုတ်သေး ဘူးပေါ့လေ’

ကိုကြည်က နားမလည်နိုင်သလို ဇဝေဇဝါလေသံဖြင့် မေးလိုက် သည်။

ကိုဖျော့ကြီးက ‘ဟဲ… ဟဲ… ဟဲ… ဟဲ’ဟု ထရယ်လိုက်သည်။ ပြီးမှ ‘မင်း လိုပါသေးတယ် မောင်ကြည်ရယ်၊ ပညာတွေယူထား’ဆိုသော ဂုဏ်ခံသောအကြည့်ဖြင့် ကြည့်လိုက်သည်။

‘ဒီလိုလေ ကိုကြည်ရဲ့၊ ခု ကျွန်တော်ပြောခဲ့တာတွေက အစည်း အဝေးကျင်းခြင်းရဲ့ အခြေခံအကြောင်းရင်းတွေကို တင်ပြခဲ့တာပဲဖြစ်တယ်။ အဲဒယ် ညှိနှိုင်းတိုင်ပင်စည်းဝေးကြရမှာက အခုမှ စရမှာ။ ဒီတော့လည်း မြို့နယ်ကလူကြီးများ စည်းဝေးသလို အပီအပြင် ညှိနှိုင်းမှုက အခုမှစရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ဒီမှာ အစည်းအဝေးရဲ့ သဘာပတိကြီးလည်း လိုအပ်လာတယ်၊ သဘာပတိကြီးကတော့ ရွာသူကြီးဦးစံဖြိုးခေါ် ဘကြီးဖြိုးပဲပေါ့ဗျာ။ ကျွန်တော်ကတော့ ဦးဆောင်ဆွေးနွေးသူနေရာက ဝင်ရောက်ဆောင်ရွက်ပါ့မယ်။ ခင်ဗျားတို့ကတော့ အက်ဒီဗိုက်ဆာခေါ် အကြံဉာဏ်ပေးသူများပေါ့လေ'

'ဗိုက်ဆာတာတော့ အမှန်ပဲဗျို့၊ ခင်ဗျားတို့က ဘာမှမကျွေးဘဲနဲ့ ဗိုက်ဆာတဲ့အကြောင်း ထပြောရတယ်ရှိသေး'

ကိုဗျော့ကြီး တော်တော်ကျွဲမြီးတိုသွားသည်။ ထို့ကြောင့် ဖိုးထူးဘက်သို့လှည့်ကာ-

'အက်ဒ်ဗိုက်ဆာဆိုတာ အကြံဉာဏ်ပြု ဆွေးနွေးသူလို့ မြို့နယ်အစည်းအဝေးမှာ ပြောသံကြားခဲ့တယ်ကွဲ့။ 'ဆိတ်ကုလားရွာရဲ့ အစည်းအဝေးဟာ အဲလို အဆင့်အတန်းမြင့်တဲ့ အစည်းအဝေးဖြစ်ပါစေတော့လို့ ထည့်ပြောရတာ။ မင်း ဗိုက်ဆာတာတော့ အိမ်ပြန်ရောက်မှ စားတယ်ပေါ့။ ကဲ... ကဲ... အခုအချိန်ကစပြီး အစည်းအဝေးစတင်ပြီး ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား'

ကိုဗျော့ကြီးက စင်မြင့်ပေါ်မှ အသံချဲ့စက်ဖြင့် အော်သလို လေသံမျိုးဖြင့် ခန့်ခန့်ကြီးကြေညာလိုက်လေသည်။ မည်သူမျှ လက်ခုပ်မတီးဘဲ ဝေါခနဲပြိုင်တူရယ်လိုက်ကြသဖြင့် ကိုဗျော့ကြီး တော်တော်ဖီလင်အောက်သွားသည်။

'တော်တော်ညံ့ကြသေးတာကိုး၊ ဒီကောင်တွေ လူထဲတိုးဖို့ တော်တော်ကြိုးစားယူရဦးမယ်' ဆိုသော သဘောဖြင့် အားလုံးကို စေ့ကြည့်လိုက်သေးသည်။

ပြီးမှ-

'အစည်းအဝေးအစီအစဉ်တစ်အရ သဘာပတိကြီးဖြစ်တဲ့ သူကြီးဘစံဖြိုးက အဖွင့်အမှာစကား ပြောကြားရန်ဖြစ်ပါတယ်။ ဒါကြောင့် သဘာပတိဘစံဖြိုးက အဖွင့်အမှာစကား ပြောကြားပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါတယ် ခင်ဗျား'

ကိုဗျော့ကြီး ပြန်ထိုင်သွားသည်။ သူကြီးဦးစံဖြိုးက နေရာမှ ထလာ





ကာ ကိုဗျော့ကြီးကို တစ်ချက်ပေစောင်းစောင်းကြည့်သည်။ သူ့အကြည့်က 'ပုံကြီးချဲ့ရန်ကော' ဟု အနက်အဓိပ္ပာယ်ထွက်နေသည်။

'ကဲလေ... ဗျော့ကြီးက မြို့က အစည်းအဝေးတွေလို စည်းစနစ်ကျကျနဲ့ လုပ်စေချင်လို့ ပုံစံခွဲတာဆိုတော့ ကျုပ်တို့ကလည်း လိုက်လျောလိုက်ကြတာပေါ့။ ကျုပ်က ရွာသူကြီးဆိုတော့ ဒီနေရာမှာ ကမ္ဘာပတိလုပ်ရမှာပေါ့လေ'

'သဘာပတိကြီးပါ ဘကြီးဖြိုးရဲ့'

ကိုဗျော့ကြီးက ဝင်ထောက်သည်။ သူကြီး မျက်လုံးပြူးရင်း-

'ဘာကွဲ့ရယ်၊ အေး... အေး... သဘာပတိနော်။ ခါတိုင်းကြားကြားနေတာ ကမ္ဘာပတိဆိုလားလို့၊ ရမ်းဟုပ်လိုက်မိတာ မှားသွားပြီ။ ဗျော့ကြီးပြောတဲ့အတိုင်း သဘာပတိအနေနဲ့ ပြောရမယ်ဆိုရင် သစ်ချိုကုန်းသားတွေနဲ့ ဘောလုံးကန်ကြရဖို့ကိစ္စမှာ ရွာက လူငယ်တွေနဲ့ ဘောလုံးသင်းတစ်သင်းဖွဲ့ကြရမယ်။ အဲဒီမှာ လူက ဘယ်နှယောက်တောင် လိုမှာတုန်း'

'ဆယ့်တစ်ယောက်ပါ သဘာပတိကြီး'

ကိုဗျော့ကြီးပင် ဝင်ဖြေရပြန်သည်။ သူကြီးဦးစံဖြိုး မျက်မှောင်ကုတ်သွားသည်။

'ဟ... ဘောလုံးက ဘယ်နှလုံးတောင် ကန်ရမှာမို့လို့တုန်း'

'တစ်လုံးတည်းကို ဝိုင်းကန်ကြရမှာလေ'

'ဖြစ်မှဖြစ်ရလေကွာ၊ လူကြားလို့မကောင်း၊ ဘောလုံးကလေးတစ်လုံးတည်းကို လူ ၁၁ ယောက်က အလုအယက်ဝိုင်း ကန်ကြရမယ်လို့။ ဘောလုံးတစ်လုံးကို ပိုက်ဆံဘယ်လောက်ပေး ဝယ်ရမှာမို့လို့တုန်း။ ကလေးသားတွေ ဖောဖောသီသီကန်ကြပစေ။ အနည်းဆုံး ၂ လုံး၊ ၃ လုံး ဝယ်ပေးရမှာပေါ့။ ဒါတောင် လူ ၁၁ ယောက်တောင်ဆိုတော့ ချို့ချို့ကဲ့တဲ့'

သူကြီးက စွတ်တင်သည်။ သူကြီးဦးစံဖြိုးက တစ်သက်လုံးက ရိုးရိုးအေးအေးကြီးနေလာခဲ့သဆိုတော့ ခြင်းပွဲလောက်ပဲသိသူ ဖြစ်၏။ ခြင်းမှာရှိရာ ခြင်းလုံးခတ်တာကိုတော့ တစ်ခါတလေ စိတ်လိုလက်ရှိလျှင် သူကိုယ်တိုင် ဝင်ဝင်ခတ်လေ့ရှိသဖြင့် သိနေသေးသည်။

www.burmeseclassic.com



'၁၁ ယောက်မကဘူး ဘကြီးရ၊ အရန်လူတွေနဲ့ဆို ၁၅ ယောက် ၁၆ ယောက်လောက် ရှိရမှာ'

'ဒါဆိုရင်တော့ မဖြစ်ဘူးဟေ့။ ဘောလုံး ၂ လုံး ၃ လုံးဆိုတာ ဆင့်ပါးစပ် နှမ်းပက်ပေါ့။ အနည်းဆုံး ၅ လုံးတော့ ထည့်ကန်ပစေကွာ။ မတတ်နိုင်ဘူး။ ဖျစ်ညှစ်ပြီး ၅ လုံး တော့ဝယ်ရမှာပဲ။ ရွာက ရံပုံငွေကလေး တော့ ကုန်ပါပြီကွာ'

သူကြီးဦးစံဖြိုး ညည်းချင်းချသည်။

'ခက်ပါ့ဘကြီးရာ၊ လွန်ရောကျွံရော ၂ လုံးထက် မဝယ်ရပါဘူး ဗျာ။ လေ့ကျင့်ဖို့ရော ပွဲကြီးမှာကန်ဖို့ရော ၂ လုံးဆိုရင်လောက်ပြီ။ မသိရင် လည်း ဘာမှမပြောနဲ့တော့။ ကျုပ်ပဲ ပြောတော့မယ်'

ကိုဗျော့ကြီး စိတ်တိုလာသည်။ ထို့ကြောင့် သူကြီးကို အရပ်ခိုင်း လိုက်ကာ ထိုင်ရာမှထသည်။

'အစကတည်းက ကိုယ်သိတာ ကိုယ်ပြောရင် ပြီးနေပြီပဲကွ။ မင်းပဲ ငါ့ကို ကမ္ဘာပတိ အဲလေ… သဘာပတိလုပ်ခိုင်းပြီးတော့။ ဟွန်း… အရစ်ကိုရှည်တယ်၊ ပြော… မင်းဟာမင်း ပြော'

ဦးစံဖြိုး ဘုတောပြီး ပြန်ထိုင်သွားသည်။ ကိုဗျော့ကြီးက တစ်ချက် လှမ်း မျက်စောင်းခဲလိုက်ပြီး သူ့စကားကို ဆက်သည်။

'ကိုင်း… ဒီတော့ သစ်ချိုကုန်းသားတွေနဲ့ ယှဉ်ပြိုင်ပြီး သူနိုင် ကိုယ်နိုင်ကန်ကြဖို့အရေးမှာ ဆိတ်ကုလားရွာ လူငယ်လူရွယ်တွေရဲ့အင်အား နဲ့ ခွဲသတ္တိလိုပါတယ်။ ဘယ်လိုလဲ… အားတက်သရော ပါဝင်ဆင်နွဲကြ မယ် မဟုတ်လား'

'ဒါမျိုးတော့ စိတ်ချစမ်းပါ၊ သစ်ချိုကုန်းသားတွေနဲ့ ယှဉ်ရမှာဆို လို့ကတော့ အရိုးကျေကျေ အရေခန်းခန်းဆိုတဲ့အထဲကပဲ။ လူကြီးတွေကသာ ကောင်းသလိုဖွဲ့ပေးပါ'

'ဟုတ်တယ်၊ ကျုပ်တို့လည်း အားလုံးပါမယ်'

'ခေတ်လိုက်ရသေးသပေါ့ကွာ၊ ဘောလုံးတင်မကဘူး။ တွေ့ကရာ ကို ကန်ပစ်မယ်သာ မှတ်'





တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံသွားသည်။

လူငယ်တွေအားလုံးပင် တက်တက်ကြွကြွ ရှိနေကြပုံက အားရ စရာကြီးပင် ဖြစ်တော့သည်။

'အောင်မယ်… တွေ့ကရာ ဝင်ကန်လို့မရဘူးကွ။ ဒိုင်လူကြီးက ကွင်းထဲမှာ တစ်ယောက်၊ ဘေးနှစ်ဖက်က နှစ်ယောက်ရှိမှာ'

ကိုကြည်က ဝင်ပြောသည်။ သူကတော့ ဘောလုံးပွဲကလေး ဘာလေး ကြည့်ဖူးသူဖြစ်သည်လေ။

'နေပါဦး… ကွင်းထဲက ဒိုင်လူကြီးက ထားပါတော့။ ဘေးနှစ် ဖက်က ဒိုင်နှစ်ယောက်က ဘယ်သဘောတုန်း'

အဝိဇ္ဇာဖိုးရွှေက ဝင်မေးသည်။

ဒေါက်တာခန့်က လူတတ်ကြီးလုပ်ကာ ရမ်းကျိတ်ပြန်၏။

'မင်းကလည်း တို့ငယ်ငယ်တုန်းက ထုပ်ဆီးတိုးသလို ရှိမှာပေါ့ ကွာ။ ဘေးမှာက ထမင်းရည်ပူစည်းတွေ ဘာတွေ ပါပုံရတယ်။ အဲဒီစည်းကို ကျော်နင်းမိရင် ထမင်းရည်ပူလောင်ပြီး ကစားသမား လျှော့ရတယ်လေ။ ဆက်မတိုးရတော့ဘဲ ဘေးထွက်ထိုင်နေတော့ပေါ့။ ဒါပဲဖြစ်မှာပါ'

'မဟုတ်ပါဘူး ဒေါက်တာခန့်ရဲ့၊ ကွင်းထဲကဘောလုံး ကွင်း အပြင်ရောက်သွားရင် အဲဒီစည်းနံဘေးက လက်နဲ့ ကောက်မြှောက်ရတာပါ။ ဘေးစည်းတွေက ကွင်းကို သတ်မှတ်ပေးတဲ့ သဘောပါ'

ကိုကြည်က ဝင်ရှင်းပြသည်။

'မထူးပါဘူးကွာ၊ ထမင်းရည်ပူစည်း သဘောပါပဲ။ ကြက်လှ ၁ ခွန်းတွေ ဘာတွေရော ပါသေးလား'

'ပါသဗျား… အဲဒီ ကြက်လျှာစွန်းထိပ်ကနေ ဂိုးတိုင်ဆီ ကန်ရတဲ့ ထောင့်ကန်ဘောဆိုတာလည်း ရှိသေးတယ်၊ တော်နာဘော ဆိုလား'

'ဒါဆို အဲဒီထောင့်ကကန်ရင် လူတော်တော်နာလို့ ရှိမှာပေါ့လေ'

'ကော်နာဘောပြောပါကွာ၊ နင့်အမေကလွှား တော်နာဘော ရှိမှာ လား'

'သိဖူးလေ… ကြားဖူးတာပြောရတာ။ ဂိုးရှေ့နားမှာ လက်ထိတာ



www.burmeseclassic.com

www.burmeseclassic.com



တို့၊ လူချတာတို့အတွက် အပြစ်ဒဏ်ပေးတာကျတော့ ပင်လယ်ဒီဘောဆို မဟုတ်လား။ ပင်လယ်ဒီဘောရရင် ပွပြီပြောသံ ကြားတာပဲ။ ဂိုးတိုင်ထဲ ကန်သွင်းပေတော့ပဲ။ ဂိုးဖမ်းတဲ့လူနဲ့ ကန်တဲ့ လူနှစ်ယောက်တည်းပဲ ကန်ကြရတာလေ'

'ဒီကောင် လုပ်ပြန်ပြီ၊ ပင်နယ်တီဘောပါကွ။ ပင်လယ်ဒီ မဟုတ်ပါဘူး။ လူထူထူထဲမှာ လျှောက်မပြောနဲ့နော်။ တော်ကြာ ဆိတ်ကုလားသားတွေ သိက္ခာကျနေဦးမယ်'

ကိုကြည် ထပ်ယောက်ရပြန်သည်။ သန်းပုကတော့ ခပ်ပြုံးပြုံးပင်။ ပြုံးဆို သူက အကြောင်းရှိသည်။ မြို့ကျောင်းမှာ ၁၀ တန်းအထိ သွားနေခဲ့ဖူးသူဆိုတော့ သူက ဘောလုံးကစားခြင်းအကြောင်းကို ကောင်းကောင်းသိသည်။ ကျောင်းသားဘဝတုန်းက ကျောင်းဘောလုံးအသင်းမှာ အတော်ကလေး ပေါက်ပေါက်ရောက်ရောက် နာမည်ထွက်အောင် ကန်ခဲ့ဖူးသောအတွေ့အကြုံရှိသူ ဖြစ်သည်။ ဘယ်လိုပဲ ထိုက်တွက်၊ ဘာတွေပဲ အစည်းအဝေးထိုင်ထိုင် ဆိတ်ကုလားရွာအသင်း၏ ခေါင်းဆောင်ကပ္ပတိန်ရာထူးသည် သူ့လက်သို့ ရောက်လာရမှာ ဧကန်ဟု အပိုင်တွက်ထားပြီးဖြစ်သည်။

'ကဲ… ကဲ… ငြင်းမနေကြပါနဲ့။ မင်းတို့ငြင်းတာနဲ့ အစည်းအဝေးက လိုရင်းကိုရောက်မှာ မဟုတ်တော့ဘူး။ ရှေ့ဆက် ညှိနှိုင်းစရာ၊ ဘာဝန်ခွဲဝေစရာတွေက အများကြီးကျန်သေးတယ်။ ဒီတော့ အစည်းအဝေးကို ဆက်ကျင်းပမယ်၊ ဟုတ်ကဲ့… သဘာပတိကြီးခင်ဗျား'

ကိုဗျော့ကြီးက အာလုပ်သံကြီးဖြင့် ခေါ်ပြန်သည်။

သူကြီး ဦးစံဖြိုး ခေါင်းထောင်ကြည့်သည်။ သူ့ကိုခေါ်သည်မှတ်၍ ထူးလိုက်သည်။

'ဟေး… ဘာတုန်းကွ'

သို့သော် ကိုဗျော့ကြီးက လှည့်မကြည့်ချေ။ ကိုဗျော့ကြီးကတော့ တကယ့်အစည်းအဝေးအခမ်းအနားကြီး ပုံစံဝင်အောင် ကျင်းပနေခြင်းဖြစ်၍ ထုံးစံအတိုင်း အာလုပ်စကားအဖြစ် ထည့်သွင်းပြောကြားခြင်းသာဖြစ်သည်။ သူ့အနေဖြင့် သူကြီးဦးစံဖြိုးကို အထူးတလည် ပြောစရာရှိနေသည်မဟုတ်။





ဦးစံဖြိုး ကျွဲမြီးတိုသွားသည်။

သူ့ကိုခေါ်တုန်းကခေါ်ပြီး ဘာမှထွေထွေထူးထူးမပြောဘဲ ကိုဗျော့ကြီးက ရှေ့ဘက်က လူစုထံသာ အာရုံစိုက်နေသောကြောင့် ဖြစ်သည်။

ကိုဗျော့ကြီးက သူပြောစရာရှိတာ သူ့ဟာသူ ဆက်ပြောသည်။

'ဒီတော့ ရွာအသင်း အုပ်ချုပ်သူအနေနဲ့ကတော့ ကျွန်တော်ရယ်၊ ကာလသားခေါင်း ကိုကြည်ရယ်ပဲပေါ့။ ကိုကြည်ကလည်း ဒီတာဝန်ကို သက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

'ရပါတယ်… အချိန်ကျရင် မောင်ကြည်ပဲ ဒီတာဝန်ယူရမယ်ဆိုတာ အားလုံး သိကြပြီးသားပဲဥစ္စာ၊ ဟဲ… ဟဲ… ဟဲ…'

ကိုကြည်က ပြုံးပြုံးကြီး ဂုဏ်ခံ၍ပြောသည်။

'ဘောလုံးကစားတယ်ဆိုတာက လူငယ်တွေအားနဲ့အင်နဲ့ တွန်းတွန်းတိုက်တိုက် ကစားကြရမှာဆိုတော့ မတော်တဆ ထိခိုက်ဒဏ်ရာ ရနိုင်ပါတယ်။ အဆစ်အမြစ်လွဲသွားတာတို့၊ ခြေခေါက်လဲတာတို့၊ ပွန်းပဲ့ထိရှဒဏ်ရာရတာတို့ စသဖြင့်ပေါ့လေ။ အဲဒီမှာ မတော်တဆ ထိခိုက်ဒဏ်ရာရရင် ချက်ချင်းလက်ငင်း ကုသမှုပေးဖို့လည်း လိုအပ်ပါတယ်။ ဒီတာဝန်ကိုတော့ ဆိတ်ကုလားရွာရဲ့ သမားတော်ကြီး ဒေါက်တာခန့်ခေါ် ဘကြီးခန့်က ဝင်ရောက်ထမ်းဆောင်ပေးစေလိုပါတယ်။ အဲလို ဝင်ရောက်ထမ်းဆောင်ဖို့ဆိုတာ တကယ် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ကစားကြတဲ့ပွဲတွေမှာ ကွင်းနံဘေးမှာ အသင့်ရှိနေဖို့ လိုအပ်တော့ ပွဲကျင်းပတဲ့နေ့မှာ ဘကြီးခန့်လည်း တစ်ပြိုင်နက်တည်း လိုက်ပါပေးမှ ဖြစ်မှာပါ'

ကိုဗျော့ကြီးက စကားအဆုံးမှာ ဒေါက်တာခန့်ကို လှမ်းကြည့်သည်။

'ရပါတယ်ကွာ… အကြောင်းတင်တာ အကြောထုံးတာတို့လောက်ဆိုတော့ တောအရက်ဦးရည်ရယ်၊ တောရှောက်ခါးမြစ်ရယ်၊ ကင်းခြေများဆောင်လုံးရယ် ရောစိမ်ထားတဲ့ ဒဏ်ကြေလိမ်းဆေး လိမ်းပေးရုံနဲ့ ပျောက်ပါတယ်။ အဆစ်အမြစ်လွဲသွားတာမျိုးလည်း မပူနဲ့။ 'လောကနီး' ထဲက အမ်းညွှန်ချက်အတိုင်း ကုပေးရုံပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို ကုမှာလဲဗျ'

'ခက်တဲ့ကောင်တွေပဲ။ 'လောကျမ်း'မှာ အဲဒီကုသနည်းတွေ ဖော်ပြထားတယ်လေ။ ခေါင်းကိုက်သော် မခက်လော။ တူဖြင့်နှက်သော် မပျောက်လောတဲ့။ အဆစ်အမြစ်လွဲတဲ့ခြေထောက်ကို အဖျားကကိုင်ပြီး ဆွဲဆောင့်ပြီး ဖျစ်ဖျစ်မြည်အောင် ခါပေးရုံပေါ့'

'အောင်မယ်လေးဗျာ… ကုသမယ့်နည်းကို ကြားရုံနဲ့တင် ဇောချွေးတွေတောင် ပြန်လာပြီ။ ဘုရား… ဘုရား…'

ဖိုးတေက အသံကျယ်ကျယ်ဖြင့် ဝင်မှတ်ချက်ချသည်။ ဆရာခန့်က ဖိုးတေကို လှမ်းကြည့်ကာ-

'ဘုရားလည်း တမနေနဲ့၊ အဲဒီအတွက်လည်း မပူနဲ့၊ ဇောချွေးပြန်သော် မခက်လော၊ ယပ်ခတ်ပေးသော် မပျောက်လောတဲ့ကွ။ ယပ်တောင် တစ်ချောင်းရှိရင် ပြီးတယ်၊ ပူကိုမနေနဲ့'

လူငယ်အားလုံး ဇက်ပုသွားကြသည်။ ဒေါက်တာခန့်၏ မှတ်သားဖွယ်ကုထုံးတွေကို နားထောင်ရင်း သက်ပြင်းများ ဖြိုင်တူချကြလေသည်။

'ကဲ… ကဲ… ဟုတ်ပြီ၊ ဒီလိုဖြင့် ဆေးဝါးကုသရေး တာဝန်ခံအဖြစ် ဘကြီးခန့်ကိုပဲ အားကိုးကြရမှာကို အတည်ပြုလိုက်ကြတာပေါ့။ အစည်းအဝေးရှေ့ကိုတက်မယ်။ ဒီတော့ကာ သဘာပတိကြီးခင်ဗျား'

ကိုဗျော့ကြီးက လုပ်လာပြန်သည်။

သည်တစ်ခါတော့ သူကြီးဦးစံဖြိုးက မရတော့။ စောစောက ကွမ်းမြီးတိုလက်စက တစ်ဆင့်တက်လာကာ ရှူးခနဲ ဒေါ်ပွသွားပြီဖြစ်သည်။

ထို့ကြောင့် ဒေါပွပွဖြင့် ကုန်းအော်သည်။

'ဟင်… မင်းခေါ်ပြန်ပြီလား ဗျော့ကြီး၊ ပြီးတော့လည်း ဘာမှ ဟုတ်တာမဟုတ်ဘူး။ ဒီလောက် အနှားကပ်နေတဲ့ကိစ္စကို ဘာမှလည်း မဟုတ်တဲ့နဲ့ ခဏခဏ ခေါ်မနေနဲ့ကွာ။ မင်း ပြောစရာရှိတာသာ ဆက်ပြောတော့။ ဒီလောက် တဖွဖွခေါ်နေရလောက်အောင် မင်းက ငါ့များ နားလေးနေတဲ့ကောင် ထင်လို့လား။ ကြားတယ်ကွ… ကြားတယ်၊ မင်းခေါ်တိုင်း ကြားတယ်ဆိုတာ မှတ်ထား'





သူကြီးဦးစံဖြိုး၏ ဒေါတပွပွ တုံ့ပြန်ချက်ကြောင့် ကိုဗျော့ကြီး တွန့်ခနဲဖြစ်သွားသည်။

'ဟုတ်သားပဲ ဗျော့ကြီးရာ၊ ဒီမှာ ကိုယ့်ရွာသားတွေချည်းပဲဥစ္စာ၊ သေးတဲ့အမှုကို ကြီးအောင်ချဲ့ချဲ့မနေစမ်းပါနဲ့။ မင်းတို့ ငါတို့ ရွာသား အချင်းချင်းတွေချည်း ရှိတဲ့နောက် ရိုးရိုးလုပ်စမ်းပါ'

အဝိဇ္ဇာ ဖိုးရွှေမောင်က ပါဝင်ပြောလိုက်သဖြင့် ကိုဗျော့ကြီး သက်ပြင်းကြီးချသည်။

'အင်းပေါ့လေ… ခင်ဗျားတို့က လူထဲသူထဲ မတိုးဖူး မဝင်ဖူးတဲ့သူတွေဆိုတော့ ပြောရဆိုရ အတော်ခက်ကျတယ်။ ကဲ… အဲဒီတော့ အသင်းခေါင်းဆောင် ရွေးမယ်။ ဘယ်သူ့ကိုတင်ရင် ကောင်းမလဲဆိုတာ သဘောထားပေးကြ'

'ဒါကတော့ ရှင်းပါတယ်။ ကိုသန်းပုပဲ ထားပါ။ ကိုသန်းပုက ကျောင်းတက်ခဲ့တုန်းက ဘောလုံးကန်ခဲ့ဖူးတာပဲ'

နတ်ကြီးက သဘောထားဝင်ပေးသည်။

'ဟုတ်ပါပြီ… ဒါဖြင့် အသင်းနည်းပြ လိုလာမှာပေါ့။ အသင်းနည်းပြက ဘယ်သူ လုပ်မလဲ'

'ဒါကတော့ ကျွန်တော် ဒီလိုစဉ်းစားမိတယ်။ ကျွန်တော်တို့ ကျောင်းမှာတုန်းက တစ်သင်းလုံးကို ဘယ်သူ ဘယ်နေရာနေရမယ်၊ ဘယ်လို အပေးအယူ အချိတ်အဆက်လုပ်ပြီး ထိုးဖောက်ရမယ်၊ ကန်ရမယ် စသဖြင့် နည်းပြလုပ်ပေးခဲ့တဲ့ ကျွန်တော်တို့ဆရာလေး ရှိပါတယ်။ အဲဒီဆရာလေး နဲ့လည်း ကျွန်တော်နဲ့ခင်ပါတယ်။ ဒီတော့ မြို့ကိုသွားပြီး ဆရာလေးကိုပဲ အကူအညီတောင်းရင် ရမှာပါ။ သူ့ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ နေ့ရက်တာကို လိုက်လာပြီး သင်ပြပေးဖို့ မေတ္တာရပ်ခံရမှာပေါ့'

'ဒါဖြင့် အဲဒီဆရာလေး လိုက်လာရင် မင်း ခေါ်နိုင်မှာလား'

'ခေါ်ရမှာပေါ့… ဆရာလေးကလည်း အားကစားကာယ[illegible]ပဲ။ သူသိရင် လိုက်ကူညီမှာပါ'

'မင်းနဲ့ ဘယ်သူနဲ့သွားမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ထုံးစံအတိုင်း ကာလသားခေါင်း အစ်ကိုကြည်ကတော့ ပါရမှာပေါ့။ သူက လူငယ်တွေရဲ့ ကာလသားခေါင်းလည်း ဖြစ်တယ်။ အခု ဘောလုံးအသင်းမှာလည်း အုပ်ချုပ်တဲ့လူကြီးထဲမှာပါတယ်ဆိုတော့ အစ်ကိုကြည်ပဲ အသင့်တော်ဆုံးပေါ့'

သန်းပုက ထောက်ပြသည်။ ကိုကြည်က 'ကဲ... အခုတော့ ငါမပါရင် မင်းတို့ ဘာမှမလုပ်တတ်တော့ဘူးမဟုတ်လား'ဟု အမဲပွာယ်ထွက်သော အကြည့်ဖြင့် လှမ်းကြည့်ပြီးနောက် မိန့်မိန့်ကြီးပြောလေသည်။

'ဒါဖြင့် မြို့သွားဖို့ ခရီးစရိတ်၊ ရွာရံပုံငွေထဲက သုံးရမှာပေါ့။ ရွာကအပျိုတွေ မင်္ဂလာဆောင်ကြတုန်းက ခဲဖိုးတောင်းထားတဲ့ ပိုက်ဆံတွေ အများကြီးရှိသားပဲ။ အဲဒီအထဲကပဲ သုံးပေါ့။ ဒါပေမဲ့ စာရင်းဇယားနဲ့တော့ သုံးကြပေါ့။ ကျုပ်တို့ သွားရင်းလာရင်း ရေတတ်တာနဲ့ ဘီယာဝယ်သောက်ရပါလားဆိုတာမျိုးတော့ မဖြစ်ဘူးပေါ့လေ'

'အောင်မာ... ဒါမျိုးတွေက ခင်ဗျားလုပ်နေကျတွေပါဗျ ကိုဗျော့ကြီးရ။ ကျုပ်ကို ခင်ဗျားလိုများမှတ်နေလို့ ဒီလိုပြောတာလား။ မောင်ကြည်ကို အစကတည်းက မယုံရင် ဘာတာဝန်မှမပေးနဲ့ ကိုယ့်လူ'

ကိုကြည်က သူ့ထုံးစံအတိုင်း လူပုစိတ်ဓာတ်ကို ပြလာချေ၏။

ချက်ချင်းလက်ငင်းပင် ရှူးရှူးရှားရှားနှင့် ထပက်လေတော့သည်။ သို့သော် ကိုဗျော့ကြီးက ပါးသည်။ အောင့်သက်သက်ဖြစ်သွားသော်လည်း ကြိတ်၍ခံလိုက်၏။ အရေးကြီးတာက သည်ကနေ့ အစည်းအဝေးအောင်မြင်ဖို့ပဲ ဖြစ်သည်မဟုတ်လား။ မြို့နယ်က တာဝန်ပေးထားသည့် ကိစ္စဆိုတော့ ပေါ့တီးပေါ့ဆ လုပ်နေ၍မဖြစ်။

ဟိုဘက်က သစ်ချိုကုန်းသားတွေဆို သူတို့ရွာထက်ဦးအောင်ပင် လှုပ်ရှားနေကြရှာမည်ဟု တွေးမိသောကြောင့် အချိုသတ်၍နေလိုက်သည်။ ဒီအချိန်မှာ အချင်းချင်းတွေ စိတ်ဝမ်းကွဲနေလို့မဖြစ်ဟု သဘောပေါက်ထားပြီး ဖြစ်သည်။

'ကိုကြည်ကလည်းဗျာ၊ ခင်ဗျားက ထစ်ခနဲရှိ စိတ်တိုတော့တာပဲ။ ကျွန်တော်က သဘောပြောတာပါ။ မကုန်သင့်တာ မကုန်ဖို့ ထိန်းသိမ်းရမှာ





က ခင်ဗျားက အဓိကဗျ။ သုံးစရာရှိတာ သုံးတာကတော့ ကျွန်တော်က ဘာပြောမှာလဲ။ သို့သော်လည်း အတတ်နိုင်ဆုံးကတော့ ချွေတာရမှာပဲ'

ကိုကြည် ဘာမျှပြန်မပြောတော့။ ကိုဗျော့ကြီးက လေသံပျော့ကလေးနှင့် ချော့နေသည် မဟုတ်လား။ ထို့ကြောင့် သူ့စိတ်ကို သူ ပြန်လျှော့လိုက်ခြင်း ဖြစ်သည်။ ထို့နောက် ဘောလုံးကန်လေ့ကျင့်မည့်ကွင်းကိစ္စကို ညှိနှိုင်းကြ သည်။

ဒါက ရှည်ရှည်ဝေးဝေး စဉ်းစားနေဖို့မလို။

သူတို့ရွာ အနောက်ဘက်က ဆိတ်ကုလားချောင်း၏ သဲသောင်ပြင်ဝဲ ကွင်းကျယ်ကျယ် ရှိသည်။

ထို့ကြောင့် သဲသောင်ပြင်ပြန့်ကျယ်ကျယ်ကိုပဲ ဘောလုံးကွင်းအဖြစ် သတ်မှတ်လိုက်ကြသည်။ ဟိုဘက်ဒီဘက်ကို တိုင်းတာပြီး ဂိုးတိုင်စိုက်ကြမည်။ ဂိုးတိုင်က ဝါးပိုးဝါး ခပ်ရှယ်ရှယ်တွေလောက်ဆိုလျှင် တော်ပြီ။ ပြီးမှ ဟိုဘက် ဒီဘက်က မြင်သာထင်သာရှိအောင် ဝါးလုံးတစ်ဆစ်ခြားကာ ထုံးသုတ်လိုက်ကြတာပေါ့။

အဲဒီနောက် ဆက်ပြောကြတာက ဝတ်စုံကိစ္စ ဖြစ်သည်။

ဝတ်စုံကိစ္စက မြို့တက်ပြီး တံဆိပ်ရိုက်အပ်နှံရလျှင် အထူးငွေကုန်ကြေးကျ များနိုင်သည်။ သည်တော့ လွယ်သားပဲ။ '

စွပ်ကျယ်လက်စက အဖြူတွေဝယ်ပြီး ရွာမှာပဲ တံဆိပ်ရိုက်မည်။

ရှေ့ဘက်က ဆိတ်ကုလားအတိုကောက် S.K.L အင်္ဂလိပ်စာလုံး သုံးလုံးကို ကတ်ထူစက္ကူချုပ်ဖြင့် စာလုံးဖောက်မည်။ ပြီးမှ သင်္ဘောဆေး သုတ်ရုံပဲ။ ရင်ဘတ်ဘက်မှာ ထိုစာလုံးသုံးလုံးကို သင်္ဘောဆေးသုတ်ပြီး ကျောဘက်မှာတော့ ကျောနံပါတ် 1.2.3.4.5. စသဖြင့် တစ်လုံးချင်းရေးမည်ဟု ပန်းချီကျော်ဖိုးထူးက အာမခံချက်ပေးခဲ့သည်။ သည်နေရာမှာ သူ လူစွမ်းပြရမည်။

ဘောင်းဘီတိုကတော့ ကိုယ့်စရိတ်နှင့်ကိုယ် ချုပ်ကြ။

ဘောင်းဘီတို အထည် ၂၀ စာလောက် ပိတ်စတစ်အုပ်ဝယ်ပြီး ရွာက ကိုရင်မောင့်စက်ဆိုင်မှာ ချုပ်လိုက်လျှင် ပြီးပြီဟု ဆုံးဖြတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လိုအပ်ချက်တွေ တိုင်ပင်ဆွေးနွေးညှိနှိုင်းလို့ပြီးချိန်မှာ ရွာဦးကျောင်းက မှန်းတည့် ၁၂ နာရီးထိုးသည့် အထိမ်းအမှတ်ဖြင့် နာရီသံချောင်းခေါက်သံ ၁၂ ချက်ကို ကြားကြရလေသည်။

အားလုံး ကိုယ့်အိမ်ကိုယ် ထပြန်ကြဖို့ ဟန်ပြင်နေကြချိန်မှာပင် ဆယ်အိမ်မှူးကြီး ကိုဗျော့ကြီးက နောက်ဆုံးပိတ်မှာ လုပ်ချလိုက်လေသေး၏။

သူက ရှေ့ဘက်က မိန့်မိန့်ကြီးရပ်ကာ အောင်မြင်ခန့်ညားစွာ ပြောကြားလေသေးသည်မှာ–

'ဒီကနေ့ ကျွန်တော်တို့ကျင်းပတဲ့ ဆိတ်ကုလားကျေးရွာ ဘောလုံးအသင်း ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြီးစီးပါကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား'ဟုချေ၏။

သူတို့အားလုံးက 'ကြိတ်လိုက်ကွ'ဟု ပြိုင်တူ သြဘာပေးလိုက်ကြရလေသည်။

□ □ □





– ၄ –

မြို့သာယာ စည်ပင်သာယာဈေးကြီးအနီးရှိကားဂိတ်သို့ သစ်ချိုကုန်းကားကြီး ဝင်ဆိုက်လာတော့ နေ့ခင်း ၁၂ နာရီ ထိုးတော့မည်ဖြစ်သည်။ တကယ်တော့ မြို့သာမြို့နယ်၏ အခွန်အများ အကျဆုံးသော ရွာများအနက် ဆိတ်ကုလားရွာနှင့် သစ်ချိုကုန်းတို့သည် ဘိတ်ဆုံးရွာများ ဖြစ်ကြသည်။ မြို့သာမြို့နှင့် မိုင်အားဖြင့်တွက်လျှင် မိုင် ၄၀ ကျော်ဝေးသည်။ မိုင် ၄၀ ဆိုတာထက် တကယ်စည်ပင်ဖွံ့ဖြိုးသာ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ဒေသများအနေနှင့်တွက်လျှင် သိပ်ဝေးသတာတော့မဟုတ်။ သို့သော် သစ်ချိုကုန်းနှင့် ဆိတ်ကုလားရွာတို့ တွက်လျှင်တော့ တစ်မနက်စာခရီးပင် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးက လုံးဝမကောင်း။ ကတ္တရာလမ်းမခေါ်ထားနှင့်။ မြေနီကျောက်စရစ်ခင်း လမ်းကလေးမျှပင် မရှိ။ နွားလှည်းလမ်း၊ လူခြေလမ်းတို့သာရှိသည်။ နွေနှင့် ဆောင်းရာသီတို့တွင် ဖုန်တထောင်းထောင်းထနေကာ မိုးရာသီရောက်လျှင်တော့ ဗွက်တောက ဒူးဆစ်သာသာ ရှိန်းရသော လမ်းမျိုးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သစ်ချိုကုန်းမှ စုစုပေါင်း တစ်စီးတည်းသာ ပြေးဆွဲရသော စစ်ကြိုခေတ် အောက်မေ့ဖွယ် ချက်ပလက်ခေါင်းတို့ ကားကြီးခမျာ နွေရာသီနှင့်ဆောင်းရာသီတွင်သာ တစ်ပတ်တစ်ကြိမ် ပုံမှန်ထွက်နိုင်သည်။ မိုးရာသီရောက်သည်နှင့် တစ်မိုးတွင်းလုံး နားပေရော့။ မဖြစ်မနေ သွားရ လာရသည့်အခါမျိုးတွင်လည်း ပေါက်တူးပေါက်ပြားတွေ၊ ဇုန်းပြားတွေ၊ သံတူရွင်းတွေ၊ ဗွက်ထနေသည့် ကားလမ်းပေါ်သို့ လမ်းဘေးသစ်ပင်များမှ သစ်ကိုင်း၊ သစ်ခက်တွေ ခုတ်ချဖြည့်တင်းနိုင်ဖို့ ဓားမကြီးတွေကအစ လက်နက်ပေါင်းမျိုးစုံအောင် တင်ဆောင်ပြီးမှ ထွက်ကြရလေ့ရှိသည်။

သည်နေရာမှာ ဆိတ်ကုလားရွာသားတွေက သစ်ချိုကုန်းရွာသားတွေ၏ အနှိမ်အထေ့ကို ခံကြရသည်။ ဆိတ်ကုလားမှာ မော်တော်ကားဝေးလို့ ထော်လာဂျီပင်မရှိသေး။ မြို့သာယာသို့သွားလိုလျှင် သစ်ချိုကုန်းကထွက်သည့် ကားအိုကြီးဆီသို့သာ သွားစောင့်စီးကြရသည်။

'တို့ရွာက ကားရှိနေသေးလို့သာပေါ့ကွာ။ နို့မို့လို့ကဖြင့် ဆိတ်ကုလားသားတွေ မြို့နဲ့ အဆက်အသွယ်ဖြတ်ပြီး ခုထိအောင် ရတနာပုံနေပြည်တော်က ဘဝရှင်သီပေါမင်းတရားကြီး ဆက်အုပ်ချုပ်နေတုန်းပဲလို့ အမှတ်လိုနေကြရမှာကွ' ဟု သစ်ချိုကုန်းသားတွေက ခပ်နှိမ်နှိမ် ငေါ့ပြောသည်။

သည်တော့ ဆိတ်ကုလားရွာကလည်း ငြိမ်ခံမနေကြ။

သူတို့ရွာက ချောင်းအနောက်ဘက်တစ်ကြောက သစ်တောကို ပိုင်သသည်။

'သစ်ချိုကုန်းကားကကွာ… ဆိတ်ကုလားသားတွေသာ မကယ်ရင် ဘီးလေးလုံးရယ်၊ ရှေ့က ကားမောင်းတဲ့ ဒရိုင်ဘာခန်းကလေးရယ်နဲ့ပဲ ပြေးနေရမယ့်ကားပါ။ နောက်ဘက်က လူတင်တဲ့ ဘော်ဒီကြီးတစ်ခုလုံးက သစ်သားဟူသမျှ ဆိတ်ကုလားသားတွေ ဆင်ပြင်ပေးထားလို့ ကားပုံဖောက်နေရသေးတာပါ' ဟု ဆိတ်ကုလားက ပြန်လည်ချေပသည်။

သို့သော် တစ်ရွာတစ်ရွာ မခံချင်စရာတွေ အပြိုင်ပြောပြီး ရန်သာစောင်နေကြခြင်းပင်။ တကယ်တမ်းကျတော့ တစ်ရွာတစ်ရွာ မှီခိုနေကြရတာပင် ဖြစ်သည်။ သစ်ချိုကုန်းကားသည်လည်း တစ်ခေါက်တစ်ခေါက်





ခေါက်ကျခေါ် ခရီးသည်ပြည့်မီအောင် ဆိတ်ကုလားခရီးသည်ကို စောင့်ခေါ်ရတာပဲဖြစ်သည်။ ဆိတ်ကုလား ခရီးသည်ကလည်းအတွက်ကျ ကားခပေးရတာပဲ မဟုတ်လား။

ယခုလည်း ကြည့်။ ထို သစ်ချိုကုန်းကားနှင့်ပင် ဆိတ်ကုလားရွာသားနှစ်ဦးဖြစ်သော ကိုကြည်နှင့် သန်းပုတို့ လိုက်ပါလာခဲ့ခြင်းပင် ဖြစ်သည်။ မြို့သာယာဈေးထောင့်ဂိတ်တွင် ကားထိုးဆိုက်လိုက်သည်နှင့် ကိုကြည်နှင့် သန်းပုတို့ ကားနောက်မြီးမှ ခုန်ဆင်းလိုက်ကြသည်။

နှစ်ယောက်စလုံးလည်း ဆံပင်တွေ၊ နှုတ်ခမ်းမွေးတွေ၊ မျက်လုံးအပေါ် မျက်တောင်မွေးတွေပါမကျန် ဖုန်တွေလူးနေ၍ မျောက်ဖြူနှစ်ကောင်လို ဖြစ်နေသည်။ ဒါက လုံးဝမဆန်း။ ထုံးစံပါပဲ။

ထို့ကြောင့် လွယ်အိတ်ထဲမှာ ဆောင်လာခဲ့ကြသော စောင်တဘက်ကလေးတွေနှင့် တဖျပ်ဖျပ်ရိုက်ခါနေကြရသေးသည်။ သူတို့ရိုက်လိုက်တိုင်း ဖုန်တွေက ဖွေးခနဲ ဖွေးခနဲ ထွက်၏။

'ဘယ်ကို အရင်သွားမလဲ အစ်ကိုကြည်၊ ကျွန်တော့်ဆရာလေးဆီ အရင်ပြေးကြမလား'

သန်းပုကမေးတော့ ကိုကြည် ခေါင်းခါသည်။

'မသွားနဲ့ကွ၊ အဲဒီက နေ့လယ်စာထမင်းစားပြီးမှ သွားကြရအောင်။ အခုလောလောဆယ်က ဈေးထောင့်က စာအုပ်အရောင်းဆိုင်ကို အရင်ပြေးကြစို့'

'ဘာလုပ်ဖို့လဲ'

'ငါကားပေါ်မှာတုန်းက သစ်ချိုကုန်းကကောင်တွေ ပြောနေသံ ကြားခဲ့တယ်။ အဲဒီဆိုင်မှာရနိုင်သမျှ ဘောလုံးဂျာနယ်တွေ၊ အားကစားဂျာနယ်တွေကို ဒီကောင်တွေ အကုန်သိမ်းဝယ်မယ်လို့ တိုင်ပင်နေကြတာ။ အဲဒါ တို့က နောက်ကျလို့မဖြစ်ဘူး။ တို့က ဦးအောင်ပြေးကြစို့။ ဒီဂျာနယ် စာစောင်တွေကလည်း လိုအပ်တယ် မဟုတ်လားကွ'

'ကဲ… ဒါဆိုလည်း အဲဒီပဲ အရင်သွားဗျာ'

သန်းပုက ထောက်ခံလိုက်သည်။ ကိုကြည်က ရှေ့က ဦးဆောင်၍ ထွက်သည်။ သန်းပုက နောက်ကလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂုန်း…'

'အင့်…'

'အမယ်လေး…'

'ဟဲ့… သောက်ခွေး၊ ပလုပ်တုပ်'

ကားဘော်ဒီနောက်မြီးထောင့်ကလေးမှာပင် အသံပေါင်းစုံ ညံညံစီသွားသည်။ သန်းပုက ကားနောက်မြီးအကွယ်ကနေ ခပ်သွက်သွက် လှမ်းအထွက်မှာပင် ကားဘော်ဒီအလျားအတိုင်း နောက်ဘက်သို့ ခပ်လောလောတိုးထွက်လာသော ကောင်မလေးတစ်ယောက်နှင့် လူချင်း အားပါးတရဝင်တိုက်မိကြခြင်း ဖြစ်လေတော့သည်။

ကောင်မလေးဆီက အင့်ခနဲအသံနှင့်အတူ 'အမယ်လေး'ဟူသော အသံ ထွက်လာသကဲ့သို့ သန်းပုထံမှလည်း 'ဟဲ့… သောက်ခွေး၊ ပလုပ်တုတ်'ဆိုသော အသံထွက်လာတာက တစ်ပြိုင်နက်တည်းလိုလိုပင် ဖြစ်သည်။ ကောင်မလေးနောက်သို့ ယိုင်သွားသလို သူ့လက်ထဲမှ ထန်းခေါက်လက်ဆွဲခြင်းကြီးလည်း လွတ်ကျသွားလေသည်။ ရုတ်တရက်မို့ ကောင်မလေးလန့်ဖျပ်သွားသလို သန်းပုကိုယ်တိုင်လည်း လန့်သွားတာပါပဲ။ ကောင်မလေးက မျက်လုံးဝိုင်းကြီးတွေနှင့် ဖြုန်းခနဲလှမ်းကြည့်တော့မှ သန်းပုချက်ချင်းသတိဝင်လာသည်။

'ဟို… မတော်လို့နော်၊ အဲဒီဘက်က ဖွတ်ထွက်လာတာကိုး'

'ခင်ဗျားကလည်း နောက်က ကျားလိုက်လာ…လိုကြ…ပါပဲ ဟွန်း…'

ကောင်မလေးက ငံ့ခံမနေဘဲ ချက်ချင်း ပက်ခနဲပြန်ပြောတယ်။

သန်းပုက မြေပြင်ပေါ်မှ ထန်းခေါက်ဆွဲခြင်းကြီးကို ကပျာ…ာ ပြန်ဆိုးပေးသည်။

'မတော်လို့ပါ ပြောနေ၊ စွာလိုက်တာ၊ ဖွတ် ရန်တွေ့နေတာပဲ'

'ရန်တွေ့မှာပေါ့၊ လူကို ဝင်တိုက်တာကိုး။ ကြည့်ရတာ ဘယ်ကရွာသားလဲ မသိဘူး။ မြို့…ပါ မရောက်ဖူးဘူးနဲ့တူတယ်'

သန်းပု ရယ်ချင်သွားသည်။ အဘယ်ကြောင့်ဆိုသော် ရန်တွေ့နေ





သော ကောင်မလေးကိုယ်၌က မြို့သူမဟုတ်ကြောင်း သိသာနေသောကြောင့် ဖြစ်သည်။ ဆံပင်ကို နောက်ဘက်တွင် ဘီးတစ်ချောင်းကန့်လန့်ခံ၍ ပတ်ထုံးထားသည်။ မျက်နှာပေါ်မှာ သနပ်ခါး ပါးကွက်ဝိုင်းကြီးတွေက အထင်းသား။ အသားက ညိုညို၊ ဝတ်စားထားပုံကလည်း 'ကျွန်မလည်း ရွာသူပါ' ဟု ကြော်ငြာဝင်နေသလိုရှိတာ မဟုတ်လား။ ဒါပေမဲ့ မျက်လုံးဝိုင်းဝိုင်းကြီးတွေနှင့် ထင်ရှားသောနှာတံ၊ စုဝန်းသော နှုတ်ခမ်းလွှာကလေးများကတော့ ပြေပြစ်သောမျက်နှာအလှကို ပေါ်လွင်နေစေပါသည်။

'အောင်မယ်… သူများတော့ပြောလို့၊ မင်းလည်း ဒီကားနဲ့ပါလာတာပဲ မဟုတ်လား'

'ခင်ဗျားကတော့ ဘယ်ကားပေါ်က ဆင်းလာတာမို့လို့တုန်း'

'ဒီကားပေါ်ကပဲ၊ ခုလေးတင် ခုန်ဆင်းလာတာ'

'ဟွန်း… မဟုတ်မှလွဲရော၊ ဆိတ်ကုလားသားပဲ ဖြစ်ရမယ်'

'ဟုတ်သဟေ့… နင်ကလည်း သစ်ချိုကုန်းသူပဲ မဟုတ်လား။ ဒီလောက် စွာစွာလန်နေမှတော့…'

'ဘာ… ဘာ… ဘယ်မှာလန့်လို့လဲ၊ ဟွန်း… စကားပြောတာကြည့်ပြော'

ကောင်မလေးက မျက်လုံးပြူး၍ အော်သည်။ 'လန်သည်'ဆိုသည့်အတွက် သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သေး၏။

ကိုကြည်သည် ရုတ်တရက်မို့ ကြောင်အအဖြစ်နေကာ ဘာမှဝင်မပြောနိုင်ဘဲ သန်းပုတို့ စကားရန်လုပွဲကို ငေးကြည့်နေမိလိုက်၏။ ပြီးမှ ရုတ်ခနဲ သတိဝင်လာကာ-

'ဟေ့ကောင်… လာကွ သွားကြစို့၊ မတော်တဆဖြစ်ကြတာ၊ ဒီလောက်တောင်းပန်ရင် တော်ရောပေါ့'

'ဘာ… ဘာပြောတယ်၊ ဘာတွေတောင်းပန်နေလို့လဲ။ ယောက်ျားကြီးတန်မဲ့နဲ့ ပြန်ရန်တွေ့နေတာများ'

ကိုကြည်ပါ မျက်လုံးပြူးသွားသည်။ ကောင်မလေး၏စိမ်းမျက်နှာက ကိုကြည့်ဘက် လှည့်လာသောကြောင့် ဖြစ်သည်။ ကိုကြည်သည် ထစ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိ စိတ်တိုတတ်သူဖြစ်သော်လည်း သည်နေရာမှာတော့ မြို့လယ်ခေါင်ဈေးအနီးရှိ လူထူထူထဲ ဖြစ်နေသည်ကတစ်ကြောင်း၊ လုပ်စရာကိုင်စရာကိစ္စတွေ ရှိနေသေးသည်ကတစ်ကြောင်းကို တွေးလိုက်မိသဖြင့် စိတ်လျှော့လိုက်ဟန် တူသည်။

'ကဲပါကွယ်… အစ်ကိုကြီးက ကြားက တောင်းပန်ပါတယ်၊ လာဟေ့… သန်းပု'

သန်းပု၏လက်ကို ဖွတ်ဝင်ဆွဲကာ ထိုနေရာမှ တစ်ချိုးတည်း လစ်လေသည်။

'သွားမယ်နော် ညီမလေး၊ ဟဲ… ဟဲ…'

'ကြွ… ကြွ… လူကိုက မျက်နှာရှုးနဲ့ တူပါရဲ့'

ဒါတောင် သန်းပုက ကောင်မလေးကို မျက်စိနှစ်ဖက်လုံး စုံမှိတ်ပြကာ လျှာထုတ်ပြလိုက်ရင်း စပ်ဖြဲဖြဲနှုတ်ဆက်လိုက်သေးသည်။ ကောင်မလေး စိတ်ဆိုးနေပုံကိုက သန်းပုအဖို့ စချင်နောက်ချင်စရာလေး ဖြစ်နေသည်။

ကောင်မလေးကလည်း မခေပါ။

'ကြွ… ကြွ…'ဟု ဆောင့်အော်ပြီး 'မျက်နှာရှုးနဲ့တူပါရဲ့'ဟု မှတ်ချက်ချလွှတ်လိုက်လေသည်။ လေးငါးဆယ်လှမ်းခန့်အကွာသို့ ရောက်တော့မှ ကိုကြည်က ပြောသည်။

'အရေးထဲ မင်းကတစ်မျိုး၊ သူတို့ သစ်ချိုကုန်းကလူတွေ ကားပေါ်က ကုန်တွေချ ဘာတွေချနဲ့ အလုပ်များနေကြတုန်းမို့ကွ။ တော်ကြာ လူစုမိသွားရင် မင်းနဲ့ ငါ မချောင်ဘူး။ ကျီးကန်းများ ဝိုင်းအာသလို အာနေကြမှ ဈေးနားလေး လူထူထူမှာ အရှက်ကွဲနေပါ့မယ်။ ဒါကြောင့် မင်းကို ဖွတ်ဆွဲပြီး ထွက်လာရတာ။ မင်းက ကောင်မလေးနဲ့ ပြည်တော်သာနေ'

'ပြည်တော်သာတယ်လို့တော့ မဟုတ်ပါဘူးဗျ။ အစ်ကိုကြည်ကလည်း 'ဟဲ… ဟဲ… ကောင်မလေးက ချစ်စရာလေး၊ ညှိုညှိုစိမ့်စိမ့်လေးဗျ၊ ဒီကောင်မလေးမျိုးကလည်း သစ်ချိုကုန်းမှာ ရှိသေးသကိုး။ စောစောက မသိတာ နာတာပဲ'

သန်းပုက တက်ခေါက်ရင်းမှ ကျိတ်မနိုင်ခဲမရလေသံဖြင့် ပြော





သည်။ သူ့လေသံက သိသာသည်။ စောစောကသာ ကြိုသိလျှင် တစ်နေ့ သစ်ချိုကုန်းကို နှစ်ခေါက်လောက်သွားမည့် လေသံမျိုး ဖြစ်သည်။

'မင်းတို့ အဲဒါတွေ ခက်တာပေါ့၊ ဒီမှာ ယောက်ျားဦးပဋ္ဌင်း မိန်းမဗုခက်တွင်းတဲ့ကွ။ မင်းကာလသားဘဝနဲ့ ဟိုယောင်ယောင် သည်ယောင်ယောင် အလေလိုက်နေတဲ့ အချိန်ကာလအတွင်းမှာ နောက်ကတက်လာတဲ့ အရွယ်ရောက်လာတဲ့ မိန်းကလေးတွေက အများကြီး။ ကဲ… ထားပါတော့ကွာ။ အခုလာလောဆယ်တော့ ဈေးထောင့်ကစာအုပ်ဆိုင်သာ ပြေးကြစို့'

ကိုကြည်က လောနေသည်။ သူက စာအုပ်အရောင်းဆိုင်သို့ အရောက်နောက်ကျမှာကို စိုးရိမ်နေသည်။ သစ်ချိုကုန်းသားတွေက ဆိုင်မှာရှိသမျှ ဘောလုံးဂျာနယ်တွေကို သူတို့ ဆိတ်ကုလားရွာအတွက် မကျန်အောင် အကုန်သိမ်းကျုံးဝယ်သွားမှာကို စိုးရိမ်နေသည်။ သန်းပုကတော့ ကိုကြည်လိုမဟုတ်။ စောစောကမှ သူနှင့် ဘုကျလိုက်ရသော ညှိုညှိုစိမ့်စိမ့်ရှာသူချောချောကလေးမျက်နှာကိုသာ ပြန်လည်မြင်ယောင်နေမိ၏။ ဒီလိုမှန်းသိရင် သစ်ချိုကုန်းကို အကြောင်းမရှိ အကြောင်းရှာ သွားတာပေါ့ဟု သူ့ကိုယ်သူ နောင်တရနေမိသည်။

မကြာခင်မှာပင် သူတို့နှစ်ယောက် ဈေးထောင့်က စာအုပ်စာတမ်းတွေရောင်းသောဆိုင်သို့ ရောက်လာသည်။ ဆိုင်ရှေ့တွင် ခုံရှည်ကြီးဖြင့် ဖြန့်ခင်းထားသော ဂျာနယ်တွေက အရေအတွက် အတော်များ၏။ သူတို့နှစ်ယောက် ဆိုင်ခုံရှေ့ရပ်ပြီး ဟိုကြည့်သည် ကြည့်ကြည့်ကြတာမြင်တော့ ဆိုင်က အရောင်းစာရေးမလေးက မေးသည်။

'ဘာဂျာနယ်တွေ လိုချင်လို့လဲ အစ်ကိုကြီးတို့'

သူတို့ ဂျာနယ်တွေကို အာရုံစိုက်နေမှန်းသိ၍ 'ဘာဂျာနယ်တွေလိုချင်သလဲ'ဟု ဖွင့်မေးလိုက်ခြင်း ဖြစ်သည်။

'အားကစားဂျာနယ်လေ၊ ဟို ဘောလုံးနဲ့ပတ်သက်သမျှ ဂျာနယ်တွေ လိုချင်တယ်၊ ဘယ်နှမျိုးရှိရှိ၊ တစ်မျိုးကို နှစ်စောင်နှုန်းနဲ့ ယူမယ်။ ညည်းဆိုင်မှာရှိသမျှ ရေတွက်ပြီး ထပ်လိုက်စမ်းပါ'

'ရတယ် အစ်ကိုကြီး၊ ကေန္တတော့ ဂျာနယ်ပေါင်းနဲ့ကို တစ်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



တည်း အပြတ်အသတ်လေ့လာညှိနှိုင်းပြီး အပိုင်ရိုက်တော့မယ်နဲ့တူတယ်’

အရောင်းစာရေးမလေးနောက်မှာရပ်၍ နားထောင်နေသော လူငယ်လေးတစ်ယောက်က ဂျာနယ်တွေတင်ထားသော ခုံဟွေဆီ ထွက်လာကာ ပြောသည်။ သူလည်း ထိုဆိုင်မှ ဖြစ်ဟန်တူသည်။

‘ဒါပေါ့ကွ… အပိုင်ရိုက်မှာ၊ ဟဲ… ဟဲ…’

ကိုကြည်က လက်မထောင်၍ပြောသည်။

ဆိုင်မှ ဂျာနယ်ရောင်းသော လူငယ်က ကိုကြည်၏ပိုင်နိုင်သော အမူအရာကိုကြည့်ကာ အတော်အထင်ကြီးသွားဟန်တူသည်။

‘ဒီလိုဆို လမ်းကြုံတုန်းလေး မ,စသွားပါဦးခင်ဗျ၊ အစ်ကိုကြီးက ဘော်ဒီလား’

‘ဘော်ဒီကတော့ မပြောနဲ့၊ သူတိုက်ကိုယ်တိုက် ချမှာပဲ’

‘ဟုတ်ပြီဗျာ၊ ဒါဖြင့် ‘မောင်း’ကော မောင်းဦးမှာလား’

‘မောင်း’တာကတော့ မပြောနဲ့။ နေ့ရှိသရွေ့ တစ်သင်းလုံးကို ‘မောင်း’ပစ်မှာ။ ဒီကောင်တွေကို လုံးဝကို အနားမပေးစတမ်း မောင်းမှာပဲ’

ကောင်ကလေး၏မျက်နှာက ဝင်းပသွားသည်။ ဒီနေ့အဖို့ သူ့ဆိုင်သို့ ဘိုးဘိုးအောင်ကြွလာသည်ဟုပင် ထင်မှတ်သွားပုံရသည်။ အမှန်က နှစ်ယောက်စလုံးက ကိုယ့်အဓိပ္ပာယ်တွေနှင့်ကိုယ် ပြောနေကြခြင်းပင် ဖြစ်သည်။

ကောင်ကလေးက စလောင်းကလာသော ပရီးမီယားရှစ်ပွဲစဉ်တို့၊ စပိန်လာလီဂါပွဲစဉ်တို့၊ စီးရီးအေတို့ကို လောင်းကြေးထပ်ဖို့ ရည်ရွယ်ပြီး မေးနေခြင်း ဖြစ်သည်။ ဒါကို လောင်းပုံလောင်းနည်း သတ်မှတ်ချက်တွေအရ ‘ဘော်ဒီလား’ဟု မေး၏။ ကိုကြည်က ဘောလုံးပွဲမှာ ကစားသမားတွေ တစ်ယောက်ကိုတစ်ယောက် ဘော်ဒီတိုက်ကြသည်ကို ပြောသည်မှတ်၍ သူတိုက်ကိုယ်တိုက်ချမည်ဟု ဖြေခြင်းဖြစ်သည်။ ကောင်လေးက ‘မောင်း’ ရောဟု ထပ်မေးတာက ပွဲစဉ်တွေတန်းစီပြီး ကိုယ့်စိတ်ကြိုက် ဂိုးကြိုတင် ခန့်မှန်းကာ လောင်းကြေးထပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ နှစ်သင်းစီ လောင်းလျှင် နှစ်မောင်း၊ သုံးသင်းစီလောင်းလျှင် သုံးမောင်း စသဖြင့်။





ကိုကြည်ကတော့ ဒါတွေ နားမလည်။ ဘောလုံးသမားတွေ လေ့ကျင့်ခန်းဆင်းကြတာကို ထရိန်နင်မောင်းသည်ဟု ပြောသံကြားဖူးထားသဖြင့် သူ့ရွာ ဆိတ်ကုလားအသင်းကို နေ့ရှိသရွေ့ အနားမပေးစတမ်း လေ့ကျင့်စေရမည်ဆိုသောသဘောဖြင့် ပိုင်နိုင်တက်ကြွစွာ ဖြေနေခြင်း ဖြစ်သည်။ ကောင်ကလေးကတော့ ‘ခုမှ ဆရာတွေ့ပေတော့တယ်’ဆိုသော မျက်နှာထားဖြင့် ကိုကြည်၏ပိုင်နိုင်သောဟန်ကိုကြည့်ကာ အားတွေ တက်နေ၏။

‘ဒါဆို အစ်ကိုကြီးက မောင်းရော၊ ဘော်ဒီရော ချမှာပေါ့လေ’

‘ဒါပေါ့ကွ’

‘ဒါဖြင့် ဖိုးကပ်စ်ကော အစ်ကိုကြီး’

‘ဖိုးကပ်စ်ကတော့ အပီအပြင် အလှအပလေးတွေ ချိန်ရိုက်ရမှာပေါ့ကွာ’

ကိုကြည်က စွတ်တင်နေသည်။ သန်းပုက မသိမဟုတ်။ ကောင်ကလေးနှင့် ကိုကြည်တို့နှစ်ယောက် ပြောလေ လွဲနေပြီမှန်း ရိပ်မိသည်။ သို့သော် သန်းပု ဘာမှဝင်ဟန့်တားချိန်မရ။ ထို့ကြောင့် နံဘေးက အသာ ရပ်နေရတော့သည်။

‘ဟုတ်ပြီဗျို့… ကျွန်တော့်မှာ ပွဲတိုင်းကွဲနေတာ။ ဒါကြောင့် ဒီလိုလူမျိုး လိုက်ရှာနေတာခင်ဗျ။ အစ်ကိုကြီးက ဖိုးကပ်စ်ကို အပီအပြင် အလှအပလေးတွေ ချိန်ရိုက်မယ်ဆိုတော့ ဘယ်လိုရိုက်မှာလဲ၊ ညီလေးတို့ ပြောခဲ့ပါဦး’

‘ဩော်… ခက်ပါပေ့ကွာ၊ ကိုယ့်ဘက်အသင်းက ဂိုးရှုလိုက်[illegible] ဂိုးဝင်သွားတဲ့ပုံတို့၊ တစ်ဖက်အသင်းရဲ့သွင်းဂိုးကို ကိုယ့်ဘက်က ဂိုး[illegible] လှလှပပ ဖမ်းဆီးကာကွယ်လိုက်တဲ့ပုံတို့၊ အဲလို အလှအပပုံကလေး[illegible] သေသေချာချာ ချိန်ရိုက်ခိုင်းရမှာပေါ့ကွ။ ဓာတ်ပုံရိုက်တယ်ဆိုတာ [illegible] ပြတ်သားမှ ပုံကောင်းထွက်တယ်လို့ တို့ရွာက အလှူမင်္ဂလာပွဲ[illegible] ရိုက်တဲ့ဓာတ်ပုံဆရာက ပြောဖူးတာ မှတ်ထားတာ။ ဒါကြောင့် [illegible] အပီအပြင် အလှအပကလေးတွေ ချိန်ရိုက်လိုက်ရမယ်လို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ...'

ကိုကြည်က လူတတ်ကြီးလုပ်ပြီး အပီအပြင်ရှင်းပြလိုက်တော့မှ ကောင်ကလေးက ကြောင်အမ်းအမ်းဖြစ်သွားသည်။ မျက်စိတွေလည်သွားပုံရသည့်အပြင် ကိုကြည့်မျက်နှာ အလန့်တကြား ကြည့်လေသည်။ ကိုကြည်ကတော့ ခပ်တည်တည်ပင်။ ကိုကြည်၏ ထိုမျက်နှာထားကြောင့်ပင် ကောင်ကလေးမှာ ဇဝေဇဝါဖြစ်သွားပုံရ၏။ မျက်မှောင်ကြုတ်၍ အသေအချာကြည့်လိုက်ကာ-

'နေပါဦး... အစ်ကိုကြီးက ဘာတွေလျှောက်ပြောနေတာတုန်း။ ကျွန်တော့်ကို ခပ်တည်တည်နဲ့ နောက်နေတာတော့ မဟုတ်ပါဘူးနော်'

'ဟ... ဘာလို့နောက်ရမှာလဲ။ မင်းပဲ ဖိုးကပ်စ်အကြောင်း မေးလို့ ရှင်းပြနေတာလေ'

'မ... မဟုတ်သေးဘူးလေ အစ်ကိုကြီးရဲ့။ ကျွန်တော် မေးနေတာက ဘောလုံးပွဲဖိုးကပ်စ်အကြောင်း မေးနေတာ'

'အေး... ငါကလည်း ဘောလုံးပွဲမှာ ငါရိုက်နိုင်းမယ့် ဖိုးကပ်စ်အကြောင်း ပြောနေတာပဲ'

'ခင်ဗျာ'

ကောင်ကလေး အူသွားသည်။ ကိုကြည့်မျက်နှာကို ကြည့်ရင်းက သူ့ခေါင်းသူ တဗျင်းဗျင်းကုပ်သည်။

'ဒါနဲ့ စောစောတုန်းကတော့ ဘော်ဒီလည်း သူတိုက်ရင် ကိုယ်ပြန်တိုက်မှာပဲ'

'ဒါဖြင့် မောင်း... မောင်း...'

'ဩော်... နားချိန်မရှိအောင်ကို နေ့တိုင်း အပြင်းအထန်မောင်းမှာပါဆို'

'ဘယ်အသင်းနဲ့ ဘယ်အသင်းတွဲပြီး မောင်းထိုးမှာတုန်း'

'ဟ... ဘယ်အသင်းနဲ့ တွဲနေစရာမလိုဘူးကွ၊ ငါတို့ ဆိတ်ကုလားအသင်းကိုပဲ ဖိမောင်းရမှာပေါ့'

'ခင်ဗျာ... ဆိတ်ကုလားအသင်းရယ်လို့လည်း မကြားဖူးပါလား'





ကောင်ကလေးက အူချာလည်နေသည်။ ကိုကြည်ကလည်း တစ်စက်ကလေးမှ အလျှော့မပေးစတမ်း ကောင်ကလေးမေးသမျှ ခေါက်ခနဲ ခေါက်ခနဲ ဖြေပေးနေသည်။ သူဖြေလိုက်တိုင်း ကောင်ကလေးမှာ ပို၍ပို၍ အူအူသွားသည်။

'ဒါကတော့ ဟုတ်ပါတယ်။ မင်း ဘယ်ကြားဖူးဦးမလဲ၊ ဆိတ်ကုလားအသင်းက ဒီနှစ်မှ စဝင်ရမယ့်အသင်းကိုး'

'ခင်ဗျာ'

'ဒီနှစ်မှ စဝင်မယ့် ဘောလုံးသင်းအသစ်လို့ ပြောတာလေ။ ဒါကြောင့် မင်း မကြားဖူးသေးတာပေါ့'

'ဆိတ်ကုလားအသင်းဆိုတော့ အဲဒီအသင်းအသစ်က ဆိတ်ကျောင်းတဲ့ ကုလားတွေချည်းလား'

'မဟုတ်တာ... ဘယ်က ဆိတ်ကျောင်းတဲ့ကုလားမှ မပါဘူး။ အားလုံး တို့လူတွေချည်းပဲ။ တို့ရွာနာမည်ကိုက ဆိတ်ကုလားရွာကိုးဟ။ ဒါကြောင့် ဆိတ်ကုလားသင်းလို့ ပြောတာပေါ့'

'ဟိုက်... လွဲကုန်ပြီ အမေရေ'

ကောင်ကလေးက သူ့နဖူးသူ လက်ဝါးနှင့်ရိုက်ကာ အမေ တပြီး အော်သည်။

'မလွဲပါဘူးကွ၊ အခု ငါပြောခဲ့တာ အားလုံးအမှန်တွေချည်းပဲ။ မင်းကလည်း ဘောလုံးဝါသနာအိုး ထင်ပါရဲ့။ စိတ်ဝင်တစားမေးလာလို့ ဒီ သိပါစေတော့ဆိုပြီး ဖြေပေးနေတာ'

ကိုကြည်က ဆရာကြီးဂိုက်ဖမ်း၍ ပြုံးပြုံးကြီးပြောသည်။

'တော်ပြီ အစ်ကိုကြီး... ဒီကနေ့ကစပြီး အဲဒီ ဘောလုံးဝါသနာကို ရာသက်ပန် စွန့်လွှတ်လိုက်တော့မယ်။ တော်ကြာ အစ်ကိုကြီးလိုလူမျိုး နောက်ထပ်နှစ်ယောက်လောက်နဲ့ တွေ့ရရင် ကျွန်တော် ရူးသွားနိုင်တယ်။ ဘယ်ပွဲစဉ်ကိုမှလည်း ကြည့်လည်း မကြည့်တော့ဘူး၊ ဘော်ဒီလည်း မတိုက်တော့ဘူး။ ဖိုးကပ်စ်လည်း မထိုးတော့ဘူး။ မောင်းလည်း မတင်တော့ဘူး ဒိုးဆလံ တင်းဆလံပါပဲ အစ်ကိုကြီးရေ'

မြစ်ခွဲဇွင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးက သူ့ဟာသူ မေးမိသမျှ နောင်တတွေ တစ်သက်စာရသွားပုံဖြင့် ရှုံ့မဲ့ပြီးပြောသည်။ ကိုကြည် သဘောကျသွားသည်။ သန်းပုဘက်သို့လှည့်ပြီး-

'ကြားလား သန်းပု၊ ဆိတ်ကုလားအသင်း နာမည်ကြီးရဲ့ ရှိသေးတယ်။ ဘယ်ပွဲစဉ်မှတောင် မကြည့်ချင်တော့ဘူးလို့ ပြောတဲ့ သူက ပြောနေပြီး တို့အသင်းရဲ့အတိတ်နိမိတ် ဘယ်လောက်ကောင်းသလဲ။ မဟုတ်ဘူးလား ငါ့ညီရာ'

စကားဆုံးခါနီးတွင် ရှေ့ဘက်က ကောင်ကလေး၏ သဘောတူညီချက်ကို လှမ်းတောင်းခံလိုက်သေး၏။

'ဟုတ်ကဲ့··· အတိတ်ကောင်း နိမိတ်ကောင်းနဲ့ ဆိတ်ကျောင်းရင်း ကန်ကြတာပေါ့ ခင်ဗျာ။ အဲလေ··· ဆိတ်ကုလားအသင်းပေါ့နော်။ တကယ့်ကိုပါပဲခင်ဗျာ၊ နာမည်စကြားရုံနဲ့တင် ရှုံးချင်ချင်တောင် ဖြစ်ရသေးတာပဲ ခင်ဗျာ။ အောင်မြင်မယ့်အသင်းပါ ခင်ဗျာ။ ကဲ··· ညီမလေးရေ၊ ဒီက အစ်ကိုကြီးတို့လိုချင်တဲ့ ဘောလုံးဂျာနယ်တွေကို နင်ပဲ ကြည့်ရောင်းပေးလိုက်ပေါ့။ ငါတော့ လစ်ပြီ။ တော်ကြာ ထပ်ဆွေးနွေးမိနေရင် တစ်လုံးစာဖြစ်သွားလိမ့်မယ်။ အခုကို မသောက်ရဘဲနဲ့ တစ်ပိုင်းစာလောက်မူးသွားပြီ'

ကောင်ကလေးက သူ့ညီမသူ လှည့်အော်ပြောပြီးနောက် တစ်ချိုးတည်း လစ်တော့သည်။ ဆိုင်က ကောင်မလေးကတော့ ဘောလုံးနှင့်ပတ်သက်သောဂျာနယ်တွေကို တစ်မျိုးနှစ်စောင်နှုန်းနှင့် ရွေးကာ စုထပ်သည်။ စုစုပေါင်း ရှစ်မျိုးလောက်ရသည်။ ကျသင့်ငွေကိုရှင်းပြီး ဆိုင်မှလှည့်အထွက်တွင် သစ်ချိုကုန်းရွာသားအုပ်စု ဝင်အလာနှင့် ထိပ်တိုက်တိုးကြ၏။

သစ်ချိုကုန်းသားသုံးယောက်ထဲက ကိုကြည့်လက်ထဲက ဘောလုံးဂျာနယ်တစ်ထပ်ကြီးကို လှမ်းကြည့်ကြသည်။ အကြံတူတော့ ရန်သူမဟုတ်လား။ မဲ့ပြုံးပြုံးပြီး ခပ်ငေါ့ငေါ့ လှမ်းမေးသည်။

'ဗျို့··· ဆရာကြည်၊ ကျုပ်တို့ရွာဖို့ကော ဆိုင်မှာကျန်သေးရဲ့လားဗျာ။ ဒီလောက်လည်း အကြောက်အလန့် မကြီးကြပါနဲ့လေ။ ဘယ့်နှယ်··· ဖုတ်ပူမီးတိုက် အရေးပေါ်ဖတ်ရှု လေ့လာကြတော့မယ်ပေါ့လေ။ ဘောလုံးအကြောင်းကို ငှဲ··· ငှဲ··· ငှဲ···'





သူ့တို့နှစ်ရွာက အပြိုင်အဆိုင်ပင်ဖြစ်သော်လည်း လူတွေချင်းကတော့ အခေါ်အပြော အဆက်အဆံက ရှိကြသည်။ ကိုကြည့်ကို လှမ်းမေးလိုက်သူက သစ်ချိုကုန်းရွာက ကာလသားခေါင်းကိုကြွက်နီ ဖြစ်သည်။

'မဟုတ်ပါဘူး ကြွက်နီရာ၊ ဖုတ်ပူမီးတိုက်ဖြစ်နေတာက မင်းတို့ပါ။ တို့က ရွာက ကလေးတွေ အပျင်းပြေ အရုပ်ကလေးဘာလေး ကြည့်ရအောင်လို့ စာစောင်လေးတွေပဲ ဝယ်ရသေးတာ။ ဟော··· မင်းတို့က အထိတ်တလန့်နဲ့ ဘောလုံးတွေတောင်ဝယ်လာခဲ့ကြပြီ မဟုတ်လားကွ။ ဘယ်သူတွေက ပိုအကြောက်ကြီးတယ်ဆိုတာ လက်ထဲကိုင်ထားတဲ့ ပစ္စည်းတွေကြည့်ရုံနဲ့ အဖြေပေးပါတယ်ကွာ၊ ဟဲ··· ဟဲ··· ဟဲ···'

ကိုကြည်ကလည်း ပြုံးစိစိဖြင့် ပြန်တွယ်သည်။ ကိုကြွက်နီတို့လူစုလက်ထဲတွင် ဘောလုံးအသစ်နှစ်လုံး ပါလာတာကို မြင်ရသောကြောင့်ဖြစ်သည်။ မော်ဘီဘောလုံးစက်ရုံကထုတ်သော ဘောလုံးတွေဖြစ်သည်။

'ဟဲ··· ဟဲ··· ဆရာကြည်ကလည်း သူများတော့ ပြောလို့၊ ခင်ဗျားတို့လည်း ဘောလုံးဝယ်ကြဦးမှာပါလေ။ ဘယ်လိုလဲ··· ခင်ဗျားတို့ရွာအသင်းက လူစုပြီးပြီလား။ ကျုပ်တို့ရွာကတော့ အစည်းအဝေးခေါ်လိုက်တဲ့နေ့မှာပဲ အပြီးဖွဲ့လိုက်တယ်။ ကျုပ်တို့ ဒီကပြန်သွားပြီး ဘောလုံးရောက်တဲ့နေ့မှာပဲ စလေ့ကျင့်ပြီး ကွင်းဆင်းကြမယ်လေ'

ကိုကြွက်နီက အတည်ပေါက်ပြောသည်။ သည်တော့ ကိုကြည်ကလည်း အတည်ပင်ပြန်ပြောသည်။

'တို့ရွာလည်း မထူးပါဘူးကွာ၊ ကန်စရာဘောလုံးတောင် မဝယ်ရသေးပါဘူး၊ ဟင်း··· ဟင်း··· သိပ်အကြောက်အလန့်ကြီးမနေကြပါနဲ့ကွာ။ ဘောလုံးပွဲက တစ်လလောက်ကြာမှ မြို့နယ်က အစီအစဉ်စမယ်လို့ သတင်း ထွက်ပြီးသားပါ။ ဖြည်းဖြည်းအေးအေး ကျင့်ချိန်ရပါသေးတယ်'

'ဟုတ်ပါပြီလေ၊ ကျုပ်တို့က သိပ်ရည်မှန်းချက်အကြီးကြီး မထားပါဘူး။ မြို့နယ်မှာ ဆုချိတ်ဖို့ဆိုတာလည်း ကျုပ်တို့လူ ဒီနှစ်မှ စဝင်ရမယ့်အသင်းသစ်တွေအနေနဲ့ မမျှော်မှန်းရဲပါဘူး'

'ဒါနဲ့များကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့များ မလုပ်ပါနဲ့၊ ကျုပ်တို့ရွာအသင်းမှာ အစီကရည်မှန်းချက်မှုကလေးတစ်ခုတော့ ချပေးထားပြီးပါပြီ'

'အံမာကွာ… ကြီးကြီးကျယ်ကျယ်၊ ဘယ်မှုချထားလို့တုန်း'

'မြို့နယ်မှာ ရှုံးချင်ရှုံးပစေ၊ အနည်းဆုံးကတော့ ဆိတ်ကုလားအသင်းကို အပြတ်အသတ်နိုင်ရမယ်ဆိုတဲ့ မူလေ။ ဒါပါပဲ။ ဟဲ… ဟဲ… သွားဦးမယ်နော်။ ဟော့ကောင်တွေ… လာဟေ့'

ကိုကြွက်နီက စကားဦးအောင်ဖြတ်၍ သူ့လူတွေခေါ်ကာ ဂျာနယ်ဆိုင်သို့ ဆက်လျှောက်သွားသည်။ သို့ပေမဲ့ ဒါမျိုးဘယ်ရမလဲ။ ဒီကလည်း ကိုကြည်ပါပဲ။ နောက်ကနေ အကျယ်ကြီး လှမ်းအော်သည်။

'ကြွက်နီရေ… အပြင်မှာဝေးလို့ အိပ်မက်ထဲတောင် မနိုင်ဘူးဆိုတာ မှတ်လိုက်ကွ'

'ကဲ… တော်ပါတော့ဗျာ၊ လှမ်းအော်မနေပါနဲ့တော့၊ တကယ်ထန်တဲ့ပွဲကျ တွေ့ကြပါလိမ့်မယ်'

သန်းပုက ဝင်စကားဖြတ်လိုက်သည်။ နှစ်ယောက် ဆက်လျှောက်လာရင်း ကိုကြည်က ပြောသည်။

'ကဲ… ဒါနဲ့ တို့ ဘယ်သွားမလဲ၊ လောလောဆယ်တော့ ထမင်းဆိုင်တစ်ဆိုင်ဆိုင် ဝင်ကြမှနဲ့ တူတယ်ကွ၊ ဗိုက်ဆာပြီ'

'ကောင်းသားပဲ… ဘောလုံးဝယ်တာကတော့ ကျွန်တော့် ဆရာလေးနဲ့တွေ့မှ မေးမြန်းပြီး ဝယ်ကြတာပေါ့။ လောလောဆယ် ဗိုက်ဖြည့်ကြရအောင်'

သန်းပုက ထောက်ခံသည်။ ဈေးလမ်းနှင့် သိပ်မဝေးသော ဆိုင်တစ်ဆိုင်ကို ဝင်ကြသည်။ နေ့လယ်စာထမင်းစားပြီးတော့မှ သန်းပု၏ ဦးဆောင်မှုအတိုင်း သူ့ဆရာလေးအိမ်သို့ သွားကြသည်။ ဆရာလေးကို အခန့်သင့်ပင် တွေ့ရလေသည်။

'ဟ…. သန်းပုတို့ပါလား။ လာကြကွာ… ဘယ်က လှည့်လာတာလဲ။ ဈေးဝယ်လာကြတာလား'

'ဈေးဝယ်မဟုတ်ဘူးခင်ဗျ။ ဘောလုံးကိစ္စနဲ့ ဆရာလေးဆီ ဦးတိုက်လာခဲ့ကြတာ၊ ကဲ… အစ်ကို ကြည့်၊ အဲဒီမှာ ဝင်ထိုင်'



ထို့နောက် သန်းပုက သူ့ဆရာလေးနှင့် ကိုကြည်တို့ကို မိတ်ဆက်ပေးလိုက်သည်။ ကိုကြည်က လာရင်းကိစ္စကို ရှင်းလင်းပြသည်။

ဆရာလေးကိုဝင်းနောင်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

သူတို့လာရင်းကိစ္စသည် အောင်မြင်သည်ဟုပင်ဆိုရမည်။ ဆရာလေး ကိုဝင်းနောင်ကိုယ်တိုင်က အားကစားမှူး ကာယနည်းပြဆရာဖြစ်သလို ဘောလုံးဝါသနာကြီးသူ ဖြစ်သည်။ ပြီးတော့ သန်းပုဆိုတာက သူ့တပည့်အရင်း၊ ကျောင်းဘောလုံးအသင်းမှာတုန်းက သန်းပုက အတော်လေး ပေါက်ပေါက်မြောက်မြောက် တိုက်စစ်ဆင် ကစားနိုင်ခဲ့သူဖြစ်ကြောင်းကို ဆရာလေးကိုယ်တိုင်လည်း သိရှိပြီး ဖြစ်သည်။

'ဒီလိုဆိုတော့ ကျွန်တော်က ကိုကြည်တို့ရွာကို လိုက်လာပြီး လေ့ကျင့်ပေးရမယ် ဆိုပါတော့'

'ဟုတ်ကဲ့… အဲဒီသဘောပါပဲဆရာ၊ ဆရာ့အတွက် နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ သွားရေးလာရေးကအစ အကုန်လုံး တာဝန်ယူပါတယ် ဆရာ။ ကျွန်တော့်အိမ်မှာ တည်းခိုလည်းဖြစ်ပါတယ်။ ဆရာတပည့် သန်းပုတို့အိမ်မှာ နေချင်သပဆိုလည်း ဖြစ်ပါတယ် ဆရာ'

'ဒီလိုရှိတယ် ကိုကြည်ရဲ့၊ ကျွန်တော်က ကျောင်းတစ်ဖက်နဲ့ဆိုတော့ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ပဲ လိုက်လာနိုင်မှာ။ ဒါတောင် တနင်္လာနေ့ အမီ ပြန်မလာနိုင်မှာစိုးလို့ ကြိုတင်ပြီး ခွင့်စာတင်ထားခဲ့ရဦးမှာ။ လိုက်ကျင့်ပေးတာကတော့ ဖြစ်ပါတယ်။ ဒါမျိုးက အားပေးကူညီရမယ့်ကိစ္စပဲဟာ'

ကိုကြည်ရော၊ သန်းပုရော ဝမ်းသာသွားကြသည်။

ပြီးနောက် သွားရေးလာရေးကိစ္စ ညှိကြသည်။

သစ်ချိုကုန်းကားက ရက်ချန်ထွက်သည်။ သစ်ချိုကုန်းသည ဗိတ်ဆုံး ဖြစ်၏။ ဆိတ်ကုလားရွာကို ဖြတ်မောင်းရသည်မို့ ပြဿနာမရှိ ဆိတ်ကုလားရွာရောက်တာနှင့် ဆင်းနေခဲ့ရုံပဲ ဖြစ်သည်။

'သောကြာနေ့ကို ကားကြုံနိုင်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးက မေးသည်။ ထို့ကြောင့် ရက်တွက်ကြည့်ကြသည်။ ကံအားလျော်စွာ မြို့အပြန် ကားထွက်မည့်ရက်နှင့် ကိုက်နေသည်။

'ကဲ... ဒီလိုဆို အခုလာမယ့် သောကြာနေ့ပဲ ကျွန်တော် လိုက်လာခဲ့မယ်ဗျာ။ အဲဒီနေ့မတိုင်ခင်တော့ ကိုယ့်ရွာသားချင်းပါမယ့် လူချင်းလူစုခွဲပြီး အလေ့အကျင့်ရအောင် ကန်နှင့်ကြဦးပေါ့။ ကျွန်တော် မလာမချင်းအတွင်းတော့ သန်းပုက ဦးစီးပြီး ပြောပြပေါ့၊ ဟုတ်ပလား'

ဆရာလေးက သူလာနိုင်မည့်ရက်ကို ရွေးပေးပြီး ရက်ချိန်းပေးလိုက်၏။

ဆရာလေးနှင့် စကားအသေအချာပြောဆိုပြီးကြတော့မှ ဈေးဆီပြန်ထွက်လာခဲ့ကြတာ ဈေးအနီးရှိ စတိုးဆိုင်တစ်ဆိုင်သို့ ဝင်ကြသည်။ ဘောလုံးနှစ်လုံးဝယ်သည်။ အရောင်းဆိုင်က ဘောလုံးလေထိုးဖို့ လေညှာပိုက်ကအစ အသေအချာ ထည့်ပေးလိုက်သည်။

ကျွတ်ကျွတ်အိတ်တွေထဲထည့်ကာ တစ်ယောက်တစ်လုံးစီ လက်က ဆွဲလာကြသည်။

'ကဲ... တို့လူလည်း လုပ်စရာကိစ္စတွေအားလုံး ပြီးပြီ။ ဒီနေ့ပဲ ရွာပြန်လိုက်ရအောင်'

ရွာပြန်မည့်ကားက နေ့ခင်းနှစ်နာရီခွဲလောက်မှာ ပြန်ထွက်လေ့ရှိသည်။ ထို့ကြောင့် ရွာသို့ပြန်လိုက်မည့်သူမှန်သမျှမှာ မြို့သာယာမှာပင် ညအိပ်နေခဲ့ပေရော့ပဲ။ နေ့ခင်းနှစ်နာရီခွဲလောက် ထွက်နိုင်မှ ကားက မိုးမချုပ်မီ သစ်ချိုကုန်းသို့ပြန်ဝင်နိုင်သည်။ ဒါတောင် မြို့အပြန်ကားဖြစ်၍ တက်သူခရီးသည်မရှိတော့ဘဲ လမ်းတစ်လျှောက် ရွာတွေမှာ ခရီးသည်တွေကို ခဏရပ်ပေးပြီး အသော့နှင့်မောင်းရခြင်းဖြစ်သည်။

ကားဂိတ်သို့ သူတို့ပြန်ရောက်တော့ ကားက တစ်စီးလုံး ဈေးဝယ်ကုန်တွေဖြင့် ပြည့်နှက်နေပြီဖြစ်သည်။ ကားဆီသို့ စိုက်စိုက်မတ်မတ်ဖြင့် လျှောက်လာကြစဉ်မှာပင် သူတို့နောက်ဘက်ဆီမှ အလောတကြီး အော်သံထွက်လာသည်။

'ဘေးကို... ဘေးကို... ဒီမှာ အရွက်ကြီးနဲ့'





အသံက သန်းပုနောက်တည့်တည့်မှ ထွက်လာခြင်းဖြစ်သည်။ အလောတကြီးအသံကြောင့် သန်းပုက ကိုကြည့်ဘက်သို့ အမြန်တိုးကပ်လိုက်သည်။ ဒါတောင် သူရှောင်တာက နည်းနည်းနောက်ကျသွားသဖြင့် ကိုယ်တစ်ခြမ်းစာကို နောက်လူက ဝုန်းခနဲ ဝင်တိုက်သွားတာ ခံလိုက်ရသေးသည်။

'အောင်မယ်လေးဗျာ... ဒွတ်ကြီးပဲ'

သန်းပုကိုယ် တစ်ပတ်လည်သွားသည်။ အလန့်တကြားအော်ရင်းကြည့်လိုက်တော့ သူ့ကိုယ်တစ်ခြမ်းကို ဝင်တိုက်သွားတာက စောစောတုန်းက သူနှင့်ဘုကျခဲ့သော ကောင်မလေးပင်ဖြစ်နေသည်။ ကောင်မလေး ခေါင်းပေါ်မှာလည်း ထန်းခေါက်လက်ဆွဲခြင်းကြီးကိုရွက်လျက် ဘာတွေဝယ်ပြီး ဘယ်လောက်အလေးချိန်ကို ရွက်လာသည်တော့မသိ။ ကြည့်ရတာကတော့ မော်တော်အချိန်စီးမည့်ပုံစံပဲ။

'ဒွတ်ရမှာပဲ၊ ရှေ့က ကန့်လန့်ကန့်လန့် လုပ်နေတာကိုး။ စိတ်ဆိုးရင် ထဲသေလိုက်'

ကောင်မလေးက အပြေးအလွှားသွားနေရသည့်ကြားမှ သန်းပုကို ပြန်အော်ဖြစ်အောင် အော်သွားသေးသည်။

'အေး... အေး... ရှေ့လည်းကြည့်သွားဦး၊ သူများကို မေတ္တာပို့နေရတာနဲ့ ကိုယ်တိုင်လည်း ခလုတ်တိုက်ပြီး မှောက်လျားထိုးသွားဦးမယ်။ ကားမထွက်သေးဘဲနဲ့ ဒွတ်လောနေ'

သန်းပုကလည်း ပြန်အော်သည်။

'ဘယ်လိုဖြစ်နေကြတာလဲကွ၊ မင်းနဲ့ ဒီကောင်မလေးနဲ့ကို ဒီနေ့ ဒွတ်နိုင်အောင် ဖြစ်နေပါလား'

ကိုကြည်က ဝင်ပြောသည်။

'ဟဲ... ဟဲ... ဟဲ... ဟဲ... နဖူးစာတွေထင်ပါရဲ့ အစ်ကိုကြည်ရာ ဒီလိုပါပဲ... နဖူးစာပါလာရင် ရှောင်လို့ကို မလွတ်ဘူး ပြောသံကြားဖူးတယ်'

'အံမာ... မင်းက အတော်နှစ်နာသွားဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်လေ… နစ်နာရင် နစ်နာပါစေတော့၊ အစ်ကိုကြည့် တုန်းကလည်း မမိသေးနဲ့ ပတ်သက်လို့ ဒီလိုပဲ အနစ်နာခံခဲ့ရတာမဟုတ်လား'

'ဒါကတော့ကွာ…ငါ့ကိုမှမရေရင် မိသေးက ကြွက်ဆေးပဲ သောက် တော့မလိုလို၊ ကြိုးဆွဲချပြီးတော့ပဲ သေကြောင်းကြံတော့မလိုလို ဖြစ်နေ လေတော့ လိုက်လျောလိုက်ရတာပေါ့။ သတ္တဝါ အသက်တစ်ချောင်း ကယ်ကောင်းတယ် မဟုတ်လားကွ'

ကိုကြည်က ခပ်တည်တည် အကြောကြီးဖြင့်ပြောရာ သန်းပု ခွီးခနဲ ဖြစ်သွားသည်။ အမှန်ကတော့ ထိုစကားက ပြောင်းပြန်ဖြစ်နေသောကြောင့် ပင်။ ထိုစဉ်မှာပင် မျက်နှာချင်းဆိုင်တည့်တည့်မှ ကောင်မလေး ပြန်လျှောက် လာပြန်သည်။ သူမပုံစံမှာ အလောတကြီးဖြစ်နေမှန်း သိသာသည်။ ကျွန် နောက်ထပ် ဈေးထဲမှ သယ်စရာ ရှုက်စရာတွေ ရှိနေသေးပုံပင်။

'သယ်လို့ မပြီးသေးဘူးလား၊ လိုက်ကူပေးမယ်လေ'

အနီးသို့ရောက်လာသည်နှင့် သန်းပုက ပြုံးစိစိဖြင့် လှမ်းမေးလိုက် သည်။ ကောင်မလေးက မျက်လုံးဝိုင်းကြီးတွေကို မြှူး၍ကြည့်သည်။ သန်းပုမျက်နှာကိုမြင်သည်နှင့် ချက်ချင်းပြန်ပြောသည်။

'နေပါစေ… တနိုင်တပိုင်လေးတွေပါ၊ အလုပ်သမားငှားဖို့ မလို သေးပါဘူး'

'ကိန့်…'

ထိုအော်သံက ကိုကြည့်ထံမှ ထွက်လာခြင်းဖြစ်သည်။ မျှော်လင့် မထားသောသူ့ဆီက ထွက်လာသောကြောင့်ထင်သည်။ ကောင်မလေး နှုတ်ခမ်းလေးတွေမှာ ရိပ်ခနဲပြုံးရိပ်ထင်သွားသည်။ ဖျတ်ခနဲပြုံးပြီး ဈေး ဘက်သို့ ခပ်သုတ်သုတ်ဆက်လျှောက်သွားလေသည်။

'အစ်ကိုကြည်ကလည်းဗျာ၊ လူကြီးပီပီ အေးအေးနေတာမဟုတ် ဘူး။ ဟိုမှာ ကောင်မလေးက ဟားသွားပုံပဲ'

'ဟားဟားကွာ၊ မင်းကိုက လောကွတ်ချော်နေတာကို ကြားထဲက အမြင်ကတ်လာလို့ ငါ ထအော်လိုက်တာ'

သည်လိုနှင့် သူတို့ကားအနီးသို့ ရောက်လာသည်။ တစ်ယောက်ကို





တစ်လုံးတစ်လုံးစီ ပိုက်လာကြသော သူတို့နှစ်ယောက်ကိုကြည့်ကာ ကား ပေါ်မှတစ်ယောက်က လှမ်းပြောသည်။ သူတို့ကို စောင်းပြောလိုက်မှန်း သိသေမယ့် ဘယ်သူက ပြောလိုက်မှန်းတော့ မသိလိုက်ကြ။ ကားနောက် ခန်းဒီနှင့်အပြည့်ရှိနေသော လူအုပ်ထဲမှ ထွက်လာသောအသံမှန်းတော့ သူတို့ သိလိုက်သည်။

'အဲဒါပေါ့ကွ… မျောက်အုန်းသီးရတယ်ဆိုတာ၊ ခွဲလည်း မစားနိုင်၊ ပစ်လည်းမပစ်ရက်၊ တစ်ပွေ့တစ်ပိုက်ပိုက်နဲ့၊ ဟီဟိ…'

လူပုစိတ်တိုဖြစ်သော ကိုကြည်သည် ထောင်းခနဲဖြစ်သွားပြီး ပြန်လိုက်လေသည်။


'စောင့်ကြည့်ကြပေါ့ကွာ၊ မျောက်လက်ထဲက အုန်းသီးတွေလား။ ခင်ဗျားတို့လူကို အရုက်ခွဲပစ်မယ့်အလုံးတွေလားဆိုတာ၊ မကြာခင် သိရတော့မယ် ဗျ။ ဟွန်း… ဆိတ်ကုလားကို မရှုမလှ ရှုံးပြီး အရှက်ကွဲရဦးမယ့်ကောင် တွေကများ ပြောရတယ်ရှိသေး'

□ □ □



www.burmeseclassic.com

www.burmeseclassic.com



-၅-

နေကလေး ညှိုလာသည်နှင့် ဆိတ်ကုလားရွာ အနောက် ဘက်ချောင်းထဲကသဲသောင် ပြင်ကျယ်ထဲမှာ လူတွေ မွေးနေသည်။

တကယ် ကန်ကြမည့်သူတွေထက် နံဘေးက ဝိုင်းအုံကြည့်ကြမည့်သူတွေ ပိုများသည်။ ကလေးတွေကတစ်မျောင့်။ ကလေးတွေက သဲသောင်ပြင်ပေါ်မှာ ကျွမ်းထိုးသည့်ကောင်နှင့်။ လိုက်တမ်းပြေးတမ်း ကစားနေကြသည့်သူတွေနှင့် ပျော်ပွဲကြီး ဖြစ်နေသည်။

တဟေးဟေး တဝါးဝါး ဆူညံနေသည်။

ကလေးတွေ တစ်သက်မှာ သည်ချောင်းထဲက သဲသောင်ပြင်ပေါ်တွင် သည်လောက် လူစည်စည်ကားကားရှိနေတာကို လုံးဝမမြင်ဖူးခဲ့ကြသဖြင့် အထူးအဆန်းဖြစ်နေသည်။ နီးစပ်ရာမေးကြည့်ကြတော့ လူကြီးတွေ ကစားကြမည်ဆိုပါကလား။ လူကြီးတွေ ဘောလုံးကန်ကြမည်ဟု ဆိုသည်။





လူကြီးတွေပါ ကစားကြမည်ဆိုသည့်အပြင် သူတို့လူကြီးတွေ ကစားမည့်အရေးကျတော့ တစ်ရွာလုံးလောက်နီးနီး လှုပ်လှုပ်ရွရွရှိကြပါလားဟု အတွေးခေါင်ချင်စရာကြီးပင် ဖြစ်ကြလေသေးတော့သည်။ ဘာပဲဖြစ်ဖြစ် ကလေးပီပီ ပျော်ကြတာကတော့ ဂိတ်ဆုံးပဲဟု ဆိုရမလို ရှိသည်။

မနေ့ညနေတုန်းက ကျင်းတူးတိုင်စိုက်ကာ အပေါ်ဘားတန်းပါ ထည့်ထားခဲ့ကြပြီးဖြစ်သော ဝါးမိုးဝါးဂိုးတိုင်များသည် ယနေ့ညနေမှာတော့ ဖြင့် ဆေးဖြူတစ်ရစ်၊ ဆေးမည်းတစ်ရစ်ဖြင့် သစ်လွင်လှပနေသည်။ မနက်အစောကြီး နေရောင်မလာခင် ဝေလီဝေလင်းကတည်းက ပန်းချီဆရာ ဖိုးထူးက အဖြူတစ်ရစ် အနက်တစ်ရစ်သုတ်ကာ တစ်နေကုန် နေပူထဲပစ်ထားခဲ့ပြီးဖြစ်၍ ညနေပိုင်းမှာ ဆေးတွေခြောက်နေပြီဖြစ်သည်။ သစ်လွင်လှပနေသော ဂိုးတိုင်နှစ်တိုင်ကပင်လျှင် ဘောလုံးကန်မည့်သူတွေရော၊ ဘေးကဝိုင်းကြည့်သူတွေရော စိတ်ဓာတ်တွေကို တက်ကြွနေစေသည်။

ကိုကြည်ကား ဘောလုံးနှစ်လုံးထည့်ထားသော ကျွတ်ကျွတ်အိတ်ကြီးဆွဲလျက် ဘောလုံးကန်ကြမည့် လူစု၏ရှေ့မှ ဦးဆောင်ကာ သဲသောင်ပြင်ပေါ် ဆင်းချလာသည်။

'ဟဲ့… ကလေးတွေ… ကလေးတွေ… ငြိမ်ငြိမ်နေကြစမ်း၊ နှင့်အမေကလွှားတဲ့။ သူတို့ကသာ ထိပ်က ရောက်လာကြတော့တယ်။ တကယ်ပဲဗျာ… ကိုယ့်ရွာမှာ ဒီလောက် အားတိုင်းယားတိုင်း မွေးထားတဲ့ကလေးတွေများမှန်း ခုမှ သိရတော့တယ်။ ဟေး… ဟိုဂိုးတိုင်ထဲက ကောင်တွေ အဲဒီနား မဆော့ကြနဲ့။ ဆေးတွေက ကောင်းကောင်းခြောက် သေးတယ် မထင်ဘူး'

အနောက်ဘက်က နေရောင်က တည့်တည့်ထိုးနေသဖြင့် ကိုကြည်က မျက်ခုံးအထက်မှာ လက်ဖဝါးကလေးမှောက်လျက် နေရောင်ကာ၍ လှမ်းအော်သည်။

သည်တော့ ဂိုးတိုင်ဧရိယာထဲမှာ ကျွမ်းထိုးနေသော ကလေးနှစ်ယောက်အနက် အကြီးကောင်ကလေးက ပြန်အော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဖေ… ဒီမှာ ကစားနေတာက ကျွန်တော်တို့ ညီအစ်ကိုရယ်လေ'

'ဟေ… ငါ့ကလေးတွေလား၊ ကြည့်စမ်း… မအောက်အမျိုးကို လုံးလုံးတူတဲ့ကောင်တွေ၊ လာခဲ့စမ်း'

နောက်က လိုက်လာသူတွေအားလုံး ပွဲကျသွားသည်။ ကိုကြည့်သားနှစ်ကောင် ဖြစ်နေသောကြောင့်ပင်။

'အဲဒါကြောင့် ပြောတာပေါ့ဗျ၊ သူများမျက်ချေးကို ပြောချင်ရင် ကိုယ့်မျက်ချေးရှိ မရှိလည်း အရင်ကြည့်ဦးဆိုတာ'

ဖိုးတေက ချက်ကောင်း တွေ့သခိုက် ဝင်တောသည်။ ကိုကြည်က မျက်စောင်းတစ်ချက်ပစ်ထိုးသည်။

'တော်စမ်းကွာ… မင်းမှာ အဲသလို ဖိလုပ်စရာအလုပ်ကို မရှိသေးဘူးမဟုတ်လား။ အလကား… တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်က ခွင်တွေပြီဆိုပြီး ဝင်နှက်နေသေး။ ဟေး… ကလေးတွေ၊ ကလေးတွေ၊ အားလုံးနောက်ဆုတ်လိုက်ကြစမ်း'

ကိုကြည့်ဒေါသက ဖိုးတေထံမှတစ်ဆင့် ကလေးတွေအပေါ် ပုံကျသွားသည်။ နံဘေးကနေ ကုန်းအော်သဖြင့် ကလေးတွေ ကသုတ်ကယက် နောက်ဘက်ရွှေ့ပြေးကြသည်။

'လောလောဆယ်တော့ ကိုယ့်ရွာသားချင်းပဲ ကန်တတ်သလို လူစုခွဲပြီး ကန်ကြရမှာပဲဟေ့။ ဒီကနေ့ ဘောလုံးနဲ့ မိတ်ဆက်တဲ့သဘောပေါ့ကွာ။ တို့လူစုထဲမှာ အရုပ်ထောင်ထောင်မောင်းမောင်းရှိတာက နက်ကြီးပဲရှိတာ။ ဒီတော့ နက်ကြီးက ဂိုးဖမ်းသမားရယ်၊ ဒါမှ ကောင်းကင်ဘောတွေ ဘာတွေ ပုတ်ထုတ်နိုင်မှာ။ ဟိုကောင် ဖိုးထူးက ဘာပြုံးတာလဲ။ ကောင်းကင်ဘောဆိုတာ အမြင့်ကလာတဲ့ ဘောလုံးကို ပြောတာကွ။ ဘားတန်းနားက ကပ်လာမယ့်ဘောလုံးကို ပြောတာ'

ကိုကြည့်မှာ ဟိုလူမာန်ရ၊ ဒီလူမဲရဖြင့် လက်မလည်တမ်း ပါးစပ်မနားရအောင် ဖြစ်နေသည်။

'ရပါတယ်… ရပါတယ်၊ အချိန်ကျရင် နက်ကြီးပဲ ဂိုးစောင့်မယ်ဆိုတာ သိပြီးသားပါ။ စိမ်ပဲ… နောက်က အသာထိုင်နေရုံပဲ၊ ဓပင်ဝန်းတော့ဘူးပေါ့။ အမောဆိုက်စရာလည်း မရှိတော့ဘူး၊ ဟီး… ဟီး…'

နက်ကြီးက လိုလိုလားလားပင် ဂိုးသမားတာဝန်ကို လက်ခံလိုက်သည်။

'ကဲ… ဒါဖြင့်လည်း ဂိုးပေါက်ရှေ့ သွားရပ်စမ်းပါ။ အစမ်းသဘောနဲ့ ဖမ်းကြည့်တာပေါ့။ ကျန်တဲ့ကောင်တွေက တစ်ယောက်တစ်လှည့် ဂိုးထဲ ကန်ကြည့်ကြစမ်းကွာ'

နက်ကြီး ခါးတောင်းကျိုက်ပြီး ဂိုးတိုင်ရှေ့ ရောက်သွားသည်။

ဖိုးတေတို့၊ ဖိုးထူးတို့က ကိုကြည့်လက်ထဲမှ ဘောလုံးကို လုမ်းယူသွားကာ ကွင်းထဲသို့ ဆင်းသွားကြသည်။ သူတို့နောက်ကလည်း ဘောလုံးခြေစမ်းမည့်လူငယ်တွေ လေးငါးယောက် လိုက်သွားကြသည်။

လောလောဆယ် အခြေအနေက ဟိုဘက် သည်ဘက် လူခွဲကန်ကြဖို့ပင် လူမပြည့်သေး။ သုံးလေးယောက် လိုနေသေးသဖြင့် စောင့်နေကြရသည်။

'ဟိုကောင် လှဦးတို့၊ ပေါက်စတို့ကွာ၊ ဘာလုပ်နေကြသလဲ မသိဘူး'

ကိုကြည်က ရွာဘက်သို့ လှမ်းကြည့်ရင်း စိတ်မရှည်နိုင်သလို ညည်းညူသည်။

'လာမှာ လာမှာ အစ်ကိုကြည်၊ အခုတင် ကျွန်တော် အော်လာခဲ့တာ၊ လှဦး နွားစာစင်းတာလေး စောင့်နေလို့၊ ခဏနေရင် ရောက်လာကြမှာပါ'

ထွန်းသာက ဝင်ပြောသည်။

အဲဒီမှာ မျှော်တဲ့လူတွေက ပေါ်မလာနိုင်ဘဲ မမျှော်တဲ့သူက ပေါက်ချလာသည်။ အခြားသူမဟုတ်။ နက်ကြီး၏မိန်းမဖြစ်သူ အေးမြဖြစ်သည်။

အေးမြက သဲသောင်အစပ်အထိ ဆင်းလာကာ ခေတ္တရပ်… သည်။ နက်ကြီးက ဂိုးတိုင်ရှေ့မှာဖြစ်သည်။ ရှေ့က တစ်ယော…
ယောက် ဝိုင်းနှိပ်စက်နေကြတာဖဲ့ဟု မြင်လာပုံရသည်။ တ…







www.burmeseclassic.com

www.burmeseclassic.com



တည်လိုက်၊ နက်ကြီးက ဖမ်းလိုက်၊ ဖမ်းမမိလျှင် ပုတ်ထုတ်လိုက်နှင့် မြင်နေရသည်။ ကြည့်နေရတာကိုက တည်ကန်နေသည့်သူတွေက သက်သာသလောက် နက်ကြီးမှာတော့ မသက်သာ။ သဲပြင်ပေါ် တလူးလူးတလိမ့်လိမ့် ဖြစ်နေသည်။

'ကိုနက်ကြီး… ကိုနက်ကြီး'

အေးမြက ကုန်းအော်သည်။ နက်ကြီးက လှမ်းကြည့်ကာ သူ့မိန်းမကိုမြင်တော့ ပြန်အော်၏။

'ဟေး… ဘာတုန်းဟ'

'ဒါ ဘာလုပ်နေတာလဲဟင်'

'ဘောလုံးကန်ကြမလို့ လုပ်နေတာလေ။ သွေးပူလေ့ကျင့်ခန်းစနေတာ'

'ဘာ… ဘောလုံးကန်ရမလဲ၊ တော်က လူတကာက ခြေထောက်နဲ့ကန်တာကို လက်နဲ့ ဆီးဖမ်းနေရတာပဲ။ တော် အဲဒီလောက်ပဲ တုံးရသလား။ ဘုန်းတွေကံတွေ နိမ့်ကုန်တော့မှာပါပဲ။ ဒီလို လူတကာ ခြေနဲ့ကန်တာကို တော်က လက်နဲ့ဖမ်းလိုက်၊ ခေါင်းနဲ့တိုက်လိုက် လုပ်နေမှာဆိုရင်တော့ ထွက်ခဲ့တော့။ ကျုပ် ခွင့်မပြုနိုင်ဘူး။ ဘယ့်နှယ်တော်… ကိုယ့်ကိုကိုယ် ဘုန်းနိမ့်အောင် လုပ်နေတဲ့လူ၊ ကိုယ်လာခဲ့တဲ့ဘဝကိုလည်း ကိုယ်ပြန်သတိရပါဦး'

အေးမြသည့် အတော့်ကို ဒေါပွနေပုံပင်ဖြစ်သည်။

'ကိုယ်လာခဲ့တဲ့ဘဝလည်း ကိုယ်ပြန်သတိရပါဦး'ဆိုသော စကားကြောင့် နက်ကြီးရှေ့ဘက်က ကန်နေကြသည့်လူစု ဝါးခနဲ ပွဲကျသွား၏။

ဟုတ်သည်။

နက်ကြီးက ဘုန်းကြီးလူထွက် ဖြစ်သည်။

ကိုရင်ကြီးဘဝပင် မဟုတ်။ ပဉ္စင်းခံပြီးသားပင် ဖြစ်သည်။ ဦးပဉ္စင်းဘဝဖြင့် နှစ်ဝါဆိုပြီးကာမှ အေးမြသံယောဇဉ်ကို မလွန်ဆန်နိုင်တော့ဘဲ လူပြန်ထွက်လာကာ အိမ်ထောင်ပြုခဲ့သူဖြစ်သည်။ ဒါကို အေးမြက တခုတ်တရ အမွှန်းတင်ကာ ထည့်ပြောနေခြင်း ဖြစ်သည်။





သူ့ယောက်ျားသည် သူလိုငါလို သာမန်ဘဝက လာသူမဟုတ်။ ဦးပဉ္စင်းဘဝက ဆင်းသက်လာသူဖြစ်၍ သူများယောက်ျားတွေထက် ဘုန်းတွေကံတွေ မြင့်သည်ဟု ယုံကြည်ထားသူဖြစ်သည်။

ခုတော့ လူတကာ ခြေနှင့်ကန်သမျှ သင်းက လက်နှင့်ဆီးဖမ်းနေသည်ကို တွေ့ရသည်။ ကြည့်စမ်း… ကိုယ့်ဘုန်းကိုယ့်ကံကိုမှ ပြန်မထည့်တွေးနိုင်ရအောင် တုံးရလေသလားဟု ဒေါပွခြင်းဖြစ်သည်။

'ဘာဆိုင်လို့လဲဟ၊ အခု ငါက လူဖြစ်နေပြီပဲ။ ဘုန်းတွေ ကံတွေ အပြောမနေနဲ့တော့'

နက်ကြီးက ပြန်အော်သည်။

'ဟုတ်သားပဲ မအေးမြရဲ့'

အေးမြ ကွင်းထဲအထိ ဆင်းလာတော့သည်။

'ကိုနက်ကြီး နေမကောင်းတုန်းက ခင်ဗျား နှင်းပေးနေတာလေ။ ဆောက်ကျ ရပြီ ရပြီဆိုပြီး ကိုနက်ကြီးက တစ်လှည့် အပေါ်က ပြန်နင်းပေးရောလား၊ အဲဒီတုန်းက မြင်ဖူးတာ'

'သြော်… ဒီလိုလား၊ တော်ပါသေးရဲ့၊ နို့မို့ရှိရင် ငါ ထင်တာနဲ့ကိုမှန်တယ်ကွာ၊ မလွဲကို မလွဲစေရဘူး'

'မင်းက ဘယ်လိုထင်လို့လဲ'

'သြော်… ဟိုတစ်ခါ လင်မယားရန်ဖြစ်ကြပြီး နပန်းလုံးကြတုန်းကတည်းကို ပြောမလို့ပါ၊ ဒီတုန်းကလည်း အထက်အောက် နှစ်ယောက်လုံး မြေပြင်ပေါ် သူတစ်လှည့်၊ ကိုယ်တစ်လှည့် အပေါ်အောက် လိမ့်နေကြတာပဲဟ'

'နေနှင့်ဦး၊ တစ်နေ့နေ့ လစ်ပြီဆိုမှ ဂျိုစောင်းကို ပန်းကန်ပြားနဲ့ ထည့်ပစ်လိုက်ဦးမယ်။ ဒါပဲ ကိုနက်ကြီး၊ ထွက်… ဒီလောက် ဘုန်းကံမြင့်တဲ့နေရာက နေရမှာဆိုရင် ဒီဘောလုံးလည်း ကန်မနေနဲ့တော့'

အေးမြက နောက်ဆုံးမှာ သူ့ယောက်ျားနက်ကြီးကိုပဲ ဝင်ဆွဲသည်။

ကွင်းထဲမှာ မအေးမြ ဝင်သောင်းကျန်းသဖြင့် ဆူဆူညံညံတွေ ဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက် သည်ဘက် လူခွဲကန်ကြဖို့ သန်းပုနှင့်တိုင်ပင်ပြီး
ဆော့ချနေသော ကိုကြည် အဲဒီတော့မှ ကွင်းထဲ အာရုံစိုက်မိသွားသည်

'ဟေ့… အဲဒီက ဘာဖြစ်နေကြတာလဲကွ၊ ဒီမှာ လူ ဝေပုံချမရ
စီတ်ရှုပ်နေရတဲ့အထဲ'

ကိုကြည် ကွင်းထဲလှမ်းကြည့်ကာ အော်မေးသည်။

'ဟောဒီမှာ မအေးမြ ဝင်လာပြီး ပွဲကြမ်းနေလို့ဗျို့၊ သူ့ယောက်
ထို ဘုန်းနိမ့်မှာစိုးလို့ ဂိုးမဖမ်းရဘူးတဲ့။ လာနှောင့်ယှက်နေတယ်'

ဖိုးထူးက လှမ်းအော်တိုင်သည်။ 'ကိုကြည် စိတ်ရှုပ်ရသည့်အ
ပို၍ရှုပ်သွားသည်။ ဂိုးဖမ်းတာနဲ့ ဘုန်းနိမ့်တာ ဘာဆိုင်လို့လဲဟု တွေး
ဦးနှောက်ခြောက်သွားသည်။

'ဘာတုန်းဟ အေးမြရ၊ နင်ကတစ်မျိုး၊ ဘာဖြစ်ရပြန်တာတုန်း
ဂိုးဖမ်းတာနဲ့ ဘယ်လိုက ဘယ်လို ဘုန်းနိမ့်ရမှာတုန်း၊ ခက်ပါ့ကွာ'

'နိမ့်တာပေါ့တော့… လူတကာခြေထောက်နဲ့ ကန်တာကို ကျ
ယောကျ်ားက လက်နဲ့လိုက်ဖမ်းနေရတာ။ ကောင်းသေးလား၊ တော်
ကျုပ်ယောကျ်ားကို အဲဒီနေရာထားမယ်ဆိုရင် ကျုပ်က မတည့်နိုင်ဘူး'

အေးမြက ကက်ကက်လန် ပြန်အော်သည်။

'ခင်ဗျားက တစ်မျိုးဗျာ၊ ဒီမှာ ဂိုးသမားဆိုတာ သိပ်သက်သ
တာဗျ။ သူများလို ပြေးဟယ်လွှားဟယ်နဲ့ တစ်ကွင်းလုံး ပတ်နေရတာ
မဟုတ်ဘူး။ ကိုယ့်ဂိုးတိုင်ထဲကိုယ် ဇိမ်နဲ့နေရတာ။ ကန်သူလာမှ ထဖမ်း
ရှိတယ်။ တစ်သင်းလုံးမှာ အသက်သာဆုံး နေရာထားပေးတာ၊ အမော
စရာလည်း မလိုဘူး။ ပြီးတော့ တစ်သင်းလုံးမှာ အရေးအကြီးဆုံးလူ
တောင် ပြောနိုင်သေးတယ်။ ခင်ဗျားက ဘာမှမသိဘဲနဲ့ လာပွဲကြမ်းနေ

သန်းပုရော ကိုကြည်ပါ မအေးမြကို အတော်အာခြောက်အော
ရှင်းပြကြရသည်။

နက်ကြီး၏နေရာသည် အမိကအကျဆုံး အရေးအကြီးဆုံး နေ
ဖြစ်ကြောင်း တော်တန်ရုံလူစွမ်းလူစနှင့် တို့ဂိုးသမားနေရာကို ထား
မဖြစ်ကြောင်း၊ နက်ကြီးသည် အရပ်ထောင်ထောင်မောင်းမောင်းနှင့် တစ်သ





မှာ ယောကျ်ားအပီသဆုံး ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်၍သာ ဂိုးသမားနေရာမှာ
စားနိုင်သူဖြစ်ကြောင်း သာသာထိုးထိုးကလေး မြှောက်ပင့်ပြီး ရှင်းပြ
လိုက်တော့မှ အေးမြ ကျေနပ်သွားလေသည်။

အေးမြ ကျေနပ်ပါမည့်အရေး နက်ကြီးကို သူမတူသော ယောကျ်ား
ကောင်းယောကျ်ားမြတ်ကြီး တစ်ဦးသဖွယ် ဂုဏ်ပေါင်းစုံ မြှင့်တင်ပြီး အာ
ကျက်မတတ် ရှင်းပြလိုက်ကြရချေ၏။

'ဒီလိုဆိုတော့ ကျုပ်ယောကျ်ားက ကျုပ်တို့ရွာဘောလုံးအသင်းရဲ့
တန်းက ကယ်တင်ရှင်ကြီးပေါ့လေ၊ ဟုတ်လား'

အေးမြက မဏ္ဍာပ်တိုင်တက်သောလေသံဖြင့် ပြုံးပြုံးကြီးမေးသည်။

'ဒါပေါ့လေ… အဲဒါမျိုးကို နင်က ကိုယ့်ယောကျ်ားအတွက်
သည် ဂုဏ်ယူစမ်းပါ။ ဘုန်းတွေကဲတွေ မနိမ့်တဲ့အပြင် ဘုန်းရှင်ကံရှင်
ကောင် ဖြစ်လာဦးမှာ၊ ဟုတ်ပလား'

'အင်း… ဒီလိုဖြစ်ရင်လည်း ကျေနပ်ရမှာပေါ့တော်။ ကဲ…
က်ကြီး၊ အဲဒီနေရာကပဲ ဆက်ကစား၊ ဆက်ကစား'

သည်တော့မှ နက်ကြီးလည်း အေးမြ၏နှောင့်ယှက်ခြင်းမှ တစ်ရန်
လေတော့သည်။

'ဖူး… မောပါ့ကွာ၊ သခွပ်ပင်က မီးတကျိုကျိုဆိုတာ ဒါမျိုးပဲ။
… ရှိတဲ့လူတွေနဲ့ပဲ လူစုခွဲရအောင်ဟေ့။ ဟေ့ကောင်တွေ… လာကြကွာ၊
ရအောင်'

'လာပြီဗျို့၊ ကျုပ်တို့လည်း ရောက်လာပါပြီ'

ခုမှ ရွာဘက်က ပြေးဆင်းလာကြသော လှဦးတို့၊ ပေါက်စတို့
တွလည်း လေးငါးဦး ရောက်ချလာကြသဖြင့် လူအင်အား အတော်
င့်တင်းသွားသည်။

ဟိုဘက် သည်ဘက် လူခွဲလိုက်ရာ တစ်ဖက်ကိုးယောက်စီဖြင့်
တန်နိုင်သွားသည်။

ထိုနေ့အဖို့ကတော့ ဆိတ်ကုလားရွာသားတွေ၏ ခြေထောက်နှင့်
လုံး စတင်မိတ်ဆက်ကြသည့်နေ့ပင် ဖြစ်သည်။ ဒိုင်လူကြီးတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ။ ရောက်ရာပေါက်ရာ ကြုံသလို ကန်ကြခြင်းပင်ဖြစ်သည်။ အချိတ်အဆက်၊ အပေးအယူ စည်းကမ်းတကျ နည်းလမ်းတကျတော့ မဟုတ်သေး။ ဘောလုံးလိမ့်ရာကို တစ်ပြုံကြီး အစုလိုက်အပြုံလိုက် ဝိုင်းနှဲလိုက်ကြသည်။ ဦးသည့်သူက ဦးသလို ကန်သည်။ နတ်ကြီးသည် ဘောလုံးပွဲစကန်၍ ၅ မိနစ်ကျော်ကြာသည်အထိ သူ့ဂိုးတိုင်ဘက်သို့ ဘောလုံးရောက်မလာသောအခါ လက်ခမောင်းခတ်လေသည်။

'ကြိုက်ပြီဟေ့... အဲသလိုသာ ကန်ကြစတမ်းဆိုရင် နောက်တစ်နေ့ကျ ငါက အိပ်ရာလိပ်ပါ ထမ်းယူလာခဲ့မယ်။ ဂိုးတိုင်နှစ်တိုင်ကြား အိပ်ရာခင်းပြီး တစ်ရေးတစ်မော အိပ်ရုံပဲ။ အချိန်စေ့သွားတော့မှ ကိုယ့်အိပ်ရာလိပ် ကိုယ်ပြန်သိမ်းပြီး ထမ်းပြန်ရုံပဲ။ ငါ ဂိုးသမားလုပ်မိတာ ပွပြီ၊ ပွပြီ'

ဝမ်းသာအားရအော်ပြီး နောက်သို့ ဂိုးတိုင်ကိုမှီ၍ ထိုင်လေသည်။

နတ်ကြီး ခြေပစ်လက်ပစ် ထိုင်နေပုံနှင့်ဆိုလျှင် ဟိုးအဝေးကြီးက လှမ်းကန်သွင်းလျှင်တောင် ဂိုးပေါက်သာ တည့်ပစေ။ ချက်ချင်းဂိုးမှာပဲဖြစ်သည်။ သို့သော် ဘောလုံးကား သူ့ထံသို့ မရောက်။ တစ်ဖက်ဂိုးတိုင်ဘက်သို့လည်း မရောက်ဘဲ ကွင်းထဲမှာပဲ တဝဲလည်လည်လှည့်နေသည်။

'တောက်... ကြည့်ရတာကတော့ ယုန်ဖြူဖြူလေး တစ်ကောင်နောက်ကို ခွေးအတွေ ဝိုင်းအမဲလိုက်နေကြတဲ့အတိုင်းပဲ။ တို့လူတွေ ဟုတ်ဟုတ်ပါ့မလားဟေ့'

နောက်က ဘယ်အချိန်က ရောက်နေမှန်းမသိ။ ကိုဖျော့ကြီး၏အသံထွက်လာတော့မှ ကိုကြည်က လှည့်ကြည့်မိတော့သည်။

'ဟာ... ဒီကနေ့မှ စကန်တာ။ ဒီလောက်တော့ ရှိမှာပေါ့။ နောက်နေ့ တွေကျတော့ အကျင့်ရသွားရင် တိုးတက်လာမှာပေါ့။ နည်းပြလုပ်ပေးမယ့် မြို့က ဆရာလေးလည်း သောကြာနေ့ကျရင် ရောက်လာဦးမှာပဲဟာ။ အဲဒီ တော့မှ စည်းကမ်းတကျ အကွက်ဆန်းတွေ အပေးအယူ အချိတ်အဆက်တွေ သင်ပြပေးတော့ ကစားတတ်လာမှာပေါ့'

ကိုကြည်ကပြောတော့ ကိုဖျော့ကြီးက သက်ပြင်းကြီးချသည် ပြီးမှ စိုးရိမ်သောလေသံဖြင့်-





'အင်း... အဲဒီဆရာလေးတစ်ယောက်တည်းကို အားကိုးနေလို့ ဖြစ်ပါ့မလား ကိုကြည်ရ'

'ဒါတော့ ကိုယ့်ရွာခံ လူတွေထဲကလည်း ဆရာလေးနဲ့ တွဲပြီး တတ်သလောက် မှတ်သလောက် သင်ပြပေးရမှာပေါ့။ ကျုပ်ကလည်း အသင်းအုပ်ချုပ်တဲ့အထဲမှာ ပါလေတော့ မြို့ကဝယ်လာတဲ့ ဘောလုံးဂျာနယ်တွေကို ဖတ်မှတ်လေ့လာနေပါပြီ။ ကျုပ်လည်း ဝင်ပြီး သင်ပြပေးဦးမှာပါ။ ဟဲ... ဟဲ... ဟဲ...'

ကိုကြည်၏ လေကြီးမိုးကြီးကြောင့် ကိုဖျော့ကြီး မျက်နှာရှုံ့မဲ့သွားသည်။

'အံမာ... ကြီးကျယ်လိုက်တာ မောင်ကြည်ရာ။ မင်းက ဘာတွေများ လေ့လာနေလို့တုန်း'

'ဒီမှာ ကိုဖျော့ကြီး၊ ခင်ဗျားက ဘာမှမလုပ်ဘဲနဲ့ လာညြင်ါဒကာထားနေနဲ့ဗျ။ မောင်ကြည်တို့က လှစ်လှစ်ကလေးရယ်။ ကျုပ် အခု ဗဂုဆန်အကြောင်း အလွတ်ကျက်နေတယ်၊ မှတ်ထား'

'မကြားဖူးပါဘူးကွာ၊ ဗဂုဆန်ဆိုတာက နောက်အသစ် ပေါ်တဲ့ဆန်လား၊ ဘောလုံးသမားတွေကို ချက်ကျွေးဖို့ သင့်တော်တဲ့ ဆန်ပေါ့လေ။ အားကစားသမားတွေ အားရှိအောင်စားတဲ့ ဆန်အသစ်တောင် ပေါ်နေပြီပေါ့တယ်။ မင်းတို့ ဝယ်ချက်တဲ့နေ့ကျ ငါလည်း လက်တို့ကြဦးကွ။ တစ်နပ်လောက်မြည်းရင်း စားကြသေးတာပေါ့။ သူကြီးကိုလည်း တစ်ဖလုံတော့ ပို့သင့်တာပဲ။ တော်တော် အာဟာရဖြစ်စေတယ်ဆိုရင်တော့ တို့ရွာအသင်းအတွက် အများဆုံးဖြတ်ချက်နဲ့ တစ်တင်းခွဲနှစ်တင်းတော့ ဝယ်သာဝယ်ကွာ။ ဘယ်လောက်ပေးရ ပေးရ'

ကိုဖျော့ကြီးက စွတ်တင်သည်။ ကိုကြည်က ဂျာနယ်ထဲမှာ တွေ့ရသည့် မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်း၏ နည်းပြကြီး ဖာဂူဆန်ကို ပြောခြင်းဖြစ်သည်။ ဒါကို ကိုဖျော့ကြီးက အားကစားသမားတွေအတွက် သန့်စိုက်ပျိုးထုတ်လုပ်သည့် အာဟာရအထူးပါဝင်သော စားစရာဆန်သစ်မျိုးဟု ယူဆကာ ပါးစပ် တပြင်ပြင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ… ခင်ဗျား ဘာတွေလျှောက်ပြောနေတာတုန်းဗျ'

'မင်းပဲ ဖာဂူဆန်အကြောင်းပြောလို့ ငါက ထောက်ခံနေတာလေ။ ပေါ်ဆန်းမွေးတို့ တောင်ပျံမွေးတို့ထက်ပဲ ကောင်းနေဦးမလား မပြောတတ်ဘူး။ ကိုယ့်ရွာက ဘောလုံးသမားတွေအတွက်ကတော့ ဝယ်သင့် ချက်သင့်တယ်လို့ ထောက်ခံနေတာ။ မပူပါနဲ့။ သူကြီးကိုလည်း ဝယ်ချက်သင့်ကြောင်း ငါ ထောက်ခံချက်ပေးလိုက်ပါ့မယ်'

'ခက်ပါ့ဗျာ… ဒီမှာ ကိုဗျော့ကြီး၊ ခင်ဗျားဟာလေ စားဖို့ သောက်ဖို့အတွက်ဆို အငတ်ကြီးကိုကျတယ်။ ဖာဂူဆန်ဆိုတာက နည်းပြဆရာကြီးကို ပြောနေတာဗျ။ ဘာမှန်းမသိဘဲ သွားရည်တမြားမြားနဲ့။ နောက်ထပ် လေ့လာရဦးမယ့် ဒေးဗစ်ဘက်ခမ်းတို့၊ ဝိန်းရူနီတို့အကြောင်းတွေတောင် ခင်ဗျားကို ပြောလို့ မဖြစ်တော့ဘူး'

ကိုကြည်က သိထားပြီးသမျှဖြင့် ဖိဟောက်သည်။ ကိုဗျော့ကြီးက သူလို ဆယ်အိမ်မှူးကို ဖိဟောက်ရပါ့မလားဟု ကျွဲမြီးတိုသွားသည်။ ထို့ကြောင့် ပြန်ဘုတောလေတော့သည်။

'ဘယ်သိမလဲကွ၊ ဒီလိုဆိုလည်း အစောကြီးကတည်းက ပြောပါလား။ ဒေးဗစ်ချန်းဆိုတာကတော့ တရုတ်ကွန်ဖူးမင်းသားပဲ။ သူ့ဇာတ်ကား နှစ်ကားလောက် ကြည့်ဖူးတယ်။ မြို့ကိုရောက်တုန်းက ဒီရုပ်ရှင်မင်းသားက ဘောလုံးလည်း ဟန်သေးသကိုး။ ဒီကောင် ကန်ရင်တော့ အခုန်တွေ အဆွဲတွေနဲ့ကန်မှာပဲ။ ရုပ်ရှင်ထဲမှာ သိုင်းချတာကတော့ ခုန်သကော ပျံသကော ကြည့်လို့ကောင်းသားကွ'

ကိုကြည် တော်တော်စိတ်ညစ်လာသည်။ ကိုဗျော့ကြီးကို ကြည့်လိုက်တော့ အတည်ပေါက် ရမ်းတုပ်နေခြင်းပင်။

'တော်စမ်းဗျာ… တော်ဆိုရင်တော်၊ ခင်ဗျားလို ပိဋကတ်အိုးကွဲနဲ့ ပြောနေလည်း အပိုပဲ။ ဒေးဗစ်ဗက်ခမ်းပါဗျ။ ဒေးဗစ်ချန်း မဟုတ်ပါဘူး။ တရုတ်မင်းသားလည်း မဟုတ်ဘူး။ ဒီကောင်က ဖလီးကစ်ကန်တဲ့အရာမှာ ဗိုလ်ပဲတဲ့'

'ဘာလဲ ဖလီးကစ်ဆိုတာ'





'ကျုပ်လည်း လေ့လာရဦးမှာပါဆိုနေ။ မြို့က ဆရာလေးလာမှ မေးကြည့်ရမှာပေါ့။ အဲဒီ အသင်းမှာ နောက်တက်လာတဲ့ ဝိန်းရူနီဆိုတာလည်း ဘိုက်စစ်ဆင်တာ အတော်ကောင်းသတဲ့'

'ဒါတော့ ငါ မကြားဖူးဘူး။ လူနီဆိုရင်တော့ အိန္ဒိယလူနီလူမျိုးထဲက ဖြစ်မှာပေါ့။ ဒါထက် မလာပါဘူးကွာ၊ မဟုတ်ဘူးလား'

'မဟုတ်ဘူး… မဟုတ်ဘူး၊ လူနီမဟုတ်ဘူး လူဖြူ။ အဲ… အကုန်ပါပြီဗျာ။ အဲဒီ ကောင်လေးရဲ့နာမည်က ဝိန်းရူနီတဲ့၊ မှတ်ထား'

ကိုကြည်နှင့် ကိုဗျော့ကြီးတို့နှစ်ယောက်တည်း ပြောရင်းနှင့် အူချာလိုက်ကုန်သည်။

ကိုကြည်ကလည်း ဆိတ်ကုလားကာလသားခေါင်း ဟူသော မာနတစ်ခုသားရှိသည်။

ကိုဗျော့ကြီးကလည်း ဆိတ်ကုလား ဆယ်အိမ်မှူးဟူသော အဝင်အထွက်တင်းသားလောက်ရှိသည်ဆိုတော့ တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးစတမ်း ငြင်းကြသည်။ ကြာလျှင် သူတို့နှစ်ယောက်က ကွင်းဘေးမှာ ခေါင်းထလုံးကြဖို့ပဲ ရှိတော့သည်။

တော်ပါသေး၏။ သူတို့နှစ်ယောက် ထမလုံးခင်တွင် ကွင်းထဲက ဘောလုံးသမားတွေ အပြင်ထွက်လာကြသည်။

အားလုံးလည်း ချွေးဒီးဒီးကျနေကြပြီး မောဟိုက်နေကြပြီဖြစ်သည်။

အလေ့အကျင့်မရှိခဲ့ကြသည်ကတစ်ကြောင်း၊ ဘောလုံးနောက်ကို ပြုံကြီး တကောက်ကောက် ပြေးလိုက်နေခဲ့ကြသည်က တစ်ကြောင်း၊ အပြင် ကစားရသည့် ကွင်းအနေအထားကလည်း မသက်သာ။ အောက်က သဲသောင်ပြင်ကြီးဆိုတော့ ပြေးရတာ မလွယ်။ မြေပြင်လို ခြေနှုတ်ခြေသိမ်း သွက်လက်နိုင်။ သဲထဲမှာ ရုန်းနေကြရသေးသည်ဆိုတော့ မြေပြင်ကွင်းထက် နှစ်ဆပို အားစိုက်ထုတ်ကြရသည်။

အားလုံးထဲမှာ သက်သက်သာသာရှိသူဆို၍ ဟိုဘက်ဂိုး ဒီဘက်ဂိုးမှာ ထိုင်နေခဲ့ကြရသည့် နက်ကြီးနှင့် အောင်တင်တို့ နှစ်ယောက်သာ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အလေ့အကျင့်မရှိကြရသည့် ကြားထဲက ၁၅ မိနစ်ကျော်ကျော်
အင်တိုက်အားတိုက် ပြေးကြလွှားကြဖြင့် ကန်လိုက်ကြလေရာ အားလုံး
ပိုးလိုးပက်လက်လန်ကုန်ကြသည်။

'ဟေ့ကောင်တွေ... အတော်မောသွားကြပလားဟေ့'

ကိုဗျော့ကြီးက ဘောလုံးသမားတွေကို ခြုံကြည့်ပြီး မေးလိုက်
သည်။

'မောသလားမမေးနဲ့ဗျို့၊ ဟောဟဲ ဆိုက်သွားတာပဲ။ လူတွေက
အကျင့်မရှိသေးတာကိုး'

ဖိုးထူးက ဟောဟဲဆိုက်နေသံဖြင့် ပြောသည်။

'လူတွေကလည်း ဆေးလိပ်သမား၊ ထန်းရည်သမားတွေကိုးကွ
ဒီလောက်တော့ ခံရမှာပဲ။ မင်းတို့ ဒီရက်ထဲမှာ ဆေးလိပ်တို့ ထန်းရည်တို့
မသောက်ဘဲ ဆင်ခြင်နေကြကွာ။ သစ်ချိုကုန်းကို အပြတ်အသတ်နိုင်ရင်
နေ့ညကျတော့ ရှက်အိုးနဲ့ လေးငါးလုံးတည်ပေးမယ်။ အဲဒီတော့မှ ပျော်ပွဲ
အောင်ပွဲခံရင်း သောက်ကြ။ ရွာက ရုံပုံငွေစရိတ်နဲ့ လုပ်ပေးမယ်'

ကိုကြည်က သြဝါဒချွေလိုက်သည်။

ထိုသြဝါဒကို ဖိုးတေက ချက်ချင်းထောက်ခံလေသည်။

'ဟုတ်တယ်ဗျ... ဒီရက်တွေထဲမှာတော့ ဆင်ခြင်ကြမှ ဖြစ်မယ်
ဘယ့်နှယ်... ၅ မိနစ်လောက်ရှိသေး၊ အမောက ရင်ခေါင်းဆိုက်နေပြီ'

'ဒါတင် မကသေးဘူးကွ၊ သစ်ချိုကုန်းအသင်းကိုလည်း တစ်ရက်
တော့ သွားလေ့လာကြဦးမှ ကောင်းမယ်ထင်တယ်။ တို့ ဒီက နားတဲ့တစ်ရက်
သွားအကဲခတ်ကြရင် ဘယ်လိုနေမလဲ'

သန်းပုက တွေးတွေးဆဆဟန်နှင့် ဝင်ပြောသည်။

'ကောင်းသားပဲ... မင်းနဲ့ ငါနဲ့ တစ်ရက် သွားချောင်းကြရအောင်'

ကိုကြည်ကလည်း စဉ်းစားမိဟန်ဖြင့် ဝင်ပြောသည်။ မှန်သည်
ကိုယ့်ရွာသားအသင်းဘက်ချည်း မဲတင်နေလို့မရ။ တစ်ဖက်ရွာအသင်း
ကိုလည်း လေ့လာထားသင့်သည်ဟု သူထင်သည်။

'ဒါဖြင့် ဆရာလေးမလာခင် တစ်ရက်တော့ သွားကြသေးတာပေါ့'





ထိုစဉ်အခိုက်မှာပင် ရွာသူကြီးဦးစံဖြိုး ရောက်လာသည်။ ဘောလုံး
ကန်နေကြပြီ သတင်းကြား၍ အားပေးရမည့် တာဝန်ဝတ္တရားအရ ထလာ
ခဲ့ခြင်း ဖြစ်သည်။

'ဘယ်လိုလဲဟေ့... ကန်လို့ အဆင်ပြေကြရဲ့လား'

'ပြေမှာပါ ဘကြီးဖြိုး၊ ဒီနေ့တော့ အစဆိုတော့ လူတွေ ပက်လက်
လန်ကုန်တာပေါ့'

ဖိုးတေက ဝင်ဖြေသည်။ သူတို့မှာ ခုထိ မောနေတုန်းရှိသေးသည်။

'ပက်လက်လန်ကုန်တာ ပြောလို့ကွာ။ ငါမြင်တာပြောရရင်တော့
မင်းတို့ဟာက ယုန်တစ်ကောင်ကို ခွေးအတွေ ပိုင်းလိုက်သလို ဒီဘောလုံး
သွားလေရာ တကောက်ကောက်ပြေးလိုက်နေကြရတာနဲ့ပဲ ဘယ်သူမှ
ထိထိမိမိကန်ကြရတယ် မရှိဘူး။ ဘယ်သူမှလည်း ဝေးဝေးရောက်အောင်
မိမိရရ ကန်လိုက်ရတယ်မရှိဘဲ ဘောလုံးက မင်းတို့လူအုပ်ရဲ့ ခြေထောက်
တွေကြားထဲမှာ ပျောက်ပျောက်နေတာ။ မင်းတို့ ကန်ကြပုံ မဟုတ်သေး
ဘူးထင်တာပဲ'

ကိုဗျော့ကြီးက ဝင်မှတ်ချက်ချပြန်သည်။

'ဒါကတော့ အဲလိုမကန်ဘဲ ဘယ်လိုကန်ကြမလဲဗျ။ သစ်ချိုကုန်း
နဲ့ကန်တော့ ဒီထက်တောင် ပိုအသည်းအသန် လုကန်ကြရဦးမှာ။ ဘောလုံး
ကန်တယ်ဆိုတာ သူ့ခြေထောက်ထဲက ဘောလုံးကို ကိုယ့်ခြေထောက်ထဲ
ရောက်လာအောင် လုကန်ကြရတာပဲ မဟုတ်လား'

လှဦးက ကိုဗျော့ကြီးကို ပြန်မေးသည်။ ကိုဗျော့ကြီး ဘာပြန်
ပြောရမှန်းမသိဘဲ ခေါင်းကုတ်ပြန်သည်။

တစ်လျှောက်လုံး နံဘေးကရပ်၍ ငြိမ်နားထောင်လာခဲ့သော
သူကြီးဦးစံဖြိုးက လှဦးစကားအပြီးတွင် ကိုကြည့်ဘက်သို့ လှည့်၍ အပြစ်
တင်သံဖြင့် ပြောလေတော့သည်။

'မောင်ကြည်ကလည်းကွာ... အစောကြီးကတည်းက ပြောထား
ရက်နဲ့'

'ဗျာ... ဘာပြောလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကလေးတွေ ဘောလုံးကန်တာတို့ ဘယ်နှလုံးထုတ်ပေးသလဲ'

'တစ်လုံးပေါ့ဗျ'

ဤတွင် သူကြီး၏မှတ်ချက်ကြောင့် ကိုကြည် ပက်လက်လန်သွားရလေသည်။ သူကြီးက 'ညံ့တဲ့ကောင်ပဲ'ဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့်ကာ ပြော၏။

'အဲဒါ ခက်တာပေါ့ကွ၊ နှစ်လုံးသုံးလုံး ချပေးလိုက်ပါ။ ဖောဖောသီသီ ကန်ကြစမ်းပါစေ၊ နှစ်လုံးသုံးလုံး ကန်ကြရရင် ခုလောက်ကြီး ဘယ်မောပါ့မလဲ၊ မင်းဟာက မနှမြောရတာကို နှမြောနေတာကိုး'

• ဟူ၏။

☐ ☐ ☐





- ၆ -

တကယ်တော့ သစ်ချိုကုန်းနှင့် ဆိတ်ကုလားသည် နှစ်ရွာလုံး ဘဝတူတွေဟု ဆိုနိုင်သည်။

အဘယ်ကြောင့် ဆိုသော် နှစ်ရွာလုံးသည် မြို့နယ်မြို့ဖြစ်သော မြို့သာယာနှင့် မိုင် ၄၀ ခန့်ဝေးသော အစွန်အဖျားရွာနှစ်ရွာ ဖြစ်ကြတာချင်း တူ၏။

ထို့ကြောင့် မြို့နယ်နှင့်ပတ်သက်သော လှုပ်ရှားမှုတိုင်းမှာ လျစ်လျူရှုခံကြရတာချင်းလည်း တူ၏။ အစွန်အဖျားကျသော ရွာနှစ်ရွာဖြစ်ရုံမျှမက လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲသည်ဖြစ်ရာ မြို့နယ်လူကြီးများကလည်း တော်တန်ရုံကိစ္စဆိုလျှင် ထိုနှစ်ရွာကို ထူးထူးထွေထွေ စာရင်းသွင်းမနေခဲ့ကြတော့။ ရွာသူရွာသားတွေမှာ တကူးတကန့် ပင်ပန်းကြရသောကြောင့် 'ကဲ... နေပေ့စေတော့'ဟု စာနာထောက်ထားကာ ချန်ထားရစ်ခဲ့သည်ချည်းဖြစ်၏။ ယခုတစ်ခါကတော့ မရတော့။ နိုင်ငံတော်မှ အားကစားနှင့်ပတ်သက်၍ အင်တိုက်အားတိုက် ဖော်ဆောင်လိုက်သော ဆောင်ပုဒ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အညီ မဖြစ်မနေ ပါဝင်ဆင်နွှဲကြရမည်ဟူသော စီမံချက်ကြောင့် ပါဝင်လာကြရခြင်း ဖြစ်သည်။ ထိုနှစ်ရွာနှင့် နီးနီးနားနားရွာဟူ၍လည်းမရှိ။ သူတို့နှစ်ရွာတည်းပဲ ချောင်ကျကျမှာ ရပ်တည်နေကြရရင်း မတည့်ကြခြင်းဖြစ်သည်။

တကယ့် တကယ်ကတော့ ဘာမျှဝေးကြသည်မဟုတ်။ ဟိုဘက်ရွာ သည်ဘက်ရွာကို စက်ဘီးဖြင့်နင်းသွားလျှင် မိနစ် ၂၀ လောက်နှင့် ရောက်သည်။ ရွာအခေါ် ရပ်အခေါ်ကတော့ တစ်တိုင်ခွဲသာသာပေါ့။ ဒါထက်ဝေးသည်မဟုတ်။

သည်နေ့လည်း သန်းပုနှင့် ဖိုးတေတို့သည် ညနေ ၃ နာရီလောက်ကတည်းက ဆိတ်ကုလားမှ ထွက်လာခဲ့ကြသည်။ ခြေလျင်ဖြတ်လမ်းမှ လာခဲ့ကြခြင်း ဖြစ်သည်။

သန်းပုက ကိုကြည့်ကို သွားခေါ်သေးသည်။ ကိုကြည်က မလိုက်။

သူဝယ်လာခဲ့သောဂျာနယ်တွေ တစ်ထပ်ကြီးနှင့် တစ်ယောက်တည်း အလုပ်များနေလေ၏။

'မင်းတို့က ခုညနေ မကန်ကြတော့ဘူးလား'

'မကန်တော့ဘူး၊ ဒီနေ့ နားမယ်လို့ ပြောထားကြတယ်။ လူတွေလည်း ပေါင်တွေတောင့်၊ ခြေသလုံးတွေနာနဲ့ အီစလန်ဝေနေကြလို့ နားချင်တယ်ပြောတယ်။ ဒါကြောင့် သစ်ချိုကုန်းအသင်းကို သွားချောင်းမလို့'

သန်းပုက ပြန်ပြောသည်။

'မဖြစ်သေးဘူးကွ၊ ငါလည်း ဂျာနယ်တွေကို အသည်းအသန် လေ့လာနေတယ်။ ဆရာလေးက သောကြာနေ့ကျရင် ရောက်လာတော့မှာ။ အဲဒီမှာ သူသင်တော့ ပြတော့ သူတစ်ယောက်တည်းဆိုရင် စိတ်ပျက်သွားလိမ့်မယ်။ အဲဒီကျရင် ငါလည်း ဝင်ပြောနိုင် ဆိုနိုင်အောင် လေ့လာနေရသေးတယ်။ ဒီတော့ ဒီလိုလုပ်ကွာ၊ ဖိုးတေကို အဖော်ခေါ်သွား။ မင်းတို့နှစ်ယောက် သွားလိုက်လေ'

ကိုကြည်က ကမ္ဘာ့ဘောလုံးအသင်းတွေကို အပြင်းအထန် လေ့လာဆည်းပူးနေရသဖြင့် မလိုက်နိုင်သေးသည့်ပုံစံဖြင့် ပြောသည်။ သူ့နံဘေးမှာ ဘောလုံးဂျာနယ်တွေ ပိုင်းကြီးပတ်ပတ်ဒူဝေဝေ ဖြစ်နေသည်။



'ဒါဖြင့်လည်း နေခဲ့ဗျာ၊ ကျွန်တော်နဲ့ ဖိုးတေပဲ သွားမယ်'

'အေး... သေသေချာချာလည်း လေ့လာခဲ့ကြဟေ့။ သူတို့လည်း ...တို အပြတ်ဆော်ချင်တာနဲ့ အပြင်းအထန်လေ့ကျင့်နေကြလောက်ပြီကွ။ ...လာရင် သေသေချာချာမှတ်သားလာပြီး ပြန်ပြောပြဦးကွ။ ဆရာလေး ...တော့လည်း ပြောပြရဦးမှာ မဟုတ်လား'

'ဟုတ်ပြီ အစ်ကိုကြည်၊ ဒါဆို ကျွန်တော်တို့သွားမယ်'

သန်းပုနှင့် ဖိုးတေတို့ နှစ်ယောက်သား ခြေလျင်ပင် ကြိတ်လာခဲ့ကြသည်။

သူတို့က လူငယ်ခြေလှမ်းဖြစ်သည့်အပြင် အနီးဆုံးဖြတ်လမ်းတို့မှ ...ခဲ့ကြသဖြင့် သစ်ချိုကုန်းကို နာရီဝက်သာသာနှင့် ရောက်ကြသည်။ ...တို့ရောက်တော့ ညနေသုံးနာရီခွဲပြီးရုံကလေး ရှိသေးသဖြင့် အတန်ငယ် ...နေသေးသည်။

'စောသေးတယ်ကွ၊ တစ်နေရာရာသွား အချိန်ဖြုန်းရအောင်'

သန်းပုပြောတော့ ဖိုးတေက အကြံညာဏ်ကောင်းကို ထုတ်လေသည်။

'အချိန်ဖြုန်းရအောင် လက်ဖက်ရည်ဆိုင်ရှိတဲ့ရွာမှ မဟုတ်ဘဲ။ ...န်းရည်ဆိုင်ပဲရှိတယ် ကိုယ့်လူ။ မောမောနဲ့ တစ်ယောက် တစ်လုံးစီ ...က် သောက်ကြရအောင်လေ'

'မင်းက လုပ်လာပြီ'

'ဟာကွာ... တစ်ယောက်တစ်ပုလင်းစီနဲ့ ဘာမှမဖြစ်ပါဘူးကွ။ ...စမ်းပါ... စိတ်ချ၊ လွန်အောင်မသောက်ဘူး၊ စကားစမြည်ပြောလို့ ...င်းရုံ အချိန်ဖြုန်းရုံပေါ့'

သည်လောက်ကတော့ သူတို့ရွာသားတွေအဖို့ ဆန်းကြယ်လှသည် ...တ်။ ခဏတဖြုတ် အမောဖြေထိုင်ကြသလောက်သာ ရှိသည်။

'ကဲကွာ... ဒီလိုဆိုလည်း သွား၊ ရှေ့ကသာ ကြွပေတော့'

သန်းပု လိုက်လျောလိုက်ရတော့သည်။ ရွာလယ်လမ်းအတိုင်း ...တ်လာကြရင်း ကုန်စုံဆိုင်တစ်ဆိုင်ကို တွေ့သည်။ ဆိုင်က အတော်

www.burmeseclassic.com



ကလေး ပြည့်ပြည့်စုံစုံရှိသည်။ ပဲကြော်၊ လက်ဖက်တွဲတွေနှင့် အချိုမှုန့်ထုပ် … ငယ်ကလေးတွေကအစ စုံစီနဖာ အတွဲမျိုးစုံ ချိတ်ဆွဲထားတာလည်း တွေ့ … တော့ သန်းပုက ချိုးဝင်သည်။

'ခဏနေဦးဟော့ ဖိုးတေ၊ ဒီမှာ အတွဲအဖက်ကလေးတွေ ဝင်ဝယ် … ဦးမယ်'

အိမ်ဆိုင်ထဲသို့ ဝင်ခဲ့ပြီး တွဲလောင်းချဆွဲထားသော ပဲခြမ်းကြော် … ထုပ်များ၊ မြေပဲဆားလှော်ထုပ်များထဲမှ သုံးလေးမျိုး ဆွဲဖြုတ်သည် … လက်ဖက်နှပ်ပြီးသား အထုပ်ကလေးတွေလည်းတွေ့သဖြင့် သန်းပု အကြိုက် … ကျသည်။ လက်ထဲမှာ လေးငါးဆယ်ထုပ်လောက် ရှိတော့မှ ရပ်လိုက် … ၅၀၀ တန်တစ်ရွက်ကို ထုတ်သည်။ ဆိုင်ခုံပေါ်မှာ ဈေးရောင်းသူမရှိ။

'ဗျို့… ဆိုင်ရှင်တို့၊ ဆိုင်ရှင်တို့၊ ဒီမှာ ပိုက်ဆံယူပါဦး'

ဆိုင်နောက်ဘက်ထဲသို့ အသံကျယ်ကျယ်ဖြင့် လှမ်းအော်သည် …

'လာပြီ… လာပြီ'

နောက်ဘက် အိမ်ခန်းထဲဆီမှ အသံဟစ်သံနှင့်အတူ လူပါထွက် … လာသည်။

'ရော့… ဒီမှာယူထားတာတွေ တွက်ပြီး ယူလိုက်ပါဦး'

သန်းပုက လက်ထဲမှ ယူထားပြီးသား အထုပ်တွေကို လှမ်း … လိုက်ကာ မော့ကြည့်လိုက်သည်။

'ဟောဗျ…'

'အမယ်…'

သန်းပုထံမှ 'ဟောဗျ' တစ်လုံး ပြုတ်ကျသွားသလို ဆိုင်ထဲ … လည်း 'အမယ်' ဟူသော အာမေဋိတ်သံ ပြန်ထွက်လာသည်။ ထိုအသံနှစ် … က လေထဲမှာပင် တိုက်ဆိုင်သွားကြသည်။

သန်းပုမျက်နှာသည် ချက်ချင်းပင် စပ်ဖြီးဖြီးကြီးဖြစ်သွား၏။

'သြော်… လက်စသတ်တော့ ဒီကကိုး'

မြို့သာယာမှာတုန်းက သန်းပုနှင့် ဘုကျခဲ့သော ကောင်မလေး … ဖြစ်သည်။



အတူးသဖြင့် တောက်ပနေသော ကောင်မလေး၏ မျက်လုံးဝိုင်း … ကြီးတွေကို သန်းပု မှတ်မိပါသော်ကော။

'ဟုတ်ပါ့တော်… ဒီကလည်း ဘယ်သူများလဲမှတ်တယ်'

'သိနေတယ်ပေါ့လေ'

'ဟင့်အင်း… မသိပါဘူး၊ ခုမှ မြင်ဖူးတာပဲ'

'မလိမ်ပါနဲ့၊ မှတ်မိလို့ အမယ်လို့ပြောတာ မှန်သားပဲ'

'အို… ကျုပ်တို့က ဘယ်သူ့ကိုမှ မှတ်မထားဘူး'

'မှတ်မထားပေမယ့် မှတ်မိနေတာ အသိသာကြီးပဲ။ ဘေးကို … ကိုဆိုပြီး လူကို ချာလပတ်လည်အောင် တိုက်ချသွားတာလေ။ စိတ်ဆိုး … လည်း သေလိုက်လို့တောင် ပြောသွားသေးတဲ့ဟာ'

ကောင်မလေးမျက်နှာ ပြုံးစိစိ ဖြစ်သွားသည်။ ပြုံးလိုက်တော့ … ည်း အလှသားဟဟု တွေးမိ၏။

'ဒါဆို အဲဒီတုန်းက ဈေးဝယ်လာတာတွေက ဒီဆိုင်အတွက် … လေ။ လက်စသတ်တော့ ကုန်စုံဆိုင်ပိုင်ရှင်ကြီးကိုး၊ ဒါထက် နာမည် … က ဘယ်သူတဲ့ရယ်'

သန်းပုက ရှုးသလို ပေါသလိုစကားတွေ စွတ်ပြောထည့်ရင်း … ိုက်ဖမ်းပြီးမေးသည်။ ဒိုင်းခနဲ မျက်စောင်းကြီးတစ်ချက် လွှင့်လာ၏။ … ပုက လက်ဝါးတစ်ဖက်နှင့် အမြန်ကာလိုက်ရင်း-

'အမာလေး… ဖြည်းဖြည်းထိုးပါ၊ လူလည်း လွင့်သွားပါဦးမယ်၊ … က နာမည်ကိုလည်း မှတ်ထားဦး၊ ကိုသန်းပုတဲ့'

'သန်းပုဖြစ်ဖြစ်၊ ကြမ်းပိုးဖြစ်ဖြစ် လုံးဝမှတ်မထားဘူး'

'ဆိတ်ကုလားရွာက လာတာလေ'

'ဘယ်သူက မေးလို့လဲ'

'သြော်… သိထားရအောင်လို့ ပြောပြတာပါ။ လုပ်စမ်းပါဦး၊ … က နာမည်လေး တစ်ဆိတ်၊ မိတ်ဖြစ်ခွေဖြစ်ပေါ့'

'ခင်ဗျားနော်… လူကို ဘာမှတ်လို့လဲ။ အမေနဲ့ အော်တိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရမလား၊ ခွေးနဲ့ ရှူးတိုက်ရမလား၊ ဒုက္ခရောက်သွားမယ်။ အဲဒီနစ်ခုထဲက

ကြိုက်တဲ့နည်းရွေး'

'အောင်မယ်… ကြောက်စရာကြီး'

'ဟ… သန်းပုရ လာလေ၊ အဲဒီမှာ ဘာလုပ်နေတာလဲ'

သန်းပုက စွတ်တင်နေသဖြင့် နည်းနည်းကြာသွားသည်။ ဖိုးတေ

က ဘုမသိဘမသိ ဝင်လာရင်း လှမ်းပြောသည်။

'ဘာမှမဟုတ်ပါဘူး၊ ဒီမှာ ငါ့အသိနဲ့ တွေ့နေလို့ပါ၊ မိတ်ဟောင်း

ဆွေဟောင်းတွေကွ'

'အို… မဟုတ်ပါဘူး၊ မှန်း… ဘာတွေယူထားသလဲ'

ကောင်မလေးက မေးသည်။ သန်းပုက သူ့လက်ထဲက အထုပ်

တွေကို လှမ်းထိုးပြသည်။

'စုစုပေါင်း ရှစ်ထုပ်၊ လေးရာကျတယ်၊ ရော့… ပိုတဲ့ တစ်ရာ'

ကောင်မလေးက တစ်ရာတန်တစ်ရွက် လှမ်းပေးသည်။

'မအမ်းနဲ့တော့… နောက်ထပ် မြေပဲလှော်နှစ်ထုပ် ထပ်ယူလိုက်

မယ်၊ ကိုက်ပလား'

'အကိုက်ပဲ'

သန်းပုက အထိတ်တလန့်လန့်ဖြင့် မြူးမြူးပျာပျာ ငုံ့ကြည့်လိုက်

သည်။

'ဟင်… ခွေးလွှတ်လိုက်ပြီလား'

'အို… ဘယ်မှာလွှတ်လို့လဲ'

'မသိဘူးလေ၊ အကိုက်ပဲဆိုလို့ လန့်သွားတာပဲ'

ထိုခဏမှာပင် အိမ်ထဲဆီမှ အဒေါ်ကြီးတစ်ယောက်၏ လှမ်းခေါ်

မေးသံ ထွက်လာသည်။ သန်းပုအတွက်တော့ ဘုရားမတာပဲဟု ပြောရမည်

ဖြစ်သွားသည်။

'သမီးရေ… ညိုယဉ်၊ ဘယ်သူနဲ့ စကားပြောနေလဲ၊ ထမင်းအိုး

ဆူနေဦးမယ်နော်'

'ပြီးပြီ အမေရေ၊ ဒီမှာ ဈေးဝယ်လာလို့ ပိုက်ဆံအမ်းနေတာ'





ကောင်မလေးက ပြန်အော်ပြောသည်။ ကောင်မလေး စကားသံ

ဆုံးမှာ ပြုံးဖြီးဖြီးမျက်နှာထားဖြင့် သန်းပုက သွက်သွက်လက်လက်

ပြောလိုက်လေသည်။

'တကယ်လည်း မအမ်းရဘဲနဲ့ ဘာတွေလျှောက်ပြောနေတာတုန်း၊

…… နေပါနော်၊ နာမည်လေးမေးတာတောင် တွန့်တိုနေလိုက်တာ။

ပြောချင်လည်း နေပါတော့၊ ကိုင်း… သွားဦးမနော် ညိုယဉ်'

'ဟောတော့'

ကောင်မလေး နှုတ်ခမ်းကြီးစူပြီး ကျန်ရစ်ခဲ့လေသည်။ သူဖွင့်

ပြောဘဲထားသော နာမည်ကို သန်းပုက သိသွားသောကြောင့် ဖြစ်သည်။

'မင်းကတော့ လုပ်လိုက်ပြန်ပြီ၊ ကောင်မလေးက တကယ်အော်

နိုင်လို့ရှိရင် ရိုက်ပေါက်ကွ။ ပြေးပေါက်မှားတော့မှာပဲ'

'မမှားပါဘူးကွ… စိတ်ချစမ်းပါ၊ သူနဲ့ငါက သိဟောင်း ကျွမ်း

ဟောင်းတွေပါ'

'အံမယ်… ဘယ်တုန်းက သိလို့လဲ၊ ခုတောင် နောက်က လှမ်း

ခေါ်လိုက်လို့ နာမည် သိလာရတာများ'

ဖိုးတေက ရှုံ့မဲ့မဲ့ဖြင့်ပြောသည်။

'နာမည်ကသာ ခုမှသိတာကွ၊ လူချင်းက ဘုကျခဲ့ကြပြီးပြီ'

သန်းပုက သူနှင့် ကိုကြည်တို့ မြို့သာယာသွားခဲ့ကြစဉ်က ထို

ကောင်မလေးနှင့် တွေ့ဆုံကာ ဘုဘောက်ကျခဲ့ရပုံကို ပြန်ပြောပြလိုက်သည်။

ဖိုးတေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးမှ-

'ဒါကြောင့် အခုတွေ့ကြသခိုက် ကျောင်းတော်က ရန်စကို ဆက်

ဖွေးနေတာပေါ့လေ'

'အဲလိုထင်ရင် မှားမှာပေါ့ကွာ။ ငါ အဲဒီကောင်မလေးကို ကြိုက်

ကိုက်တိုက် ဖြစ်နေပြီ။ အခုလည်း မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရရုံနဲ့ ရင်ထဲ

မှာ အေးတေးတေးကြီး၊ နာမည်လေးကလည်း ညိုယဉ်တဲ့။ ရိုးရိုးကလေးနဲ့

လှသား၊ လူကလည်း ညိုညိုကလေးနဲ့ ယဉ်တယ်ကွ၊ မလှဘူးလားကွ'

ဖိုးတေ ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါဘူး၊ သူလိုင်ါလိုပါပဲ။ ငါ့မျက်စိထဲတော့ ထူးတယ် မထင်ပေါင်'

'မင်း တကယ်ပြောတာလား'

'တကယ်ပြောတာပေါ့'

'အောင်မလေး... ဝမ်းသာလိုက်တာ ဖိုးတေရာ'

သန်းပုက ဝမ်းခေါင်းသံကြီးနှင့် အားပါးတရပြောသည်။ ဖိုးတေ နားမလည်လိုက်။

'ဘာဆိုင်လို့ ဝမ်းသာရတာတုန်း'

သန်းပု ရယ်လိုက်သည်။

'မင်း တော်တော်တုံးသေးတာပဲ၊ မင်းမှမဟုတ်ဘူး၊ ဘယ်ယောက်ျား လေးကမဆို ညိုယဉ်ဆိုတဲ့ ကောင်မလေးကို အဲဒီလို မြင်ကြစေချင်တာပဲ ဘာဖြစ်လို့လဲဆိုတော့...'

သို့သော် သန်းပု စကားမဆုံးလိုက်ချေ။ ဖိုးတေက ရှေ့ကဖြတ်ပြီး ပြောလိုက်သောကြောင့် ဖြစ်သည်။ သည်တစ်ခါ ဖြတ်ပြောလိုက်သည့် ဖိုးတေ၏စကားကတော့ သန်းပုကို ဇက်ပုသွားစေနိုင်ခဲ့လေသည်။

'တော်ပါကွာ၊ ဒီလောက်ဆိုရင် ငါသဘောပေါက်ပါပြီ။ မင်း သေချာတယ်။ စောစောတုန်းက ပြောလိုက်သလို မင်း အဲဒီကောင်မလေး ကို ကြိုက်တိုက်တိုက်ဖြစ်နေတာ မဟုတ်တော့ပါဘူး ငါ့လူ၊ ကြိုက်ကို ကြိုက်နေပြီဆိုတာ အသေအချာပဲ၊ ဒါကြောင့် ဒီစိတ်မျိုးဝင်လာတာ'

သန်းပုခမျာ ဖိုးတေ ပြောလိုက်ကာမှပင် ရင်တွေ တဒိန်းဒိန်း ခုန်လာရချေတော့သည်။

*

ရွာအစွန်က ထန်းတဲသို့ရောက်သည်နှင့် ဖိုးတေက ထန်းရည် နှစ်ပုလင်း မှာလိုက်သည်။ ပြီးနောက် ထန်းတဲက ထိုင်ခုံမှာ ဝင်ထိုင်မည် ပြင်သည်။ ထိုင်ခုံက ဝါးလုံးရှည်တွေကို တန်းစီခင်းပြီး ရိုက်ထားသော ထိုင်ခုံကြီးသာ ဖြစ်သည်။ စားပွဲရှည်တစ်လုံးကို အလယ်မှာချကာ ဟိုဘက်





သည်ဘက်က ဝါးလုံးရှည်နှင့် ရိုက်ထားသော ထိုင်ခုံရှည်တွေမှာ လူထိုင်ရန် ဖြစ်သည်။

'ဖိုးတေ... အထဲမှာ မထိုင်နဲ့ကွ၊ တို့က ထန်းတဲနောက်ဘက်ကို သွားရအောင်၊ ပုလင်းတွေ ချလာခဲ့'

သန်းပုက ခပ်တိုးတိုးကပ်ပြောသည်။ ဖိုးတေက ပြန်မေးသည်။

'ဟင်... ဘာဖြစ်လို့လဲ'

'ဪ... တုံးတဲ့ကောင်ပဲ၊ ထန်းတဲနောက်ဘက်က မြေပြင်မှာ ထိုင်သောက်တော့ တို့ကို လူမမြင်ဖူးပေါ့ကွ။ ထန်းရွက်တွေ အကာနောက်မှာ ထိုင်ကြမယ်၊ တို့ကိုမြင်ရင် သူတို့ပြောသမျှ ငါတို့ မကြားရတော့ဘူးမှတ်'

ဖိုးတေ သဘောပေါက်သွားသည်။ ဟုတ်သားပဲ။ သည်နေရာမှာ သန်းပုက ဉာဏ်ထက်သွားသည်။ သူတို့ကို တစ်စားပွဲတည်းမှာ အတူထိုင်သောက် နေတာ မြင်လျှင်တော့ ဘယ်သစ်ချိုကုန်းသားကမျှ ပွင့်ပွင့်လင်းလင်းပြောတော့ မည် မဟုတ်။ အထူးသဖြင့် ဘောလုံးအကြောင်း ပြောတော့မည်မဟုတ်။

'အေး... ဟုတ်သားပဲ၊ သွားနှင့်... ငါလာခဲ့မယ်'

သန်းပုက ထန်းတဲနောက်ဘက်သို့ ဝတ်လာခဲ့သည်။ ထန်းတဲနောက် ဘက်က မြေပြင်ပြောင်မှာ ဖိနပ်ခု၍ ထိုင်လိုက်သည်။ ဖိုးတေလည်း ထန်းနှစ်လုံးဆွဲ၍ ရောက်လာသည်။

'တို့ ဒီလောက်နဲ့ပဲ တော်ကြမယ်နော်၊ ထပ်မမှာကြေး'

'အေးပါ... အချိန်ဖြုန်းရုံ၊ ဇနည်းနာရုံသဘောပါ။ ခွေးကောင်... မင်းကပဲ ပြောရဦးမယ်။ အမှန်က အခုကိစ္စကို စလိုက်တဲ့ ငါ့ကို ကျေးဇူး တင်ရမှာ သန်းပုရ'

'ဘာပြုလို့လဲ'

'ဟ... ငါက ဒီကိုသွားရအောင်လို့ စလိုက်လို့ မင်း အမြည်းဝယ်ဖို့ ထတိရတာလေ။ အဲဒီ အမြည်းသွားဝယ်မိလို့ မင်း ကောင်မလေးကို တိုက် တိုက်ဆိုင်ဆိုင် သိရတာလေ၊ မဟုတ်ဘူးလား'

'မှန်ပါ့သဗျား... မှန်ပါ့သဗျား၊ ငါတော့ ဒုက္ခပါပဲကွာ။ ခုလို နေရတဲ့အိမ်ကိုပါ သိလိုက်ရပြီဆိုတော့ ရှုပိုးထိုးပြီး ခဏခဏ လာမိတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်နဲ့တူတယ်။ ပြန်စဉ်းစားကြည့်တော့ ဟုတ်တယ်။ ငါ အဲဒီကောင်လေးကို ကြိုက်တယ်ကွာ၊ ခုတောင် မျက်စိထဲမှာ မြင်ယောင်နေသေး’

သန်းပု ဝန်ခံစကား ပြောလေသည်။

‘ငါကလည်း မြင်ယောင်နေပါတယ်၊ မင်းကို ခွေးနဲ့ ရှူးတိုက်နေတဲ့ပုံစံကို’

‘ကွာ….နိမိတ်မရှိ နမာမရှိ’

အုန်းမှုတ်ခွက်များထဲသို့ ဖိုးတေက ထန်းရည်များ ငှဲ့ချသည်။ သန်းပုက မြေပဲလှော်ထုပ်၊ ပဲကြော်ထုပ်များကို ပုလင်းများအနီးသို့ ချ လိုက်သည်။ သူတို့ တစ်ယောက်တစ်ခွက်စီလောက် ဖြည်းဖြည်းနေးနေး သောက်ပြီးကြရုံရှိသေးသည်။ ထန်းရွက်များကို ထရံလုပ်၍ ကာထားသော ဆိုင်အတွင်းဘက်ဆီမှ စကားသံများ ပျံ့လွင့်လာသည်။ သန်းပုက ဖိုးတေကို မျက်စိပ်ပြကာ ‘ရှူး… တိုးတိုး’ ဆိုသည့်သဘောနှင့် နှုတ်ခမ်းပေါ်သို့ လက်ညှိုးထောင်ပြီး ကပ်ပြလိုက်သည်။

‘ဆိတ်ကုလားနဲ့ ငါတို့ရွာနဲ့ ဘောလုံးကန်မယ့်ကိစ္စက ဘယ်တော့လဲကွ’

‘ကာလသားခေါင်းကို ကြွက်နီကတော့ နောက် လေး ငါး ဆယ်ရက်လောက်မှာ ကန်ဖြစ်မယ်ထင်တယ် ပြောတာပဲ။ သူတို့ လူကြီးတွေချင်း ရက်သွားညှိကြလိမ့်မယ်ပေါ့ကွာ’

‘အောင်မယ်… မင်းက ဘာလို့ ဒီလောက်လောနေရတာတုန်း။ ကိုယ့်ရွာအသင်းကဖြင့် ဘယ်နှရက်မှ မကျင့်ရသေးဘဲနဲ့များ၊ ဆိတ်ကုလားသားတွေကတော့ သူတို့ ချောင်းရိုးက သဲသောင်ပြင်ပေါ်မှာ စကျင့်နေကြပြီတဲ့’

‘ဟုတ်မှာပဲ၊ သဲသောင်ထဲမှာ ဂိုးတိုင်နှစ်တိုင်စိုက်လို့ တွေ့ခဲ့တယ်’

‘ဘာမှမဟုတ်ဘူး၊ သစ်ချိုကုန်းသားတွေ တဒိုင်းဒိုင်းကန်သွင်းလို့ ခမျာမျာမှာ ကျကျနန စိုက်ထားကြရရှာတာပါကွာ။ ဆေးဖြူတစ်ရေး ဆေးမည်းတစ်ရစ်များတောင် သုတ်လို့လေ။ ဂိုးပေါက်က ဒီမှာပါခင်ဗျာလို့သာ မြင်သာထင်သာအောင် လုပ်ပေးထားကြရှာတာပါ’





‘ဝါး… ဟား… ဟား… ဟား…’

သူတို့ဟာသူတို့ ပြောပြီး သဘောကျစွာ ဝိုင်းရယ်လိုက်ကြသည်။ သန်းပုနှင့် ဖိုးတေတို့ကတော့ အသာငြိမ်၍ပင် နားထောင်နေလိုက်ကြသည်။ ပြောချင်ရာပြောကြပစေ။ သည်အချိန်မှာက ငြိမ်ငြိမ်ကလေးနေတာ အကောင်းဆုံးဟု နှစ်ယောက်စလုံး နားလည်ထားကြပြီး ဖြစ်သည်။

‘တို့ရွာအသင်းကတော့ ချိုကြီးနဲ့ မဲတူကို အဓိကအားကိုးရမှာပဲ။ မေတူးလည်း မဆိုးဘူး။ ဒီကောင်က တွန်းတွန်းတိုက်တိုက် ကစားအားရှိတယ်’

‘ဒါပေါ့… မနေ့က သူတို့ကန်ကြတာ သွားကြည့်တော့ ချိုကြီးက တော်တော်အလိမ်အခေါက် ကောင်းတာပဲ။ နှစ်ယောက် သုံးယောက်လောက်တော့ အသာကလေးရယ်ကွ’

‘ဒါတော့ မပြောနဲ့လေ၊ ချိုကြီးက မြို့သာယာက သူ့အဒေါ်အိမ်မှာသွားနေတုန်းက သူနေတဲ့ ရပ်ကွက်ဘောလုံးအသင်းမှာ ကန်ခဲ့ဖူးတဲ့ဝါရှိတာကိုး။ အဲဒီတုန်းက သူက အရံလူတောင်မဟုတ်ဘူး။ အဓိကလူတွေထဲမှာတောင် ပါခဲ့တယ်တဲ့။ မနေ့တုန်းက ကွင်းထဲမှာ သူပဲ ဦးဆောင်သင်ပြပြီး ကစားပေးနေတာပဲ’

‘မဲတူကလည်း တော်တော်လိုက်နိုင်တယ်ဗျ။ ဒါကြောင့် ချိုကြီးက သူနဲ့အပါတွဲခေါ်နေတာ။ နှစ်ယောက်သား အပေးအယူနဲ့ ဂိုးဆီသွဲ့ပြေးတာကို ကျင့်ပေးနေတယ်။ ဘာလဲဗျာ… ဝမ်းတူး ရိုက်တယ်ဆိုလား။ ဟင်း… ဟင်း… ဆိတ်ကုလားအသင်းကတော့ ချိုကြီးနဲ့ မဲတူတို့ရဲ့ အဲဒီ ဝမ်းတူးတိုက်စစ်မှာ မရှုမလှ အရှုံးမီးဝိုင်းဖြစ်ရအောင် ကြံ့ထားပေတော့ပဲ’

‘ဒါနဲ့ တို့ ဒီကပြီးရင် ဘောကွင်းကိုသွားကြည့်ကြဦးမှာလား’

‘အေးလေ… သွားတာပေါ့၊ ဖြည်းဖြည်းပေါ့ကွာ၊ ခုလောက်မှ လူစုတုန်းနေမှာပါ။ တို့ရွာအသင်း လေ့ကျင့်လို့ အတော်အသားကျသွားတိုကြွက်နီတို့က ဆိတ်ကုလားကိုသွားပြီး ရက်ချိန်းတောင်းမယ်ထင်တာပဲ’

‘ဒါဆို သူ့ရွာကွင်း၊ ကိုယ့်ရွာကွင်း နှစ်ခါတော့ ကန်ရမှာပေါ့နော်’

‘ဒါပေါ့ကွ… တို့ရွာကွင်းကမှ မြေမာမာနဲ့ ကန်ပြုလို့ ကောင်း

www.burmeseclassic.com



ဦးမယ်။ ဆိတ်ကုလားကွင်းကတော့ တန်ပါကွာ။ ချောင်းထဲ သဲသောင်ပြင်ကြီးညစ္စာ၊ မစွံလောက်ပါဘူး’

သန်းပုနှင့် ဖိုးတေတို့ ခပ်မဆိတ်ပင် နေလိုက်ကြသည်။

ရှေ့တက်က ထန်းရည်ကလေးနှစ်ပုလင်းကုန်တော့မှ ခပ်လျှိုလျှိုထလာခဲ့ကြသည်။

သစ်ချိုကုန်းအသင်း လေ့ကျင့်နေကြတာက ရွာအရှေ့ဘက်က ရှင်ပင်အောင်တော်မူဘုရားကွင်းပြင် ဖြစ်သည်။ ဘုရားကွင်းပြင်က ဘောလုံးကွင်းတစ်ကွင်းစာမျှ ကျယ်သည့်အပြင် အောက်က မြေပြင်ကလည်း မြက်ခင်းမဟုတ်သည့်တိုင် မြေမာဖြစ်သည်။ ထို့ကြောင့် ကွင်းအနေအထားအရ သစ်ချိုကုန်းက သာသည်ဟု ဆိုနိုင်သည်။

‘ဒီအတိုင်းဆို သူတို့ရွာအသင်းကလည်း အတော်လေ့ကျင့်နေကြပြီပဲကွ သန်းပုရ’

ဖိုးတေက ပြောသည်။

‘ဒါကတော့ တို့ရွာကို အနိုင်ချချင်တာနဲ့ကို သူတို့ ကျင့်မှာပဲလေ၊ မဆန်းပါဘူး’

‘ဘာပဲဖြစ်ဖြစ် တို့တော့ ဟိုဆိုင်မှာ လွှားထိုင်ရကျိုးနပ်သွားပြီ။ သူတို့ရဲ့ အားအထားဆုံး ကစားသမားတွေကို သိခဲ့ရပြီလေ။ အဓိကကတော့ ချိုကြီးနဲ့ မဲတူပဲ။ အဲဒီမှာ ပိုအဓိကကျတာက ချိုကြီးပဲ။ သူက ခေါင်းဆောင်ဖြစ်မယ်။ မင်းနဲ့ ရာထူးချင်းအတူတူပဲ’

‘အေး… တွေ့ကြသေးတာပေါ့လေ၊ ချိုကြီးသော ညိုကြီးသော နားမလည်ဘူး၊ သန်းပုက အရမ်းထုပစ်လိုက်မယ်သာ မှတ်’

သန်းပုက ကြိမ်းသည်။ မှန်သည်။ သူကလည်း ဆိတ်ကုလားအသင်းခေါင်းဆောင် မဟုတ်လား။

‘ဟော့ကောင်… စကားများမနေနဲ့ကွ၊ ရှေ့မှာ… ရှေ့မှာ’

ဖိုးတေက လေသံတိုးတိုးဖြင့် အရေးတကြီး သတိပေးသလို ပြောသည်။ ထို့ကြောင့် လှမ်းကြည့်လိုက်မိတော့ သန်းပု ရှိန်းခနဲ ရင်တုန်သွားသည်။





ကြည့်စမ်း… ရွာလယ်လမ်းအတိုင်း မျက်နှာချင်းဆိုင်မှ လျှောက်လာသော ကောင်မလေးနှစ်ယောက်ကို မြင်လိုက်သည်။ တစ်ယောက်က သူ့ဘုကန့်လန့်မလေး ညိုယဉ်ဖြစ်သည်။ နှစ်ယောက်စလုံး ခေါင်းခုကိုယ်စီနှင့်၊ လက်ထဲမှာ သံပုံးကိုယ်စီနှင့်။ ရေခပ်ထွက်လာကြဟန်တူသည်။

ဝါးတစ်ရိုက်လောက်အကွာအဝေးသို့ ရောက်လာကတည်းက သူတို့ချင်း လှမ်းမြင်ကြပြီးဖြစ်သည်။ တဖြည်းဖြည်း လျှောက်လာကြရာ မျက်နှာချင်းဆိုင်လုလုသို့ ရောက်လာ၏။

‘သောက်ရေသွားခပ်ကြမလို့နဲ့ တူတယ်၊ ဟုတ်လား’

ညိုယဉ်နှင့် မျက်လုံးချင်းအဆုံတွင် သန်းပုက သီပေါင်း ကျွမ်းပေါင်းအလား နှုတ်ဆက်လိုက်သည်။ ညိုယဉ်က ဘာမှပြန်မပြောဘဲ နှုတ်ခမ်းကိုမဲ့လိုက်သည်။ သန်းပုနှင့် ဖိုးတေတို့ကို ဖြတ်ကျော်သွားတော့မှ နံဘေးက အဖော်ကောင်မလေးကို ပြောသလိုနှင့် ခပ်ကျယ်ကျယ်ကလေး ပြော၏။

‘ဒီနေ့ လေလည်းမတိုက်ဘဲနဲ့ ရွာထဲ ဘယ်ကအမှိုက်တွေ လွင့်လာသလဲ မသိဘူးနော်’

‘သေဟဲ့… နန္ဒိယ’

ဖိုးတေ နှုတ်ဖျားမှ ပြေးထွက်သွားသောအသံ၏ နောက်တွင် ကောင်မလေးနှစ်ယောက်ထံမှ ခိုးခိုးခစ်ခစ်ရယ်သံတွေ ကြားလိုက်ကြရသည်။ ဖိုးတေက မှတ်ချက်ချသည်။

‘အတော်အခြေအနေကောင်းဦးမယ့်ပုံပဲ၊ တို့ကို အမှိုက်တွေတဲ့’

‘ခက်တဲ့ကောင်ပဲ၊ ငါပြောတာကို သူ စိတ်မဝင်စားရင် အဲသလိုကို ပြန်ငေါ့မသွားဘူးကွ၊ သူတို့စကား သူတို့ပြောသွားမှာပေါ့။ ခုတော့ ငါ့စကားကို သူ ဂရုစိုက်နေမှန်းသိအောင် ပြန်ငေါ့ပြသွားတာ’

‘ဒီလိုတော့လည်း ကိုယ့်ဘက်ကိုယ် ယက်တတ်သေးသကိုး ကျလည်းကျတဲ့ကောင်’

ဖိုးတေက နှစ်ယောက်ချင်းကပ်၍ ဩဘာပေးသည်။

‘နေနှင့်ဦးကွာ… ဒီလောက်ရှိတဲ့ ကောင်မလေးတော့ ရအောင်တို



www.burmeseclassic.com

www.burmeseclassic.com



ပိုးမယ်၊ နေဦး... ပိုသေချာအောင် စုံစမ်းရေးဝင်လိုက်ဦးမယ်၊ ဟော့.... ချာတိတ်၊ ချာတိတ်'

သန်းပုက လမ်းနံဘေးတစ်နေရာတွင် ကစားနေသော ကလေးတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ကလေးက သူ့ကို လက်ပြခေါ်နေမှန်းသိ၍ထလျှောက်လာသည်။ သန်းပုက ကလေး၏ပခုံးကို ဖက်လိုက်ကာ-

'ညီလေး... ဟိုရှေ့ဘက်က ရေခပ်သွားတဲ့ အစ်မလေးတွေကို သိလားဟင်'

ကောင်လေးက ခေါင်းညိတ်ပြသည်။

'သိရင် သူတို့နာမည်တွေ ပြောစမ်းကွာ၊ ရော့... မင်း မုန့်ဝယ်စားဖို့ မုန့်ဖိုး'

မုန့်ဖိုး ၅၀ တန်တစ်ရွက် ထိုးပေးလိုက်သည်။

'တစ်ယောက်က မညိုယဉ်တဲ့၊ တစ်ယောက်က မပုတုတဲ့'

'ဟိုကွာ... ဈေးဆိုင်ကအစ်မလေးကို မေးတာ'

'ဟုတ်ပါတယ်ဗျ၊ အဲဒါက မညိုယဉ်ပါ'

သန်းပု ပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။

'ကိုင်း... ငါ့လူ၊ မင်း စုံစမ်းရေးကိစ္စက အတော်သေချာသွားပါပြီ။ ဒီကိစ္စကို ဒီတင်ရပ်ပြီး အရှေ့ဘက်ဘုရားကွင်းကိုသာ သွားကြစို့။ တော်ကြာ ကိုကြည် ပြန်မေးရင်တောင် တို့ ဘာမှမပြောတတ်ဘဲ ရှိနေဦးမယ်'

ဖိုးတေက သတိပေးသည်။ သည်တွင် သန်းပုက လက်မထောင်၍ ပြန်ပြောလိုက်သဖြင့် ဖိုးတေ မျက်လုံးပြူးသွားရလေသည်။

'စိတ်ချ ငါ့လူ၊ ပြန်မပြောတတ်မရှိစေရဘူး၊ ဘာကြောင့်တုန်းဆိုတော့ ငါက ဒီရွာကို တစ်နေ့တင်မကဘူး။ နောက်နေ့တွေမှာလည်း အလုပ်အားတိုင်း လာတော့ဖို့ ဆုံးဖြတ်ချက်ချလိုက်လို့ပဲ။ ဒီက ဘောလုံးသင်းအကြောင်းကို မသိချင်အဆုံး သိကြရမယ်သာမှတ်'

□ □ □





– ၅ –

မနက်အစောကြီး ဘုရားဝတ်ပြုနေတုန်းပဲ ရှိသေးသည်။

အိမ်ရှေ့က အဆက်မပြတ်လာခေါ်နေသောအသံကြောင့် ဆရာခန့် စိတ်လျှော့လိုက်ကာ ဘုရားကို ဦးသုံးကြိမ်ချပြီး ဘုရားရှိခိုးခြင်းကို ရပ်ဆိုင်းလိုက်သည်။

'ဘယ်သူတုန်းဟ၊ စောစောစီးစီး ငါ့ကို လာအော်နေတာ'

အိမ်ရှေ့သို့ထွက်လိုက်တော့ ကိုကြည့်မိန်းမ မိသေးဖြစ်နေသည်။

'ဘကြီးခန့်ရယ်... ကယ်ပါဦး၊ အိမ်ကိုကြွပါဦး'

ဆရာခန့်ကို မြင်သည်နှင့် မိသေးက အားကိုးတကြီးလေသံနှင့် ပြော၏။ ဆရာခန့် မျက်မှောင်ကြုတ်သွားသည်။

'ဩော်... မိသေးကိုး၊ ကဲ... ပြောစမ်း၊ ဘယ်သူ ဘာဖြစ်နေပြီတုန်း'

'ဟို... ကိုကြည်လေ၊ ကိုကြည်ပဲ'



www.burmeseclassic.com

'ကိုကြည်'ဆိုသဖြင့် ဆရာခန့် လန့်သွားသည်။ သည်ကောင်က ဖြစ်လိုက်လျှင် အသည်းအသန်ချည်းဖြစ်သည့်အပြင် ဆရာနာမည်ပျက်ရာ ပျက်ကြောင်းလည်း သူထင်ရာသူလုပ်တတ်သည့် ညာဉ်ဆိုးက ရှိသေးသည်။ ဆရာမှာတာက တခြား၊ သူလုပ်တာကတလွဲ ဖြစ်လေ့ရှိသည်မဟုတ်လား။

'နင့်ယောကျ်ား ဘာဖြစ်ပြန်ပြီတုန်း၊ အရင်တစ်ခါလို ဝမ်းပြန် ပိတ်ပြန်ပလား'

'မဟုတ်ဘူး ဘကြီးခန့်ရဲ့၊ လူကတော့ အကောင်းပါ။ ဝမ်းလည်း မပိတ်ပါဘူး၊ ဝမ်းလည်းမလျှောပါဘူး'

'ဒါဖြင့် ဘာဖြစ်တာလဲ၊ ဖျားတာလား'

'ဟင့်အင်း... ဖျားလည်းမဖျားဘူး'

'ကဲ... ဒီလိုဆို ပြောစမ်း၊ ဘာဖြစ်နေတာလဲဆိုတာ'

မိသေး ခေါင်းကုတ်သည်။ သူမ မျက်နှာက ထိတ်လန့်တုန်လှုပ် နေဟန်လည်း အထင်းသားပေါ်နေ၏။

'ဟိုလေ... ကျွန်မထင်တာကတော့ အပမှီလာတယ်ထင်တာပဲ'

'ဟ... အပမှီရအောင် နင့်ယောကျ်ားက ဘယ်တွေသွားနေလို့ တုန်း'

'မနေ့တုန်းက ချောင်းအနောက်ဘက်တောကို ထင်းတိုက်သွား သေးတယ် အဘခန့်ရဲ့၊ ဖြစ်တာကတော့ ဒီနေ့မှ ပိုထင်ရှားလာတာပါ'

'ပြောလေ... ဖြစ်ပုံကို'

'ဘယ်တုန်းကမှ မပြောဖူးတဲ့စကားတွေ ထထပြောလိုက် ရွတ် လိုက်ဖြစ်နေတယ် အဘခန့်ရဲ့။ ဘာတွေပြောလို့ ပြောမှန်းမသိဘူး။ ရွတ် လိုက်တာလည်း တတွတ်တွတ်နဲ့'

'နင်က မေးမကြည့်ဘူးလား'

'မေးကြည့်ပါတယ်၊ တော် ဘာတွေလျှောက်ရွတ်နေတာလဲဆိုတော့ နင် နားမလည်နိုင်ပါဘူး။ ငါ့ကိစ္စ ငါပါလို့ပဲပြောတယ်။ ရွတ်တာကတော့ မနားဘူး။ သူရွတ်သမျှတွေလည်း တစ်လုံးမှ ကျွန်မ နားမလည်ဘူး၊ တစ်ခါ မှလည်း သူ့ပါးစပ်က အဲဒီစကားတွေ မရွတ်ဖူးဘူး'





ဆရာခန့် တွေဝေသွားသည်။ သည်တစ်ခါ မောင်ကြည် ဖြစ်ပုံတော့ ဆန်းပါလားဟု တွေးလိုက်မိ၏။

'ကိုင်း... ရွတ်တာက ထားပါတော့။ အဲဒီအချိန်မှာ သူ့အမူ အရာက ဘယ်လိုရှိသလဲ'

'ရွတ်နေတာကတော့ အသည်းအသန်ပဲ၊ ဆက်တိုက်ရွတ်ပြီးရင် ဟား... ဟား... မောင်ကြည့်ဉာဏ်ကို အထင်မသေးနဲ့၊ မောင်ကြည် အားလုံးနီးပါးရတော့မယ်။ အာဂုံဆောင်မှ အာဂလူကွ၊ မြို့က ဆရာလေး အလို ငါ ရွတ်ပြလိုက်ရင် တစ်ချီတည်း လန့်သွားရစေမယ်လို့ ထအော် သေးတယ်။ ပြီးရင် စောစောက ရွတ်လက်စ ဘာမှန်းမသိတာတွေကို ဆက်ရွတ်ပြန်တာပဲ'

'သောက်ကျိုးနည်း... ဒီလိုဆိုရင်တော့ နင့်ယောကျ်ား အပမှီပြီး ဂယောက်ဂယက်ဖြစ်တာ သေချာနေပလား မသိဘူး။ နင်တို့ကိုရော အန္တရာယ်ပြုသလား'

'ဟင့်အင်း... အဲသလိုတော့ ဘာအန္တရာယ်မှ မပြုဘူး။ သူ့ဟာသူ တစ်ယောက်တည်း ဖြစ်နေတာပါ။ ဒါပေမဲ့ အဲလိုကြီးဖြစ်နေတော့ ကျွန်မ ကြောက်လာတယ်။ ဒါကြောင့် အဘခန့်ဆီ ထပြေးလာရတာ။ လိုက်ကြည့် ပေးပါဦး အဘခန့်ရယ်၊ ရှိကြီးခိုးပါရဲ့'

မိသေးမှာ ပြောရင်းက အရှိန်တက်လာသည်။ သူမပုံစံက ဆရာ ခန့်ပေါ်လျှင် ပြန်မည့်ပုံမပေါ်။ မရအရ ပင့်တော့မည့်ပုံ ပေါက်နေသည်။

ဆရာခန့် ခဏတွေ၍ စဉ်းစားသည်။

'အင်း... ဒီလိုဆိုရင်တော့ မဖြစ်သေးဘူး။ ကဲပါ... ငါ လာခဲ့ မယ်။ အပမှီတာမှန်ရင် ရိုးရိုးဆေးဝါးနဲ့ ကုလို့မရဘူး။ ရိုးရိုးဆေးဝါး မတိုးဘူး။ အဲဒီ အပကိုထုတ်ပစ်ပြီးမှ စက်ဖြတ်ပြီးမှ ကျန်တဲ့ဆေးက တိုးနိုင် တယ်။ မပူပါနဲ့၊ ငါ့မှာ ပရိတ်ရေလည်း ဆောင်ထားတယ်။ ရေမန်းလည်း တိုက်ရမှာပေါ့။ တစ်ခုတော့ရှိတယ်။ အပမှီတာမှန်ရင် ဆရာခေါ်လာတာ ကို သူတို့က မကြိုက်တတ်ဘူး။ ဆရာ့ကို ခေါ်လာရကောင်းလားဆိုပြီး သွားခေါ်တဲ့လူကို ရန်လုပ်တယ်'

www.burmeseclassic.com



'တော်... ဒီလိုဆို အဘခန့်ကို ကျုပ်ခေါ်လာတာတွေ့ရင် သူက ကျုပ်ကို ရန်ရှာမှာပေါ့'

မိသေး တော်တော်လန့်ဖျပ်သွားသည်။

'ဟုတ်တယ်၊ ဒါက အပမှီတဲ့လူတွေရဲ့ ထုံးစံပဲ။ အမှီခံရတဲ့ လူကတော့ ဘာမှသိတာမဟုတ်ဘူးလေ။ မှီထားတဲ့အပကသာ ဆီးရန်လု တာပေါ့။ သူ့အစွဲကို ဆရာက ချွတ်တော့မှာကိုး'

'ဘုရား... ဘုရား... ဒီလိုဖြင့် ကျုပ် ဘာလုပ်ရမလဲ အဘခန့်'

'ဘာမှမလုပ်နဲ့၊ နင့်ဟာနင်သာ အေးအေးပြန်နှင့်။ ငါ့ဟာငါ လာခဲ့မယ်။ အလည်အပတ်လာတဲ့ပုံစံနဲ့လာရင် မီးစင်ကြည့်ကုရမှာပေါ့။ အရေးကြီးတာက ပရိတ်ရေတိုက်ပြီဆိုရင် သိတယ်။ နည်းမျိုးစုံနဲ့ ငြင် တော့တာပဲ။ ငြင်းလည်း မှုစရာမလိုပါဘူး။ ချည်မန်းကွင်းနဲ့ စုပ်ဖမ်းပြီ ရင် မသောက်ဘဲမနေနိုင်တော့ပါဘူး။ ကဲ... ပြန်နှင့်၊ နင်က နေမြဲတိုင်းနေ နော်၊ ဣန္ဒြေမပျက်စေနဲ့'

မိသေး တုန်လှုပ်စွာပင် ပြန်ပြေးသွားသည်။

ဆရာခန့် အဲဒီတော့မှ သက်ပြင်းပူကြီးချသည်။

အတန်ကြာ ထိုင်စဉ်းစားပြီး လိုအပ်မည်ထင်သည့် ချည်မန်းကွင်း တို့၊ ပရိတ်ရေပုလင်းတို့ တစ်ခုပြီးတစ်ခု စဉ်းစားပြီး လွယ်အိတ်ကြီးထဲသို့ ထည့်သည်။

ဆရာခန့်တို့ ရပ်ရွာတွေမှာကတော့ သည်လိုကိစ္စမျိုးတွေ ရိုးနေပြီ စိတ်တော့ သိပ်မပူ။ မနက်ကိုးနာရီခွဲသာသာကျမှ ဆရာခန့် အိမ်ကထွက် လာခဲ့သည်။

'ဒါက ဘယ်တုန်း ဆရာခန့်ရဲ့၊ ရေနွေးသောက်သွားဦးလေ'

ဖိုးထူးတို့ အိမ်ရှေ့မှအဖြတ်တွင် ဖိုးထူးက လှမ်းအော်သည်။ ဖိုးထူး က ရွာအသင်းအတွက် စွပ်ကျယ်လက်စက အဖြူတွေ အပေါ်မှာ S.K.L ဆိုသော ဖောက်စာလုံးတွေကို သင်္ဘောဆေးသွင်းနေခိုက်ဖြစ်သည်။ စာလုံး ဖောက်ထားသော ကတ်စက္ကူအထူကို အင်္ကျီရှေ့ဘက် ပိတ်စပေါ်ကပ်ပြီး ဖောက်ရာလိုင်းများအတွင်း သင်္ဘောဆေးထည့်သွင်းနေတာ ပြီးတော့ပြီးတော့





ဖြစ်သည်။ ဖိုးထူးနံဘေးမှာ နှစ်ထည်၊ သုံးထည်ခန့်သာ သွင်းစရာ ကျန် တော့သည်။ ဆေးသွင်းပြီးသမျှကို အိမ်ရှေ့ကြိုးတန်းမှာ တန်းစီ၍လှန်း ထားသည်။

'မောင်ကြည်တို့ အိမ်ဘက်ပါကွာ'

ဆရာခန့်က တစ်ချက်လှမ်းကြည့်ရင်း ပြန်ပြောသည်။ ဖိုးထူးက ဆင်ခေါ်သည်။

'ပြီးမှသွားပါ ဆရာခန့်ရဲ့၊ လာစမ်းပါ... ရေနွေးကလေး ကျနေ ပြီ အမြည်းကလေးလည်း ကောင်းနေလို့ခေါ်တာပါ။ ကြံ့တုန်း စားသောက် သွားစမ်းပါဦး'

'အံမာ... ဘာအမြည်းမို့တုန်းကွ'

'တရုတ်စံကားပွင့် သုတ်ထားတာ ဆရာခန့်ရဲ့၊ သေသေချာချာ ပြုတ်ပြီးမှ မြေပဲဆံနိုင်နိုင်၊ ကြက်သွန်နီနိုင်နိုင်နဲ့ သုပ်ထားတာ'

ဆရာခန့် သွားရည်ကျသွားသည်။ တရုတ်စံကားပန်းပွင့်သုပ်က တော်တော် ကရိကထခံနိုင်မှ စားရတာ။ ပန်းပွင့်တွေ အရေအတွက် ရာချီ ထောင်ချီရှိမှ တစ်ဇလုံစာလောက်ရသည်။ ပန်းပွင့်ကြွေကို စိတ်ရှည်လက် ရှည်ကောက်ရုံသာမက လိုအပ်လျှင် တံချူနှင့်ခူးရသေးသည်။

'အေး... အဲလိုဖြင့် နည်းနည်းမြည်းသေးတာပေါ့ကွာ၊ သူက ငါ့ကို နိုင်နင်းတယ်ကွ၊ ဟဲ... ဟဲ... ဟဲ...'

ဆရာခန့်က ဖိုးထူးတို့အိမ်ဝိုင်းထဲ ချိုးဝင်လာကာ ဝင်ထိုင်လိုက်ရင်း အလာပစကား ပြောလိုက်သည်။ ဆေးဆရာဆိုတော့ ဆေးကြောင်းဝါး ကြောင်းလေးမပါလျှင် စကားမပြောတတ်သလို ဖြစ်နေသည်။ သို့သော် သူ၏ဆေးဝါးစကားကို ဖိုးထူးက ကန့်ကွက်လေသည်။

'ဘယ့်နှယ် လေကို နိုင်နင်းရမှာတုန်းဗျ၊ လေကိုမနိုင်လို့ လေ တိုက်သမျှ ကြွေကျလာတဲ့ ပန်းပွင့်တွေချည်း ပြုတ်သုပ်ထားတာ'

ဆရာခန့် မျက်နှာရှုံ့မဲ့သွားသည်။ ယုန်တောင်ပြေး ခွေးမြောက် တိုက်ဆိုတဲ့ အကောင်စားပဲ။

'မင်းတို့ အဲဒါတွေခက်တာပဲ။ ငါပြောတာက အပြင်မှာ တိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေကို ပြောတာ မဟုတ်ဘူးကွ။ ခန္ဓာကိုယ်ထဲက လေကိုပြောတာ
သူက သက်တဲ့အရသာကလေးစွက်တော့ လေကို နိုင်နင်းတယ်။ အီးတွေ
ဘာတွေပေါက်တယ်လို့ ပြောတာ။ ရှင်းပလား'

ဆရာခန့် ပန်းပွင့်သုပ်တစ်ဇွန်း ကော်စားသည်။ ရေနွေးကြမ်း
တစ်ခွက်ကို တဖူးဖူးမှုတ်သောက်ရင်း ဖိုးထူး လုပ်ကိုင်နေသည်ကို ကြည့်နေ
၏။

'အိမာ... မင်းလက်ရာက ဘယ်ဆိုးလို့လဲကွ။ တို့ဘောလုံးအသင်း
ကတော့ ဒီဝတ်စုံတူညီနဲ့သာဆို အတော့်ကို မြင်ရတာ ကျက်သရေတိုး
သွားမှာပဲ'

ဆရာခန့်စကားကြောင့် ဖိုးထူး ကျေနပ်သွားသည်။ အသုပ်ကျွေး
ရကျိုး၊ ရေနွေးကြမ်းတိုက်ရကျိုး နပ်သွားပြီဟု အောက်မေ့လိုက်၏။ အမှ
က ဆရာခန့်ကို စေတနာရှိလွန်းလှလို့ ခေါ်ခြင်းမဟုတ်။ အသာ မမြင်ချင်
ယောင်ဆောင်နေလိုက်လည်း ရတာပဲ။ ခုလို တကူးတက လှမ်းခေါ်တာ
က ဖိုးထူးက သူလုပ်လက်စအင်္ကျီများပေါ် စာလုံးတင်ခြင်း၊ ဆေးသွင်းခြင်း
ကိစ္စကို ဆရာခန့် မြင်စေလို၍ဖြစ်သည်။ သူလုပ်ကိုင်နေတာကို ဘယ်ရွာ
သားမှ လာမကြည့်ကြသေးသဖြင့် ကြွားစရာလူရှာနေဆဲ အိမ်ရှေ့က ဆရာခန့်
ဖြတ်သွားတာမြင်လိုက်၍ ဖွတ်လှမ်းခေါ်ကာ အခုလို ချီးကျူးခံခြင်းဖြစ်သည်။

'ဒါကတော့ တတ်သည့်ပညာ မနေသာဆိုသလိုပေါ့ ဆရာခန့်
ရယ်၊ ကိုယ့်ရွာ အောက်မကျအောင် ကိုယ်တတ်တဲ့ပညာနဲ့ ကူညီရမှာပေါ့
ဟဲ... ဟဲ... ဟဲ... စား... စား ဆရာခန့်၊ အသုပ်ကလေး ကောင်းရဲ့
လား။ ရေနွေးကြမ်းကလည်း လက်ဖက်ခြောက် အကောင်းစားဗျ'

သူ့ကို ချီးကျူးတေးသဖြင့် ဖိုးထူး အတော်ရက်ရက်ရောရော
သဒ္ဒါပေါက်နေသည်။

ဆရာခန့် နောက်တစ်ဇွန်း ကော်စားလိုက်ပြန်သည်။ ပြီးနောက်
ခေါင်းတညိတ်ညိတ်နှင့် 'ကောင်းသဟေ့...' ဟု ထောက်ခံလိုက်သည်။

ဆရာခန့်ကလည်း ဖိုးထူးဆီသို့ လှည့်ဝင်လိုက်သည်မှာ သူ့အကြံ
နှင့်သူ ဖြစ်သည်။



အိမ်က ထွက်လာကတည်းက ဆရာခန့် စဉ်းစားလာခဲ့သည်။
မိသေး၏ အပြောအရ သူ့ယောက်ျား ကိုကြည်မှာ ရိုးရိုးဖျားတာ
တာမဟုတ်ဘဲ အပမှီနေသည်ဟု ဆို၏။ တကယ်သာ ထိုစကားမှန်ခဲ့လျှင်
ဆရာခန့်အဖို့ အကူအညီလူလိုသည်။ ကိုကြည်ကို ပရိတ်ရေတိုက်ရာတွင်
ငြင်ငြင်သာသာမရဘဲ အပမှီသူတို့ ထုံးစံအတိုင်း ကလန်ကဆန်လုပ်သော်
ကိုကြည့်ကို ချုပ်ထားပေးဖို့ လူအကူလိုသည်။ ထို့ကြောင့် တစ်ယောက်
ယောက်ကို ခေါ်သွားဖို့ စဉ်းစားရင်း ထွက်လာခဲ့ခြင်းဖြစ်သည်။

ရွာလယ်ရောက်တော့ သန်းပုနှင့် ဖိုးတေကို တွေ့သည်။

'မောင်ကြည့်အိမ်သွားမလို့ ခဏလိုက်ခဲ့ကြစမ်းကွာ၊ လမ်းကျမှ
ဖြစ်ရတဲ့အကြောင်း ပြောပြမယ်'

သို့သော် မရ။ ဟိုနှစ်ယောက်က ငြင်းတူငြင်းကြသည်။

'မဖြစ်ဘူး အဘခန့်ရဲ့၊ သွားနှင့်ပါ၊ ပြီးမှ ကျွန်တော်တို့ လိုက်ခဲ့
မယ်။ စိတ်ချ... အဲဒီကို ကျွန်တော်တို့လည်း လာရမှာပဲ။ အခုတော့
လိုက်ချင်းမလိုက်နိုင်သေးဘူး'

'မင်းတို့က တခြား ဘာတွေအရေးကြီးနေလို့လဲ'

'ဧည့်သည်ဆရာလေး ရွာထိပ်ကားလမ်းမှာ သွားကြိုဖို့ဗျ၊ သစ်ချို
ကုန်းကားက မနေ့တုန်းက မြို့သာယာမှာ ညအိပ်တော့ ခု မနက်အစော
ကြီး ထွက်လာမှာ။ အဲဒီကားနဲ့ ဆရာလေးပါလာမှာ။ ဒီမနက်တင် ရောက်
လာမို့ သွားကြိုမလို့'

'ဘယ်က ဆရာလေးတုန်း၊ သူက ဘာလုပ်ဖို့လာမှာတုန်း'

'ဘောလုံးနည်းပြမယ့် ဆရာလေးလေ။ ဒီနေ့ ရက်ချိန်းပေးထား
တဲ့နေ့ဗျ၊ သွားသာသွားနှင့်ပါ။ ဆရာလေးရောက်လာတာနဲ့ ကျွန်တော်
တို့လည်း သူ့ကို အစ်ကိုကြည့်အိမ် ခေါ်လာရမှာပါပဲ။ သိပ်မကြာခင်ပဲ
ကျွန်တော်တို့ ရောက်လာမှာပါ'

ဧည့်သည်ကြိုဖို့ဆိုတော့ ဆရာခန့် ဘာမှထပ်မပြောသာတော့။
သန်းပုနှင့် ဖိုးတေတို့ကို လက်လွှတ်လိုက်ရသည်။ နောက် ထပ်တွေ့သည့်
သူငယ်ထဲက တစ်ယောက်ယောက်ကို ခေါ်မည်ဟု စဉ်းစားရင်း ဆက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့စဉ်မှာပင် ဖိုးထူးက လှမ်းခေါ်ခြင်းဖြစ်သည်။ ဆရာခန့် အကြိုက်ပါပဲ။ ဖိုးထူးကို ခေါ်သွားရမည်။ သည့်အပြင် ရေနွေးကြမ်းနှင့် ပန်းပွင့်သုပ်ပင် စားရ မြည်းရ သောက်ရဦးမည်ဆိုတော့ ဟန်ကျတာပဲ။ ထို့ကြောင့် ဖိုးထူးထံ ချိုးဝင်လာခဲ့ခြင်း ဖြစ်လေသည်။

'မင်းကတော့ တကယ်ဝီရိယကောင်းပါတယ် ဖိုးထူးရာ၊ ကြည့်စမ်း… တစ်သင်းလုံးစာအင်္ကျီတွေ ပြီးတော့မယ်။ ဘယ်နှထည်လောက် ကျန်သေးတုန်း'

'နောက်ထပ် နှစ်ထည်ပြီးရင် ပြီးပြီ ဆရာခန့်ရဲ့၊ ဘယ့်နှယ်တုန်း… ကြည့်စမ်းပါဦး၊ ဖိုးထူးလက်ရာ ကောင်းတယ်မဟုတ်လား'

ဖိုးထူးက ဆေးသွင်းပြီးသွားသော စွပ်ကျယ်ကို အိမ်ရှေ့ထွက် မလှမ်းခင် ထောင်ပြရင်း မဏ္ဍပ်တိုင်တက်သည်။ ဆရာခန့် ခေါင်းညိတ်ပြသည်။

'သိပ်ကောင်းတာပေါ့ကွာ၊ ဒီဝတ်စုံတူညီနဲ့သာ အားလုံးဝတ်ပြီး ကွင်းထဲဆင်းလာရင် သစ်ချိုကုန်းသားတွေ ပါးစပ်ပေါင်းလောင်းဖြစ်သွားမယ်။ ဘောအပွဲကြည့်ပရိသတ်ထဲကလည်း ဆိုက်ကုလားအသင်းမှ ဟုတ်ရဲ့လား။ မြို့ကလာတဲ့ အသင်းလားလို့တောင် မျက်စိ မှားကုန်ဦးမယ်။ ဟဲ… ဟဲ… ဟဲ…'

ဆရာခန့်နှင့် ဖိုးထူး လေပေးဖြောင့်နေသည်။ သည်ကောင်ကို သူ့အကြိုက် လိုက်ပြောကာ မြှောက်ပေးထားမှ သူခေါ်ရာလိုက်လိမ့်မည် ဟု ဆရာခန့်က တွေးသည်။ ဖိုးထူးကတော့ ကျေနပ်မဆုံး။

'ကဲ… ဒီနှစ်ထည်ကို မြန်မြန်လုပ်ကွာ၊ ပြီးရင် ငါနဲ့ ခဏလိုက်ခဲ့စမ်း'

'ဘယ်ကိုတုန်း ဆရာခန့်ရဲ့'

'မောင်ကြည်တို့အိမ်ဘက် သွားမလို့ပါကွာ'

'ရတယ်လေ… ကျွန်တော်လည်း ဒီနှစ်ထည် ဆေးသွင်းပြီးရင် ကိုကြည့်အိမ်ကို သွားမှာပဲ။ အင်္ကျီတွေအားလုံးပြီးပြီဆိုတဲ့အကြောင်း သွား





ပြောမလို့။ ဒီနေ့ မြို့က နည်းပြဆရာလေးရောက်မှာမို့ အင်္ကျီတွေ အားလုံး အပြီးဆေးသွင်းရမယ်လို့ မှာထားတယ်လေ'

'ဒါဖြင့် ဟန်ကျပြီ၊ မြန်မြန်လုပ်ကွာ။ ငါ ရေနွေးသောက်ရင်း စောင့်မယ်'

'ရတယ်… ခဏလေးပဲစောင့်၊ အသုပ်တွေလည်း စား၊ ဒီလောက်ကတော့ ဖိုးထူးက ခဏလေးပဲ။ ဟဲ… ဟဲ… ရေနွေးသောက်ရင်း ဖိုးထူးရဲ့ ပညာစွမ်းကိုလည်းကြည့်ပေါ့ ဆရာခန့်ရာ'

ဖိုးထူးက နောက်တစ်ထည်ကို ဆေးရောင်သွင်းရန် ဖြန့်ခင်းလိုက်ရင်း ခပ်ကြွားကြွားကလေး ပြော၏။ ဆရာခန့် နှာခေါင်းရှုံ့လိုက်တာကိုတော့ သူ မမြင်ချေ။ သို့သော် ရပါသည်။ ဆရာခန့်အတွက်ကလည်း ရေနွေးကြမ်းနှင့် အသုပ်ပန်းကန်ကြီး ရှိနေတာပဲ။ စောင့်ဖို့ ဝန်မလေးပါ။

နောက်ထပ် ဆယ်မိနစ်ခန့်ရှိတော့မှ ဖိုးထူး၏ကိစ္စ ပြီးသွားသည်။ နှစ်ယောက်သား ကိုကြည့်အိမ်ဘက်သို့ လျှောက်လာခဲ့ကြသည်။

'ကျွန်တော်ကတော့ ထားပါတော့၊ အင်္ကျီတွေပြီးပြီဆိုတာ သွားပြောဖို့ ကိစ္စရှိတယ်။ ဆရာခန့်ကရော ဘာကိစ္စတုန်း'

လမ်းမှာ ဖိုးထူးက မေးသည်။ ဆရာခန့်က အတိုချုပ်၍ ရှင်းပြလိုက်သည်။ ဖိုးထူး မျက်လုံးပြူးသွားသည်။

'ဟာ… ဒီလိုဆို ဖြစ်ပါ့မလား ဆရာခန့်ရယ်။ ကျွန်တော်တော့ လှည့်ပြန်မှနဲ့တူတယ်'

'နေစမ်းပါကွ၊ မိသေးကို ငါ အားလုံးမေးပြီးသားပါ။ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ အသာလိုက်ခဲ့စမ်းပါ။ ဟိုကျတော့ တို့ လာတဲ့ပုံစံနဲ့ ဝင်သွားမှာပဲဟာ'

ဖိုးထူး ပြန်လှည့်ပြေးမည်လုပ်သဖြင့် ဆရာခန့်က ဆွဲထ အားပေးစကား ပြောရသေးသည်။ သည်လိုနှင့် ကိုကြည့် အိမ်ရှေ့ ရောက်လာသည်။ ကိုကြည့်သား အကြီးကောင်ကလေးက အိမ်ရှေ့မှာ ဆော့နေသည်။ ဖိုးထူးက မေးသည်။

'ဟေ့ကောင်… မင်းအဖေရှိလား'



www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်ဗျ… ဘာပြုလို့လဲ'

'ဘာမှမပြုပါဘူးကွာ၊ ရှိရင် ပြီးတာပဲ၊ ဗျို့… အစ်ကိုကြည်၊ အစ်ကိုကြည်'

ဖိုးထူးက တစ်ဆက်တည်း လှမ်းအော်သည်။

'ဝေး… လာကြလေကွာ၊ ငါရှိပါတယ်။ ဆရာလေးရော ပါလာပလား'

ကိုကြည် ပြန်အော်သည့်အသံ ထွက်လာသည်။

'ဆရာလေးတော့ မပါဘူး၊ ဆရာကြီးပဲ ပါလာတယ်'

ဖိုးထူးနှင့် ဆရာခန့်တို့ အိမ်ထဲဝင်လိုက်ကြသည်။ မိသေးက နောက်ဖေးမီးဖိုချောင်ဘက်မှ ထွက်လာကာ ရေနွေးကြမ်းပွဲကို ချပေးရင်း ဆရာခန့်ကို လှမ်းကြည့်သည်။ ဆရာခန့်က မျက်နှာရိပ် မျက်နှာကဲ ပြလိုက်သည်။ အဓိပ္ပာယ်က 'အသာနေ… ဣန္ဒြေမပျက်စေနဲ့၊ ငါ အကဲခတ်ဦးမယ်' ဆိုသောသဘော ဖြစ်သည်။

'ဩော်… ဆရာကြီးဆိုလို့ ဘယ်သူများလဲလို့ အန်ကယ်ခန့်ကိုး၊ လာပါဗျာ… လာပါ၊ ဘယ်က လှည့်လာတာလဲ'

ကိုကြည့်ပုံစံကတော့ ရိုးရိုးပုံမှန်ပင်ဖြစ်သည်။ ဆရာခန့်က ပြန်ပြောသည်။

'ဒီလိုပဲ ဖိုးထူးနဲ့ကြုံတာနဲ့ လိုက်လာတာပါ မောင်ကြည်ရာ၊ ဒါထက် မင်း နေလို့ကောင်းပါတယ်နော်'

'ကောင်းပါ့ဗျား… ကောင်းပါ့၊ ဒီနေ့ မနက်ခင်း သန်းပုတို့ ဆရာလေး ရောက်လာမယ်ဗျ။ ဒါကြောင့် ဘယ်မှမသွားဘဲ စောင့်နေတာ။ သန်းပုနဲ့ ဖိုးတေ နှစ်ယောက်သား ကားလမ်းက သွားစောင့်ကြလေရဲ့။ ဒါထက် ဖိုးထူးကရော့ အသင်းအတွက် အင်္ကျီတွေအားလုံး စာရေးပြီးပြီလား'

'ပြီးပြီ… ခုလေးတင်ပဲ အားလုံး နေပူလှန်းထားခဲ့ပြီးပြီ။ ညနေကျရင် အားလုံးဝတ်လို့ရပြီ၊ အစ်ကိုကြည့်ကို အဲဒီအကြောင်း ပြောဖို့လာတာ'

ဖိုးထူးက သူ တာဝန်ယူထားသည့်ကိစ္စ ပြီးစီးအောင် ဆောင်ရွက်ပြီးကြောင်း လက်မထောင်၍ ပြောသည်။ ကိုကြည် ကျေနပ်သွားသည်။

'အေးကွာ… ဖိုးထူး၊ အားကိုးရကျိုးနပ်ပါပေတယ်။ မင်းတို့လည်း ညနေကျရင်တော့ တကယ်ပုံစံကျကျ ကစားရတော့မှာပါ။ သင်ပြပေးမယ့် ဆရာလေးက ဒီမနက်စာပဲ ရောက်မယ်'

'ဟုတ်ကဲ့ အစ်ကိုကြည်'

'ကဲ… ရေနွေးကြမ်း သောက်ကြဦးလေ။ အန်ကယ်ခန့်လည်း သောက်ပါဗျ၊ လာပါ… မိသေးရေ၊ ဘာရှိသေးလဲ၊ မြည်းဖို့အတွက် ထန်းလျက်ခဲလေးဖြစ်ဖြစ် ချပေးပါဦးဟ'

ကိုကြည် အခေါ်ကောင်းသဖြင့် ဆရာခန့်နှင့် ဖိုးထူးတို့ ရေနွေးပွဲမှာ ဝင်ထိုင်လိုက်ကြရသည်။ မိသေး လာချပေးသော ထန်းလျက်ခဲဖြင့် ရေနွေးကြမ်းဖြင့် မြည်းကြသည်။ ကိုကြည့်ပုံစံကတော့ ထုံးစံအတိုင်း အကောင်းပင်။ ဘာမျှ မူပျက်တာကို မတွေ့ရ။

ခဏနေတော့ ကိုကြည်က နေရာမှထကာ အိမ်ဝိုင်းနောက်ဘက်ဆီသို့ ထသွားမည့်ဟန်ပြင်ရင်း ပြောသည်။

'ခဏလေးဗျာ၊ မနက်ကတည်းက အိမ်သာမတက်ရသေးဘူး၊ ဗိုက်နာလာလို့'

'သွားပါကွာ… တို့လည်း ရောက်ပြန်ဆိုသလိုပဲ ပြန်တော့မှာပါ'

ကိုကြည် နောက်ဖေးဘက်ထွက်သွားတော့မှ မိသေးက ရေနွေးကြမ်းဝိုင်းနား ကပ်လာသည်။

'ဟဲ့… မိသေးရဲ့၊ နင့်ယောကျ်ားက ဘာမှမဖြစ်ပါဘူး၊ ကြည့်ရတာ အကောင်းပကတိပဲ'

ဆရာခန့်က ပြောသည်။

'မဟုတ်ဘူး အဘခန့်ရဲ့၊ အဘခန့်တို့လာတော့မှ ပြောင်းလဲသွားတာ၊ စောစောတုန်းကမှ သူ ထင်ရာတွေ ရွတ်နေသေးတာ'

'ဘယ်တုန်းက'

'အဘခန့်တို့ မလာခင်ကလေးတုန်းကမှ ပေါက်ကရတွေ လျှောက်ရွတ်နေသေးတာ၊ အဘခန့်တို့လာတာမြင်တော့မှ







www.burmeseclassic.com

www.burmeseclassic.com



ဆရာခန့် သေသေချာချာ စဉ်းစားသည်။ အတန်ကြာမှ-

'ဒါဆိုရင်တော့ ဒီကောင့်ကို မှီနေတဲ့အပယာ ဆရာလာမှန်းသိလို့ မှုယာမာယာများနေတာ ဖြစ်ရမယ်။ အသာနေ··· ငါတို့ နှုတ်ဆက်ပြီး အသာတကြည် ထပြန်သွားမယ်။ ငါတို့ပြန်ကာမှ သင်း ထင်ရာတွေ ပြန်ရှုတ်ဖတ်သရုန်းလာတယ်ဆိုရင်တော့ ချက်ချင်းသာ နောက်က လိုက်လာခေါ်ပေတော့။ ငါတို့ ဖိုးထူးအိမ်က စောင့်နေမယ်။ ဟုတ်ပလား'

မိသေး ခေါင်းညိတ်ပြသည်။ ကိုကြည် အိမ်သာပေါ်က ပြန်ဆင်းမလာခင် စည်းဝါးရိုက်ထားလိုက်ကြရခြင်း ဖြစ်သည်။ ခဏကြာတော့ ကိုကြည် ပြန်ရောက်လာသည်။ ဆရာခန့်က ဆီးပြောသည်။

'ငါတို့ ခဏပြန်ဦးမယ်ဟေ့ မောင်ကြည်'

'ဟာ··· မထူးပါဘူး အန်ကယ်ခန့်တို့ရာ၊ လက်စနဲ့ ဆက်စောင့်ပါဦးလား။ သန်းပုတို့၊ ဖိုးတေတို့ မြို့ကလာမယ့် နည်းပြဆရာလေးကို သွားစောင့်နေတာ၊ တော်ကြာဆို ရောက်တော့မှာ'

ကိုကြည်က တားနေသေးသည်။

'အေးပါကွာ··· တော်ကြာကျ ပြန်လာတာပေါ့။ ငါတို့ ထားခင်တို့အိမ်က ခေါ်ထားတာလေ၊ သတိရလာလို့၊ သူ့ကလေး ချောင်းဆိုးရင်ကြပ်ဖြစ်နေတာလေး သွားကြည့်ပေးလိုက်ဦးမယ်'

ဆရာခန့်နှင့် ဖိုးထူးတို့ ထလစ်လာခဲ့ကြသည်။ ပြန်ခါနီးတွင် ဆရာခန့်က မိသေးကို အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်သည်။ ပြီးနောက် နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

'မမိသေး ထင်ရာပြောတာနဲ့တူတယ် ဆရာခန့်ရယ်၊ ကြည့်ရတာကတော့ ကိုကြည်က အကောင်းကြီးပဲ'

လမ်းပေါ်ရောက်တော့ ဖိုးထူးက မှတ်ချက်ချသည်။

'မင်း နားမလည်ပါဘူး ဖိုးထူးရာ၊ အပမှီတယ်ဆိုတိုင်း ပွဲကြမ်းနေတာ မဟုတ်ဘူးကွ။ တချို့အပက အတော်လူလည်ကျတယ်၊ မှုယာမာယာများတယ်။ သူတို့ကိုဆော်မယ့်ဆရာလာရင် သူတို့က ကြိုတင်သိတယ်။ အဲဒီတော့ အကောင်းပကာတိလိုလို ဟန်ဆောင်နေပြပြန်ရောကွ'





ဆရာခန့်က ရှင်းပြသည်။ ဖိုးထူး ခေါင်းကုတ်သည်။ ထိုခဏမှာပင် နောက်ကပြေးလိုက်လာသော ခြေသံနှင့်အတူ 'အဘခန့်··· အဘခန့်' ဆိုသော မိသေး၏ ရေးကြီးသုတ်ပျာအော်ခေါ်သံ ထွက်လာသည်။ နှစ်ယောက်လုံး ပြိုင်တူလှည့်ကြည့်မိကြသည်။

'ဟော··· မိသေး၊ ဘယ်လိုလဲ··· အခြေအနေထူးလာပြီလား'

'ထူးလာပြီ အဘခန့်ရေ၊ အဘခန့်တို့ပြန်သွားပြီး သူတစ်ယောက်တည်း ကျန်နေရစ်တာနဲ့တစ်ပြိုင်နက် မနက်ကအတိုင်း ပေါက်ကရတွေ ရှုတ်တော့တာပဲ၊ ဒါကြောင့် အခုပြေးလိုက်လာတာ'

'ကဲ··· သွား··· သွား··· ကိုယ့်ဟာကိုယ် ဣန္ဒြေရရပြန်၊ ဒီတစ်ခါတော့ ဆရာလာတာ သိလို့မဖြစ်ဘူး။ သူရှုတ်ဖတ်သရုန်းလာယ်နေတုန်း မိအောင် တိတ်တိတ်ချောင်းဖမ်းမှ ဖြစ်တော့မယ်။ ငါတို့နောက်က အသာလေးလာခဲ့မယ်၊ နင်ပြန်တော့'

မိသေးကို ပြန်လွှတ်လိုက်သည်။

'ကိုင်း··· မှုယာမာယာများနေတဲ့ သည်အပတော့ ဒီကနေ့ ဆရာခန့်နဲ့တွေ့ကြပြီပေါ့ကွာ၊ မင်းကို ငါ အစကတည်းက မပြောဘူးလား။ အပမှီတယ်ဆိုတိုင်း ပွဲကြမ်းနေတာ မဟုတ်ဘူးလို့'

ခဏရှိမှ ဆရာခန့်နှင့်ဖိုးထူးတို့ ကိုကြည့်အိမ်ဘက်သို့ ခြေဦးမြန်လှည့်ကြရင်း ဆရာခန့်က ပြောသည်။

'ပွဲမကြမ်းတာက ထားပါတော့၊ ဘာလို့ အဲလိုမှီရတာတုန်း'

'တချို့က စားချင်သောက်ချင်လို့ပေါ့ကွာ။ နားလည်တဲ့ ဆရာနဲ့ ...ွလို့ သူတို့ကို နှင်မပစ်မချင်း အဲဒီအိမ်မှာ မှီခိုကပ်ရပ် စားသောက်နေတာပေါ့'

'ဆရာခန့်ရယ်··· ဒီလောက် တိုးတက်ခေတ်မီနေတဲ့ ကာလကြီးမှာ အဲဒီအတွေးအခေါ်တွေက ဟုတ်ရော ဟုတ်သေးလို့လား။ အဲဒါမျိုးတွေ ရှိရော ရှိသေးလို့လားဗျာ'

ဖိုးထူးက မယုံသင်္ကာဖြင့် မေးသည်။ ဆရာခန့် နှုတ်ခမ်းမွေးတွေ ထောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



‘အောင်မယ်… တိုးတက်ခေတ်မီနေတဲ့ ကာလကြီးတဲ့၊ မဆို ဘူးကွ၊ မင်းတို့ကာလက ကာလပဲ၊ ရှေးရိုးကတည်းက ရှိခဲ့တဲ့ရိုးရာ ရိုးရာပဲ၊ မင်း ဟိုကျရင်ကြည့်ပေါ့’

‘ကြည့်သေးသပေါ့ဗျာ’

‘အေး… ကြည့်ရုံတင်မကဘူး၊ လိုအပ်လို့ ငါကခိုင်းရင် ငါ့လည် ဝင်ကူဦးနော်။ မောင်ကြည့်ကိုတက်ခွပြီး ဖမ်းချုပ်သင့်ရင် ချုပ်ထားပေ ရလိမ့်မယ်။ ဧရာစင်တစ်ခွက်လောက်တော့ ဒီကောင့် ဗိုက်ထဲရောက်အောင် တိုက်နိုင်ဖို့ လိုသကွ’

‘ဒါတော့ စိတ်ချစမ်းပါ ဆရာခန့်ရယ်၊ ကိုယ့်ရွာသားချင်းပဲ ဝိုင်းကူတန် ကူရမှာပေါ့’။ ဆရာခန့်ကသာ အချက်ပြလိုက်ပါ။ ကျုပ် ကိုကြည့်နောက်ကျောဘက်က ဝင်ချုပ်မှာပေါ့’

‘ရှူး… တိုးတိုးကွ၊ တို့အသံတွေ ကြားသွားဦးမယ်၊ ဒီတစ် အသံမပေးဘဲ ဝင်ကြရအောင်’

ကိုကြည့်အိမ်ရှေ့သို့ ရောက်လာပြီဖြစ်၍ ဆရာခန့်က ဟန့်တား လိုက်သည်။ ထို့နောက် အသံမပြုဘဲ တဖြည်းဖြည်းချဉ်းကပ်သွားကြသည်။

အိမ်ထဲသို့ ချက်ချင်းမဝင်သေးဘဲ အိမ်နံဘေး ထရံအနီးမှ ကပ်၍ နားစွင့်ကြသည်။

‘ဟေ့ကောင်… မိသေးပြောတာ ဟုတ်တယ်ကွ။ နားထောင်စမ်း ဒီကောင် မောင်ကြည် တစ်ယောက်တည်း ဘာတွေရွတ်နေမှန်းမသိဘူး ကြားရဲ့လား’

ဆရာခန့်က ဖိုးထူးကို လေသံကလေးဖြင့် ကပ်၍ပြောသည်။ ဖိုးထူး ခေါင်းညိတ်ပြကာ နားစွင့်လိုက်သည်။ ဟုတ်သည်။ အိမ်ထဲမှ ကိုကြည်၏အသံကို အတိုင်းသားကြားကြရလေသည်။

‘အာဆင်နယ်၊ အက်စတန်ဗီလာ၊ နယူးကာဆယ်၊ ဘလက်ဘန်း ဖူဟမ်၊ ဆန်းဒါးလန်း၊ ဘာမင်ဂမ်၊ တော့တင်ဟမ်၊ လီဗာပူး၊ ဘော်လ်တန် မစ်ဒယ်ဘရော့၊ မန်ယူ၊ ချယ်လ်ဆီး၊ အဲဗာတန်၊ ဂျူဗင်တပ်’

ဖိုးထူးရော ဆရာခန့်ပါ မျက်လုံးပြူးသွားသည်။ ကိုကြည်ထ





ဲ့ချသံထားဖြင့် ဂါထာရွတ်နေသလိုလို၊ မန္တန်မန်းမှုတ်နေသလိုလို တွတ်တွတ် ဆိုနေခြင်း ဖြစ်သည်။ တစ်ခါမှ သူတို့မကြားဖူးသော ဂါထာဖြစ်သည်။ မန္တန်ဆိုလျှင်လည်း သည်မကောင်းဆိုးရွား မန္တန်က အဆန်းသားကပဲ။ ဘာတွေမှန်းကို မသိ။ ဘာအဓိပ္ပာယ် နားလည်ရမည်မှန်း တွေးမရ။

‘ဟုတ်သဗျ… ကိုကြည် ဘာတွေရွတ်နေမှန်း မသိဘူး။ အပ တဲ့ဂါထာ ဖြစ်ရမယ်’

ဖိုးထူး မျက်လုံးပြူးနှင့် လေသံတိုးတိုးပြောကာ ဝန်ခံလိုက်ရလေ သည်။ ဆရာခန့်ကလည်း ခေါင်းတညိတ်ညိတ်နှင့် လေသံတိုးတိုး တုံ့ပြန် သည်။

‘ဟုတ်နေပါပြီကွာ… ဂါထာမဟုတ်လည်း မန္တန်တစ်ခုခုပဲ။ ငါလည်း မကြားဖူးဘူး။ ဘာအဓိပ္ပာယ်မှ ကောက်မရဘူး။ နေဦး… ပိုပြီး သေချာအောင် ဆက်နားထောင်ရအောင်’

ဖိုးထူး ခေါင်းညိတ်ပြပြီး နားစွင့်သည်။ ဆရာခန့်လည်း အသေအချာ နားစွင့်သည်။ ကိုကြည့်အသံ ပေါ်လာပြန်သည်။

‘စတုဂတ်၊ ဆောက်သမ်တန်၊ အင်တာ၊ အစ်ဆွစ်၊ ဝတ်ဖို့ဒ်၊ ဟမ်၊ ဒါဘီကောင်တီ၊ ဗီလာရီးရဲလ်၊ ရေးဆင်း၊ လီဗာကူဆင်၊ ပီအက်စ်ဗီ၊ ဘာအို၊ အူဒီနီးစ်၊ ရိုးမား… ဟား… ဟား… ဟား… မောင်ကြည် ကွနော်၊ မောင်ကြည့်အစွမ်းကို အထင်မသေးနဲ့။ အလွတ်ရနေပြီ။ ဟောဒီ ောင် အလွတ်ရနေပြီ၊ ဟား… ဟား… ဟား… ဟား…’

သူတို့ ဘာအဓိပ္ပာယ်မှ ဖော်မရသော စကားလုံးများ ရေရွတ်သံ တွင် ကိုကြည်၏ အူလိုက်သည်းလိုက် တက်ကြွစွာ ကြုံးဝါး မောလိုက်သံကြီး ထွက်လာသဖြင့် ဆရာခန့်ရော ဖိုးထူးပါ လန့်ဖျပ်သွား ကြသည်။ နှစ်ယောက်သား တိုင်ပင်ထားကြသလို ထရံပေါက်မှ ပြိုင်တူ ချောင်းကြည့်လိုက်မိကြတော့ ကိုကြည်က ပြုံးပြုံးကြီး လမ်းလျှောက်နေ သည်ကို တွေ့ရ၏။ အိမ်ထဲမှာပင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက် သူတို့နားမလည်နိုင်သော စကားတွေကို ရွတ်လိုက်၊ တဟားဟားနှင့် ရယ် မောလိုက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာခန့်ရေ… ကိုကြည်တော့ စိတ်ဖောက်ပြန်သွားတာ သေချာပြီ ထင်တယ်ဗျ'

ဖိုးထူးက ခပ်တိုးတိုးပြောသည်။ ဆရာခန့်က ခေါင်းညိတ်ပြပြီး-

'ကိစ္စမရှိပါဘူး၊ အပမှီနေတာပါ။ မကောင်းဆိုးဝါးဂါထာတွေ မန္တန်တွေ ရွတ်နေတာကွ။ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ လာ… ငါ့နောက်ကလိုက်ခဲ့။ နေဦး…တစ်ခုရှိတယ်။ ဒီကောင် ငါတိုက်တဲ့ ရေစင် မသောက်ဘဲ ကန့်လန့်တိုက်ပြီဆိုရင်တော့ အပမှီတာသေချာပြီသာ အောက်မေ့ ကွာ။ ငါ အချက်ပေးတာနဲ့ မင်း ဝင်ချုပ်ဖို့ပြင်ထား'

'စိတ်ချစမ်းပါ… ရှေ့ကသာ ထွက်'

ဆရာခန့်နှင့် ဖိုးထူး အိမ်ထဲသို့ ဖြန်းခနဲလှမ်းဝင်လိုက်ကြသည်။

အသံမပေး ဘာမပေးနှင့် ဖြန်းခနဲပေါ်လာသော ဆရာခန့်နှင့် ဖိုးထူးကိုကြည့်ကာ ကိုကြည် အံ့အားသင့်သွားသည်။ သည်လူတွေ ဘယ်တုန်းက ပြန်ရောက်လာကြပါလိမ့်ဟု တွေးသည်။

'ဟင်… ဖိုးထူး၊ အန်ကယ်ခန့်'

'အေး… ဟုတ်တယ်၊ ငါတို့ပဲ'

ဆရာခန့်က သမားဂုဏ်ပြတော့မည့် မျက်နှာထားဖြင့် တင်းပြောသည်။ သူတို့ရှေ့မှာရှိနေသူမှာ ရုပ်ခန္ဓာကသာ ကိုကြည် လည်း လိပ်ပြာအားဖြင့်တွက်လျှင် ကိုကြည် မဟုတ်။ ဝိညာဉ်အားဖြ လျှင် ကိုကြည်မဟုတ်။ ကိုကြည်ကို မှီတွယ်နေသော မကောင်းဆိုး အပကောင်ပင် ဖြစ်သည်ဟု ဆရာခန့်က သတ်မှတ်လိုက်ပြီး ဖြစ်သည်။ ကိုကြည်က ပြန်မေး၏။

'ဟုတ်ပါပြီလေ၊ ခင်ဗျားတို့မှန်း ကျုပ်သိသားပဲ၊ အသံမပေး ဘာမပေးနဲ့ ဘယ်အချိန်က ပြန်ရောက်လာကြတာတုန်း'

'ငါတို့ရောက်နေတာ ကြာပြီ။ စောစောတုန်းက မင်း ရွတ်လို ဖတ်လိုက်၊ ရယ်လိုက် မောလိုက်ရပြီကွ၊ အလွတ်ရပြီလို့ ကြွေးကြော်လိုက် လုပ်နေကတည်းက ရောက်နေတာ၊ နားထောင်နေကြတာ'

'ဗျာ…'





ကိုကြည်သည် သူ့နဂိုစိတ်ကိုက လူပုစိတ်တိုဖြစ်သည်။ ယခုလည်း ရာခန့်၏ အဖြေကြောင့် အဆုံးစွန်ထိ ဒေါသအိုး မပေါက်ကွဲရသေး လည်း အတော်ကလေးတော့ ကွဲမြီးတိုသွားပြီဖြစ်သည်။ ကြည့်စမ်း… ကြီးတန်မဲ့နှင့် ချောင်းမြောင်းနားထောင်နေရတယ်လို့။ ဒီမှာ ကုယ့်အာရုံ တိုယ်ရွတ်ဆိုပြီး အလွတ်ရနေလောက်ပြီဖြစ်၍ ဝမ်းသာပြီး ရယ်တာ တာတွေကို သူတို့ ကြားသွားကြပြီပေါ့လေဟု တွေးကာ အတော် ရှက်သွားသည်။ ထို့ကြောင့် မျက်နှာတစ်ပြင်လုံး ရဲတက်လာသည်။ ဖိုးထူးက တစ်မျိုးတွေးကာ ဆရာခန့်ကို တိုးတိုးသတိပေးလိုက်၏။

'ဟော… မျက်နှာထားပြောင်းသွားပြီ ဆရာခန့်ရဲ့'

'အေးပါ… ငါ သိပါတယ်၊ ကိစ္စမရှိပါဘူး'

ဆရာခန့်က ဖိုးထူးကို ခပ်တိုးတိုး ပြန်လှည့်ပြောပြီးမှ ကိုကြည့် ဘက်သို့လှည့်လိုက်ကာ-

'ဒီမှာ မောင်ကြည်… မင်းစိတ်ကို မင်းချုပ်တည်းစမ်းပါ။ သတိ ထားစမ်းပါ၊ စောစောတုန်းက အရေးမရ အဖတ်မရနဲ့ မင်း ဘာတွေလျှောက် နေတာလဲ။ အလကား ဂါထာတွေကွ၊ ရွတ်မနေနဲ့'

'ဟား… ဟား… ဟား… ဟား… အလကားဂါထာတွေတဲ့၊ … ဟား… ဟား… ဟား…'

ကိုကြည်က ဝါးလုံးကွဲရယ်ချလိုက်သဖြင့် ဆရာခန့်နှင့် ဖိုးထူး သန့်သွားသည်။ သူတို့ သံသယတွေကလည်း ပို၍ခိုင်မာသွားသည်။ ပြီ။ မောင်ကြည်တစ်ယောက် တကယ့်ကို အပမှီခြင်းခံနေရပြီဟု စိတ် ချလိုက်ကြသည်။

'ခင်ဗျားတို့က ကျုပ်ရွတ်တာတွေကို နားထောင်ကြပြီး အလကား ထာတွေလို့ ရမ်းတုပ်တယ်ပေါ့လေ။ အဲသလို အလကားဂါထာတွေလို့ လို့ကို ကျုပ်က ထပ်ရွတ်သဗျာ။ လာလေ့… ဖိအိုရင်တီးနား၊ ဂျိုနီအား ဆိုလိ'

ကိုကြည် ကွဲမြီးတိုရာကနေ ဒေါပွစပြုလာပြီး ဆရာခန့်တို့ကို တိုက်ကာ ရွတ်သည်။

www.burmeseclassic.com



'ဟော့… မောင်ကြည်၊ မင်း ရပ်မလား မရပ်ဘူးလား'

ဆရာခန့်က ပရိတ်ရေပုလင်းကို လွယ်အိတ်ထဲမှ ဆွဲထုတ်ရင်းတား၏။ ပိုဆိုးသွားသည်။

'အံမာ… အန်ကယ်ခန့်က ကျုပ်ကို အမိန့်ပေးလို့၊ မရပ်ဘူးဗျာ မောင်ကြည်တဲ့၊ ကိုယ့်ဘာသာကိုယ်ရွတ်တာ ဘာဖြစ်လဲ၊ ချီယေဗို၊ အက်စ်ပန်ညော်၊ ပါးမား၊ ဟား… ဟား… ဟား…'

'မောင်ကြည်… ခုရပ်စမ်းလို့ ဆိုနေ'

ပြောရင်းကနေ ပရိတ်ရေပုလင်းကို ဖွင့်သည်။ ရေနွေးကြမ်းပွဲထဲမှ အကြမ်းပန်းကန်တစ်လုံးထဲသို့ ငှဲ့ချသည်။ ဆရာခန့် အတော်အလုပ်ရှုပ်သွားသည်။

'အေစီမီလန်၊ အတ္တလန္တာ၊ ခရေစီယူးမား၊ ဟား… ဟား… ဟား…'

ကိုကြည်က ဆက်ရွတ်ရင်း ရယ်သည်။ ဆရာခန့်က ပရိတ်ရေကတော့ အသင့်ဖြစ်လေပြီ။ သို့သော် ကိုကြည့်ကိုချုပ်ဖို့က လိုသေးသည်။ မချုပ်ခင် ချော့ကြည့်ရဦးမည်ဟု ဆရာခန့် ဆုံးဖြတ်သည်။

'မောင်ကြည်… သတိထားပါကွာ၊ ငါပြောတာ နားထောင်စမ်းပါ။ ရော့… ဒီရေကလေးတစ်ခွက် သောက်လိုက်နော်၊ သောက်လိုက်… သောက်လိုက်'

အဲဒီတော့မှ ပိုဆိုးတော့သည်။ ကိုကြည့်ခေါသအိုး ပေါက်ကွဲလေပြီ။

'နေပါဦး အန်ကယ်ခန့်ရဲ့၊ ခင်ဗျားက ကျုပ်ကို အရူးမှတ်လို့ ကိုက်နေတာလား၊ ဘာတွေတုန်း'

'ပရိတ်ရေ… အဲ… အဲ… ရိုးရိုးရေပါကွာ'

'ဩ…ကျုပ်ကို ပရိတ်ရေတိုက်ရအောင် ကျုပ်က ဘာဖြစ်နေလို့လဲ။ မသောက်ဘူးဗျာ၊ မသောက်ဘူး၊ ဒါမျိုး ဘယ်ရမလဲ၊ ဟော့… ဆက်ရွတ်ရဦးမယ်။ ပီရူးဂျီယာ၊ ဇစ်ပီဆာရို၊ ရက်စတား ဘဲ့လ်ဂရိတ်အက်စ်တူဒီယန်းတီးစ်၊ ဟီး… ဟီး… ဟီး…'

ကိုကြည်က ထိန်းနေသည့်ကြားက ပိုဆိုးလာသည်ဟု ဖိုးထူးထင်သည်။ မျက်နှာကြီး နီရဲလာကာ ဒေါသတကြီးဖြင့် ပိုသောင်းကျန်းပြီး စကားလုံးတွေကို ပိုရွတ်လာသည်ဟု ထင်သည်။ ဆရာခန့်တိုက်သည့် ပရိတ်ရေကို မသောက်သည့်အပြင် ပရိတ်ရေတိုက်တော့မှ ပိုကလန်ကဆန်ဖြစ်လာတာ လက်တွေ့ဖြစ်သည်။

'ဒီကောင် ငါတိုက်တဲ့ရေစင် မသောက်ဘဲ ကန့်လန့်တိုက်လာပြီဆိုရင်တော့ အသမီတာ သေချာပြီသာ အောက်မေ့ကွာ'ဟူသော ဆရာခန့်၏ စကားချက်ကို ပြန်သတိရလာသည်။ ထို့ကြောင့် ဆရာခန့် နောက်ပါးနှင့်ကပ်ကာ တိုးတိုးမေး၏။

'ပိုဆိုးလာပြီ ဆရာခန့်ရဲ့၊ ဘယ်လိုလဲ… နောက်ကနေ အလစ်ဝင်ချုပ်ရတော့မလား'

'အေး… မင်း နောက်ဘက်ကို သွား'

ဆရာခန့်က ခပ်တိုးတိုးအမိန့်ပေးလိုက်ပြီးနောက် ကိုကြည့်ကို ဆက်ချော့သည်။ ဖိုးထူးလှုပ်ရှားမှုကို အာရုံမရောက်နိုင်အောင် သူက ရှေ့ကနေ စစ်မြူနေသည့်သဘော ဖြစ်သည်။

'မောင်ကြည်ရာ… သောက်လိုက်စမ်းပါ၊ ဒီတစ်ခွက်သောက်ရင် ငြိမ်သွားမှာပါ'

'မသောက်နိုင်ပါဘူးဗျာ၊ ခက်ပဲခက်ရချည်သေး၊ ခင်ဗျားတို့လွှတ်သွားကြ၊ ကျုပ်ကိုစွ ကျုပ်လုပ်နေတာကို နှောင့်ယှက်နေတဲ့လူတွေပဲ။ ကျုပ် တကယ်စိတ်တိုလာပြီနော်။ ကိုယ့်ဟာကိုယ် ရွတ်နေတာတွေတောင် ဘယ်ရောက်သွားပလဲ မသိတော့ဘူး။ အီမိုလီစီ၊ တိုရီနီ၊ ဘရက်စီယာ၊ ဟော့… ဟော့ကောင်… ဖိုးထူး… ဖိုးထူး…'

'ဗုန်း…'

ကိုကြည်က ဆရာခန့်ကို သဲသဲမဲမဲကြည့်၍ ဆက်ရွတ်နေဆဲမှာပင် နောက်ဘက်က ဖိုးထူးက အလစ်ဝင်၍ ဖမ်းချုပ်သည်။ ပြီးနောက် ခွေခွေလည့်လိုက်ရာ နှစ်ယောက်သား ပူးတွဲလျက်သားကြီး လဲကျသွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com



လဲကျပုံက ဖိုးထူးက အောက်က၊ ကိုကြည်က အပေါ်က ဖြ
သည်။ သို့သော် ဖိုးထူးက အောက်ကနေ မလွှတ်တမ်း အားကုန်ဆွဲဖ
ထားရာ ကိုကြည့်မှာ ဖိုးထူးအပေါ်မှာ ပက်လက်လန်လျက် ယက်ထ
ယက်ကန်ဖြစ်နေသည်။ ဆရာခန့်က အတွေ့အကြုံ ရင့်ကျက်သူပီသ
ကိုကြည့်အပေါ်က ကားယားတက်ခွကာ ဖိထားလေသည်။ ကိုကြည့်
ဆရာခန့်နှင့် ဖိုးထူးတို့နှစ်ယောက်ကြားမှာ ညပ်နေလေတော့၏။

'အောင်မယ်လေးဗျာ… နပူးကာဆယ်၊ နပူးကာဆယ်ကွ'

ကိုကြည် စွတ်အော်သည်။ ဆရာခန့်က ဖိုးထူးကို အဓိပ္ပာယ်ဖွင့်ပြ

'ကြည့်စမ်း… ခုမှ ဇာတိရုပ်ပေါ်လာပြီ။ တို့က သူ့ကို ချုပ်
နွားရူးနဲ့ကာမယ်၊ နွားရူးက သူ့ကို လာကယ်ဆယ်မယ်လို့ ပြောနေတာကွ'

'နယ္မူးကာဆယ် မဟုတ်ဘူးဗျ၊ လာဗီယို… လာဗီယို'

ကိုကြည်က ပြင်အော်ပြန်သည်။ ဆရာခန့် ခေါင်းညိတ်ပြသည်

'စိတ်ချ… စိတ်ချ… ငါတိုက်တဲ့ရေလေး သောက်ပြီးရင် မ
တောင်းတဲ့ ဆီးယိုလာမယ်၊ သည်းခြေပြီးသွားအောင် ဆီးယိုတင်မကဘူး
ဆီးရေပါ ဖျော်တိုက်မယ်။ လာ ဆီးယိုလို့ တမနေနဲ့။ ဒီရေသာ အရင်
သောက်၊ ငါတိုက်တဲ့ရေ အရင်သောက်'

ထိုအချိန်တွင်ပင် ကိုကြည့်မိန်းမ မိသေး နောက်ဖေးခန်းမှ ပြေး
ထွက်လာသည်။ သူမက အစောကြီးတကည်းက အခြေအနေ စောင့်ကြည့်
နေခဲ့တာဖြစ်သည်။ လက်ရှိအခြေအနေမှာ ဆရာခန့်တို့က အသာစီးရသွား
မို့ ခုမှ ပြေးထွက်လာရခြင်းဖြစ်သည်။

'အဘခန့်… အဘခန့်… ကျုပ် ဘာလုပ်ပေးရမလဲ'

'အဲဒီ ရေနွေးပွဲထဲက ငါငှဲ့ထားတဲ့ပရိတ်ရေခွက် ပေးစမ်း၊ အတော်
သောင်းကျန်းနေပြီ။ နင်ထွက်လာတာ အတော်ပဲ။ ဟိုရေစင်ခွက်၊ ရေစင်ခွက်
မြန်မြန်ပေး'

ဆရာခန့်က အပေါ်ဆုံးက ကားယားကြီးခွထားရာ ကိုကြည်က
တကယ်တမ်းမှာ ပုပုသေးသေးထဲကဖြစ်၏။ ထို့ကြောင့် ဖိုးထူး၏ အဆိုင်
ဖက်တွယ် ချုပ်နှောင်ခြင်းမှ လွတ်အောင်မရုန်းနိုင်။





မိသေးက ရေနွေးပန်းကန်လုံးကို ဆရာခန့်လက်ထဲ ပြေးထည့်
သည်။ ဆရာခန့် အမြန်လှမ်းယူသည်။ ကိုကြည်က ဒေါသတကြီးအော်သည်။

'လွှတ်… လွှတ်ကြဗျ။ အီး… ဂျူဗင်တပ်၊ ဂျူဗင်တပ်ဟေ့'

ဆရာခန့်က ချက်ချင်း ဘာသာပြန်ပြ၏။

'ကြားကြလား၊ ကြီးကြီးကျယ်ကျယ် တော်တော်ဖင်ခေါင်းကျယ်တဲ့
အပဲကွ။ ပရိတ်ရေစင်သောက်မယ့်အရေး ကျုပင်တပ်ပေးရဦးမတဲ့။
ဟဲ့ကောင်… ဒါ မြို့မှာလို အအေးပုလင်းသောက်နေတာ မဟုတ်ဘူးကွ။
ဒီအတိုင်း ပါးစပ်ထဲ လောင်းချမယ်သာမှတ်။ ဟေ့ကောင်… ဖိုးထူး၊
လည်ပင်းကနေသိုင်းပြီး နည်းနည်းညှစ်လိုက်စမ်းကွာ'

ဆရာခန့် အမှာစကားကြောင့် ဖိုးထူးက ကိုကြည့်ကို သိုင်းဖက်
ထားသည့် ညာဘက်လက်ဖျံကို နေရာရွှေ့လိုက်သည်။ ကိုကြည့် လည်ပင်း
ပေါ်သို့ ဖြစ်သည်။

'အစ်… အစ်… အစ်… အစ်…'

ကိုကြည် မျက်လုံးတွေပြူးလာပြီး ပါးစပ်ပြဲကာ လျှာတစ်လစ်
ထွက်လာသည်။ ဆရာခန့်က အဲဒီအခိုက်ကို အမိအရလောင်းထည့်သည်။
ဆရာခန့်၏ရေစင်တွေက ကိုကြည့်ပါးစပ်ထဲသာမက နှာခေါင်းထဲပါ ဝင်
ကုန်သည်။

'ဂလူး… ဖရူး… ဖရူး… ချီယေဗို… ချီယေဗို'

ကိုကြည့်ဆီက မွှန်မွှန်ထူထူ အော်သံထပ်ထွက်လာသည်။

'အောင်မယ်… တော်တော်လာတဲ့ အပဲ။ နှာချေဖို့တဲ့ဗျား၊
ချေဖို့… ချေဖို့လို့ အော်နေတာ ကြားတယ်မဟုတ်လား။ နောက်မှချေဟေ့၊
နောက်တစ်ခွက်ထပ်ငှဲ့ပြီး မောင်ကြည့်ပါးစပ်ထဲ လောင်းချလိုက်။ ယောဟို
ပုလင်းထဲက ရေစင်ကို ပြောတာ'

မိသေးက ဆရာခန့်ခိုင်းသည့်အတိုင်း ပုလင်းထဲမှ နောက်ထပ်
ရေတစ်ခွက်ကို အကြမ်းပန်းကန်ထဲ ထပ်ငှဲ့ကာ ကိုကြည့်ကို ထပ်တိုက်

မရုန်းသာ မဖယ်သာဖြင့် ကိုကြည် နောက်တစ်ခွက်ထပ်
လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အိမ်ဝိုင်းထဲသို့ဝင်လာသော သန်းပုတို့တစ်တွေ တဝုန်းဝုန်း ပြေးလာကြ၏။ အိမ်ထဲမှ ရုတ်ရုတ်သဲသဲမြင်ကွင်းကို မြင်လိုက်ကြရသောကြောင့် ပြေးဝင်လာကြခြင်း ဖြစ်သည်။

'ဟ… ဘာတွေဖြစ်ကုန်ကြတာလဲ။ ဆရာခန့်က အပေါ်ဆုံးက ကားယားကြီးခွလို့ပါလား။ အလယ်က ကိုကြည်၊ အောက်ဆုံးက ဖိုးထူး၊ ဗျို့… ဘာတွေဖြစ်ကုန်ကြတာတုန်း'

ပြောပြောဆိုဆိုနှင့် သန်းပုက ဝင်ဆွဲသည်။ အပေါ်ဆုံးကဖြစ်သော ဆရာခန့်ကို ဦးစွာဆွဲချ၏။ ဆရာခန့်က လှည့်ကြည့်ပြီး ပြောသည်။

'ဟော… သန်းပုတို့ ရောက်လာပြီ၊ နေ… နေ… နေ… ငါ့ကို မဆွဲနဲ့။ ဟော့… အောက်ကကောင် ဖိုးထူး၊ မင်းလည်း မောင်ကြည့်ကို လွှတ်လိုက်တော့၊ ရပြီ… နှစ်ခွက်တောင် ဝင်ပြီးမှတော့ သက်သာပြီ ပေါ့လကွာ'

ဆရာခန့်က ကိုကြည့်အပေါ် ကားယားခွထားရာမှ ပြန်ဆင်းလိုက်ရင်း ဖိုးထူးကိုပါ လှမ်းပြောလိုက်သည်။ အဲဒီတော့မှ လူသုံးယောက် တကွဲစီ ဖြစ်သွားကြတော့သည်။ သုံးယောက်စလုံး စကားမပြောနိုင်ကြသေးဘဲ ဟောဟဲဆိုက်နေကြသည်။ သူတို့သုံးယောက်အနက် အမောဆုံးလူမှာ ကိုကြည် ဖြစ်သည်။ သူ့အထက်က ဆရာခန့်၊ အောက်က ဖိုးထူး၊ သည် နှစ်ယောက်ကြား ညပ်နေခဲ့ရသူမဟုတ်လား။

'နေပါဦး… ဆရာခန့်တို့က မကြီးမငယ်နဲ့ ဘာတွေဖြစ်နေနှင့်ကြတာလဲ။ ဒီအရွယ်ကြီးတွေရောက်မှ နပန်းလုံးတမ်း ကစားနေကြတာတော့ မဟုတ်ပါဘူးနော်'

ဖိုးတေက ဝင်မေးသည်။ ဆရာခန့် မောနေရသည့်အထဲ ဖိုးတေ၏ မဟုတ်မဟပ် မေးခွန်းကြောင့် အတော်ဒေါပွသွားသည်။

'နင့်အမေကလွှားမို့ ဒီအရွယ်ကြီးတွေရောက်မှ ကမြင်းကြော ဆွဲရမှာလား ဖိုးတေရ၊ မိသေးကိုသာ မေးကြည့်ပေတော့။ မင်းတို့လူ မောင်ကြည် အပမှီနေလို့ ငါက ဆေးကုပေးနေရတာ၊ သိရဲ့လား'

ဆရာခန့်က မောသံကြီးနှင့် ပြောသည်။





'ဗျာ… အစ်ကိုကြည်က အပမှီခံရတယ်၊ ဟုတ်လား'

သန်းပုက ဝင်မေးသည်။ ကိုကြည့်မိန်းမ မိသေးက ပျာပျာသလဲ ဝင်ဖြေသည်။

'ဟုတ်တယ် သန်းပုရဲ့၊ ဒါကြောင့် အဘခန့်ကို ငါကိုယ်တိုင် ပြေးခေါ်ရတာ။ အဲ့ဒါ အဘခန့်တိုက်တဲ့ဆေး အဲလေ… ပရိတ်ရေကို မသောက်ဘဲ ရုတ်ငြင်းနေလို့ ဖိုးထူးရော၊ အဘခန့်ရော နှစ်ယောက်ဝိုင်းချုပ်ပြီး တိုက်ရတာ။ အခုတော့ နှစ်ခွက်ဝင်သွားပါပြီ၊ ငြိမ်လည်း ငြိမ်ကျသွားပါပြီ'

'နေပါဦး… အစ်ကိုကြည် အပမှီတာက ဘယ်လိုပုံစံ ထူးနေလို့လဲ'

'မသိပါဘူးဟယ်… တို့ တစ်ခါမှ မကြားဖူးခဲ့တဲ့ ဘာအဓိပ္ပာယ်မှ ဖော်ထုတ်မရတဲ့ ဂါထာတွေ၊ မန္တန်တွေ ရွတ်နေတာပဲ'

သန်းပု ဦးနှောက်ခြောက်သွားသည်။

မြို့သူဟာက လိုက်ပါလာသော သန်းပုတို့ ဘောလုံးနည်းပြ ဆရာလေး ကိုဝင်းနောင်က ကိုကြည့်ကို တစ်ချက်လှမ်းကြည့်ကာ အိမ်ထဲသို့ ဝင်လာသည်။ ပြီးမှ ရှေ့ဘက်တန်းလျားရှည်တစ်လုံးမှာ ဝင်ထိုင်သည်။ ကိုကြည်နှင့် ဖိုးထူးတို့လည်း အမောပြေစပြုလာသည်။

'ဩ… လက်စသတ်တော့ ဒီကိစ္စရဲ့လက်သည်တရားခံက မိသေးကိုး။ ဘို့… တယ်တော်တဲ့မိန်းမ၊ ဆရာခန့်တို့ကို နင် သွားခေါ်တာပေါ့ လေ၊ ဟုတ်လား'

ကိုကြည်က မိသေးကို မျက်ထောင့်နီနှင့် လှမ်းကြည့်ကာ မေးသည်။ မိသေးက ခေါင်းညိတ်ပြသလို ဆရာခန့်ကလည်း ဝင်ရှင်းပြသည်။

'ဟုတ်တယ်လေကွာ၊ မနက်ကတည်းက ငါ့ကို အူယားဖားယား လာပြေးခေါ်တာ။ မင်း အပမှီပြီး ထင်ရာတွေလျှောက် ရွတ်ဖတ်သရွတ်နေလို့ လုပ်ပါဦးတဲ့။ မင်းကလည်း ဟုတ်သားပဲ။ ဘာတွေကို လျှောက် ရွတ်နေမှန်း မသိဘူး။ ဖိုးထူးကိုပဲ မေးကြည့်ဦး။ ငါတို့နှစ်ယောက်လုံး အပြင်ဘက်ကနေ အသေအချာနားထောင်ပြီး သေချာပြီတော့မှ မင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြတာပဲ။ ဒါတောင် ပရိတ်ရေကို မသောက်နိုင်ပါဘူးဆိုပြီး ဒေါ်နဲ့ မာန်နဲ့ ငြင်းနေသေးလို့ ဖွတ်ချုပ်ပြီး တိုက်ကြရတာပဲ မောင်ကြည်။ ဘယ့်နှယ်လဲ… ခုတော့ နေသာထိုင်သာရှိသွားပြီမဟုတ်လား။ မင်းကိုမှီတဲ့အပကြ အတော်ကြမ်းတယ်ကွ။ တို့နှစ်ယောက်နဲ့တင် မနိုင်လို့ မင်းမိန်းမ မိသေးတောင် ဝိုင်းကူရသေး'

'ဟုတ်တယ်လေ အစ်ကိုကြည်ရဲ့၊ ဆရာခန့်တားတဲ့ကြားက တို့းတိုးပြီးရွတ်တာ။ ကျုပ်တို့ ဖမ်းချုပ်ပြီးတာတောင် နွားရူးနဲ့ကာမယ် ပြောလိုပြော၊ ဆီးယို တောင်းလိုတောင်း၊ နှာချေဦးမယ် ပြောသေးဗျား၊ ရေစင်တိုက်တော့ ပါးစပ်ကို ကျူပြင်တပ်ပေးရဦးမယ်လို့ တောင်းဆိုသေးရဲ့'

ဖိုးထူးက ဝင်ထောက်ခံသည်။

ကိုကြည်က ခဏငြိမ်၍ ပြန်စဉ်းစားနေသေးသည်။

ပြီးနောက် စိတ်ဖောက်ပြန်သွားသလို တဟားဟား အတောမသတ် ရယ်တော့သည်။

'ဟာ… ဆရာခန့်၊ လုပ်လာပြန်ပြီဗျ၊ လုပ်လာပြန်ပြီ'

ကိုကြည့်ကိုကြည့်ရင်း ဖိုးထူးက ထအော်သည်။ သန်းပုတို့တစ်တွေ အပါအဝင် အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ ဆရာခန့်က မျက်မှောင်ကြီးကြုတ်ရင်း ညည်းညူလိုက်၏။

'တောက်… ခုတင် ရေစင်တိုက်ထားတာကို ဘယ်လိုကြောင့် ပြန်ဖောက်လာတာတုန်း၊ ထပ်ချုပ်ကြစမ်းကွာ။ ဒီတစ်ခါ တစ်ပုလင်းလုံးကုန်အောင် လောင်းချပစ်လိုက်မယ်။ သင်းပါးစပ်ထဲကို တစ်ပုလင်းလုံး လောင်းချမယ်'

ပြောပြောဆိုဆိုနှင့် နေရာက ပြန်ထသည်။

ကိုကြည်က သည်တစ်ခါတော့ ပါးသွားပြီဖြစ်သည်။ လက်ဝါးနှစ်ဖက်ဖြန့်၍ အလျင်အမြန်ကာလိုက်ရင်း က ပျာပျာသလဲ ပြော၏။

'နေကြပါဦး… နေကြပါဦး၊ ကျုပ် ပြောပါရစေဦး၊ ဟား… ဟား… ကျုပ်ရယ်တာက ဘယ်အပမှီလို့မှ မဟုတ်ဘူးဗျ။ ကျုပ်မိန်းမ မိသေးရော၊ ဆရာခန့်နဲ့ ဖိုးထူးကိုရော ရယ်ချင်လာလို့ပါ၊ ဘယ့်နှယ်…





…များတို့ကလည်း မိသေးပြောသမျှ ယုံ၊ မိသေးကလည်း ဘာမှမသိ။ …များတို့ကလည်း ဘာမှမသိဆိုတော့ ရှုပ်ကုန်တာပေါ့'

'ဘာမှမရှုပ်ဘူးကွ၊ မင်းကိုက မှူယာမာယာများနေတာ။ မင်း …ာတွေရွတ်တာ ငါတို့ နားဆတ်ဆတ်ကြားပဲဥစ္စာ'

ဆရာခန့်က စိတ်မရှည်နိုင်သလိုပြော၏။ ကိုကြည်က ရယ်ရ …သဖြင့် အူတွေနာလာပုံဖြင့် သူ့ဗိုက်ကိုသူ ပြန်နှိပ်ထား၏။

'ဟုတ်ပါပြီလေ၊ ကျုပ်ရွတ်နေတဲ့ကိစ္စကို ဆရာခန့်က ဘုမသိ …သိနဲ့ အခု ရပ်စမ်းဆိုပြီး လာအမိန့်ပေးလို့ ပေးရကောင်းလားဆိုပြီး …တိုက်ရွတ်တာဗျ။ ကျုပ်ရွတ်တာက ဂါထာမှမဟုတ်ဘဲ'

'ဒါဖြင့် ဘာလဲ၊ မန္တန်လား… တို့တော့ ဘာမှအဓိပ္ပာယ်ဖော် …ဘူး'

'ဘယ်ဖော်လို့ရမလဲ၊ ခင်ဗျားတို့က ဘာဗဟုသုတမှမရှိတဲ့ဥစ္စာ၊ … ကျုပ် ပြန်ရွတ်ပြမယ်။ ဟိုမြို့က ပါလာတဲ့ ဆရာလေးတို့၊ သန်းပုတို့ …င် နားလည်ကြလိမ့်မယ်။ ကဲ… မြို့ကညွှန့်သည် ဆရာလေးရေ၊ …ပ်ရွတ်နေတဲ့ ဂါထာဆိုတဲ့ကိစ္စ၊ နားထောင်ပေးပြီး ဆုံးဖြတ်ပေးလိုက် …ပါဦး'

စကားဆုံးသည်နှင့် ကိုကြည်က ပြုံးဖြီးဖြီးဖြင့် ရေရွတ်လေသည်။

'အာဆင်နယ်၊ ဘာလက်ဘမ်း၊ မန်ယူ၊ ချဲလ်ဆီးနဲ့ လီဗာပူး၊ နယူး …ဆယ်၊ ဘော်လ်တန်၊ ဘာမင်ဂမ်နဲ့ အဲဗာတန်၊ ဆောက်သမ်တန်၊ …ဆဗိုရီမား၊ ဂျူဗင်တပ်နဲ့ ပါးမား၊ ဟား… ဟား… ဟား…'

'အောင်မယ်… ဒီတစ်ခါ ဂါထာရွတ်ပုံက ကဗျာလိုလို၊ သံပေါက် …လို'

ဆရာခန့်က ရှုံ့မဲ့စွာမှတ်ချက်ချသည်။

ကိုကြည်က ရွတ်တာကိုနားထောင်ရင်း ညွှန့်သည်ဆရာလေး… …ဖြည်းဖြည်း ပြုံးလာသည်။ သန်းပုလည်း စပ်ဖြီးဖြီးကြီး ဖြစ်လာသည်။ …ကြည်ရွတ်၍အပြီး ဆရာခန့်ထံမှ မှတ်ချက်ချသံ ထွက်လာသည်နှင့်တော့ …တဟားဟားရယ်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… မင်းတို့က ဘာရယ်ကြတာလဲကွ၊ ငါတို့ကိုလည်း ပြောဦးမှပေါ့ သန်းပုရ၊ တို့မှာ စောစောတုန်းက အဲဒါတွေရွတ်လို့ ချုပ်သကော ရေစင်တိုက်သကော အလုပ်တွေများ သွားလိုက်ရတာ မပြောနဲ့တော့'

ဖိုးထူးက ဝင်မေးသည်။ သန်းပုတို့၊ ကိုကြည်တို့ကတော့ အရယ် မရပ်နိုင်ကြသေး။ သည်မှာပင် ညှိုသည်ဆရာလေးက မျက်နှာပိုးသတ်၍ ဝင်ရှင်းပြသည်။

'ဆရာခန့်တို့ ထင်သလို အပမှီပြီး ဂါထာရွတ်နေတာ မဟုတ်ပါ ဘူး။ ဒီနေ့ ကမ္ဘာမှာ ကန်နေကြတဲ့ နာမည်ကျော် ဘောလုံးအသင်းတွေရဲ့ နာမည်တွေကို တန်းစီ ရွတ်နေတာ ခင်ဗျ'

'ခင်ဗျာ…'

'တော်…'

'ဟော…'

ဖိုးထူး၊ မမိသေးနှင့် ဆရာခန့်တို့ သုံးယောက်ထံမှ အာမေဍိတ်သံ သုံးမျိုး ပြိုင်တူထွက်ပေါ်လာသည်။ ဆရာလေးကိုဝင်းနောင်က ဆက် ရှင်းပြသည်။

'ဟုတ်တယ်ခင်ဗျ၊ လက်ရှိကမ္ဘာသိ ကန်နေကြတဲ့ ပရီးမီးယားလိဂ် တို့၊ စီးရီးအေပွဲစဉ်တို့၊ စပိန်လာလီဂါပွဲစဉ်တို့မှာ ဝင်ကန်နေကြတဲ့ ဘောလုံး အသင်းတွေရဲ့ နာမည်တွေ ရွတ်သွားတာပါ။ နေပါဦး… ကိုကြည်ကများ ဘာကိစ္စ အဲဒါတွေကို ရွတ်နေရတာတုန်း'

'ဩော်… ဆရာလေးရယ်၊ ကျုပ်က ဆိတ်ကုလားဘောလုံး အသင်းရဲ့ အုပ်ချုပ်သူအကြီးအမှူးလုပ်ရမယ့်သူဆိုတော့ သူများရွာတွေက ခေါင်းဆောင်တွေနဲ့တွေ့ရင် အောက်တန်းမကျအောင် ပြန်မှုတ်နိုင်ဖို့ ဗဟုသုတ အနေနဲ့ ဂျာနယ်တွေထဲပါတဲ့ ဘောလုံးအသင်းတွေနာမည်ကို အလွတ်ရအောင် ကျက်ထားရမှာပေါ့ဗျာ။ ဒါကြောင့် ရွတ်နေတာကို အိမ်ကမိန်းမ မိသေးက အပမှီတယ်ထင်ပြီး ဆရာခန့်ကို သွားပင့်။ ဆရာခန့်ကလည်း သူ ဘာမှ မကြားဖူးတာတွေဆိုတော့ အပမှီတာ ဟုတ်ပြီဆိုပြီး ကျုပ်ကို ပရိတ်ရေတိုက် ရှုပ်ကုန်တာပေါ့ဗျာ။ ဟား… ဟား… ဟား… ဟား…'





သည်တစ်ခါ တစ်လှည့်တစ်ဖန် ဒေါပွရသူက ဆရာခန့်ဖြစ်တော့ သည်။ ဖိုးထူးက လူငယ်ပီပီ ရောယောင်ဟားကြောမိသွားကာ ချော့လဲ ချော့ထိုင်လိုက်နိုင်ပေမည့် ဆရာခန့်ကတော့ လူကြီး မဟုတ်လား။

ခုတော့ ဘာအပမှမမှီသူကို ဖမ်းချုပ်တာ ပရိတ်ရေတိုက်ပြီး ကုပေးမိလျက်သားဖြစ်သွားရပြီး ဆရာခန့်တစ်သက်မှာ ဒါမျိုး တစ်ကြိမ်မျှ မကြုံဖူးခဲ့။ ရောဂါမရှိသူကို လူပြောသူပြောနှင့် ကုပေးရသောဆရာ ဖြစ်ရ သည်။ သည်သတင်းသာ ရွာထဲပျံ့နှံ့သွားလျှင် ရယ်လိုက်ကြမည်ဖြစ်ခြင်း။

ခုပင်ကြည့်… စောစောကမှ ဒေါအပွကြီး ပွနေခဲ့သော ကိုကြည် ပင် မျက်ရည်ထွက်အောင် ထိုင်ရယ်နေပြီ။ ပြီးတော့ ပရိတ်ရေပုလင်း လည်း နှစ်ခွက်စာလျော့သွားတာ နှမြောစရာ။

တွေးရင်း တွေးရင်း ဆရာခန့် နှုတ်ခမ်းမွှေးတွေ ထောင်လာသည်။

'ကဲ… တိတ်ကြစမ်းကွာ၊ တောက်… မိသေး… မိသေး၊ နင် ဘာသိဘာမသိနဲ့ ငါ့ကိုလာခေါ်ပြီး လူကြီးကို သက်သက်အရှက်ခွဲတာပဲ'

မိသေးက အလျှင်အမြန် လက်အုပ်ကလေးချီသည်။

'ကန်… ကန်တော့ပါ အဘခန့်ရယ်၊ ကျုပ်လည်းလေ ကိုကြည့် အတွက် အတော်စိုးရိမ်သွားတော့'

'တော်ဟေ့… တော်… ခုတော့ လူကြားလို့ကောင်းသေးလား၊ ဘာမှမဟုတ်တဲ့လူကို ရွတ်ဖမ်းချုပ်ပြီး နင်လား ငါလား ကုပေးမိသလိုဖြစ်ရ တယ်။ တောက်… ရွာမှာ မင်းတို့ ဘောလုံးကိစ္စက အတော်ရှုပ်ပေတာပဲ။ ဒီအဆိုင် ငါ့ဟာငါနေတဲ့လူတောင် ကြားညပ်သွားရသေးတယ်၊ ဒီမယ် မိသေး'

'တော်… အဘခန့်'

ဆရာခန့် မျက်လုံးပြူးကြီးနှင့် တစ်ချက်ကြည့်သည်။ ပရိတ်ရေ ပုလင်းကို လွယ်အိတ်ထဲပြန်ထည့်သည်။ ပြီးနောက် ပခုံးထက်လွယ်လိုက်ရင်း အသံကြီးအောင့်ကြီး ပြောလိုက်သည်။

'နောက်ကို နင့်ယောကျ်ား မောင်ကြည် ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး ရူးသွားတာ အမြှုပ်တစီစီထွက်၊ ဘေးကခေါ်လို့ ပြောလို့ မထူးနိုင်နဲ့ တော့



www.burmeseclassic.com

www.burmeseclassic.com



မေးမရဖြစ်တဲ့အချိန်ကျမှ ငါ့ကိုလာခေါ်၊ နို့မို့ရင် ဘယ်တော့မှ မလိုက်တော့ဘူးမှတ်၊ ငါ သွားပြီ'


ဆရာခန့် ဒေါ်ပွပွနှင့် အိမ်ထဲမှ လှမ်းထွက်သွားလေသည်။ ဆရာခန့်အိမ်အပြင်ရောက်၍ ခြေလှမ်းသုံးလေးလှမ်းအရောက်မှာပင် ကိုကြည့်ထံမှ စကားသံထွက်လာသည်။

'စိတ်ချ ဆရာခန့်ရေ၊ ကျုပ် အမြုပ်တစီစီမဖြစ်မချင်း ဘယ်တော့မှ မိသေးကို မခေါ်နိုင်းဘူး မှတ်။ ခုလည်း အပမှီတာတော့ အမှန်ပဲ ဒါပေမဲ့ ကျုပ်ကို မှီတဲ့အပက ပြည်တွင်းက မဟုတ်ဘူးဗျို့။ နိုင်ငံတကာ နာမည်ကြီးနေတဲ့ ဘောလုံးအပတွေလို့ မှတ်ထား၊ ဟား... ဟား... ဟား... ဟား...'

ဆရာခန့်သည် သူ့နောက်မှ ကျားလိုက်လာသည်ကို မြင်ရသကဲ့သို့ စောစောကထက် နှစ်ဆမြန်သော ခြေလှမ်းတို့ဖြင့် ကိုကြည့်အိမ်ဝိုင်းထဲမှ အမြန်သုတ်ချေတင်လေသည်။

□ □ □





— ၉ —

'အဟမ်း... အဟမ်း...'

သစ်ရိပ်ဝါးရိပ်ဖြင့် ညို့ဆိုင်းနေသော လမ်းကလေးပေါ်တွင် လူသူ ကင်းရှင်းနေသည်။ သစ်ချို့ဘုန်းတော်ကြီးကျောင်းက ကျောင်းဝိုင်းကျယ်ကြီး ဖြစ်သည်။ ဘုန်းကြီးကျောင်းဆီ ရောက်ပါမည့်အရေး အတော်လျှောက်ယူ ရသည့်အပြင် လမ်းကလည်း တစ်ဆစ်ချိုး ချိုးကွေ့ရသေးသည်။ ပရိဝုဏ် အဝင်းတံခါးကြီးသို့ ရောက်လုလုမှာပင် 'အဟမ်း... အဟမ်း' ဆိုသော ချောင်းဟန့်သံ ထွက်လာ၍ ညိုယဉ် လန့်သွားသည်။

ချောင်းဟန့်လိုက်သူက အခြားသူမဟုတ်။ ဆိတ်ကုလားသား သန်းပု ဖြစ်သည်။

သန်းပုသည် ညိုယဉ့်ကို ကြိုက်မိပါပြီဟု ဖိုးတေကို ဝန်ခံချက် ပေးလိုက်မိပြီးသည့်နောက်ပိုင်းမှစ၍ ညိုယဉ်ရှိရာ သစ်ချို့ကုန်းသို့ချည်း မနက် ခင်းတိုင်း ချောင်းပေါက်မတတ် သွားနေသည်။ ဘာမှ လုပ်စရာမရှိလျှင် ညိုယဉ်ဆိုင်ထိုင်သည့်အချိန်ကို ချောင်းကာ ဈေးဝင်ဝယ်သည်။ ဈေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းက မထိခလုတ် ထိခလုတ်စကားတွေ ရာကြဲပြောရင်း ညိုယဉ့်၏ အသည်းနှလုံးကို သစ်တုံးကြီးနဲ့သလို တအိအိထွဲနှဲ့နေသည်။

ညိုယဉ်ကလည်း သန်းပုခြေလှမ်းတွေကို သိပါသော်ကော။

နေ့စဉ်နှင့်အမျှ လာလာပိုးနေတာပဲဥစ္စာ။ သည်လောက်မှ မသိလျှင် ခက်ပဲခက်ရချည်ရဲ့။ သို့သော် သန်းပုကို မျက်နှာသာတော့ လုံးဝမပေးချေ။ နဂိုကတည်းက 'ဆိတ်ကုလားသား' ဆိုသော ရှာချင်းမတည့်သည့် အခံစိတ်ကလေးက ညိုယဉ့်နှလုံးသားကို ဟန့်တားထားသည်။

သန်းပုကတော့ တော်တော်ဖွဲ့ကောင်းသည်ဟု ပြောရမလား သို့မဟုတ် တော်တော် မျက်နှာပြောင်သည်ဟု ပြောရမလား မသိ။ ပြုံးပြုံးစိနှင့် အချိန်တန်လျှင် ညိုယဉ့်ထံ လုစ်ခနဲ ရောက်ရောက်လာမြဲ ဖြစ်သည်။

ခုလည်းကြည့်… မထင်မှတ်သည့်နေရာက သန်းပု ပေါ်လာသည်။

ကျောင်းအဝင် လမ်းနံဘေးရှိ ကုက္ကိုပင်ကြီးနောက်ဘက်က ပေါ်လာကာ ချောင်းဟန့်သံပေးပြီး ကပ်လိုက်လာသည်။ လမ်းတစ်လျှောက် လူရှင်းနေတာကပင် သန်းပုအတွက် အခွင့်အရေးကောင်းဖြစ်နေသည်ဟု တွေးမိတော့ ညိုယဉ့်ရင်ထဲ နွေးတေးတေးကြီး ဖြစ်သွားသည်။

'တော် ဘာကိစ္စလိုက်လာရပြန်တာလဲ၊ ဘရွတ်ဘရတ် မလုပ်နဲ့နော်။ ထအော်ပစ်လိုက်လို့ ဒုက္ခရောက်သွားမယ်'

အနီးကပ်မိရုံရှိသေး၊ ညိုယဉ့်ထံမှ ထွက်လာသော ဟိန်းဟောက်သံကြောင့် သန်းပု တွန့်ခနဲဖြစ်သွားသည်။

'ညိုယဉ်ကလည်းဟာ… ဘာလုပ်နေလို့ ထအော်ရမှာတုန်း ကိုသန်းပုက စကားစမြည်လေး ပြောရအောင်လို့ လာစောင့်နေတာပါ ဟီး… ဟီး…'

အယ်ိ… လာစောင့်နေတာပါ ဆိုပါကလား။

ညိုယဉ် အတော်ကလေး အံ့သြသွားသည်။ သူမ ဘုန်းကြီးကျောင်းကို ဆွမ်းလာပို့မည့်ကိစ္စကို ကြိုတင်သိနေသည်ဆိုသည့် အဓိပ္ပာယ်ရောက်နေသည် မဟုတ်လား။





'နေပါဦး… ကျုပ် ဒီလမ်းကို လာမယ်ဆိုတာကို တော်ကြီးက ဘယ်လိုလုပ်သိနေရတာလဲ'

'မပုတုက ပြောတာ၊ အဲလေ…ဒီလိုပေါ့။ သိချင်တဲ့လူက စုံစမ်းထားရတာပေါ့'

သန်းပုစကားက ရှေ့ကဖော်ပြီး နောက်ကဖုံးဆိုသလိုဖြစ်နေသည်။ သတိစသတ်တော့ တရားခံ လက်ထောက်ချသူက ပုတုကိုးဟု ညိုယဉ် ချမြီးတိုသွားသည်။ အနှီသကောင့်သား ဆိတ်ကုလားသားသည် တော်တော်လေးတော့ လူလည်ကျသူဟု ဆိုရမည်။ ညိုယဉ်၏ ရေခပ်ဖော်၊ အိမ်နီးချင်းလည်းဖြစ် သူငယ်ချင်းလည်းဖြစ်သော ပုတုကို သင်း ဘယ်လို ညှိုးရုံးပေါင်းသင်းလိုက်သည် မသိ။ သူတို့တွေ အတော်ရင်းနှီး ခင်မင်နေပြီဖြစ်သည်။ မျက်နှာက အပြုံးချိုချိုနှင့် ရယ်စရာ မောစရာ ပြောတတ်သူမို့ ဝမ်းတွင်းရှုးပုတုနှင့် လေပေးအမြန်ဖြောင့်သွားကြတာပဲ ဖြစ်နိုင်သည်။

'ဒီမှာ တော် ကျုပ်အကြောင်းကို ဘာမှ စုံစမ်းမေးမြန်းနေစရာ မလိုဘူး၊ အိမ်ကိုလည်း မလာပါနဲ့၊ နောက် ဈေးဝယ်လာရင်လည်း တော့်ကို မြင်ရင် ကျုပ် ဈေးထွက်မရောင်းဘူး'

'ဟာ… အဲလိုတော့ မလုပ်လိုက်ပါနဲ့ ညိုယဉ်ရယ်၊ ဈေးဝယ်လာတာက ဝယ်ချင်လို့မှမဟုတ်ဘဲ၊ ဟီး… ဟီး… ညိုယဉ့်မျက်နှာလေးကို မြင်ချင်လို့။ ညိုယဉ် ဘုတောတာလေးကို ကြားချင်လို့ ပိုက်ဆံအကုန်ခံပြီး လာလာဝယ်ရတာပါ။ ဒီမှာ ညိုယဉ့်ဆိုင်က ဝယ်တဲ့ ပဲကြော်ထုပ်တွေ၊ အီးယိုထုပ်တွေကို ဘာလုပ်ပစ်တယ်မှတ် သလဲ'

'ဘယ်သိမလဲ'

'အဲဒီအနီးအနားက ကလေးတွေကို ဝေပစ်လိုက်တာပေါ့၊ ခုဆို ကလေးတွေကအစ ကိုသန်းပုအလာကို စောင့်နေတတ်ကြပြီ'

ညိုယဉ် ပြုံးစိစိဖြစ်သွားသည်။ တော်တော်လည်း ရူးတဲ့လူပဲဟု တွေးလိုက်မိသောကြောင့် ဖြစ်သည်။

'ကလေးတွေကတော့ မုန့်စားရလို့ စောင့်ချင် စောင့်ကြမှာပေါ့ ပါပေမဲ့ ကျုပ်ကတော့ မစောင့်ပါဘူး၊ မလာရင် ပိုကျေးဇူးတင်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုမပြောပါနဲ့ ညိုယဉ်ရယ်၊ ကိုယ့်ခြေထောက်အညောင်းခံပြီး လာရတဲ့လူကို သနားသင့်ပါတယ်၊ ဘာလို့လာနေရတယ် ထင်လဲ'

'သိပါတယ်… တော် ကျူပ်ကို ပိုးနေတာပဲမဟုတ်လား'

'ဝုတ်ပါ့… အဲလေ… အသံချိုစက်ပြဇာတ်ထဲကလို ပြောရရင် ချစ်နေမိပြီ။ ဒါကြောင့် တစ်နေ့မမြင်ရရင် မနေနိုင်လို့ လာလာနေရတာပါ'

'အို… တော်ပါ၊ နားရှက်စရာတွေ'

ညိုယဉ်က မျက်နှာကလေး ရှက်သွေးဖြန်းဖြင့် ပျာပျာသလဲပြော သည်။ သူမ ဘာကယ်ပင် ရှက်သွားခြင်းဖြစ်ပါသည်။ ကိုယ့်ရွာသားထဲက သည်လို တွေ့တွေ့ဆိုင်ဆိုင် ထိပ်တိုက်လာပြောတဲ့သူ မရှိခဲ့ဖူးသေးသဖြင့် သန်းပုသည် သူမကို ပထမဦးဆုံး ရည်းစားစကားပြောသူဟု မှတ်တမ်းဖြ ရမလိုရှိသည် မဟုတ်လား။

'ညိုယဉ်ကလည်းဟာ… တို့ရွာသူရွာသားရိုးရိုးတွေပဲ။ ဒီတော့ ခပ်ရှင်းရှင်းပြောတာ ကောင်းပါတယ်။ မြောင်ပေါ့… ကြိုက်တယ် ကြိုက် တယ်။ ချစ်… ချစ်တယ်ပေါ့။ ပြီးတော့ နင်နဲ့ ငါဆိုတာ အသက်ချင်းက လည်း မတိမ်းမယိမ်းပေါ့။ နင်က ငါ့ထက် ၂ နှစ်ပဲငယ်တာ။ ၁၉ နှစ်ထဲ မှာဆို'

'ဟင်… ဘယ်လိုလုပ် သိပြန်တာလဲ'

'မပုတုက ပြောတာ၊ အဲ… အဲ… ဒီလိုပဲ မှန်းဆကြည့်ရတာ ပေါ့'

'မှန်းနိုင်ဦးမှာ အားကြီး၊ ကဲ… သွားပါတော့။ ဘုန်းကြီးကျောင်း ရောက်တော့မယ်။ ဘုန်းကြီးမြင်သွားရင် မလှယ်ဘူး'

ညိုယဉ်က ကျောင်းနှင့်နီးလာသည့်အတွက် ဖွတ်နှင်လွှတ်သည်။

'သိပါတယ်… ကျောင်းထိုင်ဘုန်းကြီးက ညိုယဉ့်အမေရဲ့ အစ်ကို ကြီး၊ ညိုယဉ်ရဲ့ဦးကြီး တော်တယ်ဆိုတာ'

'ဒါလည်း မပုတုက ပြောတာပဲလား'

'အင်း… ဟုတ်တယ်၊ ငါ့မှာ မပုတုကိုပဲ အသေအလဲ ဆည်းကပ် ကိုးကွယ်နေရတယ်။ အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား'





'ကျူပ်ကြောင့်ပါလို့ ပြောချင်လို့ စကားလမ်းကြောင်းနေတာ မဟုတ်လား'

'ဒီလိုတော့လည်း သိပေသကိုး၊ ဟုတ်တာပေါ့ ညိုယဉ်ရယ်၊ နင့်ကြောင့်ပေါ့၊ ဒီတော့ တိုတိုပြောပါစို့။ နင် ငါ့ကို ပြန်မကြိုက်နိုင်ဘူး လားဟင်၊ ကြိုက်ပါနော်'

'အို… ဘယ်ဖြစ်မလဲ၊ တော့်အကြောင်းလည်း ဘာမှသိရသေး တာလည်း မဟုတ်ဘဲနဲ့'

ညိုယဉ်က ပြုံးပြုံးပျာပျာဖြင့် ငြင်းချက်ထုတ်သည်။ သန်းပု အကြိုက်ကျသည်။

'စောစောစီးစီးက အဲလိုပြောရောပေါ့ ညိုယဉ်ရယ်။ ဦးဖိုးသန်း၊ ဒေါ်ခင်ပုတို့ရဲ့ တစ်ဦးတည်းသောသား သန်းပု၊ ပညာအရည်အချင်း ၁၀ တန်း အထိနေဖူး၊ လုပ်ရည်ကိုင်ရည်က ရူ ၂၀ စိုက်လယ်ကို ဦးဆောင်စိုက်နိုင်သူ၊ ယနေ့အထိ ညိုယဉ်မှလွဲလျှင် ဘယ်ကောင်မလေးကိုမှ မကြိုက်ဖူးသေး။ ဖွဲလှံ့လစီရိယ အနေအထား ဆိတ်ကုလားမှသည် သစ်ချိုကုန်း အသွားအပြန် ၃ တိုင်ခေါ် ၆ မိုင်ခရီးကို နေ့စဉ်မနက်တိုင်း ခြေသလုံး အကြီးခံ၍ သွား ပြန်နိုင်သူ။ ကဲ… ကြိုက်ပလား'

သန်းပုက လက်မတထောင်ထောင်ဖြင့် သူ၏ ကိုယ်ရေးရာဇဝင် ကို တင်ပြသည်။ သန်းပု၏တင်ပြချက်ကို နားထောင်ရင်း ညိုယဉ် ရယ် ချင်လာသည်။ ပြုံးစိပြုံးစိဖြင့် ပြောနေသော သန်းပုမျက်နှာကိုကြည့်ရင်း ရင်ထဲ ကလိကလိ ဖြစ်လာသည်။ ထို့ကြောင့် ထပ်ကွန့်လိုက်သည်။

'ဒီလောက်နဲ့သာ ကြိုက်ရရင်လား'

'မဟုတ်ဘူးလေ… လူပျိုစစ်စစ်၊ ရေမရောသေးဆိုတာ ပါသေး တယ်'

'ဒါ ဆန်းသလား၊ မိန်းမ မရသေးရင် လူပျိုပဲပေါ့။ လူပျိုတွေ ပေါလွန်းလို့'

'ဩော်… မေ့လို့၊ အထူးပြုရမယ့် အင်မတန် အင်မတန် ဂုဏ်ထူး ကြီး ရှိသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ညှိုယဉ်က 'ဘာပါလိမ့်'ဆိုသောသဘောဖြင့် တစ်ချက်စွေကြည့်သည်။ သန်းပုက မိန့်မိန့်ကြီးပြုံး၍ သူ၏ အင်မတန်ဂုဏ်ပုဒ်ကြီးကို ဖော်ထုတ် လေသည်။

'ဆိတ်ကုလားရွာ ဘောလုံးအသင်း၏ ဦးစီးခေါင်းဆောင် တိုက်စစ်မှူး'

'ဟမ်…'

'ဆိတ်ကုလား ဘောလုံးအသင်း၏ ခေါင်းဆောင်တိုက်စစ်မှူးလေ။ ဘာလဲ… အံ့သြသွားသလား၊ ဟဲ… ဟဲ… ဟဲ…'

စောစောက ပြုံးချင်သလိုလိုကလေးရှိနေသေးသော ညှိုယဉ်၏ အကြည့်တို့သည်လည်း ချက်ချင်းလက်ငင်းပင် နဂါးတို့မျက်စောင်း ဖြစ်သွားလေသည်။

သန်းပု ထိတ်ခနဲဖြစ်သွားသည်။ ထိုခဏမှာပင် ညှိုယဉ်က အတူယှဉ်လျှောက်နေရာမှ ရှေ့သို့ ဖျပ်ခနဲ ခြေတစ်လှမ်းတိုးလိုက်ကာ သန်းပုနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်လေသည်။

'အကောင်းမှတ်လို့ နားထောင်နေမိတယ်။ လက်စသတ်တော့ တော်က ကျုပ်တို့ရွာရဲ့ ရန်သူတော် နံပါတ်တစ်ဖြစ်နေတာကိုး'

'ဟာ… မဟုတ်ဘူးလေ ညှိုယဉ်ရဲ့၊ ဟို… ဟို… အားကစားဆိုတာ ယှဉ်ပြိုင်ခြင်းသာ…'

သန်းပု ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

သူကသာ စကားလုံးရှာ၍ မရဖြစ်နေသော်လည်း ညှိုယဉ့်ဘက်ကတော့ မြန်လေသည်။

ခဏချင်းမှာပင် နွေခင်းကြောင်တောင် နေပူကြီးထဲမှာ မိုးကြိုးပစ်ချလိုက်သကဲ့သို့သော ညှိုယဉ်၏ခုနစ်ချိုးသံကို သန်းပု ကြောက်ခွဲစွာ ကြားလိုက်ရလေတော့သည်။

'ဒီမှာ… အဲဒီ ဆိတ်ကုလားဘောလုံးသင်းရဲ့ ခေါင်းဆောင်တိုက်စစ်မှူးဖြစ်နေတဲ့ အချက်တစ်ချက်တည်းနဲ့တင် တော့်ကို ကျုပ် ပယ်ချလိုက်ပြီ။ နောက်လည်း ဘယ်တော့မှ မလာခဲ့နဲ့။ ရှေ့ကို ဆက်လာဦးမယ်ဆိုရင် အိမ်ထဲဝင်တာနဲ့ ခွေးနဲ့ရှူးတိုက်မယ် အောက်မေ့၊ ကိုင်း… အခုလည်း တစ်ခါတည်း မှတ်လောက်သားလောက် ရှိသွားရအောင်'

'ဟာ… မ… မလုပ်နဲ့လေ၊ ညှို… ညှိုယဉ်…'

'ဟောဒီမှာ လာကြပါဦးတော့၊ ကျုပ်ကို စကားလိုက်ပြောနေတယ်တော့၊ ဆိတ်ကုလားသားပါတော့'

သန်းပု ဘာ့ယ်လိုမှ တားဆီးချိန်မရလိုက်ခင်မှာပင် ညှိုယဉ့်ထံ ကျယ်လောင်သောအော်ဟစ်သံက ပြေးထွက်လာသည်။ ထိုအော်သံကြော ကျောင်းဝင်းထံမှ ခွေးဟောင်သံတွေ ဝေါခနဲထွက်လာ၏။

ဆိတ်ကုလား၏ တိုက်စစ်မှူးသန်းပုသည် ညှိုယဉ်၏ လျှပ်တ ပြက်တိုက်စစ်ကို မည်သို့မျှတောင့်မခံနိုင်တော့ဘဲ တစ်ချိုးတည်း လှည့် လစ်ပြေးရသည်မှာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းရှိရှာပေတော့ သည်တကား။

*

ဆရာလေး ကိုဝင်းနောင် ရောက်လာသည့်အတွက် ဆိတ်ကုလား ရွာအသင်းအတွက်တော့ အတော်ကလေး အကျိုးကျေးဇူးများသည်ဟု ဆိုရမည် ဖြစ်သည်။ ဆရာလေးက ဘောလုံးအားကစားနည်းပြ လုပ်လာ သည်မှာ အတော်သက်တမ်းရင့်နေပြီဖြစ်ရာ အသင်းသားတွေကို လျှ နေရာမှန် ဖြစ်အောင် နေရာချထားပေးနိုင်သည်။

တစ်ယောက်နှင့်တစ်ယောက် အပေးအယူ၊ အဝင်အထွက်တွေ အချိတ်အဆက်တွေကို သေသေချာချာ သင်ပြပေးသည်။ ကွင်းထဲ လက်တွေ့ချမကန်ရသေးသော အချိန်တွေမှာလည်း စာရွက်ပေါ်တွင် အ ကလေးတွေချပြကာ သဘောတရားတွေကို သင်ပြပေးသည်။

ဆရာလေး အဓိကထား၍သင်ပြပေးသောပုံစံမှာ ၃း၃း၄ ဖြစ်သည်။ ရှေ့တန်းက သုံးယောက်၊ အလယ်တန်းက သုံးယောက် နောက် တန်းခံစစ်ကို လေးယောက်တိတိ ပုံစံချပေးသည်။ နောက်တန်း ခိုင်မာ တောင့်တင်းမှုကို အဓိကထားသောပုံစံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တန်းက လေးယောက်ကို ထိုးဖောက်နိုင်မှ ဂိုးသမားနက်ကြီးဆီ ဘောလုံးရောက်လာနိုင်မည် ဖြစ်သည်။ နောက်တန်း လေးယောက်ကို အရွေးသဖြင့် ဗလတောင့်တောင့်၊ အရပ်အမောင်းကောင်းကောင်း ခြေအားပြင်းပြင်းကန်နိုင်သူတွေချည်း ရွေးချယ်ခန့်ထားသည်။

သူတပည့် သန်းပုကိုတော့ အလယ်တန်းက အလယ်လူ ကွင်းလယ်ဖန်တီးရှင်အဖြစ် နေရာချသည်။ ဒါမှ နောက်တန်းရော၊ ရှေ့တန်းကိုပါ ဦးဆောင်ထိန်းသိမ်းကစားနိုင်မည်ဟု ဆိုသည်။ ရှေ့တန်းမှာနေကြမည့် ဖိုးတေတို့၊ ဖိုးထွေးတို့အတွက် သန်းပုက ကွင်းလယ်မှနေ၍ ဂိုးသွင်းခွင့်သာအောင် ဖန်တီးပေးရမည်။ ကိုယ်တိုင်လည်း အခွင့်သာပါက ရှေ့တန်းအထိ တက်ကစားပြီး ဂိုးသွင်းနိုင်သည်မှာ မှာကြား၏။

ဆိတ်ကုလားလူငယ်များကလည်း တက်တက်ကြွကြွပင် သင်ယူလေ့ကျင့်ကြပါ၏။

သည်လို သစ်မြလေ့ကျင့်နေကြစဉ်မှာ နည်းနည်းကသိကအောက်ဖြစ်ရတာကတော့ ကိုကြည်ပင်။ ကိုကြည်ကပါ ရောင်တော်ပြန်နှင့် ရောလွှတ်ကာ ဆရာလေးရှေ့နောက်မှ သံယောင်လိုက်၍ ဩဝါဒဝင်ဝင်ပေးချေသေးသည်။ ဒါကိုတော့ သည်းခံကြရ၏။ ကိုကြည်ကလည်း ကိုကြည်ပင်။

'အလယ်တန်းလူ သန်းပုကနေပြီးတော့ ကိုယ့်ဆီ ဘောလုံးရောက်တာနဲ့ ဘယ်ဘောင်မှာ ဖိုးထွေးဆီဖြစ်ဖြစ်၊ ညာတောင်ပံက ဖိုးတေဆီပဲဖြစ်ဖြစ် အရောက်ပို့၊ ပြီးတာနဲ့ ကိုယ်ပါ နောက်ကနေ ပြေးတက်ရမယ်။ ဘယ်တောင်ပံ ညာတောင်ပံမှာနေတဲ့သူတွေကလည်း ကိုယ့်ဆီ ဘောလုံးရောက်တာနဲ့ ဆွဲပြေးပြီး အလယ်က ဂိုးရှေ့အရောက်လှမ်းပို့ဖို့ ကြိုးစားရမယ်။ ဂိုးရှေ့ ဘောလုံးရောက်ပြီဆိုတာနဲ့ အလျင်မြန်ဆုံး ပြေးပိတ်နိုင်ဖို့ ကြိုးစားရမယ်။ ဒီနေရာမှာ မြန်ဆန်ဖို့၊ တိကျဖို့လိုတယ်။ ဥပမာ ဝိန်းရှုနီတို့လိုပေါ့'ဟုလည်း မှတ်၏။

'သန်းပုကလည်း ပုံသေကစားဖို့ မစဉ်းစားပါနဲ့၊ ကိုယ့်ဆီ ဘောလုံးရတာနဲ့ လူအများကြီးတိုကြည့်၊ ဘယ်တောင်ပံပေးမလိုလို ညာတောင်ပံပေးတော့မလိုလို အပေါ်ဆွဲပြေးပြီး ဘယ်သူမှထင်မထားတဲ့အချိန်မှာ ဂိုးနဲ့



လှမ်းလှမ်းအကွာကနေ ဒိုင်းခနဲကန်သွင်းတာမျိုး အလစ်ဘောတွေလည်း ကန်သင့် ထုတ်ရမယ်။ ဖလီးကစ်ခေါ်တာပေါ့လေ။ ဒေးဗစ်ဘက်ခမ်း ကန်သွင်းတဲ့ အဝေးဘော အလစ်ဘောမျိုးတွေပေါ့'ဆိုတာမျိုးကလည်း ထောက်တတ်သေးသည်။

ဆရာလေးကတော့ ပြုံးနေသည်။ ကိုကြည်က ခပ်တည်တည်ပင် ဩဝါဒပေးသည်။ သူ့မှာလည်း သည်လိုဩဝါဒပေးနိုင်ဖို့အရေး ငယ်ပေါင်းစုံကြည့်ကာ အလွတ်ရအောင် ကျက်မှတ်ထားရသည် မဟုတ်လား။

'အဲဒီ လူနီတို့၊ ဒေးဗစ်ဘက်ခမ်းတို့ ဆိုတဲ့လူတွေက လူကိုယ်တိုင် ချောင်လတ်လတ်ကြီး သူ့ရှေ့လာရပ်ပြတောင် သိမှာ မဟုတ်ဘဲနဲ့ သူက ပြင်ပြောနေရသေး'

'အို... တို့ကတော့ မွေးကတည်းက အသားညိုလာတဲ့ ကောင်တွေဆိုတော့ လူနီလို့တော့ မရဘူး၊ ကန်ချင်းကန် လူညိုလို့ပဲ ကန်ကြရုံပေါ့ကွာ၊ ဟီး... ဟီး...'

လှဦးနှင့် ပေါက်စတို့က မကြားတကြား ပြောသည်။

ကိုကြည်က စကားသံလာရာဆီသို့ မျက်ထောင့်နီနှင့် လှမ်းကြည့်သည်။

'အဟမ်း... အဟမ်း... အသင်းအုပ်ချုပ်သူတွေဘက်က ကိုယ့်အသင်း ကောင်းစေချင်လို့ပြောရင် နားထောင်ကြပါ။ နောက်သလိုလို ပြောင်သလိုလို မလုပ်ကြပါနဲ့။ မင်းတို့ဘက်က အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ ငါတို့ ကြီးပိုင်းက သစ်ချိုကုန်းနဲ့ သွားညှိရဦးမယ်။ အလုပ်တွေကလည်း ရှိသေးတယ်'

ကိုကြည်က အားလုံးကို ချုံပြောသလို ပြောလိုက်ပြီးနောက် ဆရာလေးကိုဝင်းနောင်ဘက်သို့ လှည့်သည်။

'ဒါနဲ့ ဆရာလေး၊ နောက်ထပ် ဘယ်နှရက်လောက်များ လေ့ကျင့်ရဦးမလဲ'

'ဒါကတော့ ညနေတိုင်း ကျင့်ပေးနေရမှာပဲပေါ့ ကိုကြည်ရယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ရွာရဲ့ သဘောထားကိုလည်း မေးကြမြန်းကြဦးပေါ့။ ကျွန်တော်က တော့ စနေနေ့နဲ့ တနင်္ဂနွေနေ့တွေပဲ အားမှာလေ။ စိတ်ချပါ… တော်တော် လေး အသားကျပြီဆိုတော့မှ လက်လွှတ်မှာပါ'

ဆိတ်ကုလားရွာသားတို့အဖို့ ဆရာလေး ကိုဝင်းနောင်ရှိနေသော စနေ၊ တနင်္ဂနွေ နှစ်ရက်မှာတော့ ဘယ်သူမှ အပါးခိုလို့ မရ။ အတော်ပင်ပန်း ကြသည်။ ဆရာလေးက မနက်အစောကြီးထစေကာ သဲပြင်ပေါ်မှာ အပြေး ခိုင်းသည်။ ညနေကျတော့ လူစုခွဲကာ နှစ်သင်းဖွဲ့၍ ကန်ခိုင်းသည်။

'ကျွန်တော် ပြန်သွားတဲ့ရက်တွေကျရင်တော့ ကျွန်တော့်ကိုယ်စား ကိုကြည်ကပဲ မနက်စောစော အပြေးလေ့ကျင့်ခန်းအတွက် ခေါ်ပြ ခေါင်းဆောင်ပါ။ ဘောလုံးသမားက အပြေးလည်းရမှ ဖြစ်မယ်။ သူများ ယှဉ်ပြေးပြီး လုရတဲ့အခါ ကိုယ့်ဘက်ကနှေးနေရင် ခံသွားရမယ်'

'ဟုတ်ကဲ့… စိတ်ချပါ ဆရာလေး'

သို့ဖြင့် ဆရာလေး ပြန်သွားသည့်ရက်များတွင်လည်း ကိုကြည် ခမျာ မနားရရှာပေ။ မနက်စောစောထကာ ဘောလုံးသမားတွေကို လိုက် ခေါ်ပြရသည်။ ဘောလုံးကွင်းအဖြစ် ပြောင်းလဲထားသည့် ချောင်း သဲသောင်ပြင်ပေါ်သို့ လူတွေကို မောင်းချလာရတာကိုက တစ်လုပ်ဖြစ်သည်။ သို့သော် သူက ဆရာလေးလိုတော့ နံဘေးကနေ ပြေးမလိုက်ချင်။ ကွင်း ဘေးကထိုင်ရင်း အမိန့်ပေးနေတာပဲ ဖြစ်သည်။

အားလုံးအပြေးလေ့ကျင့်ပြီးကြချိန်မှ ဂိုးသမား နက်ကြီးကို ဂိုး စောင့်စေကာ ကျင့်ပေးရသည်။ နက်ကြီးသည်လည်း ဆရာလေး၏ အသေ အပြကောင်းမှုကြောင့် ဂိုးစောင့်ရာတွင် အတော်တိုးတက်လာပြီဟု ဆို မည် ဖြစ်သည်။

ထိုရက်များအတွင်း ကိုကြည့်မှာ ဘောလုံးအသင်းနှင့် ဘာ မပတ်သက်ဘဲ ဒုက္ခရောက်ရတာက ရှိသေးသည်။ အခြားဒုက္ခ မဟုတ် မနက်စောစော အပြေးလေ့ကျင့်ကြပြီးသည်နှင့် ရွာကနေ သန်းပု ပျောက် ပျောက်သွားသဖြင့် တိုင်ပင်စရာရှိတိုင်း သန်းပုကို လိုက်လိုက်ရှာရသော ဒုက္ခဖြစ်သည်။ သူရှာတိုင်းလည်း သန်းပုက မရှိတာက များသည်။





'ရှာမနေနဲ့ အစ်ကိုကြည်၊ ဒီကောင် သစ်ချိုကုန်းကို သွားနေတာပဲ ဖြစ်ရမယ်'

ဖိုးတေက လက်ထောက်ချသည်။

'နေပါဦး… ဒီကောင်က ဒီလောက် အရေးကြီးနေတဲ့ ရက်တွေ ထဲမှာ အိမ်မှာမနေဘဲ ဘယ့်နှယ်ကြောင့် သစ်ချိုကုန်းကိုချည်း နေ့ရှိသမျှ သွားသွားနေရတာလဲကွ'

'သူ့ကောင်မလေးရှိတယ်ဗျ၊ မြို့မှာတုန်းက သူနဲ့ ဘုကျခဲ့တဲ့ ကောင်မလေးကို ဒီကောင် သွားသွားရစ်နေတာ'

ကိုကြည့်မျက်လုံးထဲမှာ ပြန်မြင်ယောင်လာသည်။ သူနှင့် သန်းပု အဲဒီတစ်ခေါက်က အတူတူသွားခဲ့ကြသည်ပဲ။

'ငါမှတ်မိပါတယ်ကွာ … ဈေးနားမှာတုန်းက သူနဲ့ ဘုဘောက် ကျတဲ့ ကောင်မလေးထင်ပ့ါ။ အရေးထဲ ဒီကောင်က တစ်မှောင့်၊ ဟိုကောင်မ လေးက သူ့ကို တော်တော်ပြန်ကြိုက်ဦးမှာပေါ့။ တွေ့ကတည်းက ရန်ဖြစ် နေကြတဲ့သူတွေပဲဥစ္စာ'

'ဒါတော့ မပြောတတ်ဘူး။ သူ့ရောဂါနဲ့ သူပေါ့ဗျာ။ ညနေဘက် ထမင်းချိန် ကျင့်ချိန်အမီပြန်ရောက်ရင် တော်ပြီပေါ့'

'အေး… နေနှင့်ဦးပေါ့ကွာ၊ ဒီကောင်တော့ ဒီနေ့ညနေ တွေ့ကြမှ သတိပေးထားရဦးမယ်'

'ဘယ်လိုသတိပေးမှာလဲ'

ကိုကြည်က အဖြေအဆင်သင့်ရှိပြီးသား ဖြစ်သည်။

'ဘယ်လို သတိပေးရမှာလဲကွ။ ကိုယ့်ရွာအသင်းအတွက် ဂိုးသွင်း သူ့ကျင့်ရပါမယ်ဆိုကာမှ ကိုယ့်ရွာအသင်းကိစ္စကို နောက်ထားပြီး သူ့ဟာ သူ တစ်ကိုယ်တော် ဂိုးသွင်းဖို့ကိစ္စကို ဦးစားပေးနေရကောင်းလားလို့ သတိပေးရမှာပေါ့၊ ဟီး… ဟီး… ဟီး…'

ဖိုးတေ ပြုံးဖြီးဖြီးကြီး ဖြစ်သွားရသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



— ၉ —

'အဟမ်း… အဟမ်း… ဆိတ်ကုလား
ကျေးရွာအတွင်းရှိ ရွာမိရွာဖအပေါင်း
ရွာသူရွာသားအပေါင်းတို့ခင်ဗျား၊ ကျ
တော် ဆယ်အိမ်မှူးကြီး ကိုဗျော့ကြီးက
အထူးအရေးကြီးတဲ့ ကြေညာချက်တ
ကို ထုတ်ပြန်ပါတော့မယ်။ ဒါကြော
ခေတ္တခဏ နားစွင့်လိုက်ကြပါလို့ မေတ္တာရပ်ခံပါတယ် ခင်ဗျား'

နေ့လယ် ၁၂ နာရီကျော်ရုံ ရှိသေးသည်။

သူကြီး ဦးစံဖြိုး၏အမိန့်အရ ဆယ်အိမ်မှူးကိုဗျော့ကြီး၏ သတ
ထုတ်ပြန်ရေးအစီအစဉ် စတင်ပြီဖြစ်လေသည်။ ရွာလယ်ဇရပ်ရှိ မန်ကျည်း
ထိပ်ဖျားမှာ လော်စပီကာနှစ်လုံးတင်ပြီး အသံချဲ့စက်ဖြင့် ဆော်သြ
ဖြစ်သည်။ ကျေးရွာဘုံပိုင် အသံချဲ့စက်ဖြင့် ကြေညာခြင်းဖြစ်သည်။

'အများသိကြပြီးဖြစ်တဲ့အတိုင်း မြို့နယ်မှ လူကြီးမင်းများ
တိုက်တွန်းလမ်းညွှန်ချက်အရ ကျွန်တော်တို့ ဆိတ်ကုလားကျေးရွာကလည်း
ဒီနှစ်မှာတော့ မြို့နယ်အတွင်းက ကျေးရွာပေါင်းစုံပတ်လည် ဗိုလ်
ဘောလုံးအားကစားပွဲကြီးကို ဝင်ရောက်ဆင်နွှဲကြမှာ ဖြစ်ပါတယ်။ ဒါကြော





ဆိတ်ကုလားရွာ လူငယ်များအနေနဲ့လည်း အလှည့်ကျတော့ မန္တလေးစတမ်း ဆိုသလို ဘောလုံးအသင်းဖွဲ့ပြီး လေ့ကျင့်ကွင်းဆင်းခဲ့ကြတာ အားလုံး အသိပါပဲ။ ဒီလိုလေ့ကျင့်နိုင်အောင်လည်း ရွာဥက္ကဋ္ဌ ဘကြီးဦးစံဖြိုးနဲ့ ကျွန်တော် ဆယ်အိမ်မှူး ကိုဗျော့ကြီးအပါအဝင် လူကြီးများက ဦးဆောင် လမ်းညွှန်မှု ပေးခဲ့ကြပါတယ်'

'ဟေ့လူ… ကိုဗျော့ကြီး၊ ခင်ဗျားက ကျုပ်နာမည်ကိုကျတော့ ဘယ်ချန်ထားခဲ့သလဲဗျ'

လော်စပီကာထဲမှ ကိုကြည့်အသံပါ ထွက်လာသည်။

ကိုဗျော့ကြီး ကြေညာနေသည့် ရွာလယ်ဇရပ်မှာ ကိုကြည်လည်း ရောက်ရှိနေပြီဖြစ်သည်။ ကိုကြည့်စာဒကတက်သံကြောင့် နားစွင့်နေသူတွေ ပြုံးသွားကြသည်။

ကိုဗျော့ကြီး၏အသံ ပြန်ထွက်လာသည်။

'အဲ… အဲ… အသင်းအုပ်ချုပ်လေ့ကျင့်ပေးသူကတော့ ဆိတ်ကုလားရွာ ကာလသားခေါင်းဆောင် ကိုကြည့်ပေါ့ခင်ဗျာ၊ ရွာက လူငယ် အသင်း ကွင်းဆင်းလေ့ကျင့်တိုင်း ကွင်းနံဘေးမှာထိုင်ထိုင်နေတဲ့ ကိုကြည် ပေါ့။ သူမှာလည်း ကိုယ့်ရွာအသင်း တိုးတက်ရေးအတွက် ဘယ်လောက် များ ဘောလုံး[illegible]ကို ဆည်းပူးလေ့ကျက် သွန်သင်ခဲ့ရသလဲဆိုရင် ဆရာခန့် က အပမှီတယ်ဆိုပြီး ဆေးကုပေးရတဲ့ အဆင့်အထိကို ကြိုးစားပမ်းစား လေ့လာခဲ့သူ ဖြစ်ပါတယ်။ ဒါက အများသိအောင် ကြေညာမောင်းခတ် ပေးရခြင်းပါ'

'ကိုဗျော့ကြီး… ခင်ဗျား မဆိုင်တာတွေ ထည့်မပြောနဲ့။ အသင်း အုပ်ချုပ်သူ ကိုကြည်ဆိုရင် လုံလောက်ပြီ'

ကိုကြည်၏ ကန့်ကွက်သံနှင့် ရယ်မောသံတချို့ လော်စပီကာထဲက ထွက်လာသည်။

'ဟုတ်ကဲ့… ဟုတ်ကဲ့… ဆိတ်ကုလားအသင်းနဲ့ပတ်သက်ပြီး ရွာမိရွာဖများ သိသာအောင် တင်ပြပေးရမယ်ဆိုရင်တော့ အသင်းရဲ့ ခေါင်းဆောင် ကပ္ပတိန်ကတော့ မောင်သန်းပုက တာဝန်ယူပါတယ် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဆိုတာကတော့ သင်္ဘောလိုပြောရရင် မာလိန်မှူး၊ မော်တော်ကား လိုပြောရရင် ဒရိုင်ဘာ၊ နွားလိုပြောရရင်တော့ လှည်းဆရာပေါ့ခင်ဗျာ။ တစ်သင်းလုံးကို ရှေ့တန်းရောက်အောင် ဦးဆောင်မောင်းနှင်မယ့်သူပေါ့လေ'

'ဟာ… ဘာတွေတုန်း။ မာလိန်မှူးတို့၊ ဒရိုင်ဘာတို့၊ လှည်းဆရာ တို့က ဘောလုံးကန်တာနဲ့ ဘာပတ်သက်လို့တုန်း၊ ဒီကောင် ဖျော့ကြီးပါး မက်ခွက် လက်ထဲရောက်တာနဲ့ ထင်ရာ လျှောက်ပြောတော့တာပဲ။ ကိုယ့် စကား အဓိပ္ပာယ်ရှိမှန်းမသိအောင်ကို အဝိဇ္ဇာက ဖုံးနေတာကလား'

အဝိဇ္ဇာ ဖိုးရွှေမောင်၏ အသံပါ လော်စပီကာထဲမှ ထွက်လာပြ သည်။

'ဟုတ်ကဲ့… ဒါဟာ ငြင်းခုန်နေတာမဟုတ်ပါဘူးခင်ဗျာ၊ ဘောလုံး ပွဲနဲ့ ပတ်သက်ပြီး ထုတ်ပြန်တင်ပြ ကြေညာပေးနေတာပါ။ မဆိုင်တဲ့သူ ဇရပ်ပေါ် မနေကြပါနဲ့ခင်ဗျာ။ ကိုယ့်အိမ်ကိုယ် ပြန်ကြပါ'

ကိုဖျော့ကြီးက ပြန်ခွပ်သည်။ ခဏအကြာတွင် တရှူးရှူး ဒေါသ ရှာလယ်ဇရပ်မှ ထလာသော ဖိုးရွှေမောင်ကို မြင်ကြရလေသည်။

'အသင်းရဲ့ ကြံ့ခိုင်ရေး၊ ဆေးဝါးကုသရေးအတွက်ကတော့ ဆိတ် ကုလားရွာရဲ့ ပြိုင်ဘက်ကင်းသမားတော်ကြီး ဆရာခန့်က အစစ တာဝန် ယူထားပြီးပါပြီခင်ဗျား။ အများသိပြီးဖြစ်တဲ့အတိုင်း ဆိတ်ကုလားအသင်း ဟာ သစ်ချိုကုန်းကျေးရွာအသင်းနဲ့ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ကန်ကြ ကစားကြမှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်ုပ်တို့ ရွာနှစ်ရွာက တာဝန်ရှိ လူကြီးတွေ တွေ့ဆုံညှိနှိုင်းပြီး ရက်ချိန်းပေးကြတဲ့အခါ ဒီကနေ့ဟာ ပထမ စဉ်အနေနဲ့ ကစားကြရမယ့်နေ့ဖြစ်ပါတယ်။ သူ့ရွာကွင်း ကိုယ့်ရွာကွင်း ဘယ် ကွင်းမှာ ကစားကြရမလဲဆိုတာကို လူကြီးတွေ မဲနှိုက်ကြတဲ့အခါ ပထမ ပွဲစဉ်က ကျွန်တော်တို့ရဲ့မင်္ဂလာရှိသော ဆိတ်ကုလားဘောလုံးကွင်းကြီးမှာ ကျင်းပဖို့ မဲကျပါတယ်ခင်ဗျာ။ နေ့လယ် နာရီပြန်နှစ်ချက်ခွဲလောက်ဆိုရင် သစ်ချိုကုန်းရွာအသင်းနဲ့ လိုက်ပါအားပေးကြမယ့် သစ်ချိုကုန်းရွာ ပရိသတ် များ ကျွန်တော်တို့ရွာကို တပွဲပွဲရောက်ရှိလာကြမှာဖြစ်ပါတယ်။ အဲဒီတော့ အထူးမှာကြားချင်တာကတော့ သစ်ချိုကုန်းရွာ ပရိသတ်ထဲက လူတွေကို



ကျွန်တော်များ ဆိတ်ကုလားရွာခံ ပရိသတ်များက မစကြ၊ မနောက်ပြောင် ကြဖို့ပါ။ ကိုယ့်ရွာကို လာကြတဲ့ဧည့်သည်တွေ စိတ်အနှောင့်အယှက်မဖြစ် ကြရအောင် စည်းကမ်းတကျ နေထိုင်အားပေးကြည့်ရှုကြဖို့ ဖြစ်ပါတယ်။ မောင်နဲ့နှမ သားနဲ့အမိဆိုသလို ယဉ်ယဉ်ကျေးကျေး အားပေးဆက်ဆံကြရမှာ ဖြစ်ပါတယ်ခင်ဗျား။ ဟုတ်ကဲ့… အထူးမှာကြားချက်အနေနဲ့ ဘောလုံးပွဲ ကျင်းပနေချိန်အတွင်း ကွင်းအနားမှာ တုတ် ဓားလက်နက် ကိုင်ဆောင်ခြင်း၊ အရက်သေစာ အယစ်သောက်စား ရမ်းကားဆဲဆိုခြင်း၊ သည်းမခံနိုင်လောက်အောင် ရိုင်းရိုင်း ပျပျ ပြောဆိုဟစ်အော် နောက်ပြောင်ခြင်းများကို လုံးဝခွင့်မပြုပါဘူး ခင်ဗျာ။ အဲဒီလိုပြစ်မှုမျိုး ကျူးလွန်ခဲ့ရင်တော့ ကိုယ့်ရွာသားချင်းဖြစ်ပေမယ့် ကျွန်တော် တို့ လက်လွှတ်စပယ် ကြည့်ရှုနေမှာ မဟုတ်ပါဘူး။ အရေးယူမှာ ဖြစ်ပါ တယ်လို့ ကြိုတင်သတိပေးချင်ပါတယ် ခင်ဗျား။ ဒီတစ်ပွဲပြီးသွားလို့ နောက် ဒုတိယပွဲစဉ်ကျလို့ရှိရင် ငါတို့လည်း သစ်ချိုကုန်းကွင်းကို သွားအားပေးကြ ဦးမှာပါလားဆိုတာ နှလုံးသွင်းထားကြစေလိုပါတယ်။ ကျွန်တော်တို့ ဆိတ် ကုလားရွာ ဘောလုံးအသင်းကို နည်းပြပေးခဲ့တဲ့ ဆရာလေးကိုဝင်းနောင်လည်း ရောက်ရှိနေပြီဖြစ်တဲ့အတွက် အထူးဝမ်းမြောက်စရာပါပဲ ခင်ဗျာ'

ကိုဖျော့ကြီး အတော်လေရှည်ရှည် အော်လိုက်ရသဖြင့် မောသွား သည်နှင့်တူသည်။

ကိုဖျော့ကြီးနောက်တွင် ဆက်လက်၍ ကိုကြည်၏အသံ ထွက်ပေါ် လာသည်။

'ကဲ… ရပ်ရွာကို မှာစရာရှိတာတွေတော့ ဆယ်အိမ်မှူး ကိုဖျော့ ကြီးက သေသေချာချာမှာကြားပြောဆိုလို့ ပြီးသွားပါပြီ။ အခု ကျွန်တော် ကိုကြည်က လိုအပ်တာလေးတွေ ဆက်ပြောပါ့မယ်။ တခြား မဟုတ်ပါ ဘူး။ ကျွန်တော်ပြောမှာကတော့ ဘောလုံးအသင်းမှာ ပါဝင် ကစားကြမယ့် သူငယ်ဘောလုံးသမားများကိုပဲ ဖြစ်ပါတယ်။ တစ်ဆိတ် နားထောင်ပြီ

'လာပြန်ပြီ နောက်တစ်ယောက်' ဟု ကြားရသူ အချို့ ခုတ်ချက်ချကြသည်။

'၁၂ နာရီလည်း ထိုးပြီးသွားပါပြီ။ ဒီတော့

နေ့လယ်စာထမင်းလည်း စားလို့ပြီးကြလောက်ပါပြီ။ စားပြီးတာနဲ့ ဗိုက်လေးလေးနဲ့ တစ်မှေး မှေးဦးမယ် လုပ်မနေကြပါနဲ့ခင်ဗျာ။ ဘောလုံးအသင်းမှာ ပါဝင်ကြမယ့်လူငယ်တွေနော်။ မင်းတို့ကို ပြောနေတာပါ။ စားသောက်ပြီးရင်လည်း ရွာလယ်ဇရပ်ကို ကြွခဲ့ကြပါ။ ဒီမှာ ဆရာလေးကိုဝင်းနောင် စောင့်နေပါတယ်။ ဆရာလေးကိုဝင်းနောင်ကိုလည်း မနက်စာ နေ့လယ်ထမင်းကို ကျွန်တော်မောင်ကြည်က ကြက်သားဟင်း၊ ပဲဟင်းချို၊ ငရုတ်သီးကြော်၊ သရက်သီးချဉ်သုပ်နဲ့ အခု စောစောကပဲ ကျွေးပြီးပါပြီ။ ဒါကြောင့် ဆရာလေးလည်း ရွာလယ်ဇရပ်ကို ရောက်နေပါပြီ။ ဘောလုံးသင်းထဲမှာ ပါဝင်ကစားကြမယ့်လူငယ်များ ရွာလယ်ဇရပ်ကို ကြွခဲ့ကြပါ။ ဒီမှာ ဆရာလေးကိုဝင်းနောင်က ညနေပွဲအတွက် အနီးကပ် ထပ်မံပို့ချပေးဦးမှာ ဖြစ်ပါတယ်’

‘ကိုကြည်တို့များ လူငယ်တွေကိုခေါ်တာ ရိုးရိုးမခေါ်ဘူး။ သူ့အိမ်မှာ ခေ့သည်ဆရာလေးကို ကြက်သားဟင်းနဲ့ ထမင်းကျွေးတဲ့အကြောင်း ထည့်ကြွားဖြစ်အောင် ကြွားသွားသေးတယ်’ဟု ရွာလယ်လမ်းအတိုင်း လျှောက်လာသော ခေါင်းရွက်ဈေးသည် ဒေါ်ဝိန်သေးက အကျယ်ကြီး အော်ပြောသွားသဖြင့် အနီးနားအိမ်တွေက ရယ်လိုက်ကြရသေးသည်။

မည်သို့ပင်ဖြစ်စေ ထိုနေ့အဖို့ကတော့ ဆိတ်ကုလားရွာအတွက် နေ့ထူးနေ့မြတ်ပင်။ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ရွာလယ်ဇရပ်မှာလည်း မကြုံစဖူး ထူးထူးကဲကဲပင် လူတွေတစ်ပြုံကြီး ရောက်ရှိနေကြပြီး ညနေတွင် ကျင်းပအံ့ဌာသော ဘောလုံးပွဲအကြောင်းကို ပြောဆိုနေကြသည်။ အသင်း၏ ဆေးဝါးကုသရေးကိစ္စကို တာဝန်ယူထားသော ဆရာနန်းလည်း ရောက်ရှိနေသည်။ သူက လွယ်အိတ်ထဲမှ သူ အထူးဖော်စပ်ထားသည်ဆိုသော ဒဏ်ကြေလိမ်းဆေးရည်ပုလင်းကြီး တကိုင်ကိုင်နှင့်။ တောအရက်ဦးရည်၊ တောရှောက်ခါးမြစ်နှင့် ပုလင်းအကြည်ထဲမှာ စိမ်ထားသော ကင်းခြေများကောင်ကြီးက တလှုပ်လှုပ်။

*





*‘မိုးပေါ်မှာ လုံးလုံးလုံးလုံး… သစ်ချိုကုန်းက ရှုံးမယ့် ဘောလုံး၊ မိုးပေါ်မှာ လုံးလုံးလုံးလုံး… သစ်ချိုကုန်းက ရှုံးမယ့် ဘောလုံး။ ဦးစီးသူက ကြွက်နီ၊ အောင်ပွဲပီပီ ရနိုင်စေဖို့၊ အောင်ပွဲပီပီ ရနိုင်စေဖို့ ××× အို… ဦးစီးသူက ကိုကြွက်နီ ချိုကြီး မဲတူနှစ်ဦးပါ၊ ဆိုးပေဆိုတဲ့ ဂိုးသမား ××× တံတိုင်းကြီးကို ကာကွယ်ထားပေ့၊ တံတိုင်းကြီးကို ကာကွယ်ထားပေ့ ××× ဆိုးပေဆိုတဲ့ ဂိုးသမား’*

ညနေသုံးနာရီလောက်တွင် ဒိုးပတ်သံ၊ သံချပ်ထိုးသံများနှင့်အတူ သစ်ချိုကုန်းရွာက ချက်ပလက်ခေါင်းတိုကားကြီး ဝင်လာသဖြင့် ဆိတ်ကုလားရွာထဲမှာ ဆူညံသွားသည်။

သစ်ချိုကုန်းက ကားရှိသောရွာဆိုတော့ သူတို့ရွာ ဘောလုံးသင်းနှင့် အားပေးမည့်ပရိသတ်ကို ကားနှင့်ဆုံသမျှ တင်လာသည်။ ကားခေါင်မိုးထိပ်မှာ အသံချဲ့စက်ဟွန်းကြီးနှစ်လုံး ချိတ်ထား၏။ ကားပေါ်မှာပင် ဒိုးပတ်ဝိုင်းလည်းပါ၏။ ထိုဒိုးပတ်ဝိုင်းက တီးမှုတ်လာကာ အသံချဲ့စက် အမ်ပလီဖိုင်ယာပုံးနှင့်တွဲ၍ မိုက်ပေးထားသဖြင့် ကျွက်ကျွက်ညံနေသည်။

‘သောက်ကျိုးနည်း… သစ်ချိုကုန်းမှာ လူရောကျန်သေးလို့လားဟ၊ တစ်ရွာလုံး တင်မောင်းလာသလား မသိဘူး’

ကားကိုမမြင်ရဘဲ လူအုပ်ကြီးကိုပဲ ဘီးလေးလုံးပေါ် စုပြုံလိုက်ပါလာသလိုရှိသော သစ်ချိုကုန်းကားကိုကြည့်ကာ မှတ်ချက်ချကြသည်။ ရွာခံကလေးတွေကလည်း ကားနောက်က တပေါ့ပေါ့ ပြေးလိုက်ကြ၏။

‘အံမာ… ဒါတောင် ခြေလျင်လာမယ့်သူတွေ မပါသေးဘူး။ ရှေ့က ကြိုရောက်နေတဲ့ ခြေလျင်သမားတွေက ကွင်းဘေးရောက်နေကြပြီ၊ ခုလည်း နောက်ကလာနေကြတုန်းဗျ’

‘တော်တော်လာတဲ့ကောင်တွေ၊ ကန်ပဲမကန်ရသေးဘူး။ သူတို့က သံချပ်ထိုးလာရတယ်လို့’

‘ထိုးစမ်းပါစေကွာ… အပြန်ကျ သံချပ်ထိုး ပြန်ရှိနေသေးသလား အီးတောင် ကျယ်ကျယ်ပေါက် ပြန်နိုင်ကြမှာ မဟုတ်ပါဘူး’



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကုလားသားတွေက တစ်ယောက်တစ်ပေါက် ထောပနာပြုကြသည်။

သစ်ချိုကုန်းကားနှင့် လိုက်လာသူတွေက လူငယ်တွေသာမက အသက်လေးငါးခြောက်ဆယ်အရွယ် မိန်းမကြီးတွေပင်ပါသည်။ မိန်းမပျိုတွေလည်း တစ်ဖွဲ့ကြီးဖြစ်သည်။ ထိုကားကြီးက ရွာလယ်ဇရပ်မှာ ထိုးရပ်လိုက်သည်။

သစ်ချိုကုန်းအသင်းကို အုပ်ချုပ်၍ လိုက်ပါလာသည့် ရွာဥက္ကဋ္ဌနှင့် ဆယ်အိမ်မှူး စသော လူကြီးပိုင်းကို သူကြီးဦးစံဖြိုးက သူ့အိမ်သို့ ခေါ်ဆောင်သွား၏။

အချိန်က ညနေသုံးနာရီသာသာကလေး ရှိသေးတာမို့ ဘောလုံးပွဲစတင်ရန် စောနေသေးသည်။ ထို့ကြောင့် ကျွေးမွေးဧည့်ခံရန် စောင့်ခေါ်သွားခြင်း ဖြစ်သည်။ ရွာလယ်ဇရပ်ရှိ ရွာခံအသံချဲ့စက်ကတော့ သစ်ချိုကုန်းအသင်းရောက်လာပြီဆိုကတည်းက သိမ်းကာ ဘောလုံးပွဲကျင်းပမည့်နေရာသို့ ရွှေ့ပြောင်းသည်။

ချောင်းထဲသဲသောင်ပြင်ကျယ်ကြီး၏ ကွင်းဘေးတစ်နေရာတွင် ယာယီမဏ္ဍပ်ခပ်သေးသေးတစ်ခု ထိုးထားပြီးဖြစ်၍ ထိုမဏ္ဍပ်ထဲသို့ပင် ရွှေ့ပြောင်းနေရာချခြင်း ဖြစ်သည်။

'ဟေ့ကောင် သန်းပု၊ သစ်ချိုကုန်းက လိုက်လာတဲ့ မိန်းကလေးအုပ်စုတွေထဲမှာ မင်းကောင်မလေးလည်း ပါတယ်ကွ'

ကားပေါ်က ဆင်းလာသူတွေကို ထိုင်စောင့်ကြည့်လာသော ဖိုးတေက အရေးပေါ်သတင်းတစ်ပုဒ်ကို ခပ်တိုးတိုးလာပြောသည်။ သန်းပုရင်တွေခုန်သွားသည်။

'ဟုတ်လား... ဟန်ကျတာပေါ့ကွာ၊ သန်းပုတို့ အားတက်သရေ တစားပြလိုက်ရသေးသပေါ့'

သန်းပုက ဝမ်းသာအားရပြောသည်။

ညိုယဉ်တစ်ယောက်သည် ပွဲပြီးသည်နှင့် သူ့အစွမ်းအစကို လက်ဖျားခါ ချီးကျူးသွားရစေမည်ဟု တွေးလိုက်မိ၏။ ဇာတ်ပွဲတွေမှာ ခေါင်းစီး





နာမည်တပ်ခံရသော မင်းသားက အခရာဖြစ်သလို ဘောလုံးပွဲတွေမှာလည်း တိုက်စစ်မှူးသည် အထူးအာရုံစိုက်ခံရသည့် မင်းသားပဲ မဟုတ်လား။

သူ့အစွမ်းကို မြင်သည်နှင့် ညိုယဉ်ဆိုတဲ့ ကောင်မလေး သူ့ကို အစွဲလက္ခဏ် အထင်ကြီးသွားစေရမည်။ သူ့ကို ချစ်အဖြေပေးဖို့ ကိစ္စမှာ အမှတ်တွေ တိုးပွားရစေမည်ဟု လက်ခမောင်းခတ်သည်။

'ကဲ... အဲဒါက အရေးမကြီးဘူး ဖိုးတေ။ ကိုကြည်က မှာလိုက်တယ်။ သုံးနာရီခွဲတာနဲ့ ကွင်းထဲအရောက်ဖြစ်အောင် အားလုံး အသင့်ဖြင့်ဆင်ထားကြတဲ့။ သူကတော့ ဘကြီးစံဖြိုးတို့အိမ်မှာ ဧည့်ခံတဲ့အထဲပါနေရသေးတယ်။ လာ... တို့လူတွေ အဆင်သင့်ဖြစ်အောင် လိုက်စုကြစို့'

ဖိုးတေနှင့် သန်းပုတို့ စုရပ်ဖြစ်သော ရွာလယ်ဇရပ်သို့ ပြန်လျှောက်ခဲ့ကြလေသည်။

*

ညနေသုံးနာရီခွဲ။

ဆိတ်ကုလားရွာကွင်းဟုဆိုအပ်သော ချောင်းထဲ သဲသောင်ပြင်ကျယ်ကြီးထဲမှာ လူတွေ ဖွေးဖွေးလှုပ်နေသည်။

သစ်ချိုကုန်းရွာဘက်ကလည်း အားပေးဖို့ လိုက်လာသူတွေက ရွာလုံးကျွတ်လောက် ရှိမလားမပြောတတ်။ သူတို့က ကွင်း၏ ညာဘက်ခြမ်းတစ်လျှောက်မှာ နေရာယူကြသည်။ ဒိုးပတ်ဝိုင်း တချို့ချို့ဖြင့် သံချပ်ထိုးနေကြသူကလည်း တစ်ကွင်းလုံး ညံနေသည်။

ရာသီဥတုကတော့ မဆိုးလှ။ ဘောလုံးပွဲကို မျက်နှာသာ [illegible]သလားဟု ထင်ရသည်။

မိုးကလေးခပ်အုံ့အုံ့ဖြစ်နေ၍ နေသာထိုင်သာရှိကြသည်။ [illegible]သာ နေပူမည်ဆိုပါက ပွဲကြည့်ပရိသတ်အဖို့ နေပူခံကြည့်ကြဖို့သာ[illegible] ကွင်းပြင်ကြီးထဲမှာ ဘာအကာအကွယ်မှုမရှိ။

နှစ်ဖက်သော အသင်းသားတွေကတော့ ကိုယ့်စည်း[illegible] ဝိုးသွင်းကာ ခြေစမ်းနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကုလားအသင်းက ဖိုးထူး လက်စွမ်းပြထားသော တူညီဝတ်စုံတွေနှင့် လှပကြွရွနေကြသလို သစ်ချိုကုန်းရွာဘက်ကလည်း တူညီဝတ်စုံတွေနှင့်ပင်ဖြစ်သည်။ အင်္ကျီ၊ ဘောင်းဘီတွေ တူညီဝတ်စုံ ဆင်ယင်ထားကြသော်လည်း ဘောလုံးကန်ဖိနပ်တော့ ဘယ်သူမှမပါကြ။ နှစ်သင်းစလုံး ခြေဗလာတွေချည်း ဖြစ်သည်။

ကွင်း၏ ဘယ်ဘက်ခြမ်းမှာကတော့ ဆိတ်ကုလားရွာ ပရိသတ်ဖြင့် ပြည့်နေသည်။

'ကဲ… အားလုံး တဆိတ်ငြိမ်သက်ပေးကြပါဗျို့၊ ဟုတ်ကဲ့ သစ်ချိုကုန်းက ပါလာတဲ့ ဒိုးပတ်နဲ့ သံချပ်ဝိုင်းတော်သားများ ခင်ဗျာ၊ တစ်ဆိတ်ကျေးဇူးပြုပြီး ရပ်တန့်ပေးစေချင်ပါတယ်။ မကြာခင် ဆိတ်ကုလားရွာနဲ့ သစ်ချိုကုန်းကျေးရွာတို့နဲ့ ချစ်ကြည်ရေးဘောလုံးပွဲကြီး စတင်တော့မှာမို့ မစတင်ခင်အချိန်လေးမှာ ကျွန်တော်များ နှစ်ဖက်ရွာဥက္ကဋ္ဌကြီးများက အဖွင့်စကား အနည်းငယ်ပြောကြားကြမှာမို့ ခေတ္တလောက် ငြိမ်သက်ပေးကြပါခင်ဗျား'

ကိုဗျော့ကြီး၏ တောင်းပန်သံက မဏ္ဍပ်နံဘေးရှိ ဝါးလုံးတိုင်ခွထောက်ဖြင့် တင်ထားသော လော်စပီကာကြီးထဲမှ ထွက်လာသည်။ လူသံတွေ ဆူညံနေသဖြင့် ကိုဗျော့ကြီးခမျာ သူ့ထုံးစံအတိုင်း ဟန်နှင့်ပန်နှင့် မကြေညာနိုင်တော့ဘဲ မိုက်ကို မိုင်ကုန်မြှင့်ကာ ကုန်းအော်ရခြင်းဖြစ်သည်။

နှစ်ကြိမ် သုံးကြိမ်မျှ ထပ်အော်တော့မှ လူသံတွေစဲသွားသည်။

မဏ္ဍပ်ရှေ့ဘက်တွင် စားပွဲခုံနှစ်လုံးဆင့်၍ အရေးပေါ်ဆင်ပြင်လိုက်ရသော စင်မြင့်ကလေးပေါ်သို့ သူကြီးဦးစံဖြိုး တက်လာသည်။ ကိုဗျော့ကြီးက မိုက်ကို သူကြီးလက်သို့ ထိုးပေးလိုက်သည်။ သူကြီးက မိုက်ကို လက်ကိုင်ရိုးမှမကိုင်ဘဲ စကားပြောခွက်ရှိရာ ထိပ်တည့်တည့်မှအုပ်၍ ပိတ်ကိုင်လိုက်သဖြင့် 'ဟမ်း'ဝင်သွားကာ 'အူ'ဆိုသော ဥသြဆွဲသကဲ့သို့ အသံရှည်ကြီး ထွက်လာလေသည်။

ထိုဟမ်းသံရှည်ကြီးက အတော်စူးစူးရှားရှားနိုင်လှသည်ဖြစ်ရာ ပရိသတ်မှာ နားပိတ်ထားကြရ၏။





'ဟာကွာ… ပြောစရာရှိ မြန်မြန်ပြောတာ မဟုတ်ဘူး၊ မိုက်ကို သက်နဲ့ ပိတ်ကိုင်ရတယ်လို့'

အသံချဲ့စက်ဆရာ အောင်ဘုက သူကြီးထံမှ မိုက်ကို အပြေးသွားတောင်းကာ လက်ကိုင်ရိုးမှကိုင်ဖို့ မိုက်အဝကို ပိတ်မကိုင်ဖို့ပြောရ၏။ သူကြီးက ပရိသတ်ကြီးကို ဝေ့ကြည့်လိုက်ပြီးနောက်-

'အဟမ်း… အဟမ်း… ကိုင်း… အများတောင့်တ မျှော်လင့်နေကြတဲ့ ဘောလုံးပွဲကြီးကတော့ မကြာခင် စတင်တော့မှာ ဖြစ်ပါတယ်။ အဒီမှာ ချစ်ကြည်ရေး ခြေစမ်းပွဲတို့ဆိုတဲ့အတိုင်း ကစားကြဖို့ နှစ်ရွာလုံးက ဘောလုံးသမားတွေကို မှာကြားလိုပါတယ်။ နှစ်ဖက်ပရိသတ်ကလည်း ကိုယ့်ရွာအသင်းတွေကိုယ် အားပေးကြရာမှာ ရိုးရိုးအားပေးကြပါ။ မဆိုင်တဲ့ တစ်ဖက်ရွာသား ဘောလုံးသမားတွေကို ကွင်းဘေးကနေ ဆဲတာတို့၊ နောက်ပြောင်တာတို့ လုံးဝမလုပ်ကြပါနဲ့။ ဒီပွဲမှာ ဒိုင်လူကြီးအဖြစ်ဆောင်ရွက်မှာက သူ့ရွာကလည်းမဟုတ်၊ ကိုယ့်ရွာကလည်းမဟုတ်တဲ့ မြို့ကဒိုင်လူကြီးကို အထူးဖိတ်ကြားဆောင်ရွက်စေမှာမို့ ဘယ်ဘက်ကိုမှ မျက်နှာမလိုက်ဘဲ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးသွားမှာဖြစ်တဲ့အကြောင်း ပရိသတ်ကြီးကို အသိပေးထားပါရစေ။ ကျုပ်ပြောချင်တာကတော့ ဒီလောက်ပါပဲ။ သစ်ချိုကုန်းရွာ ဥက္ကဋ္ဌကြီးကော ဘာပြောဦးမလဲ၊ ဟောဒီစားပွဲပေါ် ကြွပါခင်ဗျာ'

သူကြီးဦးစံဖြိုးက သစ်ချိုကုန်းရွာ ဥက္ကဋ္ဌကြီးကို လှမ်းဖိတ်ခေါ်သည်။

သစ်ချိုကုန်းဥက္ကဋ္ဌကြီးက နေရာမှထလာကာ စားပွဲနှစ်လုံးဆင့်ထားသော စင်မြင့်ပေါက်စနရှေ့သို့ လာရပ်ပြီး လှမ်းပြောသည်။

'ကျုပ် ဘာမှမပြောတော့ပါဘူး။ ဦးစံဖြိုးပဲ နှစ်ယောက်စာ တော်သလို ကြည့်ကျက်ပြောလိုက်ပါတော့။ အချိန်လည်း နီးနေပြီပဲဥစ္စာ'

'ဟုတ်ကဲ့… သစ်ချိုကုန်းဥက္ကဋ္ဌကြီးက အချိန်နီးနေပြီဖြစ်တဲ့အတွက် သူ ဘာမှမပြောတော့ပါဘူးတဲ့ခင်ဗျ။ ဒီတော့ နှစ်ယောက်စာကို ကျုပ်တစ်ယောက်တည်းကပဲ ပြောရတော့မှာ ဖြစ်ပါတယ်။ ကျုပ်မှာလည်း ထူးထူးထွေထွေ ပြောစရာမရှိတော့ပါဘူး။ ပါဝင်ကစားကြမယ့် နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



သော ဘောလုံးသမားတွေကိုပဲ နောက်ဆုံး မှာကြားချက်အနေနဲ့ အထူး အားပေး မှာကြားပါတော့မယ်'

ဘောလုံးသမားတွေကို မှာကြားမည်ဆိုသဖြင့် ပရိသတ်က စိတ်ဝင်စားသွားကြသည်။ စောစောကထက်စာလျှင် ဆူညံသံတွေ သိသိသာသာ လျော့ကျသွားသောကြောင့်ဖြစ်သည်။

'အထူးအားပေးမှာကြားမည်' ဆိုတော့ ဘာတွေများပါလိမ့်ဟု နားစွင့် အာရုံစိုက်ကြပုံရသည်။

ထိုခဏမှာပင် သူကြီးဦးစံဖြိုးက သူ့ခေါင်းပြောင်ကို လက်နှင့် ပွတ်လိုက်ရင်း သူ၏မှာကြားချက်ကို စတင်လေသည်။

'နှစ်ဖက်သော ဘောလုံးသမားများကို အထူးမှာကြားလိုတာက တော့ ဘောလုံးကန်ပွဲ ပီပီသသဖြစ်ရအောင် ဘောလုံးကိုပဲ အားရပါးရ ကန်ကြပါ။ လူကိုကန်တာမျိုး မလုပ်ကြပါနဲ့။ စောစောက မေးကြည့်လိုက် တော့ သစ်ချိုကုန်းရွာကလည်း ဘောလုံးနှစ်လုံးတောင် ယူလာပါတယ် တဲ့။ ကျုပ်တို့ရွာအသင်းမှာလည်း ဘောလုံးနှစ်လုံးတိတိ ရှိပါတယ်။ ဒီတော့ ကာ နှစ်ရွာပေါင်းလိုက်တော့ ဘောလုံးက လေးလုံးကြီးများတောင် ရှိပါ တယ်။ အဲဒီ ဘောလုံးတွေလေလျော့ရင်ထိုးဖို့ လေထိုးတံလည်း ကွင်းဘေး မှာ အသင့်ဆောင်ထားပြီး ဖြစ်ပါတယ်။ ဒီတော့ အဲဒီဘောလုံး လေးလုံးကို အားမနာစတမ်း စိတ်တိုင်းကျကန်ကြပါ။ လေလျော့ရင် နောက်အသစ် တစ်လုံး ဆက်တိုက်ထုတ်ပေးဖို့ အဆင်သင့်ပါပဲ။ လေးလုံးလုံးကို အ တစ်ညနေနဲ့ ကန်လို့ကုန်သွားရင်လည်း မပူကြပါနဲ့။ နောက်တစ်ပွဲအတွက် အသစ်တွေ ထပ်ဝယ်ပေးဖို့ နှစ်ရွာလုံးက လူကြီးတွေချင်း ကတိထားပြီးပါပြီ ဒါကြောင့် ဘောလုံးသမားများအနေနှင့် နောက်ဆံမတင်းစတမ်း စိတ်ဖြောင့် ဖြောင့်ထားပြီး ကန်ကြပါလို့ အားပေးတိုက်တွန်း မှာကြားရင်း အဆုံးသတ် လိုက်ရပါတယ်ခင်ဗျ။ သတ္တဝါအပေါင်း ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ရောက်အောင် လှမ်းနိုင်ကြပါစေလို့ ဆုတောင်း လိုက်ရပါသဗျား'





'ဟေး… ဒါမှ တို့သူကြီးကွ'

ဆိတ်ကုလားဘက်က ပရိသတ်ကြီးက လက်ခုပ်တီးကြ၊ လက် ခေါက်မှုတ်ကြဖြင့် ဝိုင်းအော်ကြသည်။


'ဟာ… ဒီသူကြီးကလည်း လူထူထူရှိရင် ကိုယ့်ရွာကိုယ် အရှက် ခွဲပြီ၊ ဘောလုံးပွဲနဲ့ သတ္တဝါအပေါင်း နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုရောက်အောင် လှမ်းနိုင်ကြပါစေဆိုတဲ့ ဆုတောင်းနဲ့ ဘာဆိုင်လို့လဲ'

ကွင်းဘေးမှာ ဆေးလွယ်အိတ်ကြီးလွယ်ရင်း ဒဏ်ကြေလိမ်းဆေး ဗူးလင်းတကိုင်ကိုင် ဟန်ရေးပြနေသည့် ဆရာခန့်က ရှုံ့မဲ့စွာ ပြောလိုက် တော့ သူ့နံဘေးရှိ ဖိုးရွှေမောင်က ထောက်ခံလေသည်။

'ဟုတ်ပါ့ဗျာ… တရားနာ ရေစက်ချပွဲ ကျနေတာပဲ၊ ရေစက်ချဖို့ ခွက်နဲ့ အောက်ခံတိုက်ပန်းကန်ပြားပဲ ယူလာခဲ့ရဦးမလိုလိုကြီး၊ မဆိုင် ဘာတွေ လျှောက်ပြောနေတယ်။ အင်းလေ… အဝိဇ္ဇာက ဖုံးနေတာကိုး'

ရွာသူကြီးဦးစံဖြိုး စကားပြောပြီးသွားပြီဖြစ်၍ ဆင့်ထားသော စားပွဲကို ပြန်ချကာ မဏ္ဍပ်ငယ်ကလေးထဲသို့ ပြန်ရွှေ့ကြပြီး စားပွဲနှစ်လုံးကို ဆက်သည်။ အပေါ်က စားပွဲခင်းရှည်ကို ခင်းပေးလိုက်သည်။ ပြီးမှ စားပွဲ ရှည်နောက်မှာ ကုလားထိုင်များ ချပေးလိုက်သည်။ ဤကား ဆယ်အိမ်မှူး တို့ဗျော့ကြီး၏လက်ရာ အထူးတန်းပွဲကြည့်စင်ပင် ဖြစ်လေတော့သည်။ နှစ်ရွာ က ဥက္ကဋ္ဌတွေနှင့် ဆယ်အိမ်မှူးတွေ ကျကျနနထိုင်ကာ ရှုစားရန်ပင်တည်း။

*





www.burmeseclassic.com

www.burmeseclassic.com



ညနေ ၄ နာရီထိုးသည်နှင့် ဘောလုံးပွဲ စတင်မည်ဖြစ်သည်။

နှစ်ဖက်အသင်းသားများနှင့် ဒိုင်လူကြီးတို့ ကွင်းထဲမှာ နေရာယူထားကြပြီး ဖြစ်သည်။ ဒိုင်လူကြီးက ကွင်းနံဘေးက စည်းကြပ်ဒိုင်တွေကို အဆင်သင့်ဖြစ်မဖြစ် လှမ်းကြည့်သည်။

စည်းကြပ်ဒိုင်တွေကတော့ အခြားသူတွေ မဟုတ်။

သစ်ချိုကုန်းရွာ ကာလသားခေါင်း ကိုကြွက်နီနှင့် ဆိတ်ကုလားရွာ ကာလသားခေါင်း ကိုကြည်တို့ ဖြစ်ကြသည်။ တစ်လံလောက်ရှည်သော ဝါးလုံးတွင် ကလေးဝတ်လုံချည်တစ်ထည်စီ စည်းနှောင်ထားသော အချက်ပြအလံကိုယ်စီ ကိုင်ထားကြသည်။ ကျကျနနချုပ်လုပ်ထားသော အလံမရှိသဖြင့် အရေးပေါ်စီစဉ် လိုက်ကြရသော အချက်ပြအလံများ ဖြစ်သည်။

ကွင်းအဖြစ် သတ်မှတ်ထားပုံကလည်း အတီအကျဖြစ်သည်။ ၁၂ တောင်ဝါးလုံးအရှည်တွေကို ထက်ခြမ်းခွဲထားသော ဝါးခြမ်းပြားတွေကို ဘေးစည်းများအဖြစ် တစ်ဖြောင့်တည်းဆက်၍ ချထားခြင်းဖြစ်သည်။ ထိုစည်းကို ဘောလုံးကျော်လာလျှင် ဘေးထွက်ဘောအဖြစ် သတ်မှတ်ကာ လက်ထဲမှ အလံများကို ထောင်ပြကြရန် ဒိုင်က မှာကြားထားပြီးဖြစ်သည်။

'ပွဲစပါတော့ဗျို့… တော်ကြာ မိုးချုပ်သွားပါလိမ့်မယ်'

'သစ်ချိုကုန်းဟေ့… သစ်ချိုကုန်း'

'ဆိတ်ကုလားကွ… ဆိတ်ကုလား'

နှစ်ဖက်ရွာ ပရိသတ်ကတော့ အားတက်စရာကြီးပင်။

ကိုယ့်ရွာနာမည်ကိုယ် စုပေါင်းအော်ဟစ်ကာ အားပေးကြသည်။ သစ်ချိုကုန်းက ဒိုးပတ်အဖွဲ့၏တီးမှုတ်သံနှင့် သံချပ်ထိုးသံကလည်း ဆူညံနေသည်။ သည်မှာကျတော့ ဆိတ်ကုလားရွာဘက်က ဘာမျှ ကြိုတင်ပြင်ဆင်ထားမှု မရှိ။ သို့သော် သစ်ချိုကုန်းက ဒိုးပတ်ဝိုင်းကို မခံချင်သဖြင့် အလွယ်တကူရသော စည်တိုတစ်လုံးနှင့် နှဲကြီးတစ်လက်သာ ကွင်းနံဘေးသို့ ယူလာနိုင်သည်။

စည်တိုကို တုတ်တိုဖြင့် ဆက်တိုက်ထုလိုက်၊ နှဲကြီးကို တဖော်ဖော် ထမှုတ်လိုက်ဖြင့်သာ တုံ့ပြန်နိုင်သည်။



စည်းကြပ်ဒိုင်တွေက အသင့်ဖြစ်ကြောင်း သူတို့လက်ထဲမှ အလံတွေကို ထောင်ပြလိုက်ကြသည်။ သို့သော် ဘာဖြစ်သည်မသိ။ ပွဲမစနိုင်သေးဘဲ ကွင်းလယ်မှာပင် ဒိုင်လူကြီးနှင့် နှစ်ဖက်ဘောလုံး အသင်းခေါင်းဆောင်တို့ စကားပြောဆိုနေကြတာ တွေ့ရ၏။

ခဏနေတော့ ကွင်းနံဘေးက ယာယီမဏ္ဍပ်ငယ်ကလေးဆီသို့ သန်းပု ပြေးထွက်လာသည်။

'ဟေ့ကောင်… သန်းပု၊ ဘာဖြစ်လို့လဲ'

ကိုဖျော့ကြီးက ဆီးမေးသည်။

'ပွဲစကားနီးမှ သတိရလာတာတဲ့။ ဒိုင်မှာ အဝါကတ်ပြစရာ ကတ်ပြားတွေ မပါလာဘူးတဲ့'

'ဟာ… ဒုက္ခပါပဲကွာ၊ ဒီအချိန်ကျမှ ဘယ်သွားရှာရမတုန်း'

'လွယ်ပါတယ်၊ အများမြင်သာရင် ပြီးတာပဲ။ အဝါရောင်နဲ့ အနီရောင်ဖြစ်ဖို့ပဲ လိုတယ်'

ကိုဖျော့ကြီး ခေါင်းကုတ်သည်။ ဟိုဟိုဒီဒီကြည့်လိုက်တော့ သူတို့အပွဲပေါ်မှာ ခင်းထားသော ယပ်တောင်တွေကို မြင်သွား၏။ သည် ယပ်တောင်တွေက ရှေ့ဆွမ်းကြီးတွေ မျက်နှာရှေ့က နေရောင်ကာကြည့်နိုင်ဖို့ ရှာဖွေယူလာပြီး တင်ထားခြင်းဖြစ်သည်။ သို့သော် နေကာမပူ။ မိုးပင် အုံ့အုံ့တုံ့ ရှိသည်။ သည်ယပ်တောင်တွေ အသုံးပြုစရာမလို။

ထို့ကြောင့် ယပ်တောင်လေးငါးခယ်ချောင်းအပုံကို ဖွကြည့်သည်။ ကံကောင်းထောက်မစွာပင် အနီရောင် ယပ်တောင်တစ်ချောင်းနှင့် အဝါရောင် ယပ်တောင်တစ်ချောင်းကို တွေ့ရ၏။

'ရော့ကွာ… ဒီနှစ်ချောင်း ယူသွား၊ ဒိုင်လူကြီးကို ပေးလိုက်'

'ဟင်… ဒါတွေက ဘာလုပ်ရမှာလဲ'

'ဟာကွာ… သူ့ခါးကြား ထိုးထားပစေပေါ့ကွ။ လိုအပ်မှ သုံးရမယ့်ကိစ္စပဲ။ အဝါကတ်ပြချင်ရင် အဝါရောင်ယပ်တောင်ပြ၊ အနီကတ်ပြချင်ရင် အနီရောင်ယပ်တောင် ထောင်ပြလို့ ပြောလိုက်၊ ဒါက တစ်ကွင်းလုံးက မြင်ရတော့ ပိုတောင် ကောင်းသေး'



www.burmeseclassic.com

www.burmeseclassic.com



ယပ်တောင်နှစ်ချောင်းကိုယူကာ သန်းပု ကွင်းထဲပြန်ပြေးဝင်သွားသည်။ ဒိုင်ကို ယပ်တောင်တွေထိုးပေးလိုက်တော့ ဒိုင်လူကြီးက သူ့ဟာသူ ခေါင်းကုပ်ရင်း ယပ်တောင်တွေကို ခါးကြားထဲထိုးလိုက်တာ မြင်ကြရ၏။

'ရှီး…'

ကွင်းလယ်ဒိုင်ထံမှ ခရာတုပ်သံ ထွက်လာသည်။

ဘောလုံးပွဲကား စတင်လေပြီ။ စပေးဘောကို သစ်ချိုကုန်းဘက်ကရသည်။ သစ်ချိုကုန်းက သူတို့ အဓိကအားထားသည့် ချိုကြီးနှင့် မဲတူတို့နှစ်ဦးကို ရှေ့တန်းတိုက်စစ်မှူးအဖြစ် ထားသည်။ ဆိတ်ကုလားဘက်ကတော့ သန်းပုနှင့် ဖိုးတေ၊ ဖိုးထူးတို့ အဓိကဖြစ်သည်။

ချိုကြီးသည် စပေးဘောကိုရသည်နှင့် ဘယ်တောင်ပံသို့ တင်ပေးလိုက်သည်။ သူ့ခြေထဲတွင် ဘောလုံးကို ကြာကြာမထား။ ဘယ်တောင်ပံပေးပြီးသည်နှင့် သူက ကွင်းလယ်အတိုင်း ဆိတ်ကုလားဂိုးစည်းဘက်သို့ ပြေးတက်သည်။ သူနှင့်အတူ ညာတောင်ပံမှာနေသော မဲတူကလည်း ပြိုင်တူပြေးတက်သည်။

ဆိတ်ကုလားအသင်းသည် သူတို့ မျှော်လင့်မထားသော တိုက်စစ်ကြောင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေသည်။ သစ်ချိုကုန်း ဘယ်တောင်ပံလူက ဘေးစည်းအတိုင်း ဆွဲပြေးရင်း နောက်တန်းလူ တစ်ယောက်ကို လိမ်သည်။ ရသည်။ ပြီးတော့ အလယ်က ပြေးတက်လာသည့် ချိုကြီးအတွက် ဂိုးရှေ့သို့ ကန့်ပို့ကာ ကြိုတင်ချပေးသည်။

'ရှီး…'

ဒိုင်လူကြီးထံမှ ခရာတုပ်သံ ထွက်လာသည်။ အကြောင်းမှာ ဘောလုံးရောက်မလာသေးခင် ပြေးတက်လာသော ချိုကြီး လူကျွံသွားခြင်းဖြစ်သည်။ သစ်ချိုကုန်းပရိသတ်ဘက်မှ 'ဟာ…'ဟူသော တစ်ပြိုင်နက် ညည်းညူသံကြီး ထွက်ပေါ်လာ၏။

'ဝေး… ဘောသူခိုးဟေ့… ဘောသူခိုး'

'ဒါမှ ငါတို့ဒိုင်လူကြီးကွ'





ဆိတ်ကုလားပရိသတ်ဆီက 'တီတီတော်' ဆိုသောနဲ့သံ၊ တဒုံးဒုံး ညော်တိုထုသံများနှင့် ဝိုင်းအော်လိုက်ကြသော အသံတွေ ထွက်လာသည်။ ဆိတ်ကုလားသူကြီး ဦးစံဖြိုးက အနီးမှာရှိသော ကိုဖျော့ကြီးကို လှည့်မေးသည်။

'ဘောသူခိုးဆိုပါလားကွ၊ ဘယ်သူက ဘောလုံးကိုခိုးသွားလို့တုန်း ခင်း မိအောင်ဖမ်းစမ်း'

'မဟုတ်ဘူး ဘကြီးရဲ့၊ လူကျွံသွားတာကို ဝိုင်းအော်တာ၊ နေ… နေ… ဒိုင်က ဖမ်းလိုက်တာ မမြင်ဘူးလား'

'ဒိုင်က သူ့ဟာသူရပ်နေတာ မြင်တာပဲကွ၊ ဘယ်မှာ ဖမ်းလို့တုန်း'

ကိုဖျော့ကြီး ခေါင်းကုတ်လိုက်သည်။

'နေပါစေဆို ဘကြီးရာ၊ ကဲ… ကျုပ် သွားအော်သတိပေးလိုက်ဦးမယ်'

ယာယီမဏ္ဍပ်ထဲက အသံချဲ့စက်ဆရာကို စက်ပုံးအဖွင့်ခိုင်းလိုက်ပြီး ကိုဖျော့ကြီးက မိုက်ဖြင့် လှမ်းအော်သတိပေးလိုက်သည်။

'ဟုတ်ကဲ့… ရိုးရိုးအားပေးကြပါခင်ဗျား၊ တစ်ဖက်ရွာ ပရိသတ် ခံချင်စရာတွေ မအော်ကြဖို့ သတိပေးလိုက်ပါတယ်။ ဘောသူခိုးတို့၊ ဘာဓားပြတို့၊ ဘောအနုကြမ်းစီးသမားတို့လို မခံချင် ဒေါပွစရာတွေ အော်ကြပါနဲ့ခင်ဗျား'

'ဟေး… ဟုတ်တယ်ဟေ့၊ ဟုတ်တယ်ဟေ့'

သစ်ချိုကုန်းဘက်ခြမ်းမှ တစ်ခဲနက်ထောက်ခံသံကြီးထွက်လာပြီး ပရိသတ်ဝိုင်းက လင်းကွင်းကြီးကို 'ချမ်း… ချမ်း… ချမ်း… ချမ်း…' ဟူ အကျယ်ကြီး တီးလိုက်ကြလေသည်။

လူကျွံဘောအတွက် တည်ကန်ရမည့်ဘောလုံးကို ဆိတ်ကုလား နောက်တန်းလူ လှဦးက ကန်တင်ပေးလိုက်သည်။ ဖိုးတေထံ ရောက်လာသည်။ ဖိုးတေက ညာတောင်ပံအတိုင်းပြေးရင်း ဘောလုံးကို ဆွဲသွားပြီး သူ့နောက် မလှမ်းမကမ်းမှာ ဖိုးထူးက ပြေးလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေကို သစ်ချိုကုန်း နောက်တန်းလူနှစ်ယောက် ညှပ်ပူးညှပ် ပိတ်ဝိုင်းကပ်ပြီး ဘောလုံးဝင်လုသည်။ မရ။ ဖိုးတေက နှစ်ယောက်လုံးကို လိမ်ပြီး ဆွဲပြေးသည်။ သစ်ချိုကုန်း နောက်တန်းလူတွေ ပြေးလိုက်သော်လည်း ဖိုးတေကို မီအောင်မလိုက်နိုင်။

'ဖိုးတေကွ··· ဖိုးတေကွ'

ကွင်းဘေးက အားပေးသံတွေညံနေသည်။ ဖိုးတေသည် ဘောလုံးကို သဲသဲမဲမဲ ဆွဲပြေးနေစဉ် နောက်တစ်ယောက်က အင်္ကျီစကို ဆွဲထား ခြင်းခံလိုက်ရသဖြင့် ဟပ်ထိုးဟပ်ထိုး ဖြစ်သွားသည်။

'ရွှီး···'

ဒိုင်လူကြီးက လူကို ဆွဲထားသည့်အတွက် ပြစ်ဒဏ်ဘော ပေး သည်။ ဂိုးဧရိယာအစပ်ရောက်လုလု ညာဘက်ခြမ်းတွင် ဖြစ်သည်။ ပြစ်ဒဏ်ဘောကို ဖိုးတေပင် ကန်မည် ဖြစ်သည်။

ဂိုးရှေ့တည့်တည့် အလယ်ကြောတွင် ရှိနေသည့် သန်းမှ လက်ထောင်ပြကာ အချက်ပေးလိုက်သည်။ ဖိုးတေက ဂိုးပေါက်ဝဆီ အမြောက်ကန်တင်ပေးလိုက်သည်။ ဘောလုံးက ဂိုးတိုင်ဘားတန်းအထက် အတော်မြင့်မြင့်က ကျော်တက်သွားသည်။

'ဟေး··· ဂိုးတိုင်ကို နောက်ထပ် လူတစ်ရပ်လောက် မြှင့် လိုက်ဦးဟေ့'

'ချမ်း··· ချမ်း··· ချမ်း··· ချမ်း···'

သစ်ချိုကုန်းပရိသတ်၏ လှောင်ပြောင်သံများနှင့် လင်းကွင်းသံ ထွက်လာသည်။ သည်လိုနှင့် ပထမပိုင်းသာ ပြီးသွားသည်။ ဘယ်ဘက်က ဂိုးမသွင်းနိုင်။ နှစ်သင်းစလုံးမှာ ယခုမှ စတင်ကစား ကြရသူများချည်းဖြစ် တစ်ယောက်နှင့်တစ်ယောက် အပေးအယူ အချိတ်အဆက်မမိဘဲ ဖြစ် သည်။ များသောအားဖြင့် ဘောလုံးရောက်ရာဆီသို့ တစ်ပြုံကြီး ဝိုင်းလိုက် ကြ လုကြတာနှင့်ပဲ အချိန်ကုန်သွားသည်။

'ဒီလိုပုံနဲ့ မိုးချုပ်သွားမှာပါကွာ၊ အခြေအနေတွေကတော့ သူမသာ ကိုယ်မသာပဲ၊ ဘာမှထူးမှာ မဟုတ်ပါဘူး'





'ဒီလိုမပြောပါနဲ့ ဦးလေး၊ ခုမှ စပွဲတိုးရတာ၊ ဒီလောက်တော့ ရှိမှာပေါ့။ ကိုယ့်ဘက်က ဂိုးမပေးရရင်ပဲ တော်သေးတယ် ပြောရမှာပဲ'

ပွဲကြည့်ပရိသတ်၏ အားမလိုအားမရ ဝေဖန်သံတွေသာ ညံစီနေ သည်။ ပထမပိုင်းအပြီး ခေတ္တနားချိန်ကလေးတွင် သူ့အသင်း ကိုယ့်အသင်း မခွဲခြားဘဲ သူကြီးဦးစံဖြိုးက ဘောလုံးသမားတွေကို သံပရာရည်တိုက်၏။ အမြန်ဆုံး အမောပြေစေရန်ဟု ရည်ရွယ်ကာ သကြားပါလေကာထည့်ပြီး ချဉ်စုတ်နေအောင် ဖျော်ထားသဖြင့် ကစားသမားတွေ သောက်သူတိုင်း မျက်နှာတွေ ရှုံ့မဲ့နေကြသည်။ အကုန်လုံး သွားတွေကျိန်းကုန်ကြကာ တံတွေး တဗျစ်ဗျစ် ဖြစ်နေကြသည်။

'ဒီနေ့ကစားတဲ့ အနေအထားအရ ဟိုဘက်အသင်းက တို့အသင်း ကို အပြေးမှာ လိုက်မမီဘူးကွ။ တို့ရွာဘက်က အသင်းက ဒီသဲသောင် ပြင်ပေါ် ပြေးကျင့်ရှိထားတော့ သူတို့ထက် ပိုသွက်သွက်ပြေးနိုင်တယ်။ သူတို့က ရိုးရိုးမြေမာပေါ်မှာ ကျင့်ခဲ့ကြတာဆိုတော့ သဲသောင်ပြင်ပေါ်မှာ မပြေးနိုင်ကြတော့ဘူး။ သဲပြင်ကို ရှုန်းနေရတာကိုး။ ဒါကို အခွင့်ကောင်း ယူကြရမယ်။ ဒုတိယပိုင်းမှာ သွက်သွက်ပြေး။ မြန်မြန်ထိုးဖောက်ကစား တဲ့ပုံစံကို ပြောင်းမှဖြစ်မယ်။ ဘောလုံးကို ကိုယ့်ခြေထဲမှာ ကြာကြာမထား နဲ့၊ လွတ်နေတဲ့ ကိုယ့်ဘက်သားဆီ အမြန်ဆုံးပို့၊ အမြန်ပြေးတက်၊ အဲဒီပုံစံနဲ့ သွားမယ်၊ ဟုတ်ကြပလား'

ဆရာလေး ကိုဝင်းနောင်က ဒုတိယပိုင်း ကစားရမည့်ပုံစံကို ချပြ သည်။ သစ်ချိုကုန်းအသင်း၏ ပျော့ကွက်၊ ဟာကွက်ကို ထောက်ပြ၏။ မှန်လည်းမှန်သည်။ မြေမာမာပေါ်မှာ လေ့ကျင့်လာသည့် သစ်ချိုကုန်းအသင်း အတွက် ဆိတ်ကုလားကွင်း၏ သဲသောင်ပြင်ကိုက မြန်မြန်မပြေးနိုင်အောင် ဆီးနှောင့်ယှက်နေသလို ဖြစ်နေသည်။

'ကိုင်းဟေ့··· ဆိတ်ကုလားကကောင်တွေ၊ ဒီမှာ အကြောင်း ဒဏ်ကြေဆေးလူးဖို့ လာကြ၊ တစ်ယောက်ချင်း နည်းနည်းစီ လူးကြ'

ဆရာခန့်က သူ့ဒဏ်ကြေဆေးရည်ပုလင်းကြီး မြှောက်ရင်း ဆော် ပြောသည်။ ဘယ်သူမှမသွားခင် ဂိုးသမားနက်ကြီးက ဆရာခန့်ထံ အသွင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။ ပြီးတော့ လက်ဖဝါးကလေးတစ်ဖက်ကို လက်ခုပ်သဏ္ဌာန်လုပ်၍ တောင်းခံသည်။ ဆရာခန့်က လက်ခုပ်ထဲသို့ အနည်းငယ်လောင်းထည့်ပေးရင်းက မေးသည်။

'ရေမှာ ပြေးလွှားနေရတဲ့ကောင်တွေက လာမလူးဘူး၊ နောက်ကဂိုးတိုင်ထဲ ရပ်နေရတဲ့ မင်းက ထိပ်ကလာလူးတယ်၊ မဟုတ်သေးပါဘူး'

'အဲသလိုရပ်နေရလို့ သွေးမလျှောက်တော့လို့ လာလူးရတာပေါ့ဆရာခန့်ရဲ့၊ သွေးတောင့်ပြီး လဲတော့မယ်၊ ဘောလုံးက ကျုပ်ဆီ နှစ်ခါလား ရောက်တယ်။ ဂိုးတိုင်ထဲအိပ်ရင် တစ်ရေးတောင်ရတယ်။ ဘာမှတ်လဲ… ဒါကြောင့် လာလူးတာ'

နက်ကြီး၏ ဝန်ခံချက်ကြောင့် အနားကလူတွေ ပွဲကျသွားသည်။ မလှမ်းမကမ်းမှာရှိနေသော ကိုကြည်က ဝင်နောက်သည်။

'အေး… ဆရာခန့်ရဲ့ဆေး လူးပြီးပြီဆိုရင်တော့ သတိသာထားပေါ့။ သွေးတွေလေတွေ တအားလျှောက်ပြီး ယေ့ပါးလွန်းလို့ နည်းနည်းလေးရှန်လိုက်တာနဲ့ ဂိုးတိုင်ဘားတန်းပေါ် မြောက်တက်သွားဦးမယ်၊ သတိနဲ့ရှန်နော် နက်ကြီး'

'အံမာ… ထမင်းရည်ပူစည်းတစ်ဖက်ကိုင်ရတဲ့ ဒိုင်က ပြောရတယ်။ ဟေ့ကောင် … မောင်ကြည်၊ မင်းလက်ထဲက အချက်ပြအလံကိုအိမ်ပြန်ရောက်ရင် အမှတ်တရ သိမ်းထား။ မင်းသား အကြီးကောင်လေးဆိုး မဟုတ်လား။ ပြန်ပေးမနေနဲ့တော့။ ရွာဘောလုံးပွဲမှာ ထမင်းရည်ပူစည်းရဲ့ဒိုင်လုပ်ခဲ့တုန်းက ကိုင်ခဲ့တဲ့အလံဆိုပြီး နောင်တစ်ချိန် သားစဉ်မြေးဆက်ကို ကြွားနိုင်အောင်လို့'

ဆရာခန့်ကလည်း ပြန်တွယ်သည်။ ကိုကြည့်မျက်နှာ ရှုံ့မဲ့သွားသည်။

သူ့အချက်ပြအလံကလည်း ဆရာခန့် လှောင်မည်ဆိုလျှင် လှောင်နိုင်စရာ ဖြစ်နေသည်ကိုး။ ခေတ္တအနားပေးချိန် ၁၅ မိနစ် ပြည့်သွားသည်နှင့်ကွင်းလယ်ဒိုင်က ရှီးခနဲ ခရာတုပ်သည်။ ကွင်း၏မြောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်းကို နေရာလဲလှယ်ပြီး ကစားကြသည်။





ဒုတိယပိုင်း ပြန်အစမှာတော့ ဆိတ်ကုလားအသင်းဘက်က စပေးသော ရသည်။ ဆရာလေးကိုဝင်းနောင် သတိပေးထားသည့်အတိုင်း ဆိတ်ကုလား အသင်းဘက်က ခြေအားကို အစိကအသုံးချ၍ ကစားသည်။

သစ်ချိုကုန်းအသင်း၏ တိုက်စစ်မှူးတွေဖြစ်သော ချိုကြီးနှင့် မဲတူတို့သည် တစ်ယောက်နှင့်တစ်ယောက် အပေးအယူ အချိတ်အဆက်မဆိုးလှ။ သို့သော် သူတို့ကို အစိကနှောင့်ယှက်နေသည်က အောက်က သဲပြင်ထူထူကြီး ဖြစ်သည်။ သဲပြင်ပေါ် သွက်သွက်မပြေးနိုင်သဖြင့် ထင်သလောက်မထိုးဖောက်နိုင်ဘဲဖြစ်ရသည်။ ထို့အပြင် ဆိတ်ကုလားအသင်းထဲက လူတွေက သူတို့ခြေထဲ ဘောလုံးရောက်သည်နှင့် တစ်ချီးတည်း ဆွဲပြေးနိုင်ကြသူတွေချည်းဖြစ်နေ၍ အခက်ကြုံရသည်။

ဒုတိယပိုင်းကစားချိန် တစ်ဝက်သာသာတွင်တော့ သစ်ချိုကုန်းအသင်းက ထောင့်ကန်ဘောရသည်။ ထိုထောင့်ကန်ဘောကို ဘယ်ဘက်ဝင်းရှေ့တန်း လူမဲတူက ကန်မည်ဖြစ်သည်။ သစ်ချိုကုန်းအသင်းအတွက် အခွင့်အရေးတစ်ရပ်ပင်။

ထောင့်ကန်ဘောကို မဲတူ ကန်လိုက်တာက ဆိတ်ကုလားဂိုးပေါက်ရှေ့သို့ဝဲ၍ တည့်တည့်ကျသည်။ ချိုကြီးက ခေါင်းခုန်တိုက်သည်တွင် ဆိတ်ကုလားနောက်တန်းလူ လှဦးကလည်း အပြိုင်ဝင်လုသည်။ လှဦး၏ပခုံးပေါ်မှတစ်ဆင့် ချိုကြီး ကျွမ်းပစ်ကျသွားသည်။

'ရှီး…'

ကွင်းလယ်ဒိုင်က ထိုက်စွကို ပယ်နယ်တီ ပေးပစ်လိုက်လေသည်။

တစ်ကွင်းလုံး ဆူသွားသည်။ ဆိတ်ကုလားပရိသတ်က မကျေနပ်။ သစ်ချိုကုန်းပရိသတ်ကတော့ လင်းကွင်းကြီး တချမ်းချမ်းတီးရင်း ထထကခုန်တွေက ကကုန်ကြသည်။ ဂိုးဧရိယာအတွင်းမှာ လှဦးက ကြမ်းကြမ်းတမ်းတမ်း ဝင်ထမ်းလိုက်သလိုဖြစ်သွား၍ ဒိုင်က လှဦးကို အဝါကတ်ပြသည်။ ခါးကြားက အဝါရောင် ယပ်တောင်ကို ထောင်ပြသည်။

'ဒိုင်က ဘာလုပ်တာတုန်းကွ။ ခါးကြားက ယပ်တောင်ထောင်ပြပါရောလား'



www.burmeseclassic.com

www.burmeseclassic.com



'အဝါရောင်ထောင်ပြတာဆိုတော့ အဝါကတ်ပြတာပေါ့ဗျ'

'နေပါဦး… အဲဒီ ယပ်တောင်အဝါရောင် ထောင်ပြတာက ဘယ်သဘောတုန်းဟဲ့'

'ဟာ… ကြီးဒေါ်ခွေးကလည်းဗျာ၊ ကိုလှဦးကို အပြစ်ဒဏ် တစ်ကြိမ် ကျူးလွန်ပြီဆိုပြီး သတိပေးတာပေါ့။ တော်သေးတယ်… အနီရောင် ယပ်တောင်ထုတ်ပြရင်တော့ ကိုလှဦး ကွင်းထဲက တစ်ခါတည်းထွက်ရမှာဗျ'

'ဟုတ်လား… မင်းတို့ခေတ်က စားပွဲကလည်း ရှုပ်ရှုပ်ယှက်ယှက် ဟယ်၊ ယပ်တောင်နဲ့ အချက်ပြရတယ်လို့ ယပ်တောင်တွေက ဘောလုံးပွဲမှာ လည်း အသုံးဝင်သေးတာကိုး၊ အံ့ပါ့'

ဆိတ်ကုလားပရိသတ်ဘက်ခြမ်းမှာ ပူညံပူညံဖြစ်နေသည်။ သို့သော် ကွင်းလယ်ဒိုင်၏ အဆုံးအဖြတ်မို့ ဘာမျှမတတ်နိုင်။ သစ်ချိုကုန်းဘက်က တော့ 'ပင်လယ်ဒီ… ပင်လယ်ဒီ' ဟု အားပါးတရ သံပြိုင်အော်နေကြသည်။

ထို ပင်လယ်တီဘောကို သစ်ချိုကုန်း အသင်းခေါင်းဆောင် ဖြစ်သော ချိုကြီးက ကန်သွင်းမည်ဖြစ်သည်။ ဘောလုံးကို ဒိုင်လူကြီးက နေရာ သတ်မှတ်ပေးပြီး တည်နိုင်းလိုက်၏။

ကစားချိန်တစ်လျှောက်လုံး မတ်တတ်ရပ်လိုက်၊ လမ်းလျှောက် လိုက် လုပ်နေခဲ့ရသော ဆိတ်ကုလားဂိုးသမားနက်ကြီးသည် ဂိုးတိုင်၏ အလယ်တည့်တည့်မှာ အသင့်နေရာ ယူထားသည်။ သူက ဘယ်သန်ဖြစ်၍ ရှေ့က ဘယ်လိုကန်ကန် ဘယ်ဘက်ကို ဒိုက်ထိုးပစ်လိုက်မည်ဟု ဆုံးဖြတ် ချက်ချလိုက်သည်။ သမ္မေသတ္တာ ကမ္ဘသကာပဲဟု အောက်မေ့ပြီး အသင့် စောင့်နေလိုက်သည်။

'ရှီး…'

'ဖုန်း…'

'ဟေး… နက်ကြီးကွ၊ အဲဒါမှ နက်ကြီး'

ဒိုင်ခရာအတုပ်တွင် ချိုကြီးက ပြေးကန်သည်။ သူက မကန်ခင် ကတည်းက ညာဘက်ကို ခြေယောင်ပြကာ ဘယ်ဘက်ထဲသို့ ကန်သွင်း မည်ဟု စဉ်းစားသည်။ များသောအားဖြင့် လူတွေမှာ ညာသန်တွေကများ





သည် မဟုတ်လား။ သည်တော့ ညာဘက်ကိုပဲ ဒိုက်ထိုးဖို့ ရာနှုန်းပိုများ သည်ဟု တွက်ကိန်းချကာ ဘယ်ဘက်သို့ ကန်သွင်းလိုက်ခြင်း ဖြစ်သည်။

ချိုကြီး၏ တွက်ကိန်းက တည့်တည့်လွဲလေသည်။

နက်ကြီးသည် ဖုန်းခနဲ ဘောလုံးကန်လိုက်သံ ကြားလိုက်သည်နှင့် မျက်စိစုံမှိတ်ကာ သူ အားသန်သည့် ဘယ်ဘက်သို့ ဒိုက်ထိုးပစ်လိုက်သည်။ သူ့ခေါင်းကို ဘောလုံးလာမှန်တာကို သိလိုက်၏။

ဆိတ်ကုလား ပရိသတ်ထဲက သူ့နာမည်ကို တစ်ခဲနက်အော်လိုက် သံနှင့် လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံတွေကို ကြားလိုက်သည်။ အဲဒီနောက်တော့ သူ ဘာမျှမသိတော့။ ဂိုးတိုင်ကို သူ့ခေါင်းက အားရှိပါးရှိ ဝင်ဆောင့်လိုက်သောကြောင့် မိုက်ခနဲမူးဝေသွားသောကြောင့် ဖြစ်သည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ သူ့ရှေ့ကွင်းထဲက ဘောလုံးသမားတွေ၏ ပုံရိပ်တွေက ချာချာလည်နေကြလေသည်။

နက်ကြီး၏ ဒူးခေါင်းကိုမှန်ပြီး ပြန်အန်ထွက်လာသော ဘောလုံးကို လှဦးက အပြေးဝင်ကန်လိုက်သဖြင့် ဘောလုံးက ကွင်းလယ်သို့ ပြန်ရောက် သွားပြီဖြစ်သည်။

သစ်ချိုကုန်း ပရိသတ်ဘက်မှ 'ဟာကွာ' ဆိုသော အသံကြီး ထွက် လာသည်။ ထိုအချိန်အထိ နက်ကြီး မထနိုင်သေး။

'ကိုနက်ကြီး… ကိုနက်ကြီး၊ အောင်မယ်လေး… လုပ်ကြပါဦး၊ အျှန်မယောက်ျား ပြန်မထလာတော့ဘူး'

ကွင်းဘေးမှ ရပ်ကြည့်နေသော အေးမြက အသံကုန်အော်ရင်း ကွင်းထဲ ဖြတ်ဝင်ပြေးလာသည်။ ထို့ကြောင့် ကွင်းလယ်ဒိုင်က ခရာတုပ် လိုက်ကာ ပွဲကို ခေတ္တနားလိုက်သည်။ သူ့မိန်းမအော်သံ ကြားတော့မှ နက်ကြီး လူးလဲထသည်။ သူ့အမြင်တွင် ဘောလုံးကွင်းကြီးသည် ချာချာ လည်နေသည်။ ထို့ကြောင့် အမြန်ပြန်ထိုင်ချလိုက်၏။

'ရတယ်… ရတယ်… ဘာမှမဖြစ်ဘူး၊ အေးမြ… ကွင်းထဲက ပြန်ထွက်'

နံဘေးက ကိုကြည်က အလံထောင်ပြရင်း ကုန်းအော်သည်။

www.burmeseclassic.com



ရယ်သံတွေ တဝေါဝေါဆူသွားသည်။ ဆရာခန့်ပါ ရောက်လာကာ ရှူးဆေး တောင့်ဖွင့်ပြီး နက်ကြီးနှာခေါင်းဝမှာ တေ့ပေးလိုက် ပြီးတော့မှ နက်ကြီး အခြေအနေ ပြန်ကောင်းသွားသည်။ ထို့ကြောင့် ဒိုင်က ခရာတုပ်ကာ ပွဲကို ရှေ့ဆက်သည်။

တဖြည်းဖြည်း ပွဲပြီးရန် အချိန်နီးကပ်လာသည်။ ဆိတ်ကုလား သားတွေအဖို့ ပို၍ပင် အားတက်လာကြသည်။ သေချာပေါက်ပေးရပြီဟု အောက်မေ့ထားသော ပယ်နယ်တီဂိုးကို မပေးလိုက်ရသောကြောင့်လည်း ပို၍အားတက်စရာ ဖြစ်နေသည်။ ထို့ကြောင့် သူတို့ဘက်က ကစားအား ပို၍တက်လာသည်။

ပွဲပြီးလုလု မိနစ်ပိုင်းကလေးမှာပင်ဖြစ်သည်။ နောက်တန်းမှ လှဦး ကန်တင်လိုက်သော ဘောလုံးသည် အလယ်တန်းက ပေါက်စဆီသို့ ရောက်သွားသည်။ ပေါက်စက သူ့ရှေ့မှာရှိနေသော ဖိုးထူးကို ထိုးပေးသည်။ ရသည်။ ဖိုးထူးသည် ဘေးစည်းအတိုင်း ကပ်၍ ဖွတ်ဆွဲပြေးသည်။ ဖိုးထူး ဆွဲပြေးသည်နှင့်အပြိုင် သန်းပုက အလယ်က၊ ဖိုးတေက ညာတောင်ပံက ယှဉ်ပြေးတက်ကြသည်။

သစ်ချိုကုန်း နောက်တန်းလူတစ်ယောက်က ဖိုးထူးဆီသို့ တည့်တည့်ပြေးဝင်ပြီး ဘောလုံးကို ဆိုင်ကန်ဖို့ ကြိုးစားသည်။ ဖိုးထူးက ခြေယောင်ပြ၍ လှည့်လိုက်သည်။ ပြီးနောက် ကွင်းလယ်ကြောဆီသို့ ကျုံးကန်ထည့်လိုက်သည်။ ထိုဘောလုံးက အလယ်မှ ပြေးတက်လာနေသော သန်းပုရှေ့သို့ အလောတော်ကျသွားသည်။

သန်းပုသည် အရှိန်နှင့်သွန်၍ ပြေးလာခြင်းဖြစ်၍ သူ့ကိုယ်သူ ဘရိတ်မအုပ်နိုင်ချေ။ သူပြေးနေစဉ်မှာပင် ရုတ်ခနဲ သူ့ရှေ့သို့ ဘောလုံး ကျလာခြင်းဖြစ်၍ ပြေးရင်းလွှားရင်း ဘောလုံးကို ညာရှေ့ခြေဖျားနှင့် ထိမိသွားသည်။ အမှန်ကတော့ သန်းပု ကန်လိုက်ခြင်း မဟုတ်။ ဘောလုံး ကိုက ပြေးနေသော သူ့ခြေလှမ်းတည့်တည့်သို့ တိုက်တိုက်ဆိုင်ဆိုင် ကျလာ ခြင်းဖြစ်သည်။ ထိုဘောလုံးကို သူ မရှောင်နိုင်ဘဲ ခလုတ်တိုက်လိုက်မိ ခြင်းသာ ဖြစ်သည်။ သို့သော်-





'ဂိုး...'

'ဆိတ်ကုလားကွ၊ ဆိတ်ကုလား'

'အဲဒါမှ သန်းပုကွ၊ တိုက်စစ်မှူး သန်းပု'

ကွင်းနံဘေးမှ ကျယ်လောင်စွာ ထွက်ပေါ်လာသော တစ်ခဲနက် အသံကြီးကြောင့် သန်းပု လန့်သွားသည်။

အဲဒီတော့မှ သန်းပု ခေါင်းထောင်ပြီး ရှေ့သို့ကြည့်လိုက်သည်။

လက်စသတ်တော့ သူ ပြေးရင်းလွှားရင်း ခလုတ်တိုက်မိသလို ခြေဖျားနှင့် ထိလိုက်သော ဘောလုံးက ကံအားလျော်စွာ သစ်ချိုကုန်းဂိုးထဲ တည့်တည့်ကြီး ဝါးလုံးထိုး ပြေးဝင်သွားခြင်းပင်ဖြစ်တော့သည်ဟု အံ့အား တသင့် သိရှိလိုက်ရ၏။

'မရွယ်ဘဲ စော်ကဲမင်းဖြစ်'ဆိုသော စကားပုံအတိုင်းပင်။

သန်းပုသည် အဲဒီတော့မှ သဲသောင်ပြင်ပေါ်သို့ ဝမ်းသာအားရ ဘျွမ်းလိုမှ့်ထိုးလိုက်လေသည်။

မကြာမီ အချိန်စေ့သွား၍ ဒိုင်က ခရာသုံးချက်တုပ်ကာ ဘောလုံး ပွဲကို သိမ်းလိုက်သည်။ ဆိတ်ကုလားရွာအသင်းသည် သစ်ချိုကုန်းအသင်း ထို ပွဲဦးထွက်မှာ တစ်ဂိုး ဂိုးမရှိဖြင့် အောင်ပွဲခံ အနိုင်ရလိုက်၏။

ထိုပွဲစဉ်မှာ နာမည်ကြီးသွားကြသူတွေကတော့ သန်းပုနှင့် ဂိုးသမား နက်ကြီးတို့ပင် ဖြစ်ကြလေတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



— ၁၀ —

'ဖြစ်နိုင်ရင် ဒီရက်ပိုင်းထဲမှာ ရွာ
မလာခဲ့ပါနဲ့၊ မလာရင် အကော
ဆုံးပဲလို့သာမှတ်ပါ. ကိုသန်းပုရယ်'
မပုင ၏စကားကြောင့် သန်း
တော်တော်စိတ်ညစ်သွားသည်။

'ဟာ… မဟုတ်သေးပါဘူး မပုတုရယ်'

ခေါင်းကုတ်ရင်း သန်းပု ညည်းလိုက်မိသည်။ ဟုတ်သည်။ သစ်
ကုန်းနှင့် ဆိတ်ကုလားတို့၏ ပထမပွဲစဉ်ကန်ပြီးသည့်နောက်ပိုင်းကတည်း
သန်းပုမှာ ညည်းချင်းချစရာတွေ ကြုံနေရသည်။ ပြေးရင်းလွှားရင်း ဘော
ကို ခလုတ်တိုက်မိ၍ ဂိုးဝင်သွားခဲ့သည့်အတွက် ရွာမှာတော့ သန်း
မျက်နှာကောင်းရနေတာ မှန်သည်။ သို့သော် သည်ဘက်က သစ်ချိုကု
ဘက်မှာကျတော့ အခြေအနေက ပြောင်းပြန်ဖြစ်သွားသည်။

ညိုယဉ်က သန်းပုကို အတော်ဒေါပွနေသည်ဟု သိရသည်
ဒါကလည်း မပုတု၏ အပြောကြောင့်သာ မဟုတ်။ သန်းပုကိုယ်တို
ကြုံတွေ့လာရခြင်း ဖြစ်သည်။





သူမ၏ဈေးဆိုင်ထဲသို့ သန်းပု ဝင်လာတာမြင်သည်နှင့် နောက်ဖေး
သို့ ထွက်သွားပြီး ပြန်ထွက်မလာတော့။ အခြားတစ်ယောက်ကိုသာ
ဆိုင်ရှေ့သို့ ပြန်လွှတ်လိုက်သည်။ သန်းပုကို ဈေးပင်ထွက်မရောင်းတော့။

ဟိုတလောလေးက အတော်အခြေအနေကောင်းလာပြီးသား
အနေအထားလေးတွေကိုပင် နှမြောစရာဖြစ်နေတော့သည်။ မပုတု၏ အပြော
အရ ညိုယဉ်ကလည်း သူ့ကို ပြန်လည်စိတ်ဝင်စားနေပါသည်ဆိုသဖြင့်
သူ့မှာတော့ အတော်ကြီး အားတက်သရောဖြစ်ခဲ့ရသည်။ ညိုယဉ်ကလည်း
သူ့ကို ပြုံးပြုံးရွှင်ရွှင်ပင် စကားလက်ခံပြောသည့်အခြေအထိ ဆိုက်လာ
ခဲ့ပြီးဖြစ်သည်။

ပြဿနာကတော့ ဘောလုံးပွဲပင်။

ဘောလုံးပွဲမှာ သန်းပုက ဂိုးသွင်းခဲ့သဖြင့် သစ်ချိုကုန်းအသင်း
ရှုံးရသည်ဟု ညိုယဉ်က ဒေါပွသည်။ သန်းပုမှာ သစ်ချိုကုန်းသို့လာရ
တာတောင် နောက်ကျော သိပ်မလုံ။ လူငယ်ထိုးကက် ဦးထုပ်ကို မျက်နှာ
တစ်ဝက်ဖုံးသည်အထိ ဆွဲချကာ ခေါင်းငုံ့ လမ်းလျှောက်ရင်း ခပ်လျှိုလျှို
လာနေရသည်။ ခက်တာက သူ မလာဘဲ မနေနိုင်ခြင်းပင်။ ညိုယဉ်ကို
သူ အသည်းအသန် စွဲလမ်းနေမိပြီလေ။

'ဟုတ်တယ်… သူက တော့်ကို စိတ်ဆိုးနေတာ။ အဖြေပေးဖို့
စဉ်းစားထားတာတောင် ဖျက်သိမ်းပစ်လိုက်တော့မယ်လို့ ကြိမ်းနေတာ'

'ဗုဒ္ဓေါ… ဘာဆိုင်လို့လဲဗျာ၊ ဘောလုံးပွဲက ဘောလုံးပွဲပဲ။ သူ့နဲ့
ကျုပ် အချစ်ရေးကိစ္စက သီးသန့်ပဲ။ တစ်ပိုင်းစီပါ'

'ဒါက ကိုသန်းပုဘက်က အမြင်ကိုး၊ ညိုယဉ်ကတော့ ဒီလို
မဟုတ်ဘူး။ ဘောလုံးပွဲနဲ့ကို ဆက်စပ်နေတယ်။ သေချာပါတယ်။ ဒီပုံစံ
အတိုင်းကတော့ ကိုသန်းပု သူ့ကို မမျှော်လင့်နဲ့တော့။ အဖြေပေးလိမ့်
မယ်မထင်ဘူး'

'ကဲဗျာ… ဒီလိုဆိုရင် ဘယ်လိုမှ အဖြေပေးဖို့ စဉ်းစားမှာတဲ့
တုန်း။ မေးလိုက်စမ်းပါ'

သန်းပုက သက်ပြင်းချရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ… မေးလိုက်မယ်၊ မေးပြီးတော့ အကြောင်းပြန်လိုက်မယ်။ ဒီရက်တွေထဲမှာ ရွာကို ထပ်မလာနဲ့တော့။ ကိုသန်းပုကို လက်ခံစကားပြောနေရတာ ကျုပ်လည်း ခပ်လန့်လန့်ပဲတော့။ ရွာကသိတဲ့ ကာလသားတွေက. မျက်စောင်းတထိုးထိုးနဲ့နေတာ။ ပြီးတော့ ကိုသန်းပုကို လိုက်ရန်စပြီး ပြဿနာရှာကြရင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်မှာလည်း စိုးရသေးတယ်။ စိတ်ချပါ… ဖြစ်အောင် အကြောင်းပြန်လိုက်မယ်'

'ဟုတ်ပြီဗျာ… ကျုပ်ဘက်ကလည်း ထပ်လာဖို့ မလွယ်ပါဘူး။ လာမယ့်ပွဲအတွက် ကွင်းဆင်းနေရတာပါ။ ဒါပေမဲ့ သူ့ကို တစ်ခုတော့ ပြောပေးပါ။ ကျုပ် သူ့ကို အပျော်ကြံတာ မဟုတ်ဘူး။ တကယ်ချစ်တာ ကြိုက်တာပါလို့နော်'

သန်းပု စိတ်ပျက်ပျက်ဖြင့် ပြန်လာခဲ့ရသည်။ ဘောလုံးပွဲကိစ္စမှာ ဟုတ်နေသော်လည်း အချစ်ရေးကိစ္စမှာတော့ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ရမည့်ကိန်း ဆိုက်နေတာ ဘယ်သူမှ သိကြမည်မဟုတ်။

နောက်ရက်တွေမှာ သစ်ချိုကုန်းသို့ သူမသွားတော့။ ကိုယ့်ရွာမှာပဲ မှန်မှန်ကြီး ညနေတိုင်း ကွင်းဆင်းလေ့ကျင့်နေလိုက်သည်။ သစ်ချိုကုန်းနှင့် ဒုတိယပွဲစဉ်က ကြားထဲမှာ (၁၀)ရက်တိတိခွာ၍ ရက်ချိန်းသတ်မှတ်ထားကြသည်။ သည်တစ်ခါကတော့ သစ်ချိုကုန်းကို သူတို့ရွာအသင်းက သွားကန်ကြရမှာဖြစ်သည်။ သစ်ချိုကုန်းကလည်း ရှုံးကြွေးဆပ်ဖို့ အပြင်းအထန် လေ့ကျင့်နေကြသည်ဟု သိနေကြားနေရသည်။ သူတို့အနေနှင့်လည်း ဒုတိယအကြိမ် ထပ်မံအောင်ပွဲခံနိုင်ဖို့ သန္နိဋ္ဌာန်ချထားကြပြီးဖြစ်သည်။ ထို့ကြောင့် ပိုလို့ပင် လေ့ကျင့်နေကြရသေးသည်။

နှစ်ရွာလုံးက သတ်မှတ်ထားသော ရက်ချိန်းသို့ရောက်ရန် ၂ ရက်အလိုမှာပင် သန်းပုထံသို့ လူကြုံဖြင့် စာတစ်စောင် ရောက်လာလေသည်။ ညိုယဉ် ရေးလိုက်သောစာပင် ဖြစ်၏။

စာကို ဖတ်ပြီးသည်နှင့် သန်းပု တက်ခေါက်သည်။ ပြီးနောက် တွဲဖော်တွဲဖက်ဖြစ်သော ဖိုးတေကို ညိုယဉ့်စာကို ပေးဖတ်လိုက်သည်။





ဖိုးတေ ငိုင်ကျသွားသည်။

'ဒုက္ခပါပဲကွာ၊ အဲလိုဖြင့် မင်း ဘယ်လိုခုံးဖြတ်မလဲ။ သူတောင်းဆိုတဲ့အတိုင်း ငါ လုံးဝမလိုက်လျောနိုင်ဘူး ဖိုးတေ၊ အဲဒီ ဒုတိယပွဲကမှ ပွဲကြီးပွဲကောင်းကွ'

သန်းပုက ပြတ်သားစွာ ပြောကြားလိုက်လေသည်။

*

'ဒီကနေ့ပွဲစဉ်ဟာ သစ်ချိုကုန်းကျေးရွာ ဘောလုံးအသင်းနဲ့ ဆိတ်ကုလားရွာ လူငယ်ဘောလုံးအသင်းတို့ရဲ့ ဒုတိယအကြိမ် ချစ်ကြည်ရေးပွဲစဉ် ဖြစ်ပါတယ်။ နှစ်သင်းစလုံးကလည်း ကြိုးကြိုးစားစား အနိုင်မခံအရှုံးမပေး ကစားကြမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ်မတတ်နိုင်တဲ့ကိစ္စကြီးက ဒီကနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်လာခဲ့တာအတွက် အတော် စိတ်မချမ်းမသာဖြစ်ရသလို ကျွန်တော်တို့ ရွာကွင်းကို လာကန်ကြတဲ့ ဧည့်သည်ဘောလုံးအသင်းကိုလည်း အတော်အားနာမိပါတယ်။ တခြားမဟုတ်ပါဘူး။ ဒီကနေ့ကျမှ နေ့ခင်းပိုင်းအထိ မိုးတွေရွာချခဲ့တဲ့အတွက် ကျွန်တော်တို့ ဘောလုံးအသင်း ပျက်သွားတဲ့ကိစ္စပါ။ သို့သော် အဲဒီသဘာဝဘေးအသဝကြောင့် ဖြစ်ပေါ်လာခဲ့ရတဲ့ကိစ္စကို မေ့ထားလိုက်ကြပြီး နှစ်သင်းလုံးအနေနဲ့ မလွှာစတမ်း ရေကုန်ရေခမ်း ကစားကြပါလို့ တိုက်တွန်းအားပေးရင်း နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျာ'

ဘောလုံးပွဲ ဒုတိယပွဲစဉ် စတင်တော့မည်ဖြစ်သည်။ မစတင်မီ အချိန်ကလေးအတွင်း သစ်ချိုကုန်းရွာ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စင်မြင့်ကလေးပေါ်မှ ပြန်ဆင်းသွားသည်။

'မလွယ်လိုက်တာကွာ၊ ရေကုန်ရေခမ်း ကစားကြမယ်တဲ့။ သူတို့ရွာကွင်းထဲက ဖွက်တွေ ရေအိုင်တွေထဲက ရေတွေသာ ကုန်အောင် ခန်းအောင်ဆိုရင် ဘောလုံးသမားတွေ ဘောလုံးမကန်တော့ဘဲ တစ်ယောက်ကို ခွက်တစ်လုံးစီနဲ့ လိုက်ခပ်ပြီး ကွင်းအပြင် ထုတ်နေကြရဖို့ပဲ ရှိတယ်။ ဒါ အောင် ရေကုန်ရေခမ်းဖြစ်ဖို့ မလွယ်ဘူး။ ခွီးတဲ့မှပဲ'



www.burmeseclassic.com

www.burmeseclassic.com



နံ့ဘေးက စည်းကြပ်ဒိုင်လုပ်ရမည့် ကိုကြည်ကို ရေဗွက်တွေ ထောင်းထောင်းထနေသော သစ်ချိုကုန်း ဘောလုံးကွင်းကို ကြည့်ကာ ပြော၏။ သစ်ချိုကုန်းကွင်းက မြေမာမာကွင်းဖြစ်သော်လည်း မြေအမျိုးအစားက ရွှံ့စေးမြေအခံ ဖြစ်သည်။ သည်ကနေ့ကျမှ နေ့ခင်းပိုင်းအထိ မိုးက သဲသဲမဲမဲ ရွာချသွားခဲ့သဖြင့် ကွင်းထဲမှာ ရေဗွက်တွေ နှံ့နှံ့တက်အောင် တင်ကျန်နေခဲ့သည်။

'ကိစ္စမရှိပါဘူး၊ လကမ္ဘာမျက်နှာပြင်ပေါ် ကန်နေရတယ်လို့ပဲ သဘောထားရမှာပေါ့။ ဘောလုံးပွဲချိန်ကလေးမှာ မိုးတိတ်ပေးထားတာပဲ တော်လှပါပြီ'

ဖိုးထူးက နှစ်သိမ့်လိုက်သည်။

ကွင်းနှစ်ဖက်မှာတော့ ပွဲကြည့်ပရိသတ်က အပြည့်ပင်။ ပထမပွဲတုန်းကထက်တောင် များနေသေးသည်။ ဆိတ်ကုလားရွာက လိုက်လာတာကလည်း ရွာလုံးကျွတ်ဟု ဆိုရမလောက်ဖြစ်သည်။ ရွာခံဖြစ်သော သစ်ချိုကုန်းကတော့ ပြောစရာပင်မလိုတော့။ အရှုံးကြွေးဆပ်ရမည့်ပွဲမို့ ဘုရားခရုကအစ လမ်းလျှောက်နိုင်သေးသော သက်ကြီးရွယ်အိုအဆုံး တစ်ရွာလုံး ထွက်လာကြသည်။ ရွာခံဒိုးပတ်ဝိုင်းကလည်း မနားတမ်း ကျွက်ကျွက်ညံအောင် တီးပေးနေကြသည်။

အချိန်ကျပြီဖြစ်၍ ကွင်းလယ်ဒိုင်လူကြီးက ခရာတုပ်၍ ပွဲကို စဖွင့်လိုက်သည်။

သစ်ချိုကုန်းသည် ကိုယ့်ရွာကွင်းဖြစ်နေတာမို့ ထိုကွင်းနှင့် အသားကျနေကြပြီးဖြစ်သည်။ ရေဗွက်အိုင်တွေ နေရာအနှံ့ဖြစ်နေသော်လည်း သူတို့က ဆိတ်ကုလားအသင်းသားတွေထက်စာလျှင် ကစားအားပို၍ အရှိန်ကောင်းလေသည်။

သန်းပုသည် သူ့ထံရောက်လာသော ဘောလုံးကို အသာထိန်းလိုက်သည်။ မရချေ။ ရွှံ့တွေပေနေသောကြောင့် ခြေချော်ထွက်သွားကာ လာသူခြေထောက်ထဲ ထိုးပေးလိုက်သလိုပင် ဖြစ်သွား၏။ လာလုသူက သစ်ချိုကုန်းအသင်းခေါင်းဆောင် ချိုကြီး ဖြစ်သည်။





ချိုကြီးက ကွင်းလယ်မှ ဆွဲပြေးသည်။ ဆိတ်ကုလားအသင်းက ပေါက်စက လိုက်လုသည်။ ခြေချော်၍ ဗိုင်းခနဲလဲကျန်နေခဲ့လေသည်။ ပရိသတ်က ဝါးခနဲရယ်သည်။

ချိုကြီးက ဆက်ဆွဲပြေးကာ မဲတူထံ ထိုးပေးသည်။ မဲတူက တို့ကာတို့ကာဖြင့် ဆိတ်ကုလားကွင်းဘက်သို့ သယ်လာသည်။ နောက်တန်းလူ လှဦးက ပြေးထွက်လာပြီး ရေ့တည့်တည့်မှ ပိတ်သည်။ ဘောလုံးက ရေအိုင်ကလေးထဲသို့ ကျနေသဖြင့် နှစ်ယောက်ဆိုင်ပြီး ကန်လိုက်ကြရာ ဖွားခနဲ ရေတွေ ရွှံ့တွေ စင်တက်လာသည်။

လှဦးမျက်လုံးထဲ ရေတွေ ဝင်သွားသလား၊ ရွှံ့စက်တွေ ဝင်သွားသလား မသိ။ သူ့မျက်လုံးတွေကို လက်နှင့်ပွတ်ရင်း အကန်းလို ကျန်နေခဲ့သည်။ ဆက်မလိုက်နိုင်။ မဲတူ လွတ်လွတ်ကျွတ်ကျွတ်ဆွဲပြေးပြီး အားဝါးတရ ကန်လိုက်သည်။ ဘောလုံးကို မထိ။ ရွှံ့တွေနှင့် ခြေချော်သွားကာ သူ့အားနှင့်သူ ဗိုင်းခနဲပစ်လဲသွားသည်။

ဆိတ်ကုလားအသင်း နောက်တန်းလူတစ်ယောက် ပြေးလာကာ ကန်တင်လိုက်သည်။ ထိချက်မမှန်ဘဲ ဘောလုံးက နံ့ဘေးစည်းကိုကျော်၍ ထွက်သွားသည်။ စည်းကြပ်ဒိုင် ကိုကြွက်နီက အလံထောင်ပြသည်။ သစ်ချိုကုန်းက ပြေးမြှောက်သည်။

ကစားချိန် ၁၀ မိနစ်လောက်အတွင်းမှာပင် အဖြူအနက်ကွက် ဘောလုံးမှာ ဘာရောင်မှမပေါ်တော့ဘဲ ရွှံ့ရောင်ပေါက်လာ၏။ ရွှံ့လုံးကြီးတို့ လုကန်နေကြတာနှင့်ပင် တူပေသေးတော့သည်။

'ဟေး… သစ်ချိုကုန်းကွ၊ ဒီကနေ့မှ မနိုင်ရင်လား'

'ချမ်း… ချမ်း… ချမ်း… ချမ်း…'

'ဆိတ်ကုလားဟေ့၊ ကြိတ်ထားကြကွ'

'ဗိန်း… ဗိန်း… ဗိန်း… ဗိန်း'

ကွင်းနှစ်ဖက်မှ အော်ဟစ်အားပေးသံ၊ စည်တီးသံ၊ လင်ကွင်းသံတွေ ညံနေသည်။ ဒုတိယပွဲစဉ်ကတော့ နံ့ဘေးပရိသတ်တွေအဖို့ ဟားဝါး ပွဲကျနေကြရသည်။ ဘောလုံးသမားတွေအဖို့တော့ ဘောလုံးကန်ရ



www.burmeseclassic.com

www.burmeseclassic.com



ထက် ကိုယ့်ကိုကိုယ် ပစ်မလဲအောင် မနည်းထိန်းကာ ပြေးလွှားနေကြရခြင်း ဖြစ်သည်။

ဘောလုံး ကိုယ့်ခြေထောက်ထဲ ရောက်လာသဖြင့် ဆွဲပြေးကာမှ ဘောလုံးက ဖွက်နှင့်ငြိ၍ မြေပြင်မှာ ကပ်ကျန်နေခဲ့ကာ လူက အရှိန်နှင့် ကျော်ပြေးသွားတာတွေ၊ ဘောလုံးကို တက်နင်းမိကာ ဗိုင်းခနဲ လဲတာတွေနှင့် နည်းမျိုးစုံ ရယ်ရအောင် ဖျော်ဖြေနေကြသလား အောက်မေ့ရသည်။

နှစ်သင်းစလုံးက ဝတ်စုံတွေလည်း အရောင်မပေါ်တော့ဘဲ ရွှံ့ရောင် ပေါက်လာကြသဖြင့် သူ့လူ ကိုယ့်လူ မှားကာ ထိုးပေးတာတွေလည်း မကြာခဏပင်။ သည်လိုနှင့် ပထမပိုင်းပြီးလုလုတွင် ဖိုးတာက ညာတောင်ပံမှကန်တင်ပေးလိုက်သော ဘောလုံးကို သန်းပုက ပြေးပိတ်လိုက်ရာ တစ်ဂိုး စတင် ရရှိသွားလေသည်။ ပထမပိုင်းပြီးချိန်တွင် ဆိတ်ကုလားအသင်းက တစ်ဂိုးဖြင့် ဦးဆောင်နိုင်သွားတော့၏။ သန်းပုနာမည်ကတော့ ဟိုးဟိုး ကျော်သွားလေသည်။

'မင်းတို့ ကိုယ့်ဘက်က ဂိုးမပေးရရေးကိုပဲ အဓိကထားကြတော့ကွာ။ ဒါဆို ဒုတိယပွဲလည်း ငါတို့နိုင်ပြီသာ မှတ်'

ခေတ္တနားချိန်မှာ ကိုကြည်က မှာသည်။

'မလွယ်ဘူးဗျ၊ မြေက တအားချော်နေတော့ ကျုပ်တို့မှာ ပြေးလေလဲလေ ဖြစ်နေတယ်။ မြန်မြန်ပြေးလေ များများလဲလေ ဖြစ်နေတာ။ လူတွေလည်း အတော်နာလှပြီ'

ဖိုးထူးက ကွင်းထဲက အခက်အခဲကို တင်ပြသည်။

ပထမပွဲစဉ်တုန်းကလိုပင် နှစ်ဖက်ဘောလုံးသမားတွေကို ခေတ္တနားချိန်မှာ သစ်ချိုကုန်းက ဖျော်ရည်တိုက်သည်။ ထူးခြားသည်မှာ သစ်ချိုကုန်းက ဖျော်ရည်က ဆိတ်ကုလားရွာတုန်းကနှင့် ဆန့်ကျင်ကာ တအားချိုနေခြင်း ဖြစ်သည်။

'ဘောလုံးသမားတွေမှာ အလိုလိုမှ ပြေးရလွှားရလို့ မောနေရတဲ့အထဲ ဒီလောက်ချိုချိုကြီးတိုက်တော့ အကုန်အချွဲတွေဆို့ပြီး အမောဆို့ကုန်တော့မှာပဲ။ မဟုတ်သေးပါဘူး'



ဆရာခန့်က တစ်ခွက်ဝင်မြည်းကြည့်ပြီး ဝေဖန်သည်။

'မဟုတ်တာဗျာ… မောပန်းနွမ်းနယ်ပြီး အားအင်ကုန်ခန်းနေတဲ့ အချိန်မှာ အချိုဓာတ်ကမှ အားအင်ပြန်ပြည့်တာဗျ။ ဒါကြောင့် သကြားများများထည့်ဖျော်ဖို့ ကျုပ် ညွှန်ကြားလိုက်တာ။ အားဖြည့်အချိုရည်ဆိုတာ မကြားဖူးဘူးနဲ့ တူတယ်'

ပြန်လည်ချေပသူက သစ်ချိုကုန်းဆေးဆရာ ဦးသာအိုဖြစ်သည်။

'ကိုရင်က ကျန်းမာရေးကိစ္စကို ဘယ်လောက်နားလည်လို့တုန်း'

'ဒီမှာ ဆရာခန့်ရဲ့၊ ဆေးသမားချင်းအတူတူကို ခင်ဗျားက လေဖင်ခေါင်း မကျယ်ချင်ပါနဲ့ဗျ'

'ဟာဗျာ… ခင်ဗျားတို့ကလည်း လူကြီးတွေလုပ်နေပြီး တစ်မှောင့်ဒါ ဘောလုံးပွဲဗျ၊ လူ့ကျန်းမာရေးအကြောင်း သိကောင်းစရာ အငြင်းအခုံပွဲမဟုတ်ဘူး။ တော်ကြစမ်းဗျာ'

အရေးထဲ ဆေးဆရာနှစ်ယောက်က ထဘုတောနေကြသဖြင့် လူပုစိတ်တို ကိုကြည်က ထဟောက်ကာ ဖျန်ဖြေပေးလိုက်မှ ငြိမ်သွားကြလေသည်။

'ဟော့ကောင် သန်းပု၊ ဖျော်ရည်ဝေတဲ့နေရာမှာ ဘယ်သူ တာဝန်ယူပြီး ဝေပေးနေတယ်မှတ်လဲ၊ သွားကြည့်လိုက်စမ်း'

ဖိုးတေက သန်းပုအနားသို့ကပ်ကာ တိုးတိုးပြောသည်။ သန်းပု လှမ်းကြည့်သည်။ ဘောလုံးသမားတွေ အုံနေသဖြင့် မမြင်ရ။ သူလည်း တစ်ခွက်မှ မသောက်ရသေးသဖြင့် ဝိုင်းအုံနေသည့် အထဲဝင်ရပ်လိုက်သည်။

သန်းပု ဒိန်းခနဲ ရင်တုန်သွားသည်။ ဖျော်ရည်တွေထည့်ထားသော ရေမဒန်အိုးကြီးနောက်မှာရပ်၍ တစ်ခွက်ပြီးတစ်ခွက် ဝေပေးနေသူက ညိုယဉ်။ သူချစ်လှစွာသော ညိုယဉ်။

ညိုယဉ် သန်းပုမျက်နှာကို မြင်လိုက်သည်နှင့် ဒိုင်းခနဲ မျက်စောင်းထိုးလိုက်သည်။ မျက်နှာထားကလည်း အတော် မကျေမနပ် ခေါ်ပြတ်ပုံရသော မျက်နှာထားမျိုး ဖြစ်သည်။ သန်းပုအလှည့်ရောက်တော့ ဖျော်ရည်တစ်ခွက်ကို ဆတ်ခနဲခပ်လိုက်ကာ ခွက်ကို ဆောင့်ကြီးအောင့်ကြီး ထိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သန်းပု ခပ်တည်တည်ယူသောက်ပြီး လှည့်ထွက်ခဲ့သည်။ ဖိုးတေက ဆီးမေးသည်။

'ဟေ့ကောင်… တွေ့ခဲ့လား'

'တွေ့ပါတယ်၊ ငါ့ကို အတော်ဒေါပွနေပုံပဲ၊ အင်း… ဘယ်တတ်နိုင်မလဲကွာ'

သန်းပုလေသံက ဝမ်းနည်းနေသည့်လေသံ ဖြစ်သည်။ ဖိုးတေသက်ပြင်းချလိုက်ရ၏။

မကြာမီပင် ကွင်းလယ်ဒိုင်က ဒုတိယပိုင်းကို စတင်လေသည်။

ဒုတိယပိုင်းတွင်တော့ သစ်ချိုကုန်းဘက်က နည်းပညာဟာ လုံးဝပြောင်းလဲသွားလေသည်။ ဆိတ်ကုလားအသင်း၏ အဓိကလူဖြစ်သော သန်းပုကို လုံးဝလှုပ်ရှားခွင့်မရအောင် သုံးလေးယောက် အသေကပ်ထားသည့် နည်းဗျူဟာဖြစ်သည်။ သန်းပုသည် ပထမပွဲတုန်းကလည်း အနိုင်ဂိုးကိုသွင်းခဲ့သူဖြစ်သည်။ ယနေ့ ဒုတိယပွဲမှာလည်း တစ်ဂိုးသွင်းထားပြန်ပြီဆိုတော့ သန်းပုကို အလွတ်မပေးစတမ်း အသေကပ်ထားရမည်ဆိုသောမူကို ချလိုက်ပုံရသည်။

သန်းပုမှာ ရှေ့တန်းအထိ တိုက်စစ်ဆင်နိုင်ဖို့နေနေသာသာ ကွင်းလယ်ဖန်တီးရှင်ပင် လုပ်လို့မရအောင် အခက်ကြုံနေရသည်။ ထို့ကြောင့် ဆိတ်ကုလားအသင်း၏ တိုက်စစ်က သိသိသာသာ ကျဆင်းသွားသည်။ ဆိတ်ကုလားအသင်းက ခံစစ်၊ သစ်ချိုကုန်းအသင်းက ထိုးစစ်ဖြစ်လာသည်။ ဆိတ်ကုလားအသင်း နောက်တန်းလူတွေမှာ အသေအလဲ ဖျက်ထုတ်ခုခံကာကွယ်နေကြရသည်။

ဒုတိယပိုင်းကစားချိန် နာရီဝက်ကျော်လာချိန်တွင် သစ်ချိုကုန်းရှေ့တန်းတိုက်စစ်မှူး ချိုကြီးက ထောင့်ကန်ဘော ခေါင်းတိုက်သွင်းသွားသဖြင့် ဂိုးသမား နက်ကြီး ဘာမှုမတတ်နိုင်တော့ဘဲ တစ်ဂိုးပြန်ပေးလိုက်ကြရသည်။

ပွဲက တစ်ဂိုးစီသရေကျသွားပြီးမှ ပိုမြိုင်လာသည်။ အကြိတ်အနယ်





ဖြစ်လာသည်။ နှစ်ဖက်က ပရိသတ်အားပေးသံတွေကလည်း ပို၍ တက်ကြွဆူညံလာသည်။

ဆိတ်ကုလားအသင်းမှာ မြန်မြန်ပြေးလေ၊ များများလဲလေ ဖြစ်နေသော ကွင်းအနေအထားကြောင့် ထင်တိုင်းမပေါက် ဖြစ်နေရသည်။ ဘောလုံးရလာသဖြင့် အားထည့်ကာ ဆွဲပြေးလိုက်မိသည်နှင့် ရွှံ့စေးမြေတွေကြောင့် မိုင်းခနဲလဲရသည်ချည်းဖြစ်နေ၍ အတော်ခွကျနေသည်။

'သစ်ချိုကုန်းကွ… သစ်ချိုကုန်း၊ ပွဲပြီးတော့မယ်ဟေ့။ နောက်တစ်လုံး အနိုင်ဂိုးသွင်းမှဖြစ်မယ်။ ကြိုးစားထားဟေ့'

'ဆိတ်ကုလားကွ၊ တောင့်ခံထားဟေ့၊ တစ်ဂိုးစီသရေဆိုရင် တစ်ပွဲနိုင် တစ်ပွဲသရေပဲ'

'ချွမ်း… ချွမ်း… ချွမ်း… ချွမ်း…'

'ဗိန်း… ဗိန်း… ဗိန်း… ဗိန်း…'

ပွဲပြီးကာနီးလေ ပရိသတ်က ပိုဆူလာလေ ဖြစ်သည်။ စည်တိုသံ၊ သင်းကွင်းသံတွေဖြင့် တစ်ကွင်းလုံး ညံစီနေသည်။ နောက်တစ်ဂိုးရလျှင် နိုင်ပြီဖြစ်၍ နှစ်သင်းလုံး အပြင်းအထန် ကြိုးစားကြသည်။

ကွင်းလယ်တွင် သန်းပုနှင့်ချိုကြီးတို့ ထိပ်တိုက်တွေ့ကြသည်။ ချိုကြီးဆွဲလာတာကို သန်းပုက ဖြတ်လုသည်။ ပြီးနောက် ဖိုးတူးထံသို့ လှမ်းကန်ပို့လိုက်သည်။ ဘောလုံးက မရောက်။ သစ်ချိုကုန်း နောက်တန်းအပြေးတက်လာသူ တစ်ယောက်ကကြားက ဖြတ်ဆွဲသွားပြီး ရှေ့သို့ အမြှောက်ကန်တင်ပေးလိုက်သည်။ ဘောလုံးက ထိချက်တော်တော်ပြင်းသဖြင့် မလိမ့်ဘဲလည်နေသည်။ ဖမ်းရန် ပြေးထွက်လာသော ဂိုးသမားနက်ကြီး ဟန်ချက်ပျက်သွားသည်။

သည်အခိုက်မှာပင် ညာတောင်ပံမှ သစ်ချိုကုန်း တိုက်စစ်မှူးခဲတုံအောင့်ဖြတ်အတိုင်း ပြေးလာနေသည်ကို မြင်ရသည်။ သန်းပုလည်း ဘောလုံးဆီသို့ ပြန်ဆင်းပြေးသည်။ ဇောကပ်သွားသောကြောင့် ဘောလုံးအနီးရောက်ဖို့ သုံးလေးလှမ်းအလိုတွင် ချော်လဲသွားသည်။ သန်းပုတစ်ကိုယ်လုံး ဝမ်းလျားထိုးကြီး ပစ်လဲသွားကာ ရွှံ့ပြင်အတိုင်း လျှောခနဲပါသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သန်းပုခေါင်းက ဘောလုံးနှင့်တည့်တည့်ကြီး ဒိုင်းခနဲမိတ်ဆက်သွားသည်။ ဘောလုံးသည် သန်းပုတိုက်လိုက်မှုကြောင့် ဂိုးတိုင်ထဲသို့ ခြေချခြင်း ထိမိတော့သွားရလေသည်။

သစ်ချိုကွန်း ပရိသတ်ထဲမှ တစ်ခနက်ခသော ဩဘာသံကြီး ထွက်ပေါ်လာလေသည်။ ဆိတ်ကျောင်းကိုးသားများ နက်ကြီးငယ်စုံ လျှပ်စစ် ပြက်လိုက်သင်ဘော ဘောလုံးကို ဘယ်လိုမှ ထဖမ်းချိန်မရလိုက်တော့ချေ။

‘သေလိုက်ပါတော့ သန်းပုရာ၊ ဖွဲပြီးကဘာနီးရှေ့မှ ကိုယ့်ဂိုးကိုယ် ပြန်ရှုံးရသလားဟ၊ ခေါင်းတိုက်သွင်းတာတောင် သူများကို လေပေါ်ခုန် ခေါင်းတိုက်တာမဟုတ်ဘဲ မြေကြီးပေါ် လှျောတိုက်ပြီး သွင်းရတယ်လို့ သွားပြီဟေ့… သွားပြီကွ’

စည်းကြပ်ဒိုင်ကိုကြည့်ကာ အလံကြီးကို လွှင့်ပစ်လိုက်ရင်း ဆွေ ဆွေ့ခုန် လှမ်းအော်လေသည်။ ဆိတ်ကုလားပရိသတ်က ထက်တခေါက် ခေါက်။ သစ်ချိုကွန်းပရိသတ်ကတော့ ဒိုးပတ်ဝိုင်းကို ခိုင်ကျုံ့တီးမှုသည်။

ကွင်းလယ်သို့ စပေးဘောပြန်ပေးရန် စတင်လိုက်ချိန်မှာဖင် ဒိုင်သီး ခရာတုပ်သံသုံးချက် ထွက်ပေါ်လာသည်။ ပွဲပြီးသွားပြီဖြစ်သည်။ နံဘေးက ကြွေးကြော်သံတွေ ထွက်လာသည်။

‘ဟေ့… သစ်ချိုကွန်း နိုင်ပြီကွ’

သန်းပုက ဖိုးတေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ပြောသည်။

‘ငါ တမင်လုပ်တာမဟုတ်ဘူး ဖိုးတေ။ ဓါကိုတော့ ယုံပါကွာ ဘယ်လိုမှ အချိန်ထိန်းလို့မရဘဲ ဖြစ်သွားတာပါ။ ဘုရားစူးရပါစေရဲ့’

သန်းပု လေသံတွေတုန်ယင်နေသည်။ တစ်ဖက်အသင်းကြားဖို ကို သူက သွင်းပေးလိုက်မိသလိုဖြစ်သွား၍ တော်တော်ခံကြိတ်သွားပုံရသည်။

ဖိုးတေက ပြုံးလိုက်ပြီး သန်းပုရ၏ပခုံးကို လက်နှင့်ဖုတ်လိုက်သည်။

‘မင်း တမင်မလုပ်တာ မဟုတ်ဘူးဆိုတာ ငါ သိပါတယ်ကွာ စိတ်မကောင်းမဖြစ်ပါနဲ့။ ဒါလည်း တစ်ပွဲနိုင် တစ်ပွဲရှုံး သဘောပဲ ဥက္ကဋ္ဌနိုင် နောက်ဆုံးပိုးက မင်းရှုံးတာ မဟုတ်ပါဘူး။ မြင်တို့ ဖူးစာရေးနတ်က





ခင်ရှုံးပေးလိုက်တာနေမှာပါ။ ဘာပဲဖြစ်ဖြစ် ဖျော်ရည်တိုက်တဲ့နေရာတော့ ရပ်လိုက်ဦးကွ၊ ဟဲ… ဟဲ…’

ဖိုးတေ၏ စိတ်သိမ့်စကားသံကို ကြားတော့မှ သန်းပု နည်းနည်း စိတ်သက်သာရာရသွားသည်။ ကွင်းထဲကနေပြီး ဘောလုံးသမားတွေ အလျှို အလျှိုထွက်လာကြသည်။ သန်းပုလည်း အတူပါလာ၏။

ကွင်းနံဘေး ပိသလိမ္မဏ္ဍပ်ကလေးရှေ့ကို ရောက်တော့ မဏ္ဍပ် နောက်ဘက်မှ ဖျော်ရည်အိုးကြီးနှင့် အတူရပ်နေသော ညိုယဉ်ကို မြင်ရ သည်။ လူတွေ ရုတ်ရုတ်သဲသဲကြားမှာပင် သန်းပု လျှောက်သွားကာ ဖျော်ရည်အိုးကြီးရှေ့သို့ ရပ်လိုက်သည်။

‘ဖျော်ရည်တစ်ခွက်လောက်’

ညိုယဉ်ထံမှ ဒိုင်းခနဲ မျက်စောင်းတစ်ချက် လွှင့်လာသည်။

သို့သော် ညိုယဉ့်နှုတ်ခမ်းဖူးလေးတွေက ပြုံးနေကြပါသည်။ အမ်းပေးလာသော ဖျော်ရည်ခွက်ကို လက်လှမ်းယူကာ မော့ချလိုက်သည်။ ပြီးမှ သန်းပုက ပြောသည်။

‘ဒီနေ့ သစ်ချိုကွန်းက နိုင်သွားတယ်နော်’

‘သိသားပဲ’

‘တို့နှစ်ယောက်ကြားက အနိုင်အရှုံးကော’

‘အို… ဘာတွေမေးနေတာလဲ၊ လူတွေအများကြီးထဲမှာ’

‘မဆိုင်ဘူးလေ၊ မေးရမယ့်အချိန်အခါမို့ မေးတာပဲ’

ညိုယဉ်ဦ ဖျပ်ခနဲ ခေါင်းကလေးငုံ့သွားသည်။

ပြီးတော့ တုန်ယင်နေသော လေသံတိုးတိုးကလေးဖြင့် ပြောသည်။ သို့သော် သန်းပု၏နားထဲသို့တော့ တစ်ပိုက်မှာတော့ ကျယ်လောင်စွာ ပဲ့တင် ထပ်တိုးသွားခဲ့လေသည်။

‘စာထဲမှာ အကုန်ရေးထားပြီးသားပဲ။ ပြန်ဖတ်ကြည့်ပေါ့၊ ဘာ ဘာမှဆက်မေးမနေနဲ့တော့’



www.burmeseclassic.com

www.burmeseclassic.com



## - ၁၁ -

ကိုကြည်သည် သူ့အိမ်ရှေ့ မြေတလင်းတွင် ဒေါတပွပွဖြင့် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ မကြာခဏလည်းတက်တခေါက်ခေါက်ဖြင့် ကြိတ်မနိုင် ခဲမရဖြစ်နေ၏။ သူ့ထံမှ ကျယ်လောင်စွာထွက်ပေါ် လာနေသော နှာမှုတ်သံ တရှူးရှူးကပင် သူ အတော်စိတ်တိုနေကြောင်း သိသာလှသည်။

'ဗျို့... အစ်ကိုကြည်၊ ဘာတွေ ဒေါပွနေတာလဲဗျ။ ခင်ဗျားက လည်း အချိန်ပြည့်စိတ်တိုနေတာပဲ။ ဘာဖြစ်နေတာလဲ။ တစ်ယောက်တည်း ဘက်မရှိ'

ဖိုးတေက အိမ်ဝိုင်းထဲ ချိုးဝင်လာရင်း လှမ်းမေးသည်။

'ဘာရယ်မဟုတ်ပါဘူးကွာ၊ သစ်ချိုကုန်းနဲ့ ဒုတိယပွဲမှာ မရှုံးသင့်ဘဲ ရှုံးပြီး တစ်ပွဲနိုင် တစ်ပွဲရှုံးနဲ့ သရေကျသွားခဲ့ရတာကို တွေးမိပြီး





စိတ်တိုနေတာပါ။ ဒါ ဟိုကောင်သန်းပု အသုံးမကျလို့ ဖြစ်ရတာကွ။ သချာပေါက် ၂ ပွဲလုံး နိုင်ရမယ့်ကိစ္စကို သူ ချော်တောငေါ့ပြီး ကိုယ့်ဝိုးကိုယ် ပြန်သွင်းလို့ ရှုံးရတာ၊ တောက်'

ကိုကြည်က မျက်နှာနီနီဖြင့် ပြောသည်။ ဖိုးတေက ရယ်လိုက်သည်။

'ခွင့်လွှတ်လိုက်ပါဗျာ၊ သရေကျတာပဲ ဥစ္စာ၊ ပြီးတော့ သန်းပုက အမင်ခေါင်းတိုက်သွင်းတာ မဟုတ်ပါဘူး။ ချော်လဲသွားတာကြောင့်ဖြစ်ရတာကို'

'ဟာ... ဒီကောင်ကိုက ပေါ့လျော့ပါတယ်ကွာ။ ခုဟာ သရေပဲ။ ဘာထူးသေးလဲ၊ ငါက ဒီသစ်ချိုကုန်းသားတွေကို အပြတ် အသတ် ၂ ပွဲလုံး နိုင်လိုက်ချင်တာကွ'

'ဒီမှာ အစ်ကိုကြည်၊ ကျုပ်တို့ရွာ ဘောလုံးအသင်းတွေအနေနဲ့ တစ်ပွဲနိုင် တစ်ပွဲရှုံးတွေနဲ့ သရေကျသွားခဲ့ပေမယ့် ဒီကောင် သန်းပုဟာ သစ်ချိုကုန်းနဲ့ တစ်ယောက်ချင်းကန်တဲ့ ဘောလုံးပွဲမှာတော့ နိုင်သွားသဗျ သိရဲ့လား'

ကိုကြည် မျက်မှောင်ကျုံ့သွားသည်။

'ပေါက်ပေါက်ရှာရှာကွာ၊ တစ်ယောက်ချင်း ကန်တဲ့ဘောလုံးပွဲရယ်လို့ မကြားဖူးပါဘူး။ ဒီကောင်က ဘယ်သူနဲ့များ တစ်ယောက်ချင်းကန်ရတာတဲ့လဲ'

'ဟဲ... ဟဲ... သူ့ကောင်မလေးနဲ့လေဗျာ။ အကြောင်းစုံ သိချင်ရင် ဒီစာဖတ်ကြည့်'

ဖိုးတေက သူ့အင်္ကျီအိတ်ကပ်ထဲမှ စာတစ်စောင်ကို ထုတ်ပြသည်။

'မင်းတို့ဟာက ဘာတွေလဲကွ၊ မှန်းစမ်း'

စာရွက်ခေါက်ကလေးကို ဖြန့်ကြည့်လိုက်သည်။ ကိုကြည် ... သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းမှ

ဟိုးတစ်ရက်က သစ်ချိုကုန်းနဲ့ ဆိတ်ကုလားပွဲမှာ ကျုပ်တို့ သစ်ချိုကုန်း ရှုံးရတာကို လုံးဝမကျေနပ်ဘူး။ အနိုင်ဂိုးကို သွင်းတာက တော်မို့ တော့်ကို အမိကမကျေနပ်ဘူး။

လာမယ့်ဒုတိယပွဲမှာ သစ်ချိုကုန်းကနိုင်အောင် ကန်ပေးပါ။ အဲဒီမှာ သစ်ချိုကုန်းကနိုင်ခဲ့ရင် တော့်ကို ချစ်တယ်လို့ အဖြေပေးပြီသာမှတ်လိုက်။

ဒါပေမဲ့ နောက်တစ်ပွဲမှာလည်း တော်တို့ ဆိတ်ကုလား အသင်းကပဲ နိုင်အောင် ကန်သွားဦးမယ်ဆိုရင်တော့ ကျုပ်ကို ဒီတစ်သက် မစဉ်းစားပါနဲ့တော့။

ဒါပဲ။

ညီယဉ် (သစ်ချိုကုန်း)



'လက်စသတ်တော့ ဒါကြောင့် ဒုတိယပွဲမှာ ပွဲပြီးကာနီးမှ ကိုယ့်ဂိုး ကိုယ်ပြန်သွင်းတာကိုး။ သစ္စာဖောက်၊ တွေ့ပစေဦး… မျက်နှာ စေ့စေ့ကြည့်ပြီး ခွဆဲပစ်ဦးမယ်'

ကိုကြည်က စာဖတ်ပြီး ပိုစိတ်တိုလာသည်။ ဖိုးတေကရယ်ရင်း ခေါင်းခါလိုက်သည်။

'မဟုတ်ဘူး အစ်ကိုကြည်၊ ခင်ဗျား အထင်မလွဲနဲ့။ အဲဒီစာ ရတဲ့နေ့ကတည်းက ဒီကောင်က ကျုပ်ကိုပြပြီးသား။ ပြီးတော့ သူ့သဘောထားကို အပြတ်ပြောပြီးသား'

'ဘယ်လိုပြောသတုန်း အဲဒီ အော… ဝမ်းကျက…'





'ဖူးစာပါရင် ရလိမ့်မယ်တဲ့၊ ဒီတောင်းဆိုချက်ကိုတော့ သူ့အနေနဲ့ မလိုက်လျောနိုင်ဘူးတဲ့။ ဒုတိယပွဲကမှ ပွဲကြီးပွဲကောင်းကွတဲ့။ သူ တကယ်လည်း ကြိုးစား ကစားခဲ့တာပဲ။ အခုဟာက သူတို့နှစ်ယောက် ဖူးစာရေစက်ပါလို့ကို မရည်ရွယ်ဘဲ အဲသလို ဖြစ်သွားခဲ့ရတာ'

'အဲသလို ဖြစ်သွားခဲ့တော့…'

'ရှင်းပါတယ်၊ သူ့ကောင်မလေးက သူတို့ရွာအတွက် အနိုင်ဂိုးကို သန်းပုက တမင်သွင်းပေးလိုက်တယ်လို့ ယုံကြည်ပြီး အဖြေပေးလိုက်တော့တာပေါ့။ ဒါကြောင့် သစ်ချိုကုန်းနဲ့ တစ်သင်းလုံးကန်ကြတဲ့ပွဲမှာ သရေကျမယ့် တစ်ယောက်ချင်းကန်ကြတဲ့ပွဲမှာတော့ ဒီကောင်နိုင်တယ်လို့ ပြောတာဗျ။ ဒီကောင်နိုင်တာဟာ ဆိတ်ကုလားက နိုင်တာပဲပေါ့ဗျ'

'နေပါဦး… သူတို့က တကယ်ပဲ တစ်ယောက်ချင်း ကန်နေကြသလား'

ဖိုးတေမျက်နှာ ရှုံ့မဲ့သွားသည်။

'ခင်ဗျားကလည်း တုံးပါ့ဗျာ၊ တစ်ယောက်ချင်းကန်တယ်ဆိုတာ အချစ်ဘောလုံးပွဲကိုပြောတာဗျ။ ကောင်မလေးရဲ့ နှလုံးသားဂိုးစည်းထဲမှာ ထယ်နယ်တိုဘော တည်ကန်ခွင့်ရတာလေ'

'သြော်… ဒီလိုလား'

ကိုကြည် မျက်မှောင်ကြုတ်၍ စဉ်းစားရင်း တဖြည်းဖြည်းပြုံးလာသည်။ စောစောက စိတ်တိုနေတာတွေ ပျောက်သွားပြီး သူ့မျက်နှာကြီးသာ စင်ဖြီးဖြီးဖြစ်လာသည်။

ဖိုးတေသည် ကိုကြည့်ကို ဒိုင်းခနဲ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

ပြီးမှ–

'ခင်ဗျားက ခုမှ ထမေးနေ၊ ဟိုကောင်က အဲဒီတစ်ယောက်ချင်း ဂိုးပွဲကန်ဖို့ သွားလေရဲ့၊ သစ်ချိုကုန်းကို၊ ခုလောက်ဆို ပိုးစောင် ခြုံနေပြီလား မသိဘူး'

www.burmeseclassic.com



ကိုကြည်က ဟိုက်ခနဲမြည်တမ်းလိုက်ကာ ဘူနှုပ်းသူ လက်ဝါးနှင့် ရိုက်လိုက်ပြီးနောက် အာလုပ်သံကြီးဖြင့် ပလုံးပထွေး ကြွေးကြော်လိုက်လေသည်ကား-

'တောက်. . ., မြန်လိုက်တဲ့ကောင်ကွာ၊ ငါ့ကိုတောင် အသိပေးမသွားဘူး၊ စောစောက မသိရကောင်းလား'

ဟူ၍ သတည်း။

*ဆက်လက်ကြိုးစားပါဦးမည်. . .*

BURMESE CLASSIC

www.burmeseclassic.com